www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | ❖ | ၅၀၀၅၄၁၀၅၀၅ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ❖ | ၅၀၁၂၅၇၀၅၁၀ |

❖ထုတ်ဝေသူ❖

ဦးသန်းဆွေ(၀၁၄၇၇)၊ စစ်သည်တော်စာပေ

အမှတ်-၁၁၃၁(က)၊ ၁၉-ရပ်ကွက် ဥယျာဉ်လမ်း၊

ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်။

❖အတွင်းပုံနှိပ်သူ❖

ဦးမောင်မောင်လွင်(၀၂၃၅၀)၊ကဝိရတနာပုံနှိပ်တိုက်

အမှတ်-၂၀၄၊ လမ်း-၃၀၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

❖မျက်နှာဖုံးပုံနှိပ်သူ❖

ဒေါ်အေးစန္ဒာညို(၀၄၉၆၇)၊ မြတ်သိဒ္ဓိပုံနှိပ်တိုက်

အမှတ်-၅၊ အင်ကြင်းမြိုင်လမ်းသွယ်(၂)၊ သင်္ဃန်းကျွန်းမြို့နယ်၊

ရန်ကုန်မြို့။

| | | |
|---|---|---|
| အဖုံးနှင့် ရေးစပ်ပန်းချီ | ❖ | မမွေး |
| ကွန်ပျူတာစာစီ | ❖ | နရဏီ (☎ ၂၈၁၄၃၈) |
| ပုံနှိပ်ခြင်း | ❖ | ပထမအကြိမ် |
| ထုတ်ဝေသည့်လ | ❖ | ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ |
| အုပ်ရေ | ❖ | ၁၀၀၀ |
| တန်ဖိုး | ❖ | ၅၀ ကျပ် |
| ဖြန့်ချိရေး | ❖ | မြတ်မြတ်ချောစာပေ |
| အထက်မြန်မာပြည်ဖြန့်ချိရေး | ❖ | နဂါးစာပေ |

www.burmeseclassic.com

www.burmeseclassic.com


# (တစ်)

မြန်မာနိုင်ငံတွင် သူ့ပြည်နယ်နှင့်သူ အလှအပတွေရှိကြ၏။ သဘာဝအလှအပ၊ လူတို့၏ဖန်တီးရယူထားသော အလှအပဟူ၍ နှစ်မျိုးနှစ်စားရှိကြသည်တွင် သဘာဝအလှအပသည် ရာသီအလိုက် ဖြစ်ပေါ်လာသော ထိုအလှအပအား လူတို့လိုက်လံဖန်တီးယူမှုတွေ အမြောက်အများ ရှိကြ၏။ ဥပမာ ဇွဲကပင်တောင်အား အနီးစပ်ဆုံးပုံတူ ထုတ်ပြုလုပ်၏။ ကချင်ပြည်နယ်မှရေခဲတောင်အတုတွေ ထပ်တူထပ်မျှ လုပစ္စာပုံဖော် တည်ဆောက်ပြုလုပ်၏။ ရပါသည်။ လုပါသည်။ သို့သော် ထိုဇွဲကပင်တောင် ရေခဲတောင်တွေတည်ရှိရာ အရပ်ဒေသမဟုတ် သည်ကတစ်ကြောင်း အမှန်အစစ်တည်ရှိရာဒေသ၏ သဘာဝရေမြေ နှင့်မတူညီသည့်ရာသီဥတုမှဖြစ်ပေါ်ခဲ့သော ဆီးနှင်းများမြူခိုးမြူငွေ့များ အပြင် ပေါက်ရောက်နေသော အပင်များ၊ အလှပန်းများ၊ သဘာဝအထူး အဆန်းတောတောင်စိမ့်စမ်းများမရှိခြင်း၊ တစ်နှစ်နှင့်တစ်နှစ်မတူသော သဘာဝပဿာစတွေကြောင့် သဘာဝအလှတရားကိုတော့ ဖန်တီး၍ မရနိုင်ပါ။


www.burmeseclassic.com

www.burmeseclassic.com


ဖန်တီးမှုသည် ဆေးပန်းချီအရောင်အသွေးတို့မှသာလျှင် ပေါ်လွင်အောင် အနီးစပ်ဆုံးဖန်တီးပေးပါသော်လည်း ရာသီဥတု၊ ရေမြေအလှ၊ သဘာဝဆီးနှင်းမြူခိုးမြူငွေ့ လေအဝေ့နှင့်အတူ ပေါက်ရောက်သော သဘာဝတောတောင်၏အပင်များ၊ အဖူးအပွင့်များအနံ့အရသာတွေကို ဖြင့်ဖန်တီးယူ၍မရနိုင်ပါ။

ထိုထက်ပိုမိုလှပပြီးသဘာဝတောတွေ တောင်တွေလျှိုမြောင်ချိုင့်ဝှမ်းတွေ ရေတံခွန်စိမ့်စမ်းအပြင် သဘာဝအလျောက်ဖြစ်ပေါ်နေကြသည့် ရေစီးရေလာချောင်းမြောင်းအပြင် ရေပူရေအေးတွင်းများ၊ တစ်ဖန်သဘာဝမှီခို ပေါက်ပွားနေသော သားကောင်၊ တောရိုင်းတိရစ္ဆာန်များသည်လည်း ထိုသဘာဝတောဝယ် ရာသီအလိုက် မှီခိုနေကြ၏။ ရာသီ၏ အေးမှု၊ ပူမှုစွတ်စိုမှုလိုက်၍ တောင်ထိပ်တောင်စောင်းတောင်အောက်စသည့်ဖြင့်လိုက်ဖက်ညီညီ နေထိုင်ကျက်စားကြ၏။

တစ်ချို့ကျေးငှက်များဆိုပါက တောအရောင်၊ တောင်အရောင်၊ ရာသီအရောင်လိုက်၍ အရောင်ပြောင်းသည်လည်းရှိကြ၏။ အသံချိုချိုလွင်လွင် ကြည်ကြည်မြမြကြားရသည့်အတွက် တောတောင်၏သဘာဝအလှ၊ ပသာဒနှင့်ကာလဒေသရာသီအလိုက် ကျက်စားနေထိုင်ကြသည့်သားရဲတိရစ္ဆာန်များ တေးဆိုသောကျေးငှက်များ မမြင်ဖူး၊ မတွေ့ဖူးသောသတ္တဝါတွေ၏ နယ်မြေအလှ၊ ဒေသတောတောင်စိမ်းမြရောင် ညို့မှိုင်းလို့ ရှုတိုင်းလှနေသော သဘာဝအလှတွေဖန်တီးဖြစ်ပေါ်နေသည့် တောတောင်ကြီးတွေ ရှုမျှော်ရင်းကျွန်တော်ကြည်နူးနေမိပါ၏။ ကျေနပ်နေမိပါ၏။

www.burmeseclassic.com


ဤမြှလှပသောသဘာဝတောတောင်ထဲမှ ကမ္ဘာ့ဟင်းသီးဟင်းရွက်ဖြစ်သော်လည်း သတ်ဖြတ်သင့်သော ပစ်ခတ်ရမည့်သားကောင်တွေရှိသလို မပစ်ရ။ ဒီရာသီဒီကာလမျိုးပွားမည့် သားကောင်အားပစ်ခွင့်မရှိ၊ တဖန်အမများနှင့်အထီးငယ်များကိုလုံးဝမပစ်ခတ် သတ်ဖြတ်ခြင်းမပြုရဟူသော ပြောင်၊ စိုင်စသောသတ္တဝါကြီးများအား ဥပဒေထုတ်၍တားမြစ်ထားသည်ကိုလည်း ကျွန်တော်စဉ်းစားတွေးတောနေမိသည်။

မပစ်ရသောသတ္တဝါတို့အား ကျွန်တော်တို့အပျော်တမ်းမုဆိုးသုံးယောက်ဘယ်တော့မှ မပစ်ပါ။ မပစ်ရ၍ကျွန်တော်တို့အတွက် ဘာမျှမဖြစ် ကျွန်တော်တို့သုံးယောက်လုံးပင်လျှင် အမှုထမ်းတွေ၊ ဥပဒေဘောင်အတွင်းမှာနေထိုင်သူမို့ ပိုမို ရှောင်ရှားခဲ့ပါသည်။

ကျွန်တော်တို့နှင့်တူသော ကျွန်တော်တို့သုံးယောက်မှတ်သားထားသည့် တောမုဆိုးဆိုသည့် ကျားသတ္တဝါဆို ဝေးဝေးကရှောင်၏။ ပစ်ခတ်မှု စိတ်မကူးပါ၊ မရည်ရွယ်ပါ၊ ကျွန်တော်တို့သုံးယောက်သည် လူမုဆိုးသုံးယောက်၊ ကျားသည်တောမုဆိုး သို့အတွက် ကျွန်တော်တို့ဘက်မှစတင်၍ စည်းမဖောက်ပါ။ တစ်ကယ်တမ်းပြောရပါလျှင် တောမုဆိုးဆိုသည့်ကျားသည်လည်း လူကိုရှောင်ပါ၏၊ အဓိက ကျွန်တော်တို့လူမုဆိုးကို သူက ရှောင်ပါ၏။ ကျွန်တော်တို့ကလည်း ရှောင်၏။ ရင်ဆိုင်တွေ့သည်ရှိပါသော်လည်း သူဆုတ်ရင်ဆုတ်၊ သူမဆုတ်လျှင် ကျွန်တော်တို့ဆုတ်၏။ ရှောင်၏။ မလွဲသာမရှောင်သာဖြစ်ရသည့် တောမုဆိုးကျားမှရန်မူတိုက်ခိုက်သည့်အခါဝယ် ခြောက်လှန့်ခြင်း၊ မောင်းထုတ်ခြင်းများပြုပါလျှက် သူမှစည်းဖောက်လာသည့်အခါမျိုး ဘယ်လိုမှရှောင်မရသည့်အခါ သို့မဟုတ် ကျေးရွာများ ဝင်ရောက်၍


www.burmeseclassic.com

www.burmeseclassic.com


အသက်အန္တရာယ်ပြုခြင်း၊ မွေးမြူ ထားသည့်အိမ်မွေး တိရစ္ဆာန်၊ ကျွဲ၊ နွား၊ ဆိတ်၊ ခွေးဝင်ဆွဲခြင်း၊ တောင်ယာ လုပ်သူများအား သတ်ဖြတ်စားသောက်မိသော တောမုဆိုးကျားဆိုးများ ဆိုလျှင်တော့ ကျွန်တော်တို့ ရှင်းလင်းစမြဲ၊ နောက်မဆုတ်ပါ။ မတွေ့လျှင် တွေ့အောင်ရှာ၏။ တွေ့လျှင်တော့ အဆုံးစီရင်ပါသည်။

လူသားစားသောကျား၊ ကျားသစ်တို့သည် နောက်ထပ်သတ်ဖြတ်စားသောက်ရန် ဝန်မလေးတော့။ အစရှိတစ်နောင်နောင်၊ အချောင်ရမှန်းသိ၍ ရှာခြေကပ်ခြင်း၊ တောင်ယာအခင်းထဲဝင်ဆွဲခြင်းတွေ ရှိပါက ကျွန်တော်တို့သုံးယောက်အား လာခေါ်သည်ဖြစ်စေ၊ မခေါ်သော်လည်း သိရှိသည်နှင့်သွားရောက်နှိမ်နင်းခဲ့ကြသည်သာ။

ကျွန်တော်ကျောက်တုံးကြီးပေါ်ထိုင်ရင်း ထွေရာလေးပါးတွေးတောနေသကဲ့သို့ ကျွန်တော် ကျောက်တုံးအောက်ဝယ်ရှိနေသော ကျောက်တုံးငယ်ပေါ်ဝယ် မိုးကျော်အောင်ထိုင်နေ၏။ သူနှင့်မျက်နှာချင်းဆိုင်သစ်ငုတ်ကြီးပေါ်မှာတော့ တင်မြတ်ထိုင်ရင်း သူ့ရှေ့ဘူးကိုယ့်ရေဘူးထဲမှ အာမီရမ်အရက်ကို ငုံနေကြ၏။ ကျွန်တော် တောတောင်တို့၏ သဘာဝ တောင်ခြေဘက်မှလိမ့်ပြီး တက်လာသောမြူနှိုးအလိပ်ကြီးသည် တရွေ့ရွေ့တောင်ခြေမှ တောင်လယ်ပွေ့ဖက်ရင်း ကျွန်တော်တို့ ရှိရာ တောင်ထိပ်ဆီသို့ တက်လာပုံမှာ အလွန် လှပနေသည်။

အလုံးလိုက်အခဲလိုက်မှ တစ်ဖန်ပဲ့ထွက်သွားသော တိမ်လားမြူလွှား၊ တောင်နှိုးလားတော့မသိပါ။ ပဲ့ထွက်မှ ပိုလှနေသလိုလို ဝါဂွမ်းအစိုင်အခဲကြီးမှဝါဂွမ်းအချို့လေမှာ လွင့်သွားသကဲ့သို့တွေ့မြင်ရသည့်အတွက် ကြည့်မဝရှုမဝဖြစ်နေသည်။ တောပစ်ထွက်ခဲ့သည်ကိုပင်


www.burmeseclassic.com

www.burmeseclassic.com


သတိမရမိတော့ပါ။ ထိုမြူခိုးတိမ်လိပ်တွေနှင့်အတူ ကျွန်တော့စိတ်တွေ လွင့်ပါးနေသည်က မှန်ပင်ဖြစ်ပါ၏။

ထိုခံစားမှုနှင့်လွင့်ပါလွင့်မျောနေသည်ကို ကျွန်တော် လုံးဝမရိပ်စားမိပါ၊ သတိမထားမိပါ။ မုဆိုးတစ်ယောက်သည် သားကောင်ရှာသည့်ရှိသော်စိတ်ကိုထိန်းရ၏။ ပစ်ခတ်မည့်သားကောင်ကို မျက်စေ့နှင့်ရှာခြင်း၊ အကြားအာရုံနားဖြင့်ရှာခြင်း၊ အနံ့အာရုံဖြင့်ရှာဖွေခြင်းစသည့် သတိကြီးစွာထားရပါလျှက် ယခုတော့အားလုံးကို မေ့နေသည်က အမှန်။ သဘာဝ အလှတွေကိုသာ ကျွန်တော် မိန်းမောနေမိ၏။

ဤမျှလှပသော တောတောင်ရေမြေသဘာဝတွေနှင့်ရာသီဥတုတွေသည် သူ့ဒေသသူ့ရေမြေလိုက်၍ရှိနေကြောင်း သိနေပါသော်လည်း ထိုသို့အလှအပသဘာဝတွေကို ရှုမောရင်း မိန်းမောနေမိသည်မှာ လက်ရှိတောင်ထိပ်မရောက်တစ်ရောက် ကျောက်တောင်၏ကျောက်တုံးကြီး ပေါ်ဝယ်ထူးခြားမှုမရှိသော ပစ်ခတ်ရန်သားကောင်မရှိသေးသော နေရာဒေသ၏ တစ်စိတ်တစ်ဒေသမို့ လွတ်လွတ်လပ်လပ် တွေးတောငေးမောနိုင်သည်မှာ အမှန်ပင်ဖြစ်ပါ၏။ ကျွန်တော်တို့ရောက်ရှိနေသော နေရာမှာ ဘာသားကောင်မျှမရှိဟု ခန့်မှန်းရသည့်အပင်ကြီးတွေ ကျိုးတိုးကျဲတဲအပင်ငယ်တွေလည်း ဟိုတစ်ရုံဒီတစ်ရုံခြုံကြီးတွေ မဟုတ်သည့်အတွက် ဘာကောင်မျှ ခိုအောင်းစရာမရှိနိုင် ကျွန်တော်တို့သုံးယောက်၏ခံယူထားချက်မှာ တောတောင်တိုးလျှိုးရွံ့အစိုး၊ ကိုယ့်ကိုကိုယ်ကိုးတောင်နယ်ကိုး ဆိုသောစကားအတိုင်း တောတိုးတိုင်းတောင်တက်တိုင်း ဘယ်တော့မှရွံ့ကြောက်စိတ် မရှိသော ကျွန်တော်တို့အဖို့ အရေးမကြီးပါ။ ကြောင့်ကြမှု မရှိပါ။

+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+


www.burmeseclassic.com

www.burmeseclassic.com



သို့အတွက်ကြောင့် ကျွန်တော်တို့သုံးယောက် အေးအတူပူအမျှ သဘာဝတောဝယ်အမောဖြေရင်း လွင့်မျောနေစဉ်မှာပင် သဘာဝတော၏မာယာကြောဝယ် နစ်မျောနေသော ကျွန်တော့နားထဲသို့တိုးဝင်လာသောတင်မြတ်နှင့်မိုးကျော်အောင်တို့၏ စကားကြားလိုက်မိသည်။

"တင်မြတ်"

"အေး..."

"ငါမင်းကို မေးမလို့ကွ"

"ဘာလဲ"

"ဟိုကွာ မင်းကောင်မလေး ကြည်မြိုင်လေ"

"ဘာဖြစ်လဲ"

"ဩော်... ဟို ငါ သူတို့ရွာရောက်တော့ ကြည်မြိုင်နဲ့တွေ့တယ်ကွ"

"တွေ့တော့ ဘာဖြစ်လဲ"

"အဲဒီတုန်းက မင်းနဲ့ရည်းစားမဖြစ်သေးဘူး"

"ထားပါတော့ မင်းက အရင်ရောက်ဘူးတာကိုးကွ"

မိုးကျော်အောင်ပြောနေသော တင်မြတ်၏ရည်းစားမကြည်မြိုင်မှာ ဇန်းမော်ခရိုင်၊ ရွှေကူမြို့နယ်က မြို့ကုန်းကျေးရွာနှင့်ကပ်နေသော မွန့်ရွာသူဖြစ်ပါ၏။ မကြည်မြိုင်မှာ ရှမ်းဗမာဖြစ်၍ ရုပ်ကတော့ မဆိုးပါ။ အသားကဖြူ၏၊ အသက်ကငယ်၏။ သို့သော် လူကခပ်ဝဝကလေးမို့ ချစ်စရာလည်းကောင်း၏။ ရိုးရိုးအေးအေးလေးဖြစ်၏။

"အေး...အဲဒီတုန်းက ကြည်မြိုင်ဟာ နှုတ်ခမ်း မလန်ဘူးကွ၊ ခုတော့ မင်းနဲ့ရည်းစားဖြစ်မှ နှုတ်ခမ်းလန်သွားတာဆိုတော့ မင်းကြောင့်ဒါမှမဟုတ် မင်းတစ်ခုခု စော်ကားလိုက်တယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com


"ချွေးကောင် ငါကဘာများလဲလို့ ဩော်...မင်းကိုလည်းပြော စရာရှိတယ်ကွ"

"ဘာလဲ၊ တို့က ဘာမှမရှိဘူး"

"ဘာကွ... ခင်ဝင်းလေ၊ မင်းကောင်မလေး ခင်ဝင်းပြောတာ"

"ဘာဖြစ်လဲ ခင်ဝင်း ဘာဖြစ်လဲ"

"ဩော်... မင်းကောင်မလေးခင်ဝင်းဟာ ပိန်ပိန်ပါးပါးလေးလေ"

"အေး... ဘာဖြစ်လဲလို့"

"ဘာဖြစ်ရမှာလဲ မင်းနဲ့တွေ့ပြီးမှ ကောင်မလေးကြည့်ရတာ ပုံစံ တွေပြောင်းသွားတယ်"

"ဘာကွ"

"ဘာလဲကွ၊ ခင်ဝင်းလိုပိန်ပိန်ကောင်မလေးဟာ မင်းရဲ့ လက်ချက် ကြောင့် ဖုထစ်ရောင်ကိုင်းလာတယ်"

"ဘာကွ ဘာရောင်တာလဲ"

"ဟား...ဟား...ဟား...ဟား ဖုတဲ့အလုံးအကြိတ်တွေလေ ဟား... ဟား... ဟား...ဟား ငါ... ငါမပြောတတ်တော့ဘူးကွ ဟား... ဟား... ဟား... ဟား"

"ငါ့အဟုတ်အောက်မေ့နေတာကွ၊ မင်းလေ တော်တော်ညစ်ပတ် တဲ့အကောင်ပဲ"

"ဟား...ဟား...ဟား...ဟား ဆရာကျော်ရေ မိုးကျော်တစ် ယောက်ကို ကြည့်ပါဦး ဟား...ဟား...ဟား...ဟား ရှက်နေတာလေ၊ ဒီကောင် ခင်ဝင်းလေးကို ဘယ်လိုလုပ်လိုက်လဲ မသိဘူး"

"ဟော့ကောင်တော်စမ်းပါ၊ မင်းနဲ့ပေါင်းရသင်းရတာမဟန်ပါ ဘူး"


www.burmeseclassic.com

www.burmeseclassic.com


"အော်... ကြည်မြိုင်ကြတော့ နှုတ်ခမ်းလန်သွားတယ်လေး ဘာလေးနဲ့ သူ့ကောင်မလေးခင်ဝင်းကြတော့"

"ဟော့ကောင် တော်တော့"

"ဟား...ဟား...ဟား...ဟား"

တင်မြတ်သည်အကျီစားသန်၏။ မိုးကျော်အောင်မှာ ရုက်တတ်သည်။ မိုးကျော်အောင်၏ရည်းစားမှာ ဗန်းမော်မြို့ဓာတ်မီးကုန်းတွင်နေ၏။ ညိုချောလေး ဖအေကရှမ်း၊ မအေက ကချင်၊ သမီးလေးတစ်ယောက်ထဲ တော်တော့ကို ချော၏။ သို့သော်တင်မြတ်နှင့်ခင်မင်သလို တင်မြတ်မှအနောက်သန်သည်ကို လိုက်ဖက် နောက်ပြောင်တတ်သော မခင်ဝင်း၊ တစ်နေ့တွင် တင်မြတ်နှင့်မိုးကျော်အောင်တို့ မခင်ဝင်းအိမ်ရောက်တော့ မခင်ဝင်း၏အမေ ဈေးသွားနေစဉ် တင်မြတ်ကနောက်၏။

"ကိုတင်မြတ်ကြီးပါလာတယ်၊ အိမ်ပေါ်တက်"

"ခင်ဝင်း"

"ရှင်"

"နင်ဘာဖြစ်တာလဲ"

"ဟင်... ဘာဖြစ်လို့လဲ"

"ဟာ ကိုယ့်ကိုကိုယ် ဘာဖြစ်တယ်ဆိုတာ နင် မသိဘူးလား"

"ဟင်... ကျွန်မ ဘာမဖြစ်ပါဘူး ဆိုနေမှ"

"မိုးကျော်"

"ဘာလဲ"

"မင်းဘာတွေလုပ်ထားသလဲ"

"ဘာလဲကွ"


www.burmeseclassic.com

www.burmeseclassic.com



"အေး... မင်းတို့နှစ်ယောက်မရှိဘူးကွ"

"ဒီကောင် ဘာတွေပြောနေတာလဲ"

"ဘာတွေ ပြောရမလည်းကွ၊ ဟိုတုန်းက မခင်ဝင်းမဟုတ်ဖော့ ဘူး၊ ပိန်တာတွေ ဖောင်းကုန်ပြီဟေ့ ဟား...ဟား...ဟား...ဟား"

"ဟာ... ခွေးကောင် ဘာတွေလျှောက်ပြောနေတာလဲ"

"ပြောပါစေ ကိုမိုးရဲ့၊ မကြည်မြိုင်လာတဲ့အခါကျမှ ကျွန်မ မေး ကြည့်စရာရှိတယ်"

"ဘာမေးမှာလဲ"

"ရှိတာပေါ့၊ ကြည့်ရင်သိတာပေါ့"

"မေးစမ်းပါ၊ ကြိုက်သလိုမေး"

"ဟင်း... ကိုတင်မြတ်ကြီးရာ မသိတာ ကျနေတာပဲ၊ ရုပ်ကြည့်က တည်းက တော်တော်ကဲမဲ့ လူ့ပဲဆိုတာသိတာပအေး"

"ဟား...ဟား...ဟား...ဟား"

တင်မြတ်ကတဟားဟားရယ်ခဲ့ရာသည်ကို ပြန်သတိရနေမိကြ ၏။ ကျွန်တော်လည်း မိုးကျော်အောင်၏အစသန်မှု၊ တင်မြတ်၏ ရွှတ်ရွှတ်နောက်နောက်နှင့်နောက်ပြောင်မှုတွေကြောင့် ပြုံးနေမိ၏။ သူတို့နှစ်ယောက်လည်း သူတို့၏ချစ်သူတွေအကြောင်းပြောကြ၊ နောက် ကြ၊ ပြောင်ကြ လှောင်ကြနှင့်တော်ပါသေးသည်။ ကျွန်တော့ဘက်လှည့် မလာသည့်အတွက် ရင်မမောရပါ။

"မိုးကျော်"

"ဘာလဲ"

"ဟိုမှာကြည့်"



www.burmeseclassic.com

www.burmeseclassic.com

"ဘာကိုကြည့်ရမှာလဲ"

"ဆရာကျော်လေ"

"ဘာဖြစ်လို့လဲ"

"မယုကို သူထိရနေပြီကွ ဟား...ဟား...ဟား...ဟား"

"ခွေးကောင် ဆရာကျော်ကိုတောင် နောက်နေပြန်ပြီ"

တင်မြတ်တစ်ယောက် ကျွန်တော့်ဘက်လှည့်လာပါပြီ။ ဒီကောင် နောက်ရင်မလွယ်ပါ။ လူက ပျော်ပျော်နေပြီး ပေါ်တောတောဟုထင်ရသော်လည်း လူပါးမှ လှစ်နေအောင်ပါး၏။ သို့သော်ဘယ်သူ့ကိုမှ နစ်နာအောင်တော့မလုပ်ပါ။ အထူးသဖြင့် ကျွန်တော်နှင့်မိုးကျော်အောင် အပေါ် ပိုမို အလေးထား ဂရုစိုက်သည်သာ။

"ဟကောင်ရ ဆရာကျော်မှာလည်း အသည်းနှလုံးနဲ့လေ၊ အချစ်ဆိုတာလူတိုင်းမှာ ရှိကြတာပဲဟာ၊ ဆရာကျော်ချစ်လို့ မယုချစ်တာပေါ့ မဟုတ်ဘူးလား"

"ဟော့ကောင် တင်မြတ်၊ မင်းတို့နှစ်ယောက်ထဲမှာ ငါမပါဘူးနော် ဆွဲမထည့်နဲ့"

"ဆရာကျော်ကလည်း ဒီသုံးယောက်ထဲပဲ ပါသင့်တာ ပါမှာပေါ့၊ မယုကလည်း ကျွန်တော့်ကို မှာထားတာတွေ ရှိသေးတယ်"

"တင်မြတ် မယုကဘာတွေမှာထားလဲကွ၊ ငါ့ကို ပြောပါလား"

"အဲဒါပြောတာပေါ့ မိုးကျော်ရ၊ ဆရာကျော်ရဲ့အခြေအနေကို ကြည့်ပါတဲ့၊ သူ့ပြန်ပြောပါတဲ့ အဲဒီတော့"

"အဲဒီတော့ ဘာဖြစ်လဲကွ"


www.burmeseclassic.com

www.burmeseclassic.com


တင်မြတ်နောက်နေပါပြီ။ မိုးကျော်အောင်ကပါ အလိုက်သင့်ရေလိုက်ငါးလိုက် အတိုင်အဖောက်ညီနေမှတော့ ကျွန်တော်ငြိမ်နေခြင်းသည် အကောင်းဆုံး ဖြစ်တော့မည်။ သို့မဟုတ်ပါက တင်မြတ်တစ်ယောက် ဆက်နောက်တော့မည်မို့ ကျွန်တော် ဘာမျှ မပြောတော့ပါ။

"ဘာဖြစ်ရမလဲကွ၊ ဟိုမှာ... ဟိုမှာ ဆရာကျော်ကိုကြည့်"

"အေး... တွေ့သားပဲ၊ ဘာဖြစ်လဲ"

"ဟကောင်ရ အႏ,ပါ့ကွာ၊ ဆရာကျော်လေ...ဆရာကျော်ပေါ့၊ မယု ငါ့တို့မှာတာတွေ သိချင်နေပြီလေ၊ ငြိမ်နေတယ်ကွ ဟား... ဟား... ဟား...ဟား"

ကျွန်တော် အနေကျပ် ရပါပြီ။ မပြောဘဲနေတော့လည်း သိချင်နေသည်ဟု အစွပ်စွဲခံရပြန်ပါပြီ။ သူပြောမဲ့စကား ကျွန်တော်သိပြီးသား ကျွန်တော်ချစ်သူ ယုကဘာမျှမမှာပါ။ တင်မြတ် တမင်လီဆယ်နောက်ပြောင်နေခြင်းဆိုသည်ကို ကျွန်တော် သိပါသည်။ မထူးပါဘူးပြောချင်ရာ ပြောပါစေဆိုသောသဘောဖြင့် ကျွန်တော်ဆိတ်ဆိတ်နေလိုက်၏။

"ဘာတွေမှာလဲ ပြောစမ်းပါ"

"သြော်... တခြားတော့ မဟုတ်ပါဘူး၊ ဆရာကျော်ဘယ်ကောင်မလေးတွေနဲ့စကားပြောလဲ ရည်းစားစာတွေ ဘာတွေ ရေးတာတွေ့ရင် မှတ်ထားပေးပါပေါ့ကွာ"

"သြော်... မိန်းမဆိုတာ စိုးရိမ်တာပေါ့ကွာ၊ ချစ်သူအတွက်စိုးရိမ်ကြတာပေါ့၊ နောက်ပြီး ဆရာကျော်ရုပ်ကလည်းချော၊ အပြောကလည်းကောင်း၊ သဘောကလည်းကောင်းဆိုတော့ စိုးရိမ်မှာပေါ့"

"ဟုတ်တယ်၊ ငါကလည်း ဘယ်ရမလဲ ကိုယ့်လူ"


www.burmeseclassic.com

www.burmeseclassic.com



"ဟင်... ဘယ်လိုကွ"

"ဟ ဆရာကျော်ရဲ့လုပ်ရှားမှုကို အမြဲကြည့်နေတာပေါ့ကွ၊ အခု တော့ ဆရာကျော်အကြောင်းသိရပြီ၊ ဗန်းမော်ရောက်ရင်ပြောစရာတွေ တွေ့ထားပြီကွ"

"ဘာတွေလဲ တိုးတိုး ပြောကွာ"

"မင်းကလဲ တိုးတိုးပြောရအောင် မင်းက ကြည်မြိုင်မှမဟုတ်ဘဲ"

"ဟာ ခွေးကောင်"

"ခွေးကောင်မဟုတ်ဘူး ဆရာရေ၊ ဟိုနေ့က ဆရာကျော်စာရေး နေတာ ငါတွေ့တယ် ဆရာကျော် တပ်ခွဲမှူးထံသွားတော့ ငါ အသာ လေး လှန်ကြည့်လိုက်တာပေါ့"

"အဲဒီတော့"

"ဟား...ဟား...ဟား...ဟား"

"ပြောစမ်းပါကွ"

"အေးပါ ငါကလည်း ပြောမှာပါ၊ မင်းဆိုတဲ့အကောင်ကလည်း ဒါမျိုးဆို အမဲခြောက်ထက်ကြိုက်တယ်၊ နွားမြင်တိုင်းလက်ညှိုးထိုးပြနေ သလိုပဲ"

"ဟား...ဟား...ဟား...ဟား ဒါမျိုးကြတော့လည်းသိသားပဲ မိုးကျော်ရေ၊ ဘယ်သူမဆို အချစ်နဲ့ပတ်သက်လာရင် အားလုံးအရှုံးပဲ"

"တော်စမ်းပါကွာ ဆရာကျော်ဘာတွေရေးထားလဲလို့"

"ဩော်... အေးဟုတ်သားပဲ ဒီလိုကွ"

တင်မြတ် အဆက်မပြတ်နောက်နေရာမှ ကျွန်တော့်အား လှမ်း ကြည့်၏။ ကျွန်တော် သတိထားမိပါသည်။ သို့သော်ဒီနှစ်ကောင်မှာ



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်၏ညီလေးများဖြစ်နေသည့်အတွက် ဗွေယူ၍မရ။ နောက်တစ်ခုဒီလိုမှ ပျော်ပျော်ပါးပါးမနေပါက ငြီးငွေ့စရာမို့ သူတို့ပြောချင်ရာပြောပါစေတော့။

"သြော်... ငါ့အလွတ် ကျက်ထားတယ်ကွ"

"အေးပါ မင်းကလည်း တော်တော်ဈေးကိုင်တဲ့အကောင်ပဲပြောမှာပြောစမ်းပါ"

"ဟကောင်ရ... အရသာရှိတဲ့အစားအစာကို ပလုပ်ပလောင်းစားရင် အရသာ မတွေ့ဘူးကွ၊ အရသာခံပြီးတဖြည်းဖြည်းစားရသလိုစကားကိုလည်း တဖြည်းဖြည်းအရသာခံပြီး ပြောတာကု"

"ကဲပါကွာ... အရသာမရှိလည်း နေပါစေတော့၊ မပြောနဲ့တော့"

"ဟိုး...ဆရာ ဟိုး... စာထဲမှာလေ ချစ်ရသောသူရေတဲ့ကွ ဟဲ... ဟဲ... ဟဲ... ဟဲ၊ သိပ်သတိရတာပဲတဲ့လေ"

"မင်းဟာကလဲ၊ ငါကဘာများလဲလို့၊ စာရေးမှတော့ ဒီလိုပဲရေးတာပေါ့ကွ တော်ပါတော့"

"ဟား...ဟား...ဟား...ဟား"

တင်မြတ်၏ရွှတ်နောက်နောက်စကားကို မိုးကျော်အောင်အဟုတ်မှတ်ပြီးနားထောင်နေရာမှ မထူးဆန်းသောစကားဖြစ်၍ မျက်နှာခပ်တည်တည်ဖြင့် ကျွန်တော့အား တစ်ချက်ကြည့်ရင်းပြော၏။ ကျွန်တော်ကလည်း မိုးကျော်အောင်အကြည့်ကို ခံယူလိုက်ပြီး ပြုံးပြလိုက်သည်။

တင်မြတ်တစ်ယောက်မှာတော့ သူ့ဝါသနာအတိုင်း သူပြောသည်ကိုနားထောင် သူ့အားခပ်တည်တည်ဖြင့်နောက်ပြောင်ပြောဆိုပြီးပါက


www.burmeseclassic.com

www.burmeseclassic.com


ထုံးစံအတိုင်းတဟားဟားရယ်နေခြင်းအတွက်ကျွန်တော်ကျေနပ်ရပါပြီ။ တင်မြတ်အားရပါးရကိုရယ်မောနေစဉ်...

"ဝေါင်း"

"ဝေါင်း"

"ဝေါင်း"

တောမှဆိုးကျားကြီးတစ်ကောင်၏အသံ၊ ဟိန်းသံဟောက်သံမှာ ကျွန်တော်တို့ဆင်းမည့်တောင်စောင်းအောက်မှဖြစ်သော်လည်း တော်တော်လေး ဝေးသည်က အမှန်ပါ။ အသံကိုနားထောင်သည်နှင့် သိရပါ၏။ အကွာအဝေးကို ခန့်မှန်းတတ်သော ကျွန်တော်တို့အလေး မထားမိပါ။ သို့သော်ကျွန်တော်တို့ဆင်းမည့် တောင်အောက်ဝယ် တောမှဆိုးကျားကြီးတစ်ကောင်ရှိနေသည်ကိုတော့ ကြိုတင်သိထားရပေတော့မည်။

"တင်မြတ်"

"အေး"

"ကြားလား"

"ကြားတယ်လေ၊ တောင်အောက်က"

"အေး... မင်းပြောတာသဘောကျလို့ မင်းနဲ့လိုက်ပြီး တောမှဆိုးကြီး ရယ်မောနေတာလား မသိဘူး"

"ဟုတ်ချင်ဟုတ်မှာပေါ့ကွ ဟား...ဟား...ဟား...ဟား"

တင်မြတ်သည် မိုးကျော်အောင် နောက်ပြောင်ပြောမှန်းသိသဖြင့် ပြန်လည်နောက်ပြောင်ရင်း ရယ်မောသံထွက်လာပြန်ပါပြီ။ တင်မြတ် တစ်ယောက် ဟာသတွေ ဖောက်နေဆဲ။



www.burmeseclassic.com

www.burmeseclassic.com


"ဝေါင်း"

"ဝေါင်း"

"ဝေါင်း"

"ဟောဗျ၊ မင်းရယ်သံ သူကြားတာသေချာပြီ"

"အေးကွ နော့ တော်တော်နောက်တဲ့တောမုဆိုး"

"အေးလေ... တောမုဆိုးက လူမုဆိုးကိုနောက်နေတာပေါ့ကွ ဟား... ဟား...ဟား...ဟား"

မိုးကျော်အောင်စကားကြားရသောတင်မြတ် ဒီတစ်ခါတော့ဟား တိုက်မရယ်ပါ။ မိုးကျော်အောင်ကသာ ဟားတိုက်ရယ်နေ၏။ သို့သော် တောင်အောက်က တောမုဆိုးကျားကြီးအသံကား မကြားရတော့ပါ။ တိတ်ဆိတ်သွားပါပြီ။ တောမုဆိုးကျားကြီးသည် အိပ်ရာမှထရင်း ဟိန်း ဟောက်နေသည်လားမသိတော့ပါ။ ယခုတော့ တိတ်ဆိတ်သွားပါပြီ။

ကျွန်တော်လက်မှနာရီကိုကြည့်လိုက်သောအခါ ညနေသုံးနာရီ ထိုးပါပြီ။ အောက်သို့ဆက်ဆင်းသင့်ပါပြီ။ တစ်နာရီလောက်ဆင်းခဲ့ လျှင်တော့ ကျွန်တော်တို့သွားချင်သောနေရာ တောင်ခြေရှိရေတံခွန်ဘေး သို့ရောက်မည်မို့ ကျွန်တော်ဆင်းရန်ထလိုက်ပါ၏။

"ကဲ... မိုးကျော်တို့ရေ ဆင်းကြစို့"

"ဆရာကျော် စောပါသေးတယ်"

"စောစောပစ်ရင် စောစောပြန်ရတာပေါ့ကွ"

"သေချာပါတယ် ဆရာကျော်ရဲ့ခုမှကောင်းခန်းရောက်တော့မှာ"

"ဘာ... ကောင်းခန်းလဲ"

"ဟာ... ဆရာကျော်ကလည်း မိုးကျော်ရဲ့ကောင်မလေးခင်ဝင်း လေ"


www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ဒီကောင် တောထဲတောင်ထဲလာပြီ"

"မဟုတ်ပါဘူး ဒီကောင် လက်သံပြောင်လို့ပါ"

"ဟေ့ကောင် တော်တော့ ငါလက်သံပြောင်တာက မသိသာဘူး၊ မင်းရဲ့ရက်စက်မှုက သိသာနေတာကွ"

"ဘာရက်စက်တာလဲ"

"ဟ... မျက်နှာမှာပေါ်နေတယ်လေ၊ နှုတ်ခမ်းကိုလန်နေတာပဲ ဟား...ဟား...ဟား...ဟား"

"အေး... အဲဒါအကင်းပဲ ရှိသေးတယ် မှတ်ထား၊ မခင်ဝင်း ကသိုလ်ကောင်းတယ်မှတ်ထား၊ ဟင်း... တင်မြတ်နဲ့သာတွေ့လို့က တော့ကွာ မင်းကောင်မလေးလည်း လန်သွားစေရမယ်ကွ"

"တော်စမ်းပါကွာ"

"တကယ်ပြောတာ မယုံရင်စမ်းကြည့်"

"ခွေးကောင် ပြောလေကဲလေပဲ"

"ဟား...ဟား...ဟား...ဟား"

တင်မြတ်တစ်ယောက် သဘောကျနေ၏။ မိုးကျော်အောင်သည် တင်မြတ်လောက်စကားမတတ်၊ အေးအေးနေတတ်သူ။ တင်မြတ်မှာ တော့ပလွတ်ရွှတ်တောက်နောက်နေပြောနေရမှကျေနပ်သူ။

"ဆရာကျော်"

"ဟေ..."

"တကယ်ဆင်းကြတော့မှာလား"

"အေးလေ"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦးဆရာကျော်ရဲ့၊ ဟို မယု ဆရာကျော်ရဲ့ယုအကြောင်း ပြောရသေးလို့"

"ဟော့ကောင် တော်ပါတော့ဟ"

"မိုးကျော် မင်းဘာမှမသိဘူး၊ မယုလည်းကြည့် အရင်နဲ့မတူဘူး ကွ"

"ဟုတ်လား"

တင်မြတ်၏ပြောမရသော ရှုတ်နှောက်နှောက်တွေကို ကျွန်တော် ခံရတော့မည်။ ပြောမရ၍ မိုးကျော်အောင်ပါ နှောက်လာပါပြီ။ တင်မြတ်နှင့်နှစ်ယောက်ပေါင်းကြဲစည်ကြတော့မည်သာ ကြိုက်သလိုနှောက်ကြပါစေ၊ သူတို့စိတ်ချမ်းသာမှ ကျွန်တော်လည်းကျေနပ်မည်သာဟု ဆုံးဖြတ်လိုက်ရပါတော့သည်။

"မိုးကျော် မယုက အမြဲပြုံးတယ်ကွ"

"အေး... ဟုတ်တယ်၊ မယုက ပြုံးတယ်၊ ကြည်မြိုင်က ဟား... ဟား...ဟား...ဟား"

"ခွေးကောင် မယုအပြုံးက တစ်ခါတစ်လေငါတောင်နှစ်သက်လာမိတယ်ကွ ဟား...ဟား...ဟား...ဟား ဟိုကွာ အပြုံးကိုပြောတာပါ"

"မင်းမူးနေပြီလား"

"ရေဖူးတစ်ဝက် မကျသေးပါဘူးကွ"

တင်မြတ်သည် မိုးကျော်အောင်မေးလိုက်ကာမှ ရေဖူးသတိရပြီး တစ်ငုံ ထပ်မံ ငုံပြန်ပါပြီ။ ဒီကောင်သောက်ကောင်းကောင်း ငုံကောင်းကောင်းဖြင့် ထွေရာလေးပါးစကားတွေပြောရင်း သောက်နေလေ၏။

+++++++++++++++++++++++++++++++++++++++



www.burmeseclassic.com

www.burmeseclassic.com



မိုးကျော်အောင် ကျွန်တော်အားလှမ်းကြည့်လိုက်သောကြောင့် ကျွန်တော်မှဆက်ထွက်ရန် မျက်စပစ်လိုက်သည်တွင် အကင်းပါးသော မိုးကျော်အောင်ထလိုက်သလို တင်မြတ်လည်း ထ၏။ သူ့ရေဗူးအား အိပ်ရေဗူးအိပ်ထဲသို့ ပြန်ထည့်ရင်းမှ။

"ဩော် မယု မယု ခင်ဝင်းလို ဟိုဖုဒ်ဖု တော်တော်ဖုနေပြီ မိုးကျော်ရေ ငါသတိထားမိတယ်ကွ ဟား...ဟား...ဟား...ဟား"

"မကြည်မြိုင်လို နှုတ်ခမ်းတွေကော လန်မနေဘူးလား တင်မြတ်"

"အယ် ဟုတ်ပ နှုတ်ခမ်းတွေလန်တာတော့ မလန်ဘူးကွ ငါ့စိတ်ထဲ နှုတ်ခမ်းတွေ တိုသွားသလား ဒါမှမဟုတ်ပြုတ်ထွက်ကုန်ပြီလားမသိဘူးကွ ဟား...ဟား...ဟား...ဟား"

"ကဲ... တင်မြတ်ရေ၊ ဇန်းမော်ပြန်ရောက်မှ ယုကိုပြန်တိုင်မယ်"

"ဆရာကျော် အဲဒီတော့တင်မြတ်ဆိုတဲ့ ကျွန်တော်ကပြောလိုက်မှာပေါ့၊ မယုရေ ဆရာကျော် မယုအကြောင်းတွေးရင်း ရေးရင်းသူ့နှုတ်ခမ်းတွေ သူပွတ်နေတယ်ဗျလို့ ဟား...ဟား...ဟား...ဟား"

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com


# (နှစ်)

တင်မြတ်တစ်ယောက် သူ့တာဝန်တော့သူကျေ၏။ ရှေ့ဆုံးမှ ဆင်းသည်။ ကျောက်တော်၏တောင်ခြေမှာ မြေသားဖြစ်လာပါပြီ။ မြေသားတွေ၏ အလယ်ဗဟိုမှာသာ ကျောက်သားထုရှိ၍တောင်ထိပ်မှာ ကျောက်တောင်ကြီးဖြစ်နေခြင်းပင် ယခုတောင်ခြေ ရေတံခွန်ဘေးသို့ ရောက်တော့ လေးနာရီတိတိ ရေတံခွန်မှာရေစီးသန်နေဆဲ ရေမခမ်းသေးသို့သော် တောင်ယာလုပ်သူများမှာတော့ မကြာမီတောင်ယာစပါးသိမ်းကြတော့မည်။

အောက်တိုဘာလရောက်လျှင် ကောက်သစ်စားပွဲ (အင်လုံအင်နန်ရှား)နှင့် ကောက်သစ်ဦးကြိုဆိုခြင်းခေါ်သည့် (အင်စင်ခလွှမ်)ပွဲတော်တွေ စကြတော့မည်။ ယခုကျွန်တော်တို့ တောလယ်သည်မှာ စက်တင်ဘာလပင် ကုန်တော့မည်။ နောက်လ ကောက်သစ်ပွဲအတွက်လည်း လက်ဆောင်ပစ်ပေးရပေမည်ဟု ကျွန်တော်တွေးရင်း ရေတံခွန်အား ရောက်ခဲ့၏။


www.burmeseclassic.com

www.burmeseclassic.com



"တင်မြတ် သတိထား စောစောက တောမုဆိုးအသံကြားတာ ဒီဘက်ကဖြစ်မယ်"

"ဟုတ်တယ်ဆရာကျော်၊ စိတ်ချပါ"

"မိုးကျော်ရေ... နောက်ပိုင်းသတိထားနော်"

"ဟုတ်"

သုံးယောက်သား ပထမဆုံးသားကောင်ပစ်ရန်အတွက် ခြေရာ ပေါင်းရှာကြ၏၊ ဘာကောင်တွေထွက်သနည်း၊ ရေသောက်ဆင်းကြ သော သားကောင်နှင့်ပတ်ဝန်းကျင်ကိုကြည့်ရှုလိုက်သောအခါ တောင် ဝွေးပင်နှစ်ပင်အောက်နားဝယ် သစ်ဆိမ့်ပင်လည်း တွေ့ရ၏။ တဖန် မြက်နုနုတွေအား ချေ၊ ဒရယ်နှင့်ဆက်တွေ စားထားပုံရ၏။

"ဆရာကျော်ဒီမှာ ဒရယ်ခြေရာတွေ"

"အေး... ဒီမှာက ချေဖြစ်တယ်"

"ဒါဆို ချေနဲ့ဒရယ်သေချာပြီ"

"ဆရာကျော်"

"ဘာလဲ တင်မြတ်"

"ခြေရာက ဟောဟိုအထက်နားက ဆင်းလာတာဖြစ်မယ် ခြေရာ ကိုကြည့်"

"အေးကွ ပြန်သွားတဲ့ခြေရာကောတွေ့လား"

"မတွေ့ဘူး အောက်ဘက်ဆင်းသွားတယ်"

"ခြေရာတော်တော်များတယ်ကွ၊ တို့ဒီမှာပဲစောင့်ကြမလား"

"ကောင်းတယ်ဆရာကျော်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့်တင်မြတ်ခြေရာတွေကြည့်ပြီး မုဆိုးတွေ၏အသိ၊ သတိထား၍ပစ်ခတ်ရန်နှင့်သားကောင်၏ ဆင်းလမ်းတက်လမ်းအပြင် သားကောင်အကြိုက် အသီးအရွက်အခေါက်ရှိသောအပင်တွေအား ကြည့်ရှုရင်းမှ ပစ်ခတ်သင့်သည့်နေရာ အကာအကွယ်နှင့်လုံခြုံမှုအစရှိသည့်နေရာထိုင်ခင်းရွေးနေစဉ်မှာပင် မိုးကျော်အောင်တစ်ယောက် ဘာတွေ ကြည့်နေသည်မသိ သူကြည့်နေသည်မှာ ခြေရာတော့ခြေရာပဲဖြစ်သည်။ မှန်ဘီလူးများပါက မှန်ဘီလူးနှင့်ပင်ကြည့်လေမလားဟုထင်ရသောကြောင့် တင်မြတ်မှ....

"မိုးကျော်ခြေရာခံတာ ဖင်ဘူးတောင်း ထောင်နေပြီကွ၊ ဘာတွေများသဘောကျနေတာလဲ"

မိုးကျော်အောင်ဘာမျှမပြော ခြေရာခံပြီး ရှေ့ဆက်တိုးနေသည့်အတွက် ကျွန်တော် မသက်သာတော့ သို့အတွက် တင်မြတ်အား လှဲ့ကြည့်ပြီးနောက် သတိဝီရိယနှင့်စောင့်ရန် ပြောလိုက်ပြီး ...

"ငါ မိုးကျော်ဘက်သွားမယ်၊ သတိထား"

"စိတ်ချ ဆရာကျော်၊ မိုးကျော်တော့ စုံထောက်လုပ်နေပြီထင်တယ်"

"အေး... အထူး သတိထား အမိကတော့မုဆိုးပဲ"

"ဟုတ်ကဲ့ပါ"

ကျွန်တော်မိုးကျော်အောင်ဘက် လျှောက်လိုက်၏။ အနားရောက်တော့ မိုးကျော်အောင်မှ လက်ညှိုးထိုးပြ၍ ကျွန်တော်ကြည့်လိုက်ရာ ကျွန်တော်တို့ထင်တဲ့အတိုင်းပင် ခြေရာဖြစ်နေပါ၏။ ခြေရာဆိုသော်လည်း သားကောင်ခြေရာမဟုတ်၊ လူခြေရာ ဒီပတ်ဝန်းကျင်တွင် တောင်



www.burmeseclassic.com

www.burmeseclassic.com



စောင်းများအား ခုတ်ထွင်၍တောင်ယာလုပ်နေကြသည့် လုံ့ဂျာ ရွာသားများ၊ မရူကတောင်ရွာသားများရှိနေမှတော့ ဒီဘက်လည်းရောက်ရှိကြမည်သာ၊ သို့အတွက် လူ့ခြေရာရှိခြင်းရှိသည်ဟု အတွေးထဲတွေး တောနေစဉ်...

"ဆရာကျော်"

"အေး"

"လူ့ခြေရာဗျ"

"ဟုတ်တယ်"

"ဒါပေမဲ့ လူ့ခြေရာက ဖိနပ်မပါဘူး"

"ဟ... ဒီတောထဲမှာ တောင်ယာလုပ်တဲ့သူအားလုံးဘာဖိနပ်မှမစီးဘူးဆိုတာလည်း သတိထားလေကွာ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ခြေရာကထူးဆန်းလို့ပါ"

"ဟေ့"

မိုးကျော်အောင်၏စကားကြောင့် ကျွန်တော်၏ အာမေဒိတ်သံပင်ထွက်သွားပြီးမှ ထိုခြေရာအား အသေးစိပ်လေ့လာကြည့်လိုက်သည်။ ကျွန်တော် ဘာမျှမသိ မထူးခြားဟုသတိထားရာမှ...

"ဟာ... ဟုတ်ပါရဲ့"

"ဘာလဲ... ဆရာကျော်"

"လူ့ခြေရာမှန်တယ် ဒါပေမဲ့ လူ့ခြေရာက သိပ်ကြီးနေတယ်ကွ"

"အဲဒါပြောတာပေါ့ ဆရာကျော်နောက်တစ်ခုက ခြေရာတိုင်းမှာ ဖနောင့်ရာ ခြေမအောက်နားက အဆစ်ရဲ့ဖုနေမှု ခြေဖဝါးအလယ်မှာ အပေါ်ကိုမို့နေတတ်တယ် မဟုတ်လား ခုဟာက ဒီလိုမှမဟုတ်တော့ဘဲ ဆရာကျော်ရာ"



www.burmeseclassic.com

www.burmeseclassic.com


"အေး... ဟုတ်တယ်"

ကျွန်တော်နှင့်မိုးကျော်အောင် ပြောဆိုအံ့ဩနေရာသို့ တင်မြတ်ပါ ရောက်လာပါသည်။ တင်မြတ်လည်းကျွန်တော်နှင့်မိုးကျော်အောင်ပြော ပြီး၍ အံ့ဩနေမိ၏။ အလွန်ထူးဆန်းသော ခြေရာသည် ရေတံခွန် အကျမှ အောက်ဘက်သို့ ဆင်းသွားသောခြေရာ ဖြစ်နေ၏။ ခြေလှမ်း တစ်လှမ်းနှင့်တစ်လှမ်းမှာလည်း ကျွန်တော်တို့ စစ်သားခြေလှမ်း သုံးဆယ့် သုံးလက်မသာမက လက်မငါးဆယ်နီးပါးရှိမည်ဟု ထင်ရ သည်။ ကျွန်တော်တို့ နှစ်လှမ်းစာမျှရှိနေပြီး ထိုခြေလှမ်းနှင့်ခြေရာပိုင်ရှင် မှာ ပြေးလွှားသွားသည့် အသွင်သဏ္ဌာန်မတွေ့ရပါ။ အေးအေးမှန်မှန် ခြေရာတွေ ဖြစ်နေသည့်အပြင် ခြေရာတစ်ခုလုံး၏ပုံသဏ္ဌာန်သည် တစ်ပြေးညီဖြစ်ပြီးဖုခြင်း၊ ဖောင်းခြင်း၊ ပိန်ခြင်း၊ ချိုင့်ခြင်း လုံးဝမရှိ တော်တော်ထူးဆန်းသော ခြေရာရှင်ဖြစ်နေ၏။

"မိုးကျော်နဲ့တင်မြတ်ရေ၊ ထူးဆန်းတာတော့ ပထမတွေ့ပြီ၊ သ တိထားပြီးပစ်ခတ်မှု ထိမ်းကြတာပေါ့၊ တို့ပစ်ချင်တာဘာလဲ"

"ချေ၊ ဒရယ်ပေါ့ ဆရာကျော်ရဲ့"

"အေး... ချေနဲ့ဒရယ်ပဲရှာတာပေါ့၊ ကံကောင်းရင် ဆက်ပစ်တာ ပေါ့"

"ဟုတ်ကဲ့"

ကျွန်တော်တို့ ထိုခြေရာနောက်မလိုက်တော့ပါ။ စောစောက တင်မြတ်နေရာယူခဲ့သောနေရာသို့ ပြန်ခဲ့ကြပြီး ထိုနေရာတွင်ပင်သား ကောင်ပစ်ရန်နေရာယူထားလိုက်ကြပါပြီ။ ကျွန်တော်တို့ရှေ့တွင် ရှောင် ချွေးနှစ်ပင်နှင့်သစ်ဆိမ့်ပင်ကြီး ရေအစပ်မှာတော့ သဖန်းပင်ကြီးသည်


www.burmeseclassic.com

www.burmeseclassic.com



အသီးများပြွတ်ခဲ၍ စိမ်းသည့်အတွဲ မှည့်၍နီရဲနေသောအသီးတွဲတွေ စုံနေအောင်တွေ့ရပါသည်။

သုံးယောက်သားတိတ်ဆိတ်မှုနှင့်အတူ ချုံနှင့်အပင်ကြီးတွေ အောက်ဝယ်မျက်ကွယ်ယူရင်း သားကောင်စောင့်နေသော်လည်း ကျွန်တော်အတွေးထဲသို့ စောစောကခြေရာကြီးမြင်ယောင်နေမိသည်။ ထိုခြေရာပိုင်ရှင်ဘယ်သူလဲ လူကောဟုတ်ပါ့မလား၊ ခြေရာသည် လူခြေမှန်ပါ၏။ သို့သော်လူစင်စစ်ဟုတ်မည်မထင် ကမ္ဘာဦးအစက လူသားတွေလား ဒါလည်း မဖြစ်နိုင်တော့ပါ။ တစ်ခုတော့ရှိသည် အမှောင့်ပရောဂါတွေ၏ အနှောက်အယှက်တွေလားမသိ၊ ခြေရာမှာ တော်တော်လတ်လတ်ဆတ်ဆတ်ဖြစ်နေခြင်းအတွက် အံ့သြနေမိသည်။

ကျွန်တော်တို့ကောက်ကွေ့ချောင်းနယ်မြေ၊ ရွှေကူမြို့၏အနောက်မြောက်ဘက်တွင် ကောက်ကွေ့ချောင်းဝရွာမှ အထက်သို့ဆန်တက်ပါက မိုင်၃၀ကျော်ခန့်တွင် ခြေရာကြီးစခန်းရှိ၏၊ မိုးရှူ့စခန်းအထက်ဘက်ရောက်၏။ တောလည်းထူ၏။ သို့သော်ဤကောက်ကွေ့ချောင်းဝယ်သစ်လုပ်ငန်းလုပ်ခဲ့သည့်အတွက် စခန်းတွေထောက်တွေရှိသည့်အပြင်ရွာသားတွေ၏ ဝါးခုတ်ခြင်း၊ မအူသားရှာဖွေခုတ်ကြခြင်း၊ မအူသားမှာ သစ်ပွဖြစ်၍ သစ်တောမှအသုံးမပြုသည့်အထဲပါဝင်ပြီးထိုမအူလက်ပန်နှင့်အနှစ်မရှိသောအသားတွေခုတ်ကြ၏။ အပင်လိုက်အလုံးလိုက်ကောက်ကွေ့ချောင်းမှမျှောပြီးလျှင် ဝါးဖောင်တွေနှင့်ရောနှော၍မန္တလေးသို့သွားရောက်ရောင်းချသည်။

ထိုအသားပွသားများအား မန္တလေးဘက်တွင်ခုံဖိနပ်တွေပြုလုပ်ကြကြောင်းသိရပါသည်။ သို့အတွက်ကောက်ကွေ့ချောင်းနယ်မြေသည်



www.burmeseclassic.com

www.burmeseclassic.com


များသောအားဖြင့် လူမပြတ်ပါ။ နွားလှည်းလမ်း၊ သစ်ဆွဲလှည်းလမ်းတွေအပြင်ချောင်းနှင့်ကပ်ရက်လမ်းဖောက်ထားသဖြင့် လမ်းသည်ဟောင်းသော်လည်း လမ်းမပျက် ယခုအတိုင်းရှိနေသေးသည်။

ထို့အပြင် ထိုကောက်ကွေ့ချောင်းနယ်မြေဝယ် မြန်မာဘုရင်၏ယခင်တပ်တွေ စခန်းချခဲ့ပြီး ဒုတိယမြစ်ကျင်းအထက်ကောင်းတုံနယ်မြေတွင်တာတာတွေနှင့်စစ်ခင်းစဉ်ကာလဝယ် မြန်မာ့တပ်မတော်ကြီး၏စစ်စခန်းချခဲ့သောနယ်မြေ၊ ဆင်တပ်၊ မြင်းတပ်တွေ၏ လျှို့ဖုက်စခန်းတွေလည်းဖြစ်ပါ၏။

ထိုခြေရာကြီးစခန်းခေါ်သော ကောက်ကွေ့ချောင်းဘေးမှတောထဲ နှစ်မိုင်ကျော်သုံးမိုင်ခန့်တွင် ကျောက်တောင်ဘေးရှိ ကျောက်ပြားကြီးမှာ ပြန့်ပြူး၏။ ထိုကျောက်ပြားကြီးပေါ်ဝယ်လူတစ်ဦး၏ ခြေရာကြီးမှာထင်ထင်ရှားရှားရှိနေသည့် လူ၏ဝဲဘက်ခြေရာမှ ခြေရာအစစ်၊ ထိုခြေရာကြီးသည် အလွန်ကြီးမားသောလူကြီးတစ်ဦး၏ ခြေရာဖြစ်သည့်အပြင်တောင်ဆုပ်ခန့်ရှိနေခြင်းသည် ထူးဆန်းသောအံ့ဩဖွယ်ပင် ယခုကျွန်တော်တို့တွေ့နေရသောခြေရာသည် ဖျောက်ဖျက်ပစ်၍လည်းရ၏။ တဖန်မိုးကာလရောက်လျှင်လည်း ပျောက်သွားမည်။ မိုးရေတိုက်စားမှုသို့မဟုတ် တောင်ပြို၍ ဖုံးလွှမ်းသွားနိုင်သည်သာ။

မြေအပျော့မှာ တည်ရှိနေ၍ သားကောင်တွေ ဖြတ်ကျော်နင်းသွားပါကလည်း ပျက်သွားမည်။ ကောက်ကွေ့ချောင်းခြေရာကြီးစခန်း၏ကျောက်ပြားကြီးပေါ်မှာကဲ့သို့တော့မဟုတ်ပါ။ ထိုခြေရာမှာကျောက်ပြားပေါ်မှခြေရာဖြစ်၍ ထာဝရတည်မြဲနေမည်သာ သို့အတွက်ကြောင့်လည်းခြေရာကြီးစခန်း ဖြစ်ပေါ်ခဲ့၏။


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခြေရာအကြောင်း ဆက်စပ်တွေးတောနေပါသော်လည်း ခြေရာမရပါ။ ရှာမတွေ့ပါ။ ထိုခြေရာအကြောင်း တစ်ခြားသူများအား ပြောပြပါကယုံမည်မထင် ခြေရာမြင်ရသူ ကျွန်တော်တို့သုံးယောက်မှလွဲ၍ ဘယ်သူမျှ မသိကြသောကြောင့် ပြောမယုံ၊ ကြုံမှသိရသော ကျွန်တော် အတွေးကြပ်နေသည်။ ပြန်ပြောပြရန်လည်း စိတ်မကူးမိ၊ သို့သော်စခန်း ပြန်ရောက်ခဲ့လျှင်တော့ မှတ်တမ်းတင်ရမည်သာ ကျွန်တော်၏ နေ့စဉ်မှတ်တမ်းမှာတော့ဖြည့်စွက်ထားရမည်ဟုတွေးပြီး ကိုယ့်ကိုကိုယ် ပြန်နှစ်သိမ့်ခဲ့ရပါ၏။

တောတောင် ပီသပါ၏။ ရေတံခွန်နှင့်စမ်းချောင်းလျှိုမြောင် သဘာဝ အေးအေးမြမြပင်၊ ပုစဉ်းရင်ကွဲနှင့်ပုရစ်သံတွေညံနေ၏။ ပုံမှန်သဘာဝသာ၊ ထူးထူးဆန်းဆန်း ဘာမျှမရှိခဲ့၊ ကျွန်တော် စောစောသာ ဝစ်စတ်ရပါက စောစောပြန်နိုင်ပါ၏။ သို့သော် သားကောင်က မထွက်သည့်အတွက် ပါလာသော ထမင်းထုပ်များ ထုတ်၍ စားလိုက်ကြ၏။ ထမင်းစားပြီးသော်လည်း ဘာကောင်မျှ မထွက်တော့ပါ။ ညဦးပိုင်းသို့မဟုတ်ပါက နောက်ဆုံးအဆင့် မနက်စောစောမှာတော့ သေချာပေါက်ပစ်ရမည်သာ။

"မိုးကျော်ရေ"

"အေး"

"မျှော်တော်ဖောနဲ့မောလှပြီဆိုတာဒါမျိုးပဲကွ"

"အေးပေါ့ဟ၊ တောပစ်တယ်ဆိုမှတော့ သားကောင်ထွက်မှပစ်ရမှာပေါ့၊ မထွက်မချင်းစောင့်ရမှာ တို့တာဝန်ပဲလေ"



www.burmeseclassic.com

www.burmeseclassic.com


"အင်း... ခုလိုညနေစောင်းမှာ မခင်ဝင်းလေးနဲ့ စကားပြောရရင် ဘယ်လောက်ကောင်းမလဲဟင်"

"အေးနော်... ငါဆိုတဲ့အကောင်ကလည်း မလွယ်ဘူး၊ ငါနဲ့သာ ကြည်မြိုင်နဲ့တွေ့လိုက်ရင်လား ဟဲ...ဟဲ...ဟဲ...ဟဲ"

"တော်ပြီ...တော်ပြီ"

"မတော်ပါနဲ့ကွ၊ မင်းပြောသလို ဖုတ်ဲနေရာဖု၊ ရောင်တဲ့နေရာ ရောင်ပြီး နှုတ်ခမ်းလန်လန်လေးပြတ်ထွက်သွားအောင် ဟင်း...တောက်"

ကျွန်တော် မိုးကျော်အောင်အားကြည့်ပြီး သဘောကျသွားသည်။ ဒီတစ်ခါတော့ တင်မြတ် မလူးသာမလွန့်သာ သူ့စကားနဲ့သူ ခံလိုက်ရပါပြီ။ မိုးကျော်အောင်အား ကြည့်ပြီး...

"မိုးကျော်... မိုးကျော်... ဟေ့ကောင်"

"ဘာလဲကွ"

"မသိပါဘူးကွာ၊ သတိများ လစ်သွားသလားလို့ ငါတောင်မင်းနားမှာ မထိုင်ရဲတော့ဘူး။ တော်သေးတာပေါ့၊ မင်းနဲ့ငါ့အကြားမှာ ဆရာကျော် ရှိနေသေးလို့"

"ခွေးကောင်"

"အကောင်းပြောတာ၊ ဆရာကျော်သတိထားနော် မိုးကျော်ဆိုတဲ့ အကောင် အောက်မှန်ယိုနေပြီထင်တယ် ကြောက်စရာပဲ"

"တင်မြတ်"

"ဗျာ ဆရာကျော်"

"အေး ဒီတစ်ခါတော့ မင်းခံလိုက်ရပြီမဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com


"ဒါပေါ့ ဆရာကျော်၊ တစ်ခါတစ်လေ ဒီကောင့်ကို သနားလို့ အရှုံးပေးလိုက်တာပါ၊ မိုးကျော် သတိထားနော့"

"အောင်မာ မင်းဟာလေ အောက်ကလည်းနေသေး ခြေသလုံးလည်းဖက်ကိုက်နေသေးပဲ"

"ရှူး ..."

ကျွန်တော်သတိပေးလိုက်သည်တွင် သူတို့နှစ်ယောက် စကားပြော ရပ်သွားကြ၏။ ပုရစ်သံ၊ ပုဇဉ်းရင်ကွဲသံတွေကြားရသည့်အထဲမှ သားကောင်တစ်ကောင်ပြေးလွှားသံ၊ ချေလား၊ ဒရယ်လား သို့မဟုတ် လျှင်တော့ တောဝက်အား နောက်တစ်ကောင်ကောင်လိုက်၍ ပြေးလွှားသံမျိုး ကြားလိုက်ရ၏။

"ဆရာကျော်၊ ပြေးသံပဲ"

"အေး"

"ချေသံ၊ ဒရယ်သံမျိုး မဟုတ်ဘူး"

"ငါထင်တာ တောဝက်ပြေးသံမျိုး"

"တောဝက်ဆိုရင် တစ်ကောင်တည်း မဖြစ်နိုင်ဘူး"

"ဟုတ်တယ် ဆရာကျော်၊ မိုးကျော်ပြောသလို တစ်ကောင်တည်း မဖြစ်နိုင်ဘူး၊ နောက်က တစ်ကောင်ကောင်လိုက်နေပုံပဲ"

"ဟော"

"ဝေါင်း ... ဝေါင်း...ဝေါင်း"

"ဝေါင်း"

"ဖြောက်...ဖြောက်..ဖြောက်"


www.burmeseclassic.com

www.burmeseclassic.com


ကျားလိုက်နေသောအသံ မှန်သွားသည်။ တောဝက်လွတ်သွား၍ တောမုဆိုးကျားကြီး ဒေါသထွက်နေခြင်းပင်၊ သူ့အစာ လုသူမရှိသော်လည်း တောဝက်သည် အသက်လု၍ ပြေးသွားသည်သာ ဖြစ်ပေ၏။ ကျွန်တော်တို့အား တောမုဆိုးကြီးမသိ၊ အနံ့လည်းမရ၊ ကျွန်တော်တို့က လေအောက်၊ သူတို့နှစ်ကောင်ပြေးလွှားသည်မှာ လေဆန်မှုဖြစ်၍ တော်ပါသေးသည်။ တောမုဆိုးကျားကြီးနှင့်ကျွန်တော်တို့ မဝေးပါ။ ပေ သုံးလေးဆယ် ခုနစ်ဆယ်ထက် ပိုမည်မထင် စောသေး၍ မြင်ရ၏။

တောသည် လုံးဝပြန်လည်တိတ်ဆိတ်သွားလေပြီ။ ဒီတစ်ခါ တိတ်ဆိတ်မှုသည် ရင်ကွဲမတတ် အော်မြည်နေကြသော ပုဇဉ်းရင်ကွဲနှင့် ရစ်တွေပါ တိတ်ဆိတ်သွားခြင်းပင် တောတိတ်ဆိတ်မှုသည်ကား ကောင်းပါ၊ သို့ပါသော်လည်း ယခု ကျွန်တော်တို့သုံးယောက်မှတွက် သည်သို့သော အန္တရာယ်မျှ မရှိချင်းအတွက် ကောကို ကျေးဇူးတင်ရမည်။

"ဆရာကျော်"

"ဘာလဲမိုးကျော်"

"တိတ်လွန်းအားကြီးတယ်"

"အေး... သဘာဝတိတ်ဆိတ်မှုလည်း ရှိတတ်ပါတယ်"

"ဒါပေမဲ့ အထူးသတိထားရမှာပဲ ဆရာကျော်"

"ကောင်းတာပေါ့၊ တော်တော်လေး ညဉ့်နက်လာပြီ"

"ဟုတ်တယ် မီးတွေ အသင့်ပြင်ထားမှပဲ ဆရာကျော်"

"အေး... မင်းက မီးမထိုးနဲ့၊ မိုးကျော်နဲ့ငါက မီးကို လိုအပ်ရင် အသုံးပြုမယ်"

"တင်မြတ်"


www.burmeseclassic.com

www.burmeseclassic.com

"အေး"

"ပုရစ်သံတွေ တိတ်ပေမဲ့ ခြင်သံတွေကတော့ လေယာဉ်ပျံသံလား လို့ထင်ရတယ်ကိုယ့်လူ"

"အေး... ဟုတ်ပကွာ"

သုံးယောက်တီးတိုး ပြောရခြင်းသည် အားဆေးတစ်ခွက်ပင် ထိုကဲ့သို့ စကားမပြောပါက စိတ်လေလွင့်ပြီး စိတ်ချောက်ချားမှု ကြ တတ်၏။ တစ်ယောက်ကိုတစ်ယောက် သတိပေးစကား သို့မဟုတ် ပတ်ဝန်းကျင်၏ အဖြစ်အပျက်တို့အား သတိထား ပြောကြားခြင်း အတွက် အန္တရာယ်ကိုလည်း ကြိုတင်သိပြီး တစ်ယောက်ကိုတစ် ယောက် အားကိုး အားထားပြုနေခြင်း ဖြစ်ပါ၏။

သန်းခေါင်ကျော်ပါပြီ။ ဘာကောင်မျှမထွက်။ တောမုဆိုးကျား ကြီးတွေ၏ အသံမပြောပါနှင့်ချေသံ၊ တောခွေးသံပင်မကြားရ။ ပိုမို သတိထားမိသည်မှာ ဤရေတံခွန်အောက် ကျွန်တော်တို့ရောက်နေ သောနေရာမှာ မြေပြန့်လွင်ပြင်သာသာမို့ တစ်တီတူးငှက်တွေလည်း ရှိနိုင်ပါ၏။ တစ်တီတူးငှက်တွေ၏အသံမကြားရခြင်းမှာ သားကောင် တောကောင်၊ တောမုဆိုးမထွက်၍သာ မကြားရသော တိတ်ဆိတ်မှုကို ကျွန်တော်တို့ ကောင်းစွာ ရိပ်မိပါ၏။

"လရေးရေး ထွက်လာပြီ"

"အင်း... သန်းခေါင်ကျော်ကွ"

"သေချာတာပေါ့"

"တင်မြတ်"

"ဗျာ"

"စိတ်ပျက်နေပြီလား"


www.burmeseclassic.com

www.burmeseclassic.com


"ဆရာကျော်ကလည်းသိသားနဲ့ ဒါမျိုး ရိုးနေပါပြီ"

"အေး... ကောင်းတယ်ကွ"

"ဆရာကျော်နဲ့တင်မြတ် မိုးလင်းပိုင်းပေါ့"

"မိုးကျော်"

"ဟင်"

"လင်းဆွဲပေါ့...ဟီ...ဟီ"

"ခွေးကောင်"

တစ်ယောက်ကိုတစ်ယောက် အားပေးရင် မုဆိုးဘဝကြုံရမှာပဲ ဟူသော အတွေ့အကြုံတွေကြောင့် စကားပြတ်သွားပြန်ပါပြီ။ တင်မြတ် ပြောသလိုပင် ဒါမျိုးရိုးနေပါပြီဆိုသော အတွေ့အကြုံတွေကြောင့် အားတက်မှု အရှိန်မြင့်နေဆဲဆိုသည့် သဘောကောင်းနေခြင်းမို့ ကျွန်တော့်ကောင်တွေကျွန်တော်ကျေးဇူးလည်းတင်၏။ ဖွဲ့ရှိ၍လည်းကျေနပ်သည်။ သို့မှသာ မုဆိုးစစ်စစ်တစ်ယောက်ဖြစ်ပေသည်။

ထူးခြားမှုတစ်ခုတော့ သတိထားမိသည်မှာ ကျွန်တော်ထုတ်ဖော် မပြောသကဲ့သို့ သူတို့နှစ်ယောက်လည်း သိကြမည်။ အကြောင်းမှာ ယခု နှစ်နာရီကျော်သည်အထိ သားကောင်ပျောက်နေခြင်း အသံလည်း ပျောက်နေခြင်းသည် တောနက်ကြီးအတွက် အလွန်ထူးဆန်းနေခြင်းသာ ဖြစ်ပါ၏။

"ဆရာကျော်"

"ဟင်..."

"အသံကြားတယ်"

"အေး... လူတစ်ယောက်အသက်ရှူသံလိုပဲ"


www.burmeseclassic.com

www.burmeseclassic.com

"လူတော့ လူ"

"ဟင်..., တိတ်သွားပြီ"

မှန်ပါသည်။ လူတစ်ယောက်၏ အသက်ရှူသံမှအစစ်အမှန်၊ ကျွန်တော်တို့သုံးယောက် သူ့ဘက်သူကြည့် ကိုယ်ဘက်ကိုကြည့်၏။ ဘာကောင်မျှ မတွေ့ပါ။ အသံသည်ပြန်ပျောက်သွား၏။ အနံ့လည်း မရ၊ ကြားလိုက်ရသည့်အသက်ရှူသံမှာ လူတစ်ယောက်၏ အသက်ရှူသံနှင့်အတူ လေမှုတ်ထုတ်လိုက်သော သက်မသံလိုလို ကြားရ၏။

တဖန် ကျွန်တော်တို့၏ စကားကြောင့်များ တိတ်သွားသည်လား မသိပါ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့သုံးယောက် သတိပိုမိုထားရပါပြီ။ လရေးရေးမှာ တောင်ခိုးမြူပြာကနေ့ရာယူလာသည့်အတွက် အလင်း ပျောသွားပြန်ပါပြီ။ ကျွန်တော်တို့၏ ပတ်ဝန်းကျင်တွင် မြူတွေကျလာပြီ ပေါ့။ မနေ့နေ့လယ်လောက် တောင်ထိပ်ပေါ်ဝယ်ကျွန်တော်တွေ့ခဲ့ရ သော တောင်ခိုးနှင့်မြူတို့ လေယူရာပါခဲ့သကဲ့သို့ ယခုလို ညချမ်းချိန်ဆို ပါက မြူခဲများအား နှင်းဖိ၍ အိကျလာခဲ့ကြပြီး တောင်ခြေတောင်ကြန်း ချိုင့်ဝှမ်းတွေမှာ ခိုတွဲနေ၏။ ယခု မြူခိုးတွေကျခဲ့ပါပြီ။ သို့အတွက် ကြောင့် တောထဲ တောင်ထဲဝယ် သားကောင်ရှာရန် ခက်ခဲတတ်စမြဲပင် သို့သော် မိုးလင်းလျှင်တော့ ကောင်းကောင်း ပစ်ရပေမည်။

သုံးယောက်သား တိတ်ဆိတ်စွာ စောင့်ကြည့်နေကြသည့်မှဆိုး ဘဝ မလွယ်ပါ။ ဒီကြားထဲ နှင်းတွေကကျ ဆောင်းပမာ ထာဝရ ဆီးနှင်း ခဲသော ကချင်တောင်တန်းဒေသ၏ အေးမြလွန်းသော အအေးဒဏ်ကို တော့ ခံရနေကြစမြဲမို့ သိပ်တော့ မမှုပါ။ ဒီပြည်နယ်မှာ နှစ်ချီနေခဲ့ပြီး မှတော့ ဒီအအေးဒဏ်တွေကို သူတို့ ကောင်းကောင်း ခံရစမြဲမို့ရင်ဆိုင် ရကြပါ၏။

++++++++++++++++++++++++++++++++++++++

မြတ်မြတ်ချောစာပေ

www.burmeseclassic.com


"တင်မြတ်"

"အေး ..."

"အရက်ရှိသေးရဲ့လား"

"ရှိပါသေးတယ်"

တင်မြတ်သည် သူ့ရေဗူးအား မော့နေ၍ မိုးကျော်အောင်က မေး၏။ တင်မြတ်မှ ရေဗူးအား လှုပ်ပြရင်း ပြန်ပြောသည်။ မိုးကျော်အောင်ကတော့ သိပ်မသောက်ပါ။ ကျွန်တော်လည်း ရေဗူးထဲ ဘယ်တော့မှ အကုန်မခံ အမြဲပင် တင်မြတ်အတွက် ချန်ထားရစမြဲပင်။ ကျွန်တော့ရေဗူးမှာ တစ်ဝက်မကက ကျန်ဆဲမို့လိုအပ်လျှင်တော့ တင်မြတ်ကို ပေးမည်။ မိုးကျော်အောင်လည်း တင်မြတ်အတွက် အမြဲလိုလို ချန်ထားတတ်သည်။

"ဖြောက် ..."

"ဖြောက် ..."

"ဖြောက် ..."

ခပ်လှမ်းလှမ်းမှ ခြေသံတစ်သံ မှန်မှန်လှမ်းနေသော သားကောင်တစ်ကောင်၏ခြေသံမို့ ကျွန်တော် စဉ်းစားမိသည်။ ဒီအချိန်မျိုးသားကောင်တွေသိပ်မထွက်တတ်ပါ။ မိုးလင်းလုလုဆိုလျှင်ထားပါတော့၊ ခုတော့ လေးနာရီပင် မထိုးသေး၊ သို့အတွက် စဉ်းစားရပြီ တစ်ခုတော့ ရှိပါသည်။ တောဆင်တွေဆိုလျှင်တော့ တစ်ညဥ့်လုံးလည်း သွားလာတတ်၏။ တောဆင်ဆိုပါကလည်း တစ်ကောင်တည်းတော့ မဖြစ်နိုင်ပါ။ တောဆင်သည် အုပ်လိုက် နေတတ်သည်။ သို့အတွက်ကြောင့် တောဆင်လည်း မဖြစ်နိုင်။

+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+


www.burmeseclassic.com

www.burmeseclassic.com


"ဖြောက် ..."

"ဖြောက် ..."

"ဖြောက် ..."

"ဖြောက် ..."

"ဆရာကျော့်ခြေသံက ချောင်းဘေးဘက် ရောက်လာပြီဗျ"

"အေး – ခြေသံသိပ်မှန်တယ်ကွ ခြေသံနားထောင်ရတာ အင်မတန်မှ စိတ်ဓာတ်ခိုင်မာတဲ့ သားကောင်ကြီးမျိုးပဲ၊ ချေတို့၊ ဆတ်တို့ မဖြစ်နိုင်ဘူး"

"ဟုတ်တယ် ဆရာကျော်၊ ကျားလား၊ ဆင်လား၊ ဆင်တော့မဖြစ်နိုင်ဘူးဗျ"

"အေး... နားထောင်"

ကျွန်တော်၏ နားထောင်ဟူသော စကားသံကြားရပြီးအားလုံး တိတ်ဆိတ်ငြိမ်သက်နေကြသော်လည်း ခြေသံမှာ မှန်မှန်ဆက်တိုးနေ၏၊ အဆေါ်ဘက်မှအောက်ဘက်သို့ ဆင်းနေသော ခြေသံမျိုးတွေ အကောင် မမြင်ရသော်လည်း အသံကတော့ ကြားနေရပါပြီ။

"ဆရာကျော် ရှေ့တည့်တည့်လောက် ရောက်နေပြီထင်တယ်"

"အေးကွ"

"ဘယ်လိုလုပ်မလဲ၊ မြူကလည်း ပိတ်နေပြီ ထင်တယ်"

"အေး ... ဒီတော့ ငါနဲ့ မိုးကျော်မီးကစားမယ်၊ တင်မြတ်က အခြေအနေ ပေးရင်ပစ်ပေါ့"

"ဒီအတိုင်း ထိုးမှာလား"


www.burmeseclassic.com

www.burmeseclassic.com


"မင်းက သေနတ်ပြောင်းပြီးပြီး မီးပထမထိုး၊ ငါက တင်မြတ်ပစ်ခွင့်ကြုံရင်ပစ်ဖို့ မီးထိုးပေးမယ်"

"ကောင်းတယ်"

"မြန်မြန်စ မိုးကျော်"

ကျွန်တော်တို့ ချေသံကြားရမှုသို့ မီးထိုးပစ်ခတ်ရန် အချိန်တိုအတွင်း ပီပီသသ မြန်မြန်ဆန်ဆန် လုပ်ရန် တင်မြတ်သတိပေးလိုက်သည်တွင် မိုးကျော်အောင် နောက်သို့ ဆုတ်ပြီး ခြေသံကြားရာဘက်သို့ မီးထိုးပါပြီ။

လက်နှိပ်ဓာတ်မီးထိုးလိုက်သည်တွင် မြူခိုးတောင်ငွေ့ပိန်းပိန်းပိတ်နေသည်တော့မဟုတ်၊ သို့သော်လည်း ကွဲကွဲပြားပြား မမြင်ရသော်လည်း ထိုမြူကြားမှ ပါးသည့်နေရာကို ထိုးဖောက်မြင်ရလိုက်၏။ သို့သော် အကောင်ကား မသိမရှိ မမြင်ရပါသော်လည်း ခြေသံကား လုံးဝပျောက်ကွယ်သွားခြင်း မရှိသည့်အတွက်...

"တင်မြတ် ငါ မီးထိုးမယ်၊ မင်း သတိထား"

"စိတ်ချ"

ကျွန်တော် မိုးကျော်အောင်၏ မီးနှင့်ထပ်တူမျှ အကူအညီရစေရန်နှင့် ခြေသံရှင်အား ရှာဖွေပါ၏၊ မတွေ့။ မတွေ့ရတော့သည့်အပြင် ခြေသံပါ လုံးဝ ပျောက်သွားသည့်အတွက် ကိုယ်ပျောက်ဝိဇ္ဇာသည် ကျွန်တော်တို့အား သိနေပါပြီ။ သို့အတွက် သူ့ကို ကိုယ်က ရှာ၏။ သူ့ကို မတွေ့၊ ကိုယ်ရှိသည့်နေရာကို သူက သိသွားပြီ။ ပထမထဲက ကျွန်တော် သိသော်လည်း ကျွန်တော်တို့က သားကောင်ရှာပစ်ရသည့် လူမုဆိုးတွေဖြစ်၍ သားကောင်နှင့် ရင်ဆိုင်ရမည်သာ ရင်ဆိုင်ရမည့် အရေး တွေးကြောက်၍တော့ မုဆိုးလုပ်၍ မဖြစ်နိုင်။


www.burmeseclassic.com

www.burmeseclassic.com



"ဆရာကျော်"

"အေး ..."

"ခြေရာလည်းပျောက် ရေလည်းနောက်ပဲ"

"မိုးလင်းရင် ခြေရာ ထပ်တွေ့ချင်တွေ့မှာပေါ့ကွ"

"ဟာ... ဟုတ်တယ်နော်၊ ဟုတ်တယ်... ဟုတ်တယ်"

"မိုးကျော်ရေ၊ မီးမထိုးနဲ့တော့"

"ဟုတ်... သေနတ်တွေတော့ အသင့်ပြင်ထားကြ"

"စိတ်ချ"

သုံးယောက်သား ရင်ဆိုင်ရတော့မည့် အနေအထားသို့ ရောက်ရှိနေပါပြီ။ တောမုဆိုးကျားကြီးလည်း မတွေ့၊ ချေ၊ ဒရယ်နှင့် ဆတ်အဆက်ပြတ်နေ၏။ တောဝက်လည်း တစ်ကောင်မျှမရှိ မတွေ့ မထွက်။

"ဒီတောမှာ သားကောင် မရှိတော့ဘူးလား"

ဟူသော ကျွန်တော့်အတွေးတွေနှင့် ကျွန်တော့်မေးခွန်းကို ကျွန်တော်ပဲဖြေရပါမည်။

"ဒီတောဟာ ရိုးရိုးလေးနဲ့ တောခြောက်နေပြီ"

"တောမမှောက်တာဘဲတော်သေးတယ်" ဟုဖြေရပေမည်။

"လွန်လွန်းတယ် ဆရာကျော်"

"ဒီလိုပေါ့ကွာ"

"ကျွန်တော်တော့ မသက်ာချင်တော့ဘူး"

"အေး... သိထားရင် ဝမ်းထဲပဲ ထားလိုက်ပါမိုးကျော်"

"ဆရာကျော် ကျွန်တော်လည်း ဆရာတို့နှစ်ယောက် မီးတိုးကတည်းက သတိထားမိပါတယ် ဆရာကျော်"



www.burmeseclassic.com

www.burmeseclassic.com



"အင် ... ဒီတောက တို့ကို လှည့်စားနေတာပါ၊ ရှိပါစေကွာ၊ မိုးလင်းရင် ပစ်ရမှာပေါ့"

ကျွန်တော်တို့သုံးယောက်စလုံး အတွေ့အကြုံရင်ဆိုင်ခဲ့ရမှုတွေ များခဲ့ပါပြီ။ မုဆိုးတစ်ယောက် သို့မဟုတ် တစ်ဖွဲ့ ဆိုကြပါစို့၊ ညဉ့်နက်သန်းခေါင် လူမရှိ သူမရှိ တောကြီးတောင်ကြီးတွေ သစ်တောကြီးတွေ၏ နက်နက်ရှိုင်းရှိုင်းသော နေရာဒေသဝယ် ဤကဲ့သို့သော ခြောက်လှန့်မှု ကြုံကြရစမြဲပင်။

တစ်ချို့ ပြောကြဆိုကြသည်။ လက်တွေ့လည်းကြုံခဲ့ဘူးပါသည်။ ရုတ်တရက် ကွယ်လွန်ကြသည့် အသေမျိုး၊ လူသတ်ခံရခြင်း၊ တိုက်ပွဲတွင် ကျဆုံးခြင်း၊ ရုတ်တရက် မမျှော်လင့်ဘဲ ကားတိုက်မှုအစရှိသည့် အန္တရာယ်ကြုံပြီး သေဆုံးသူတွေအား အစိမ်းသေဟုဆိုကြသည်။ လောလောဆယ် မကျွတ်မလွတ်ကြောင်း ပြောကြသည့်အတိုင်း ထိုသေဆုံးသူများ၏ ဝိညာဉ်သည် စပ်ကူးမတ်ကူးကာလဝယ် လွင့်မြောနေကြ၏။ ဝိညာဉ်၏ စိတ်ဆန္ဒအတိုင်း ချက်ချင်းရောက်သွားနိုင်၏ဟု ကြားဖူးပါသည်။

ဤသို့ဆိုလျှင် ယခုလိုတောကြီးမျက်မည်းထဲတွင် သားကောင်တွေ၊ သက်ရှိသတ္တဝါတွေမှာ တောင်ပေါ်ကကျသေခြင်း၊ ကျားကိုက်၍ သေဆုံးခြင်း၊ မုဆိုးတွေ ပစ်ခတ်၍ သေဆုံးခြင်းစသည့် ရုတ်တရက်သေဆုံးမှုအတွက် ထိုသတ္တဝါတွေ၏ဝိညာဉ်သည် ဤတောဤတောင်တွေတွင် အများကြီးမှ အများကြီး သူတို့လည်း မကျွတ်မလွတ်သေးသမျှ နာနာဘာဝတွင် လည်ပတ်နေခြင်းအတွက် ခြောက်လှန့်သည့်သဘောသဘာဝ ရှိချေမည်သာ။



www.burmeseclassic.com

www.burmeseclassic.com


ထိုသို့ မကျွတ်မလွတ်သေးသော တောတောင်ထဲရောက်လာသူများအား ခြောက်လှန့်ခြင်းလည်း ရှိကြပေသည်ဟု ပြောရပေမည်။ ရှင်းရှင်းလင်းလင်းပင် အစွဲအလမ်းရှိနေ၍ မကျွတ်မလွတ်ခြင်းရှိနေသော သက်ရှိသတ္တဝါတောကောင်တွေကတော့ မခြောက်မလှန့်ပါဟု ဘယ်သူ ပြောမည်နည်း။ ဒါမျိုးတော့ ကျွန်တော်တို့တွေးတတ် သိတတ်ခြင်းတတ်ကြံတတ်၍ မတွေးလိုတော့ပါ။ သို့ပါသော်လည်း လျှော့တွက်၍ မရသည်ကတော့ အမှန်ပင်။

"ဝူး— ဝူး— ဝူး"

"ဝေါ... ဝေါ... ဝေါ"

"ဝုန်း... ကတော်...ကတော်...ကတော်"

ပထမ တဝူးဝူးလေတိုက်၏၊ လေမှာ လေသုံးမျိုးသုံးစား ရှိ၏။ လေပြေ၊ လေညင်း၊ လေပြင်း။ ပထမတိုက်ခတ်သောလေမှာ လေပြေလေးမှ တစ်ဆင့် လေညင်းသို့ပြောင်းလာပြီးနောက် ဘာကောင်ခုန်ချသည်မသိ ဝုန်း ဟူသောအသံကြီးနှင့်ထပ်တူထပ်မျှ တောကြက်တွေလန့်ဖျံ့သံ အော်ဟစ်သံများ ကြားလိုက်ရ၏။ ဤသို့ဖြစ်လေမည်ကို သိပြီးသား။ လေဘာယ်လောက်တိုက်တိုက် ကျွန်တော်တို့သုံးယောက်နေရာ ပြောင်းစရာမလိုပါ။ နေရာပြောင်းပါက အန္တရာယ်တွေ့ရတတ်သည်သာ။ ကျွန်တော်တို့နေရာကို သူတို့ သိထားမှတော့ ကျွန်တော်တို့သုံးယောက်စလုံးအတွက် ကျွန်တော်တို့နေရာသည် အကောင်းဆုံးသော ခံစစ်သာ ဖြစ်ပါ၏။

နေရာကောင်း၍ခံစစ်ဟုသတ်မှတ်ရခြင်းမှာ စောစောကအေးတိအေးစက်တောသည် ယခုတော့ ထူးဆန်းလာပါပြီ။ မိုးလင်းနိုန်းလေ


www.burmeseclassic.com

www.burmeseclassic.com


လေ အခြေအနေပြောင်းလာလေဖြစ်နေသည့်အတွက်ကြောင့် ကျွန်တော်တို့ မစံရလေအောင် အသင့်စောင့်နေရခြင်း ဖြစ်ပါပြီ။ ကျွန်တော်ထင်သည့် အတိုင်းပင်။

"ဝေါ...ဝေါ...ဝေါ"

"ဝူး... ဝူး...ဝူး..."

"ဝုန်း... ဘုန်း... ဝုန်း... ဝေါ...ဝေါ...ဝေါ"

"တစ်တီတူး...တစ်တီတူး တူး...တူး"

"ဆရာကျော်"

"အေး ..."

"တောပြိုပြီ ထင်တယ်"

"ကိစ္စမရှိဘူး၊ တို့အားလုံး မုဆိုးဒူးထောက် အသင့်ပြင်ထားကြ"

"ထူးရင် ကျွန်တော် အရင်ပစ်မယ်"

"အေးပါ၊ ငါပြောမှာပေါ့၊ တစ်ယောက်စီ ပစ်သင့်ရင် တစ်ယောက်စီပေါ့ကွာ"

တောသည်တော်တော့ကို ဆူညံလာပါ၏။ လေတွေအတိုက်ကြမ်းသည်မှာ ကွင်းကွင်းကွက်ကွက်၊ တစ်ချို့အပင်တွေ အကိုင်းအခက်တွေပင် ကျိုးပြတ်ကျသံများ ဆူညံလာသည်နှင့် ထပ်တူထပ်မျှ တစ်တီတူး အော်သံပါကြားရပါ၏။

သို့သော် တောမုဆိုးကျားဟိန်းသံ၊ ချေ၊ ဒရယ်နှင့်ဆတ်စသည့်သားကောင်တွေ ပြေးလွှားသံကား လုံးဝ မကြားရ၊ တစ်တီတူးတစ်ကောင်မှလွဲ၍ ဘာကောင်မျှမကြားရခြင်းအတွက် စိုးရိမ်စရာတော့ရှိပါ့မလဲဟု တွေးပြီး သတိထားစောင့်နေသည်မှလွဲ၍ ဘာမျှလုပ်စရာမလိုဟု တွေးတောနေစဉ်...


www.burmeseclassic.com

www.burmeseclassic.com



"ဟင်—"

"ဟာ— တောဆင်သံပါလား"

"ဖြောင်း... ဖြောင်း"

တောဆင်သည် သစ်ကိုင်းတွေ ဆွဲချိုးနေ၏။ အသံတစ်ချက် ကြားရပါလျက် အကောင် မတွေ့ရ၊ သစ်ကိုင်း ဘယ်ဘက်က ကျိုးသံ တွေဆိုသည်ကို ခန့်မှန်းရခက်နေ၏။ အကြောင်းမှာ တောပြိုသံတွေ ညံနေသည့်အတွက် အခက်တွေ့ရပါ၏။ တောဆင်သံကြားရပါလျက် ပစ်ခွင့် မပေးပါ။ တောဆင်အစစ်အမှန်ဆိုပါကလည်း ကျွန်တော်တို့ အတွက် ပစ်ခွင့်မပေးပါ။ တောဆင်တွေ ပစ်မှုမပြုရသည့်အတွက် အခက်တော့ ကြုံပြီဟု ကျွန်တော်တွေးနေစဉ် တောဆင်၏အသံလည်း ပျောက်သွားပြန်ပါပြီ။

"ဆရာကျော်... ဆရာကျော်"

"ဘာလဲ မိုးကျော်"

"ဟိုမှာ အလင်းရောင်တစ်ခု"

"အေး ..."

"စုန်းတောက်တာများလား"

"ဟာ... တင်မြတ်ရဲ့စုန်းတောက်တာက မိုးပေါ်အပင်တွေပေါ်မှာ ကွ၊ ခုဟာက မြေပြင်မှာလေ၊ ကြည့်... ကြည့်...ဟာ... မီးတုတ်ကြီး မြှောက်ထားတယ်"

"အေး... ထားလိုက်ကွာ"

"ကျွန်တော်မီးတုတ်ကို ပစ်ချိုးလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com


"တင်မြတ်တို့ကတော့ကွာ လက်တည့်ကြောင်းပြမနေပါနဲ့ကွ၊ တိုယ့်ဆွေမျိုးအကြောင်း ကိုယ်သိပါတယ်"

"မဟုတ်ပါဘူးကွာ တို့က တောပစ်မှာပါကွ၊ ဘာဖြစ်လို့ ဒီ ဆောက် နှောက်ယှက်နေရတာလည်းလို့"

တင်မြတ် မကျေမနပ်ဖြစ်နေသည်ကို ကျွန်တော်ကိုယ်ချင်းစာမိ ပါ၏။ သက်သက်မဲ့နှောက်ယှက်နေသောတောမို့ ကျွန်တော်လည်းဒေါ သဖြစ်မိသည်။ သို့သော်လည်း စိတ်ရှည်သည်းခံရပေတော့မည်။

ကျွန်တော်တို့တွေ့နေရသော မီးတုတ်မှာ လူမပါဘဲ မြေမှာစိုက် ထား၏။ မြေမှာ မီးတုတ်ကြီးထောင်၍ လင်းလက်နေသည့်မှအပ ဘာ ဆောင်မျှမရှိ။ လူဆိုပါကလည်း တွေ့ရပေမည်။ မြူခိုးတွေဝေ့ဝဲနေသော် ထည်း ပေသုံးဆယ်ကျော်ကျော်လောက်ဖြစ်၍ သိနေမြင်နေရသည့်အ တွက် တင်မြတ်ပစ်ခတ်ရန် ဆုံးဖြတ်ပါသော်လည်း ကျွန်တော် ခွင့်မ ပြုတ်ခဲ့ပါ။

"အောက်... အီ... အီး... အွတ်"

"ဖှောက်... ဖောက်... ဖောက်.. အောက်... အီ... အီး... အွတ်"

"ကတော်... ကတော်... ကတော်"

တောကြက်ဖတွေ အတောင်ရိုက်သံတွန်သံတွေနှင့်ထပ်တူထပ်မျှ ဆောကြက်ဖတွေ၏ အသံတွေပါ ညံလာပါပြီ။ မိုးလည်းလင်းစပြုပါပြီ။ မီးတုတ်သည် လင်းဆဲ၊ လေသည်လည်းဝေ့နေဆဲ တိုက်ခတ်မှုအားပျော့ သော်လည်း အရှိန်မသေသေး...

"ဆရာကျော်"

"ပြော မိုးကျော်"

+++++++++++++++++++++++++++++++++++


www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် မီးတုတ်ကိုမျက်ခြေမပြတ်ကြည့်ထားမယ်"

"အေး... ဒါဆို တို့နှစ်ယောက်ပတ်ဝန်းကျင်မှာ သားကောင်ရှာရတာပေါ့"

"ရှာ ဆရာကျော်၊ တွေ့ရင်ပစ်"

"စိတ်ချ မိုးကျော်ရေ၊ ငါလက်ယားနေပြီကွ"

မိုးကား လင်းပါပြီ။ တောလည်းငြိမ်သွားပါပြီ။ သို့သော်မီးတုတ်သည်လင်းနေဆဲ မီးတောက်သည် မညှိုးသေး၊ ဘယ်သူတွေရှိနေသလဲ၊ လူတော့ရှိပေမည်ဟုလည်းတွေးမိပါ၏။ အကြောင်းမှာ လုံဂျာရွာနှင့် မရွာကထောင်ရွာနှစ်ရွာနှင့်မဝေးလှ။ နောက်တစ်ခု တောင်ယာကလည်း တော်တော်လုပ်ကိုင်ကြသည့်အတွက် တောင်ယာတဲတွေမှလူတွေ တောမီးရှို့ရန် ပြင်ဆင်နေကြသည်လားမသိပါ။

မိုးစင်စင်လင်းသွားပါပြီ။ မီးတောက်ကိုကြည့်နေသော မိုးကျော်အောင်ပြုံးလိုက်သည်။ သူတစ်စိုက်မတ်မတ်စိုက်ကြည့်ထားရသော မီးတုတ်မှာ ယခုချိန်ထိ မီးရောင်လင်းနေဆဲ။

"ဝေါက်... ဝေါက်"

"ဒိုင်း"

"ဝေါ... ဝေါ... ဝေါ"

"ဖြောက်... ဖြောက်... ဖြောက်... ဖြောက်"

"ဝုန်း ... ဘုန်း"

တင်မြတ်၏ရှေ့မှောက်အပြေးရောက်လာသော ချေတစ်ကောင်အားလက်ယားနေသော တင်မြတ်၏လက်ချက်ဖြင့်လေးငါးလှမ်းမျှနှင့် ပြေးရင်း လမ်းဘေးခြောက်ပေခန့် တောင်စောင်းထဲသို့ဒလိမ့်ကောက်


www.burmeseclassic.com

www.burmeseclassic.com


ကွေးလိမ့်ကျသွားသည်ကို ကျွန်တော်မြင်လိုက်ပါသည်။ လျှိုမြောင်မှာ ဆော်ဆော်လေးနက်ပြီး တောင်စောင်းနှစ်ဖက်ဖြစ်၍ ပဲ့တင်သံဟိန်းသွားသည်မှာအပမထူးခြားတော့။

"ကဲ... တင်မြတ်ရေ ချေသွားကောက်ရအောင်"

"မိုးကျော်"

"ဗျာ..."

"မင်းရဲ့မီးတိုင်ဟာ ဒီအတိုင်းပဲနော်"

"ဟဲ... ဟဲ... ဟဲ... ဟဲ သေသေချာချာကြည့်မှသိရတယ်၊ စောစောက လေတွေတိုက်လို့ တောမီးလောင်နေတဲ့အပင်ကြီးရဲ့အကိုင်းမှာ မီးစွဲလောင်နေတာပဲ ဆရာကျော် ဘာမှ မဟုတ်ပါဘူးထင်ပါရဲ့"

"ဘာမှမဟုတ်လည်း ပြီးတာပေါ့ကွာ၊ ငါသွားကြည့်ချင်တယ်"

"သွားကြည့်ကြတာပေါ့"

"ကဲ... ချေအရင်ကောက်ကွာ"

သုံးယောက်သား တင်မြတ်ပစ်၍အောက်လိမ့်ကျသွားသော ချေအားမိုးကျော်အောင်ဆင်းကောက်ပြီး ထမ်းလိုက်သည်။ ထို့သို့ချေ ကောက်ပြီး ကျွန်တော်၏ ဆန္ဒအတိုင်းမီးတောက်နေသော မီးတုတ် မီးတိုင်ဘက် ကျွန်တော်တို့ရောက်သွားတော့ မီးတုတ်အားမြေမှာ စိုက်ထားခဲ့၏။ သစ်ကိုင်းသည် ထင်းရှူးသားလိုလို ဘာသားမှန်းမသိ၊ မီးကတော့ တောက်လောက်နေဆဲပင်။

"ထူးတော့ ထူးတယ်ဆရာကျော် ကျွန်တော့်အထင်နဲ့လွဲသွားပြီ"

"အေးကွ... ကဲပါ အဲဒီမီးတုတ်က မီးကိုငြိမ်းလိုက်ပါကွာ"

www.burmeseclassic.com



တင်မြတ်သည် သစ်ကိုင်းချိုးပြီး မီးအားငြိမ်းလိုက်သည်။ မီးငြိမ်းသွားသော်လည်း မီးကြွင်းမီးကျန် မရှိအောင် ကျွန်တော်တို့ အသေအချာ မီးငြိမ်းလိုက်သည်မှာ မတော်တဆ တောမီးလောင်မည်စိုး၍ မီးငြိမ်းသတ်ခြင်းဖြစ်ပါ၏။

"ဆရာကျော်"

"ဘာလဲမိုးကျော်"

"ဒီမှာ လူခြေရာကြီးဗျ"

"အယ်... ဟုတ်ပ"

"ဟာ... မနေ့က ခြေရာကြီးမျိုးပါလား"

"အေး... တို့ညဦးကခြေသံဟာ တာများလား"

"ဟုတ်တယ် ဟုတ်တယ်၊ ခြေရာတွေ တွေ့ရပြီဆိုတော့ ခြေရာရှင်တော့ရှိနေတာ သေချာပြီထင်တယ်"

"မထင်ပါနဲ့ တင်မြတ်ရာ"

"ဗျာ..."

"အေးလေ ဒီလိုပဲပေါ့ကွာ၊ တောထဲတောင်ထဲမင်းလည်းကြုံခဲ့တာများပြီပဲလေ"

"ဟုတ်တော့ ဟုတ်ပါတယ်"

"အေးလေ ညကသစ်ကိုင်းတွေချိုးတဲ့ ဆင်ဘယ်မှာလဲ၊ ကဲပါ ဆင် မရှိဘူးထားပါတော့၊ ဘယ်အပင်တွေ ကျိုးကုန်သလဲ ဘယ်မှာလဲ တင်မြတ်"

ကျွန်တော်ပြောသမျှတင်မြတ် သတိထားပြီးဆင်ကြီးအသံကြားသည့်နေရာ အတိအကျ မသိရသော်လည်း သူထင်သည့်ဘက်လျှောက်



www.burmeseclassic.com

www.burmeseclassic.com

ကြည့်၏၊ ဘာမျှမထူးပါ၊ သစ်ကိုင်းတွေအပင်တွေ ကျိုးကြေသည်လည်းမရှိ၊ ပကတိ အေးတိအေးစက်ဖြစ်နေသော တောအားကြည့်ရင်း...

"အင်... ညတုန်းကတော့ ကြောက်အောင်ပဲခြောက်တာလားမသိဘူး၊ တောကြီးတစ်တောလုံးကျိုးကြေကုန်ပြီ အောက်မေ့ရတယ်။ ခုတော့လည်း သူမသိတဲ့ပုံစံပဲ၊ သူမဟုတ်သလိုလို မာယာတောကြီးရယ်လို့ အမွှန်းတင်ရတော့မယ်"

"ကဲ... သွားကြပါစို့၊ ဒီလမ်းအတိုင်းအောက်ဆင်းမယ်ကွာ"

"ညဘက်ကွေ့လျှောက်ရင် မရွကတောင်ဘဲဆရာကျော်"

"အေး ...မရွကတောင်ရောက်တော့ ဒူဝါမရှုနော်ကိုစုံစမ်းရတာပေါ့"

"ဟုတ်တယ် ဟုတ်တယ် ဒူဝါမရှုနော်သိနိုင်တယ်၊ အသက်ကလည်းကြီးပြီး အတွေ့အကြုံရှိတဲ့ ဒူဝါဆိုတော့သိနိုင်တာပေါ့၊ ကဲ... သွားကြစို့"

★ ★ ★


www.burmeseclassic.com

www.burmeseclassic.com


# (သုံး)

မရှုကတောင်ရွာရောက်တော့ ရွာလူကြီးဒူဝါမရှုနော် မရှိကြော
နှင့် မံဇီသို့သွားကြောင်း သိရသည့်အတွက် ကျွန်တော်တို့ စခန်းသို့ပြ
ရောက်ခဲ့ပါတယ်။ မရှုကတောင်ရွာလူကြီးဦးမရှုနော်မှာ စော်ဘွားမျိုး
ဆင်းသက်သောကြောင့် ဒူဝါဟူသောအကြီးအကဲ အဆောင်အယော
ရရှိထား၏။ ဒူဝါမရှုနော်သည် စကားပြောလေး၏။ လူမျိုးရေး မခွဲခြ
သော ရှေးမှီနောက်မှီဆိုရမည့် အကြီးအကဲတစ်ယောက် ဖြစ်သည်

"နောက်နေ့မှ လာခဲ့မယ်မကော့ရေ"

"ဟုတ်...ဟုတ်"

ဒူဝါမရှုနော်၏ သားကြီးဦးမရှုဂမ် (ကချင်တိုင်းရင်းသားတွေ
ချစ်စရာကောင်းသော သတ်မှတ်ချက်တွင်) သားအကြီးဆုံးအား "ဂ
ပါဝင်အောင်မှည့်ခေါ်ပြီး ဒုတိယသားအား "နော်"၊ တတိယသားအ
"ဇလ" စတုတ္ထသားဆိုလျှင် "တူး"စသည်ဖြင့်မှည့်ခေါ်ခြင်းအပေါ် ထိုအ
နာမရှိသူအားမေးလိုက်ပါက...


www.burmeseclassic.com

www.burmeseclassic.com


"ခင်ဗျားနာမည်ဘယ်လိုခေါ်ပါသလဲ" ဟုဆိုလျှင် ထိုသူမှ ဖြေကြားလာပါသည်။ ထိုသူ၏ ဖြေကြားချက်အမည်မှာ...

"ကျွန်တော်နာမည် မရှုဂမ်ဖြစ်ပါတယ်" ဆိုလျှင်ထိုမရှုဂမ်အမည်နာမရှိသူ ပခံလ်မြန်မာလို့ဆိုပါက သားကြီးဩရာသ သားအကြီးဆုံးဖြစ်သည်ဟုသိရသကဲ့သို့ "ကျွန်တော်နာမည် မရှုနော်ဆိုပါက ဒုတိယသားဖြစ်ပြီး မရှုတန်ဂွမ်းဆိုပါကလည်း ပဥ္စမသားဖြစ်ကြောင်းသိရှိရ၏။ ယခု ကျွန်တော်တို့နှင့်စကားပြောနေသော ဦးမရှုနော်ခေါ် ဒူဝါမရှုနော်၏ ခမြးဦးမရှုဂမ်၏ သမီးမလု ဒုတိယသမီးနှင့်တွေ့၍သိရပါသည်။

ကချင်တိုင်းရင်းသားတို့၏ သားများအား အစဉ်အဆက်အမည်နာမသတ်မှတ်ချက်ရှိသကဲ့သို့ သမီးများတွင်လည်း တိတိကျကျ သတ်မှတ်ချက်ထားရှိပါ၏။ သမီးကြီးဖြစ်ပါက ကော့(မကော့)၊ ဒုတိယသမီးဆိုပါက လု(မလု)၊ တတိယသမီးဆိုပါက ရွှယ်(မရွှယ်)၊ စတုတ္ထသမီးဆိုလျှင် ထု(မထု)စသည်ဖြင့် သတ်မှတ်ထားကြောင်းသည် အင်မတန်ချစ်စရာကောင်းသော ပုံသေနည်းများဆိုပါကမမှားပါ။ နာမည်သိလျှင် ပထမ၊ ဒုတိယ၊ တတိယစသည်ဖြင့်သိနိုင်ပါသည်။

ကျွန်တော်တို့သည် ကချင်တိုင်းရင်းသားညီအစ်ကို၊ မောင်နှမစသည့် ဆင်းသက်မှုကြီးစဉ်ငယ်လိုက်အား အလွယ်တကူမှတ်သားရာတွင် သားတွေဆိုပါက (ဂမ်၊ နော်၊ လ)စသည့်အတိုကောက်မှတ်သကဲ့သို့ သမီးများဆိုပါကလည်း ကြီးစဉ်ငယ်လိုက်မှတ်သားရာတွင် (ကော့၊ လု၊ ရွှယ်)စသည်ဖြင့်မှတ်သားထားလိုက်ပါ၏။

ကျွန်တော်တို့စခန်းရောက်ပြီးနောက် ဒူဝါမရှုနော်နှင့်မတွေ့ဖြစ်တော့ပါ။ တစ်ခြားကိစ္စများဖြင့် တာဝန်ထမ်းဆောင်နေရ၍ သိပ်မိုသော


www.burmeseclassic.com

www.burmeseclassic.com

အချက်အလက်များမမေးရသေးသဖြင့် အကြွေးတင်နေသည်။ ကျွန်
တော်သိချင်သည်က တစ်တောင်ခန့်ရှိနေသော လူခြေရာကြီး ထိုခြေရာ
သည်ဖန်တီးထားသော ဥပမာ–နာနာဘာဝ၏ မာယာလှည့်ကွက်လား
ထိတ်လန့်အောင်ခြောက်တတ်သော တောတို့၏ မာယာဆိုပါက အရေ
မကြီးသို့မဟုတ် တစ်ကယ့်ကျောက်ခေတ်လူသားတွေများရှိနေသေးသ
လားဟူသော အတွေးတွေကြောင့် ကျွန်တော်သိချင်နေသည် ခြေရာ
တစ်တောင်အယောင်ဆောင်သည် ဆိုရင်တော့ကိစ္စမရှိပါ။ ထိုခြေရာ
တစ်တောင်နှင့် မီးထွန်းညှိထားသော မီးတုတ်တစ်ချောင်းတို့က
ကျွန်တော်တို့သုံးယောက်အတွက် အဖြေရှာမရသေးသော အဖြေမသိ
သေးသော ပဟေဠိအား ဖော်ထုတ်ရပေမည်။

"ဆရာကျော်"

"ဘာလဲမိုးကျော်"

"ကျွန်တော်တို့ မရှုကတောင်ဘက်သွားရအောင်၊ ဒူဝါမရှုနေ
ကြီးနဲ့ တွေ့ချင်တယ်ဆရာကျော်၊ ကျွန်တော်တို့ စုံစမ်းရတာပေါ့"

"အေး... တို့မေးစရာတွေများနေတယ်ကွ၊ တွေ့ချင်တယ်၊ သွား
ချင်တယ်၊ ဒါပေမဲ့ မအားတာကတစ်ကြောင်း တောပစ်ရင်းမှသွားချင်
နေတယ်ကွ၊ ဒါမှသက်သက်လာမေးတာ မဟုတ်ဘူး၊ လမ်းကြုံလို့မေး
တာဖြစ်သွားအောင်ပေါ့"

"ဘယ်တော့သွားကြမလဲ"

"အခြေအနေကြည့်ပြီး ခွင့်တောင်းလေ"

"ဟုတ်ကဲ့"


www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်နှင့်မိုးကျော်အောင်စကားပြောနေရာသို့ တင်မြတ်ရောက်လာပါ၏။ သူလည်းခြေရာတစ်တောင်အကြောင်းသိချင်နေ၏။ ကျွန်တော်အထင်တော့ ဖန်တီးထားခြင်းသာဖြစ်ပေမည်။ ခြေရာတစ်တောင်ခန့် လူတော့ရှိမည်မထင်ပါ။ ဤတောနက်ထဲဝယ် ဝက်ဝံတွေရှိပါ၏။ ဝက်ဝံဆိုရာဝယ် မြင်းဝံဟုလည်းခေါ်သော ဝက်ဝံမျိုးပိုများပြီး ၎င်း အကောင်အလွန်ကြီး၏။ အရောင်အသွေးအနက်ရောင်ရှိပြီး ရင်ဘတ်ပေါ်ဝယ် လခြမ်းပုံသဏ္ဌာန် အဖြူရောင်အကွက်ရှိ၏။ သူတို့အားပစ်ခတ်ပါက ထိုရင်ဘတ်လခြမ်းအဖြူရောင်ကို ပစ်ခတ်ခဲ့လျှင် နောက်ထပ် ပစ်စရာ မလိုတော့၊ တစ်ခြားနေရာဆိုပါက သိပ်မလွယ်၊ ထိုဝက်ဝံနှင့်ရင်ဆိုင်တွေ့ခဲ့လျှင် သတိထားရင်းသူ၏ နှာခေါင်းနှာနကို ထိထိမိမိတိုက်ခိုက်နိုင်မှသာ ထိုဝက်ဝံထွက်ပြေးကြ၏။

ဝက်ဝံများသည်များသောအားဖြင့် မရမ်းသီး၊ တောင်ဆွေးသီးတွေကြိုက်ပြီး ပျားအုံများတွေ့ပါက မရမကအပင်ပေါ်တက် သွားတတ်၏။ ပျားရည်အားအကြိုက်ဆုံးပင်၊ အနံ့ခံလည်း ကောင်း၏၊ အနံ့ခံမိသည့်အခါ မတ်တပ်ရပ်ပြီး အနံ့ခံတတ်၏။ ပြေးလျှင်လေးဘက်ထောက် ပြေးတတ်သော်လည်း မတ်တပ်ရပ်၍လည်း ကောင်းကောင်းလျှောက်နိုင်၏။ တဖန်သားကောင် လူစသည်ဖြင့် တိုက်ခိုက်မည် ဆိုပါက မတ်တတ်အနေအထားဖြင့်သာ တိုက်ခိုက်၏။

အချို့သောဝက်ဝံများသည် အသားစားစရာရှိပါက အသားနောက်သို့ တစ်ကောက်ကောက်လိုက်ရင်း ရွာထဲဝင်၍ကျွဲ၊ နွား ခွေးမှအစသတ်စားသောက်တတ်သည်။ ညဥ့်ဆိုလျှင်တစ်ညလုံးအစာရှာပြီး နေ့ခါအပင်ပေါ်ရှိအသိုက်မြုံတွင် အများဆုံးအိပ်စက်နားခိုကြ၏။ ပုပြင်း


www.burmeseclassic.com

www.burmeseclassic.com


သော ရာသီဝယ်ရေစိမ်၏၊ ရေကူး၏၊ သူ့အသံသည် အိမ့်မွှေး ဝက်ကဲ့သို့အသံလည်း မြည်တတ်၏၊ အသက်သုံးဆယ်ကျော်ထိ အသက်ရှည်သော်လည်း သူတို့၏ခြေရာမှာ လူခြေရာနှင့်ခပ်ဆင်ဆင် ဖြစ်သော်လည်း ကျွန်တော်တို့တွေ့ခဲ့ရသော ခြေရာနှင့် လုံးဝမတူနိုင် လူခြေရာလောက်လည်း မရှည်ပါ။

"ဆရာကျော် ကျွန်တော်တို့ဘယ်နေ့လောက်သွားကြမလဲ"

"အေး... ငါနဲ့တင်မြတ်လည်း အဲ့ဒါပြောနေတာ ကွက်ကြတာပေါ့ကွာ၊ ငါသတင်းပို့မယ်လေ"

"မြန်မြန်သာပို့ပါ ဆရာကျော်"

"အေးပါကွာ"

ကျွန်တော်တို့မှာ ဝန်ထမ်းတွေဖြစ်၍သွားချင်တိုင်းသွား၍လည်း မဖြစ်နိုင်ပါ။ သို့အတွက်ကြောင့် သတင်းပို့ပြီးမှသွားရောက်ရမည်ဖြစ်ပါ၏၊ ကျွန်တော်သတင်းပို့ပြီးမှသွားရ၏၊ သူတို့နှစ်ယောက်အား နှစ်သိမ့်ရင်း အခြေအနေကြည့်ပြီးမှသတင်းပို့ရမည်။ ကျွန်တော်လည်း အင်မတန်ကိုသွားချင်နေ၏။ သိချင်သောကိစ္စတွေထဲတွင် ဒီအချက်သည် အင်မတန်အရေးကြီးပါ၏။

"ဆရာကျော်"

"အေး... ရဲမြင့်လေးဘာလည်းကွ"

"ညီသည်လာတယ်"

"ဘယ်သူလဲ"

"မရှုကတောင်ရွာက ဒူဝါမရှုနော်တဲ့"

"ဟာ အဆော်ပဲတွေ့ချင်နေတာနဲ့ ဘယ်မှာလဲ"


www.burmeseclassic.com

www.burmeseclassic.com


"ဂိတ်မှာ"

"ခေါ်ခဲ့ကွာ"

ကျွန်တော်တင်မြတ်နှင့်မိုးကျော်အောင်တို့အား ဒူဝါမရှုနော်လာ ကြောင်းပြောပြီး ခေါ်ခဲ့၏။ ထမင်းစားဆောင်ဝါးတဲသို့ ဒူဝါမရှုနော် သားနှစ်ယောက်အား အသင့်တွေ့ရပါပြီ။

"ဒူဝါရယ် ကျွန်တော်တို့ရွာကိုနောက်ထပ်လာမလို့ဘဲ အလုပ်က သားတွေရှိနေတာနဲ့ မရောက်တာပါ၊ ဝမ်းသာလိုက်တာ နေကောင်း ယ်နော်"

"ကောင်းပါတယ်ဆရာကြီး ကျွန်တော် အားနာတယ်၊ ကျွန် တော့မြေးမက ပြောပြတာပေါ့ အားနာတာပ၊ အရမ်း အားနာတယ်"

"ဘာကိစ္စတွေများရှိနေလဲ ဒူဝါ"

"ဟုတ်ကဲ့... ရှိတယ်ဆရာကြီး"

"ပြောပါ"

"ဒီလိုပါ၊ ကျွန်တော်တို့ ရွာထဲက တောင်ယာလုပ်တဲ့ကောင်နော် ပို့အခင်းထဲ ဝက်ဝံဝင်လာလို့ ထွက်ပြေးခဲ့ရတယ်"

"ဟုတ်လား"

"ဟုတ်ကဲ့ နောက်နေ့တောင်ယာအသွားမှာ ထပ်တွေ့လို့ ကြောက် ပြန်ပြေးခဲ့ရတယ်၊ ဝက်ဝံတွေတော်တော်သောင်းကျန်းနေတယ် ဆရာ ကြီးရဲ့ စပါးတွေလည်းသိမ်းရတော့မှာ မသွားရဲ မသိမ်းရဲဖြစ်နေလို့ ဆရာကြီးတို့တပ်ကို အကူအညီလာတောင်းရတာပါ"

ကျွန်တော်တို့ လိုချင်သောအနေအထားသို့ ရောက်ခဲ့ပါပြီ။ ခြေရာ ထောင်အယောင်ဆောင်မှုနှင့်ပတ်သက်၍ မေးရန်နှင့်သူတို့အတွက်


www.burmeseclassic.com

www.burmeseclassic.com



လုံခြုံရေးလုပ်ပေးရမည့်အပြင် နောက်ထပ် ထိုနယ်မြေသို့သွားရန် အကောင်းဆုံးအချိန်သို့ ရောက်ပါပြီ။

"ဒူဝါလူတွေတော့ ဘာမှ မဖြစ်ပါဘူးနော်"

"မဖြစ်ပါဘူး၊ ဒုက္ခ စပေးပြီလေ၊ ဝံဆိုတာက လူသားလည်း စားတတ်တယ်ဆရာကြီးရဲ့၊ နောက်ပြီးရွာထဲလည်း ဝင်ဖူးတာပေါ့"

"ကောင်းပါပြီ၊ ကျွန်တော်တို့ ကူညီပါ့မယ်ဒူဝါ၊ ကျွန်တော်လည်း သိချင်တာလေးတစ်ခုရှိနေတယ်"

"ဘာများလဲ ဆရာကြီးမေးပါ၊ ကျွန်တော် သိသလောက်ပြောပြမှာပေါ့"

"ဒီလို ဒူဝါရေ၊ ကျွန်တော်တို့သုံးယောက် ရေတံခွန်ဘက်တောပစ်ထွက်တယ်၊ အဲဒီမှာ တောက အင်း... တော်တော် နောက်ယုက်တာပေါ့လေ၊ ဒီလိုနောက်ယုက်တာ လက်ခံပါတယ်၊ ဒါပေမဲ့ရေတံခွန်အောက်နားက ချောင်းဆားမှာ ခြေရာကြီး တွေ့တယ်"

"ခြေရာ"

"ဟုတ်တယ် ဒူဝါရဲ့ ခြေရာက လူခြေရာပုံစံအတိုင်းပဲ၊ ခြေရာကြီးကတစ်တောင်ရှိတယ် ဒူဝါ၊ နောက် ညဘက်မှာတစ်ခါ ခြေသံကြားတယ်၊ လူ မတွေ့ဘူး၊ မနက်မိုးလင်းတော့ နောက်ထပ်ခြေရာထပ်တွေ့တယ်၊ နောက်တစ်ခုက မီးထွန်းထားတဲ့ မီးတုတ်ကြီးတွေ့တယ်၊ ကျွန်တော်တို့ မိုးလင်းတော့ အဲဒီ မီးတုတ်ကို ငြိမ်းသတ်ခဲ့ရတယ်၊ မတော်တဆမီးလောင်မှာစိုးလို့ မီးလောင်တယ်ဆိုတာ တောမီးလောင်မှာစိုးလို့ ဒူဝါ"

"ဘယ်နားပါလိမ့်၊ ရေတံခွန်အောက်နော်"

www.burmeseclassic.com


"ဟုတ်တယ်...ဟုတ်တယ်"

ကျွန်တော်ပြောပြသည်ကို စဉ်းစားနေရိုက် မိုးကျော်အောင်မှ လက်ဖက်ရည်အချိုအား မတ်ခွက်တွေဖြင့် ထည့်ယူခဲ့၏။ အားလုံး လက်ဖက်ရည်သောက်ရင်း ဒူဝါမရှနော်ပြောပြမည့်စကားအား စိတ်ဝင်စားစွာ စောင့်ကြိုနားထောင်နေပါသည်။

"ဆရာကြီးတို့တွေ့ခဲ့တဲ့ခြေရာဆိုတာ ကျွန်တော်ကြားဖူးတယ်၊ တော်တော်ကြာခဲ့ပါပြီ"

"ဘယ်လိုကြားဖူးတာလဲ ဒူဝါ"

"ဆရာကြီးတို့ ယုံမလားမသိဘူး၊ အဲဒီရေတံခွန်အထက်ကနေ အရှေ့ဘက်ဆက်သွားရင် နယ်စပ်ဘက်ပေါ့၊ အဲဒီ နယ်စပ်ဘက်က ကျောက်တော်ကြီးမှာ လူကြီးတစ်ယောက်ရှိတယ်တဲ့"

"ဗျာ... လူကြီးတစ်ယောက်ဟုတ်လား"

"ဒူဝါ...လူကတော်တော်ကြီးလား"

"အင်း... သိပ်တော့ကြီးကြီးမားမားမဟုတ်ပါဘူး၊ ဒါပေမဲ့သူ့ခြေရာက တော်တော်ကြီးတယ်လို့ကြားဘူးပါတယ်"

"အဲဒီလူကြီးက ဘာတွေလုပ်နေသလဲ"

"ဩော်... ဟုတ်တယ်...ဟုတ်တယ် ဗမာလိုဆိုတော့ ဘိုးတော်လို့ ပြောတယ်၊ ထူးဆန်းတယ်လို့ပြောတာပဲ"

"ဩော်... ဒါဆို မီးတုတ်အကြောင်းကော ပြောပါဦး"

"မီးတုတ်လား၊ အဲဒီမီးတုတ်ဆိုတာရွှေ ရှင်းရှင်းလေးပါဆရာကြီး ရဲ့ အဲဒီလူကြီးဟာ မီးတုတ်ကြီးပါတတ်တယ်လို့ ကြားဖူးတာပေါ့"

"ဒူဝါကော တွေ့ဖူးလား"



www.burmeseclassic.com

www.burmeseclassic.com



"လူတော့မတွေ့ဘူးပါဘူး၊ ခြေရာတော့တွေ့ဘူးပါတယ်၊ သူ့ခြေရာက တစ်တောင်ရှိတာပေါ့၊ တွေ့ဘူးတာကြာခဲ့ပါပြီ၊ လူတွေ့ဘူးတာရှိတယ်၊ တွေ့တဲ့လူကပြောတာတော့ သူတော်ကောင်းကြီးတဲ့"

"အဲဒီ သူတော်ကောင်းကြီးက ဘယ်ကိုလာတာလဲ"

"အဲဒါတော့မသိဘူး၊ ဒီတောတောင်ထဲလျှောက်သွားနေတာလို့သိတာပဲဆရာကြီးရဲ့၊ ကျွန်တော်တော့မတွေ့ပါဘူး၊ ရွာထဲက မရစ်ဂမ်တွေ့ဘူးတာပါ"

ဒီလောက်ဆို ကျွန်တော်တို့အတွက် လုံလောက်ပါပြီ။ စိတ်ချသွားရပါပြီ။ သို့သော် ကျွန်တော်တို့ လောလောဆယ်လုပ်ဆောင်ရမည်မှာ တောင်ယာသမားတွေစပါးရိုပ်ခါနီးမှ ကြုံတွေ့နေရသော ဝက်ဝံအန္တရာယ် ကာကွယ်ပေးရန် ဖြစ်ပါ၏။

"ဒူဝါ ကျွန်တော်တို့ အထက်ကိုတင်ပြပြီး အမြန်ဆုံးဆောင်ရွက်ပေးပါမယ်"

"ဆရာကြီး ကျွန်တော်တို့ အမြန်ဆုံးလိုချင်တာဆောင်ရွက်ပေးပါဆရာကြီး"

"စိတ်ချပါ ဒူဝါ၊ ကျွန်တော်တို့ ဒီရက်အတွင်းဖြစ်နိုင်ရင် မနက်ဖြန် အစောဆုံးထားပြီး ကူညီမှာပါ"

"ကျေးဇူးကမ္ဘာပါပဲဆရာကြီး၊ ဒါဆိုကျွန်တော်တို့ပြန်မယ်"

"ဟုတ်ကဲ့... ဗြော်... ဒူဝါ ကျွန်တော်တို့အမိန့်ရတာနဲ့မရွာကဆောင်ကိုလာခဲ့ပါမယ်၊ ဒါမှလမ်းပြခေါ်ပြီးလိုအပ်သလိုဆောင်ရွက်ရမှာပေါ့"

"ဆရာကြီး သူကလုံဂျာရွာက ဆလံဝါကောက်ရှော်ပါ"



www.burmeseclassic.com

www.burmeseclassic.com


"ဪ... သိရတာဝမ်းသာပါတယ်"

"ဟုတ်ကဲ့၊ ကျွန်တော်တို့တောင်ယာတွေဘက်ကလည်း ဝက်ဝံတွေလာကြပါတယ်"

"စိတ်ချပါ၊ ကျွန်တော်တို့ကူညီမှာပေါ့ ဆလံဝါ အမိန့်ရတာနဲ့ မရှုကတောင်ရာလုံဂျာရွာကိုပါ အရောက်လာခဲ့ပါမယ်"

"ဝမ်းသာပါတယ်၊ ကျေးဇူးလည်းအများကြီးတင်ပါတယ်ဆရာကြီး"

"ကဲ... ပြန်မယ်ဆရာကြီး"

"ဟုတ်ကဲ့ စိတ်ချပါ၊ ကျွန်တော်တို့လာခဲ့ပါမယ်"

"ကျေးဂျူးကမ္ဘာပါ"

မရှုကတောင်ရွာမှဒူဝါမရှုနော်နှင့်လုံဂျာရွာမှဆလံဝါဘောက်နော်နှင့်ရွာသားတစ်ယောက်တို့နှုတ်ဆက်ပြီး ပြန်သွားကြပါပြီ။ လုံဂျာရွာသားဆလံဝါဘောက်နော်သည် မရှုကတောင်ရွာမှဒူဝါမရှုနော်ကဲ့သို့ အဆင့်မမြင့်ပါ။ ဒူဝါ၏အောက်မှတာဝန်ရှိသူ ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်ကဲ့သို့ ကွာခြားပါ၏။ ဆလံဝါဘောက်နော်မှာ အသက်လေးဆယ်ခန့်သာရှိပြီး ဒူဝါမရှုနော်မှာတော့ အသက်ခြောက်ဆယ်ကျော်ပါပြီ။

ရွာလူကြီးတွေပြန်သွားပြီးနောက် ကျွန်တော်လည်းလုပ်သင့်တာတွေတင်ပြစရာတွေအစီရင်ခံတင်ပြပြီးနောက် ရွာသူရွာသားတွေအတွက် ကျေးရွာအန္တရာယ်နှင့်တောင်ယာစပါးသိမ်းချိန် နီးနေသောကြောင့် တောင်ယာတွေပါသုံးညအိပ်လေးရက်ခန့် ခရီးသွားရင်းရှင်းလင်းခွင့်တင်ရပါသည်။

+++++++++++++++++++++++++++++++++++++++++++


www.burmeseclassic.com

www.burmeseclassic.com


ဝန်ထမ်းတွေဖြစ်၍တာဝန်ကို တိတိကျကျထမ်းရသည်။ ကျွန်တော်တို့မှာ လက်နက်ကိုင်ဖြစ်၍လည်းပိုမိုတာဝန်ကြီး၏။ အဓိကတာဝန်မှာ ရပ်ရွာအေးချမ်းရေးအတွက် တာဝန်ယူထားခြင်းကြောင့် အတိဒုက္ခမရောက်မီကြိုတင်ကာကွယ်ရေး ပြုလုပ်ပေးရမည်သာ ဖြစ်ပါ၏။

"တင်မြတ်နဲ့မိုးကျော်ရေ၊ တို့ခရီးစဉ်ပြင်ကြကွာ"

"စိတ်ချဆရာကျော်"

"ဆရာကျော် ရိက္ခာဆန်တစ်ခုပဲ ယူသွားမယ်"

"အေး... အမဲဘူးနဲ့ငါးသေတ္တာလည်းယူခဲ့ကွာ"

"သုံးရက်ပဲလားဆရာကျော်"

"ငါတင်ပြထားတာကတော့ ငါးရက်ပဲတင်မြတ်"

"ဒါဆို ပိုအဆင်ပြေတာပေါ့"

"နေပါဦး ဆရာကျော်၊ ဝက်ဝံတွေ တော်တော်ပေါသလား၊ ဒါမှမဟုတ်ရင် ဝက်ဝံတစ်ကောင်နှစ်ကောင်ထဲ သောင်းကျန်းနေတာလားမသိဘူး"

"အဲဒါတော့ ဟိုရောက်မှပဲ မေးမြန်းစုံစမ်းရမှာပဲ မိုးကျော်"

"မိုးကျော်"

"ဘာလဲ တင်မြတ်"

"အရေးကြီးတာ အခု လမိုက်ရက်ကွ၊ ဓာတ်ခဲအပို ယူသွားရအောင်"

"အေး... ဟုတ်တယ်"

ကျွန်တော်ကောင်တွေ တောပစ်ထွက်ရမည်ဆို၍ဝမ်းသာနေသည်၊ လိုအပ်တာတွေလည်း ကြိုတင် စီစဉ်နေကြ၏။ တင်မြတ်နှင့်


www.burmeseclassic.com

www.burmeseclassic.com


မိုးကျော်အောင်ပြောသည့်အတိုင်းပင် လမိုက်ညဥ့်များတွင် လက်နှိပ်မီး အရေးကြီး၏။ ကျွန်တော်တို့လှုပ်ရှားရမှာက ဝက်ဝံဆိုတော့ညဥ့်ပိုင်း ပိုမိုလှုပ်ရှားရမည်သာ ဝက်ဝံသည် နေ့တွင် အိပ်စက်နားနေတတ်ကြပြီး ညဥ့်ဆိုလျှင် တစ်ညလုံးပင် လှုပ်ရှားသွားလာ အစာရှာ၏။ နံနက်စော စောမှာလည်း လူကိုအန္တရာယ်ပေးတတ်သကဲ့သို့ တောင်ယာတဲများမှ ရွာပြန်ကြသည့် တောင်ယာသမားများအား တိုက်ခိုက်တတ်ခြင်းပင်။ တောပစ်မုဆိုးသည်သားကောင်ကောက်ရန် အထာကို သိထားရ မည်သာ။

"တောပစ်ထွက်ရမှာတော့ ပျော်တယ်ကွ"

"ဘာမပျော်တာလဲ တင်မြတ်"

"ဆရာကျော်ကလည်း ပစ်ချင်တာကချေ၊ ဒရယ်၊ ဆတ်၊ အခု ဟာကဝက်ဝံတွေဆိုတော့တစ်မျိုးကြီး တောဝက်ဆိုလည်းတော်သေးရဲ့"

"ဘယ်တတ်နိုင်မှာလည်းကွာ၊ အေး ဝက်ဝံရှာရင်းချေတို့ဒရယ် တို့တွေ့ရင်မပစ်ဘူးလား"

"ဟာ ဆရာကျော်ကလဲ၊ ဘာလို့ရှောင်ရမှာလဲ၊ မုဆိုးနဲ့သား ကောင်ပဲ"

"အေး... ပြီးတာပဲ"

တင်မြတ်စကားမရှည်တော့ပါ။ သူပြောတာလည်း သဘာဝ တော့ကျပါ၏။ နောက်ဆုံးကျားဆိုး၍ကာကွယ်ရန်ဆိုပါက ဟုတ် တုတ်တုတ် ခုတော့ကျားဆိုးလည်းမဟုတ် ဝက်ဝံဆိုတော့မပစ်ချင်ပါ။ တောဝက်တွေပစ်ခတ်ဘူး၏။ အခင်းတွေဖျက်၍ အုပ်ချုပ်ဝင်၍ ကြောက် လှန့်ရင်း ပစ်ရသော်လည်းကြုံဘူးသည်။

+++++++++++++++++++++++++++++++++


www.burmeseclassic.com

www.burmeseclassic.com

တဖန်တောထဲမှ ကျားဆိုးရန် ရွာသားတွေ တော်တော်လေးခံစားရသည့်အတွက် ထိုကျားဆိုးအန္တရာယ်တွေ ပစ်ခတ်ပေးရပေါင်းလည်း မနည်းတော့ပါ။ ကျွန်တော်တို့၏ အသက်အန္တရာယ်တွေလည်း အမျိုးမျိုး နီးစပ်ကြုံတွေ့ခံစားရပေါင်း မရေမတွက်နိုင်တော့။ ကျားပစ်ခွင့် မရှိသော်လည်း အန္တရာယ်မှန်သမျှတော့ ရှင်းရသည်သာ။

အိမ်ကျွဲသည်နွားရိုင်းသွင်းချိန် အပမှီ တောဝင်ပြီး ပိုင်ရှင်နှင့်တကွ တွေ့သမျှလူ၊ တွေ့သမျှကျွဲ နွားအားလုံးလိုက်လံ တိုက်ခိုက်ခြင်းကြောင့် လူသေသည် အထိကြုံ၍ပစ်ခတ်ရဘူးပါသည်။ သာမာန်အရိုင်း စိတ်ဝင်ခြင်းမဟုတ်ဘဲ တောမှီသည်ဆိုသည့် သိမ်မွေ့သော စကားအနက် အဓိပ္ပာယ်ဖွဲ့ဆိုရပါလျှင် မကောင်းဆိုးဝါး တစ္ဆေသရဲစီးပြီး ရက်စက်ကြမ်းကြုတ်မှုတွေ ကြုံခဲ့ဘူး ပစ်ခဲ့ဘူးပါသည်။

သို့သော် ယခုကိစ္စမှာ ဤသို့ မဟုတ်ပါ။ တောထဲမှ ဝက်ဝံတွေ ရွာခြေကပ်ခြင်း၊ ကျွဲ နွား ဖမ်းယူစားသောက်ရာမှတဆင့် တောင်ယာသမားတွေကိုပါ လိုက်လံတိုက်ခိုက်ခြင်းအတွက် ကျွန်တော်တို့ ရှင်းလင်းပေးရပေတော့မည်။

ကျွန်တော်၏ တင်ပြချက်နှင့် ပတ်သက်၍ ခွင့်ပြုမိန့် ရရှိရာတွင်

- ပစ်ခတ်မှု ထိမ်းသိမ်းရန်
- ရွာသူရွာသားများ မထိခိုက်စေရန်
- မိမိ လက်နက်၊ လူ အထူးသတိပြု လုပ်ဆောင်ရန်
- တောဆင်နှင့် ကြုံပါက လုံးဝ လွတ်အောင်ရှောင်ရမယ်၊ ပစ်ခတ်ခွင့်မပြု၊ ခြောက်လှန့်နိုင်သည်။


www.burmeseclassic.com

www.burmeseclassic.com


- သတ်မှတ်ထားသောမသတ်ဖြတ်ရဟု အမိန့်ထုတ်ထားသည့် တောရိုင်းတိရစ္ဆာန်များအား လုံး၀ ပစ်ခတ်ခွင့် မပြု။
- စခန်းနှင့် အဆက်အသွယ် မပြတ်ရန်၊ ဆတ်သားစနစ် သုံးရန်၊ စနစ်တကျလွှဲထားခဲ့ရန်
- နယ်မြေကျော်ဖြတ်မှု မဖြစ်စေရ။

စသည်ဖြင့် တင်းကြပ်သည် မဟုတ်သော်လည်း ခွင့်ပြုချက်၏ နောက်ပါအကြောင်းအရာများသည် ကျွန်တော်တို့အတွက် အထိမ်းအကွပ်တွေနှင့်အတူ သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းကမ်းဥပဒေတွေအတွက် တိတိကျကျ လိုက်နာပြီး စည်းကမ်းမဖောက်ရန် ဖြစ်ပါ၏။

အထက်ပါအချက်များအား ကျွန်တော်တို့ လုံး၀ မဖောက်ဖျက်ပါ။ တစ်ခါမျှ မကျူးလွန်ပါ။ နောက်တစ်ခု ကျွန်တော်တို့ ဝင်ပစ်တော်ရန်နယ်မြေသည် သူခိုးသူဝှက်ပင်မရှိသော အဖြူရောင်နယ်မြေဖြစ်၍ စိတ်ချနိုင်သော်လည်း ရွာသူရွာသားများ မထိခိုက် မနစ်နာစေရန်နှင့် မိမိ၏လက်နက်ခဲယမ်းနှင့်လူပါသတိထား၍ ဆုံးရှုံးနစ်နာမှုတွေ ကင်းစင်ရန်တို့ ပါဝင်ပါသည်။

"တင်မြတ်နဲ့မိုးကျော်ရေ ခွင့်ပြုချက်နဲ့အတူ နောက်ဆက်တွဲတွေ ပါတယ်ကွ၊ တို့အတွက် ကြိုတင် သတိထားရမှာပေါ့"

"ကောင်းပါတယ်၊ ကျွန်တော်တို့ လုပ်ဆောင်တာ တရားဝင်ဖြစ်သွားတာပေါ့"

"အေးလေ တရားဝင်ဖြစ်အောင်ငါကလည်းခွင့်တောင်းတာကွ ကောင်းပါတယ်ကွာ"

"ဘယ်တော့ ထွက်မလဲ"


www.burmeseclassic.com

www.burmeseclassic.com

"အေး...ဆရာကျော်သာ ခေါ်ကွာ၊ တာဝန်လွှဲခဲ့မယ်"

ကျွန်တော်သည် စခန်းတာဝန်အတွက် တပ်ကြပ်ကျော်သာအား စနစ်တကျ လွှဲပြီး မှာသင့်တာတွေအပြင် ဆက်သွယ်မှုအား ဆတ်သားရှာသားနှင့် မပြတ်ဆက်သွယ်မည်ဖြစ်ကြောင်း၊ ကျွန်တော်တို့သုံးယောက် လေးညအိပ်ငါးရက်ခရီးသတ်မှတ်သော်လည်း ဝက်ဝံကြီး နှစ်ကောင်အား ရှင်းလင်းပြီးပါက ပြန်ခဲ့မယ်ဖြစ်ကြောင်းနှင့် စခန်းမှအပြင် မထွက်ကြရန် အသေးစိပ် မှာကြားခဲ့ပါသည်။

"ကျော်သာ"

"အေးပြော"

"တို့တစ်နာရီဆို စထွက်မယ်၊ ပထမ မရှုကတောင်ကနေပြီး ဒူဝါမရှုနော်နဲ့တွေ့ပြီးစီစဉ်မယ်၊ လုံဂျာရွာက ဆလန်ဝါဘောက်နော်ကိုတော့ ခေါ်သွားမယ်ကွ"

"အေး... မုဆိုးအတွက် တောပစ်ခွင့်ရတော့ ဝမ်းသာနေတာပေါ့၊ ဟော့ကောင် တင်မြတ်"

"ဟုတ်ကဲ့"

"အရက် သိပ်မသောက်နဲ့ ကြားလား"

"စိတ်ချပါဆရာကျော်သာ၊ စောစောကပဲ သုံးပက်လောက် သောက်ပြီးသွားပါပြီ"

"ဘာကွ၊ ဘယ်က အရက်လဲ"

"ဟဲ...ဟဲ....ဟဲ....ဟဲ အာမီရမ်ပေါ့ဆရာရဲ့"

"ဒါနဲ့ မင်းမှာ ကုန်နေပြီဆို"


www.burmeseclassic.com

www.burmeseclassic.com


"ဆရာကျော်သာရယ် အရက်ဆိုတာ ဘယ်မှာရှာရှာ ရပါတယ်၊ ဟိုအမေရိကန်ရေဘူးထဲက သုံးပက်လောက်ပဲ သောက်ခဲ့တာပါ၊ ချန်ထားခဲ့သေးတယ်၊ ကျွန်တော့်အတွက် ရတဲ့အခါကျမှ ပြန်ပေးမယ်နော့"

"ဘာကွ"

"ဩော်... ဆရာကျော်သာကလည်း အမေရိကန်ရေဘူး ပိုင်ဆိုင်တာ ဒီစခန်းမှာ ဟောဒီဆရာကျော်နဲ့ ဆရာကျော်သာပဲ ရှိတယ်လေ၊ ဆရာတို့နှစ်ယောက်က တစ်ပတ်စဉ်ထဲ သူငယ်ချင်းတွေဆိုတော့ ရေဘူးဆလည်း ဆင်တူပဲနော့"

"ဘာပြောတယ်၊ မင်း... မင်း ငါ့ရေဘူးထဲက အာမီရမ်တွေ သောက်ခဲ့ပြီပေါ့"

"ခင်ဗျားလိုက်တာ ဆရာကျော်သာရယ်၊ ကျွန်တော် ပြန်ပေးမှာပါ၊ ကျွန်တော့်ခွဲတမ်းရတော့ ပေးမယ်နော့"

"ခွေးကောင်လေး... ငါ့အတွက် ကျန်သေးရဲ့လား"

"ချန်ခဲ့ပါတယ် ဆရာရယ် ဟား...ဟား...ဟား...ဟား"

"တောက်... ဟင်း... မင်းခရီးထွက်တော့မှာမို့ ချမ်းသာပေးလိုက်တယ်"

ကျွန်တော်နှင့်တစ်ပတ်စဉ်ထဲ သူငယ်ချင်းကျော်သာမှာ ရမိုင်တစ်ဦးဖြစ်၏။ စကားမပြောအေးတိစက်ကြီး ကျွန်တော်နှင့် အလွန် ချစ်ခင်ကြသလို တင်မြတ်ကိုလည်း သူ တော်တော်ချစ်၏။ တင်မြတ်သည် ကျော်သာအတွက် နင်းပေးနှိပ်ပေးတတ်သည့်အပြင် ကျော်သာ၏ ခနီးလောင်းတင်မြတ်၏ ရည်းစားမှာ တစ်ရွာတည်းဖြစ်၍ ပိုမို ခင်မင်ကြသည်။

★★★


www.burmeseclassic.com

www.burmeseclassic.com



## (လေး)

"ဟော... ဆရာကြီးတို့ပါလား"

"ဟုတ်ကဲ့... ဒူဝါ နေကောင်းတယ်နော့"

"ကောင်းပါတယ် ဆရာကြီး၊ လာကြပါ ထိုင်ကြပါ"

ကချင်အိမ်တွေသည် တန်းလျားကြီးသဖွယ် ခန်းပွင့်များများ ဆောက်လုပ်ထားကြပြီး သူတို့၏အိမ်တွေမှာ ခေါင်စောက်ဖြစ်၍ တော တော်များသော အိမ်တွေမှာ မြေကြီးတစ်ဝက် အဆင့်တစ်ဝက် ခင်းထား ကြ၏။ အိမ်ပေါ်တွင်မီးလှုံရန် မီးဖိုနှစ်ဖိုသုံးဖိုအထိ လူများလျှင် များသလို ထားရှိကြသည်။

တောင်ထိပ်ပေါ်ရှိ ကျေးရွာများဆိုလျှင် ပိုမို ဆိုး၏။ လူတစ် ယောက်နှင့်တစ်ယောက်အကြားတွင် ထင်းမီးဖိုကြီးတွေထားရှိကြ၏။ အေးတလည်း အေး၏။ တောင်ပေါ်ဒေသဖြစ်သည့်အတွက် အလွ ခေါင်ပြီး ဆင်းရဲကြသဖြင့် စောင်ဟူ၍ မယ်မယ်ရရ မရှိကြပါ။ သို့ အတွက် မီးဖိုတွေများများ ထားကြသည်ကလည်း အချမ်းဒဏ်ကို ကာ ကွယ်နိုင်သည်သာ။



www.burmeseclassic.com

www.burmeseclassic.com


သူတို့၏နေအိမ်ခေါင်မိုးပေါ် ကြည့်လိုက်ပါက မီးခိုးငွေ့တွေကြောင့် သက်ငယ်တွေ စုစည်းပြီး ထိပ်ကိုချိုးကာ ဝါးနှင့်ဖိမိုးထားသဖြင့် အိမ်တစ်ခါမိုးလျှင် အနည်းဆုံးလေးငါးနှစ်အထိ ခံနိုင်၏။ သက်ငယ်အောက်တွင်ရှိနေသော ဝါးတွေစိပ်စိပ် အရင်းအဖြစ် အသုံးပြုသည့် ဝါးတွေပင်လျှင် ကြပ်ခိုးဝပြီး နီတီတီညိုညိုဖြစ်ကာ မီးခိုးအဆီရောင်တောက်ပြောင်နေသဖြင့် ထိုဝါးနှင့် သက်ငယ်များအား ဘယ်သောအခါမှ ပိုးမထိုး ကြပ်ခိုးဝနေ၍ ကြည့်လိုပင် ကောင်းနေသည်။

"ဆရာကြီးတို့ ကျရှ (ကချင်အရက်)သောက်ကြပါ"

"မရှူဂမ်ကြက်ဥကြော်လေ"

"ဒူဝါမကြော်နဲ့၊ ကျွန်တော်တို့မှာ အမြည်းပါတယ်"

မိုးကျော်အောင်သည် ပြောပြောဆိုဆို အမြည်းဘူးအား သူ၏ကျောပိုးအိတ်မှထုတ်ပြီး လျှင်လျှင်မြန်မြန်ပင် လုံ့ စွပ်ဖြင့်ဖောက်လိုက်သည်တွင် ဒူဝါမရှုနော်၏သားဖြစ်သူ မရှူဂမ်ယူလာသည့် ပန်းကန်လုံးထဲသို့ထည့်ကာ အမြည်းအဖြစ် စားကြရင်း စကားစလိုက်ပါ၏။

"ဆရာကြီး ဒါ ကျွန်တော့်သား မရှူဂမ်ပါ၊ ဟိုမြေးမက မကော့လေသူ့သမီးပေါ့"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာတာပေါ့ဆရာကြီး"

"သြော်... အစ်ကို ကျွန်တော်တို့နဲ့လိုက်ခဲ့ပေါ့"

စကားသွက်သောတင်မြတ်မှ ဝင်ရောက်ရောနှောရင်း ခင်မင်မှုမိတ်ဆက်လိုက်၏။ မိုးကျော်အောင် ပြုံးနေသည်။ ဒူဝါမရှုနော်မှ သူ၏သားအား တင်မြတ်ကြည့်ပြီး ကချင်လို မေး၏။ ကျွန်တော်တို့နားလည်ပါသည်။ ကိုမရှူဂမ်မှ လိုက်မည်ဟုပြန်ပြောသဖြင့် တင်မြတ်ကပင်...


www.burmeseclassic.com

www.burmeseclassic.com


"ဝမ်းသာပါတယ်ဗျာ တောပစ်ရတာပျော်စရာပဲ အစ်ကိုရ"

"ကျွန်တော်လည်း တူမီးနဲ့နှစ်ခါလောက် ပစ်ခဲ့ဘူးတယ်၊ ကျွန်တော်ပစ်တာက တောဝက်ပါ"

"ဟာ...ဒါဆိုအဆင်ပြေတာပေါ့၊ တောပစ်တဲ့အတွေ့အကြုံရှိထားတော့ ကျွန်တော်တို့ အတူလက်တွဲလို့ ပိုအဆင်ပြေသွားတာပေါ့ ဒူဝါ"

ကျွန်တော်မှဒူဝါဦးမရှုနော်အား အားရဝမ်းသာပြောလိုက်သည်တွင် ဒူဝါမရှုနော်လည်း ပြုံးပြီး သူ့သားအကြောင်း ဂုဏ်ယူစကားပြောပါ၏။ တောပစ်ခတ်မှုအတွက် ဝမ်းသာရဖွယ်ကြောင်း ဖြစ်ပါ၏။

"အင်း... မရှုဂမ်ပေါ့ဆရာကြီး ဟောဟိုတူမီးနဲ့တောပစ်ဘူးတာတောဝက်နှစ်ကောင်ရခဲ့တယ်၊ တော်တော်ကြီးတယ်"

"ဟုတ်လား ကိုမရှုဂမ်"

"အဖွား(အဖေ)က နောက်နေတာပါဗျာ"

"ဘာဖြစ်လို့လဲ"

"ဟား... ဟား... ဟား... ဟား... ဆရာကြီးရေ တောဝက်တစ်ကောင်က ရစ်ပိသသာလောက်ဗျ၊ နောက်တစ်ကောင်ကတော့ ကြီးပါတယ်၊ ငါးပိသသာပဲရှိ ဟားဟားဟားဟား"

"အဖွား(အဖေ)က ကျွန်တော့်ကို အထင်သေးတာကြောင့် နောက်ထပ်တောပစ်သွားမယ်ဆိုတာ ခွင့်မပြုဘူး ဆရာကြီးရဲ့"

"ဟုတ်တယ်ဆရာကြီး၊ ဟိုဝက်ဝံနှစ်ကောင်သောင်းကျန်းလာတော့ မလွှတ်ရဲဘူး၊ ကျွန်တော့်အသက်ကလည်း မငယ်တော့ဘူးလေ ကျွန်တော်လည်း တောပစ်ဝါသနာပါတာပေါ့ ငယ်ငယ်တုန်းက ကောင်းကောင်းပစ်ခဲ့တာဆရာကြီးရဲ့"


www.burmeseclassic.com

www.burmeseclassic.com


"ဆရာကြီး"

"ဟုတ်ကဲ့ ကိုမရှုဂမ်"

"အဝှားပစ်တာ မျောက်ရယ်၊ ချေတစ်ကောင်ရယ်လို့ ကြားဖူးတယ် ဆရာကြီး"

"ဟား... ဟား... ဟား... ဟား"

ကျွန်တော်တို့အားလုံး သဘောကျနေကြ၏။ အကြောင်းမှာ အအေနှင့်အကြိုတ်အနယ်ဂုဏ်ပြိုင်နေကြသော တောပစ်မုဆိုးဘဝရှိသည့် သားကောင်အကြောင်းမို့ ရယ်မောနေရသည်။ သားကလည်း အအေကို နောက်၏။ ဖအေကလည်း သားကို စသည်။ တော်တော်စိတ်ချမ်းသာစရာ ကောင်းလှသည်။

မကောသည် ဘယ်အချိန်က ကြက်ဥကြော်သည် မသိ။ ကြက်ဥမွှကြော်အား ပန်းကန်ပြားကြီးနှင့်ထည့်၍ ပို့ပေးခဲ့ပြီးနောက် ညနေစာအမင်းချက်ပါပြီ။ ကျွန်တော် ထမင်းထုပ်သွားရန် ဖြစ်ကြောင်း ဒူဝါမရှုနော် ပြော၍ သိလိုက်ရသည်။

"ဒူဝါကျွန်တော်တို့သုံးယောက်နဲ့ အတူ ဒီကအစ်ကိုရယ် နောက်ထပ် ဘယ်သူလိုက်မလဲ"

"ကျွန်တော်လုံဂျာရွာသားဆလံဝါဘောက်နော် ပြောထားပါတယ်၊ သူ့ရွာက နှစ်ယောက်လိုက်မယ် ပြောတယ်ဆရာကြီး"

"အဝှား ဧည့်သည်တွေ သောက်ပါစေတော့၊ ဖြည်းဖြည်းပေါ့ အဝှား၊ ထမင်းကျက်မှ သွားကြမယ်လေ"

"အေးပါ... ဆရာကြီးတို့ သောက်ကြတာပေါ့၊ အားမနာနဲ့နော်"

"ဟုတ်ကဲ့ပါ"


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ အရက်သောက်ရင်း စကားပြောနေကြ၏။ ဒွဝါ မရှနော်သည် တစ်ချိန်ကတပ်မတော်တွင် စစ်မှုထမ်းခဲ့ဖူးကြောင်း၊ တော်လှန်ရေးကာလပြီးတော့ အမှုထမ်းဘဝမှကျေးရွာသို့ပြန်ပြီး သူ၏ ဖခင်အမွေကို ဆက်လက်တာဝန်ယူခဲ့ကြောင်း သိရ၏။ စော်ဘွားမျိုးဟု မပြောသော်လည်း ကျွန်တော်သိထားပြီး ဖြစ်သည်။

"ဆရာကြီးတို့ တောပစ်တာကြာပြီပေါ့"

"ဟုတ်ကဲ့ ဒွဝါတော်တော်လေးကြာပါပြီ၊ ကျွန်တော်ခြောက် ဆယ့်သုံးခုနှစ်အစလောက်ကစပြီး ပစ်ခဲ့တာပါ"

"အို... ဒါဆို တော်တော်ကြာပြီပေါ့၊ ဆယ်နှစ်လောက်တောင်ရှိ တာပေါ့"

"ဟုတ်ပါတယ်၊ သူတို့နှစ်ယောက်ကတော့ သုံးနှစ်လေးနှစ် လောက်ရှိသွားပါပြီ၊ အတွေ့အကြုံ ရှိကြပါတယ်"

"တော တော်တော်စုံမှာပေါ့နော်"

"ဟုတ်ကဲ့ တော်တော်လေး စုံပါတယ်၊ ကျွန်တော်တို့ကောက် တွေ့ချောင်းဘက်ရွှေကူနယ်မြေပေါ့၊ နောက်ပြီး မြို့ကုန်းဘက်၊ မံမလင်း ရဲ့ထီးလင်းတောတို့၊ မြေဖြူမြေနီတောင်တန်းကအစ ဝါလာသတောင် ဒေါ်ဖုန်းယန်၊ နားလုံနယ်မြေတွေ တော်တော်လေးနှံ့ပါတယ်"

"ကောင်းတာပေါ့၊ ကျွန်တော်ငယ်ငယ်က ပေဘာဒီရေတံခွန်ဆရာ ကြီးတို့ ရောက်ခဲ့တဲ့နေရာတွေ ပစ်ခဲ့ဖူးပါတယ်"

"ဒွဝါတို့ ငယ်ငယ်ကဆိုတော့ ကြာပြီပေါ့"

"ဟုတ်တယ်ဆရာကြီး၊ အဲဒီတုန်းက တောပစ်ရတာ ခက်ပါ ဘူး၊ သားကောင်ကလည်း ပေါတယ် ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com


"ခုတော့ကော ဒူဝါ"

"အင်း... ခု ဒီတောတွေဟာ ဖောက်ပြန်လာတယ် ဆရာကြီးရဲ့"

"ဗျာ..."

"ဩော်... ဆရာကြီးတို့တွေ့ခဲ့တယ်ဆိုတဲ့တစ်တောင်လောက်ရှိတဲ့ ခြေရာကြီးတို့နောက်ပြီး ကျား၊ ဝက်ဝံတွေလည်းတော်တော်သောင်းကျန်းလာတယ်ဆရာကြီး"

ဒူဝါမရှုနော်သည်စကားပြောရာတွင် အင်မတန်နှုတ်လုံသည့်အပြင် မပြောသင့်သောစကားဟုထင်သည်နှင့် စကားလမ်းကြောင်း ချက်ခြင်း ပြောင်းလိုက်၏။ ခုလည်း ခြေရာတစ်တောင်ပြောရာမှ ကျားတို့ဝက်တို့ဘက် ပြောင်းလိုက်သည်တွင် ခြေရာတစ်တောင်အကြောင်းပြောချင်ပုံ မရပါ။

တစ်ခုတော့ရှိသည် စခန်းရောက်ခဲ့စဉ်ကခြေရာနှင့် ပတ်သက်ပြီး လူကြီးတစ်ယောက်ဟုလည်းကောင်း၊ ဘိုးတော်ဟုလည်းပြော၏။ သူတော်ကောင်းကြီးဖြစ်ကြောင်းလည်း ပြောဖူးပါသော်လည်း သိပ်စိတ်ဝင်စားပုံတော့မပေါ်ပါ၊ ဒူဝါဦးမရှုနော်တို့မှာ နတ်ကိုးကွယ်ကြသောကြောင့် ဤကဲ့သို့သော မြန်မာ့အယူအဆတွေ သိပ်အသိနည်းပြီး သူ့ဖာသာနေခဲ့၍လားမသိ တလေးတစား ပြောမပြပါ။ သူပြောသည်မှာတော့ လက်တွေ့အနှောက်အယှက်ပေးနေသော ဝက်ဝံနှစ်ကောင်လောက်သာ ပြောနေ၏။ သူတော်ကောင်းတို့ ဘိုးတော်တို့ဆိုသည်ကို စိတ်ဝင်စားပုံမပေါ်ပါ။

ကိစ္စ မရှိပါ၊ ကျွန်တော်တို့ ကြိုတင်သိထားရသည့်အတွက် အဆင်ပြေစွာ ဆက်လက်ဆောင်ရွက်နိုင်မည်သာ ဖြစ်ပါ၏။ အလုပ်တစ်ခု


www.burmeseclassic.com

www.burmeseclassic.com



အိမ်တစ်အိမ် တည်ဆောက်လုပ်ကိုင်နိုင်ရန်မှာ ပထမဆုံးလိုအပ်သော ပစ္စည်း ပြည့်ပြည့်စုံစုံရှိနေပါက ထိုလုပ်ငန်းအတွက်တစ်ဝက် ပြီးပါပြီ။ ထက်ဝက်အောင်မြင်သွားပါပြီဟု ကျွန်တော်၏ဆရာသမားတွေ လမ်းညွှန်ပြောပြခဲ့သည်ကို မှတ်သားခဲ့ဖူးသဖြင့် ယခုလည်း ထိုနယ်မြေတွင် ခြေရာတစ်တောင်ဆိုသည့် သူတော်ကောင်းဆိုသော ပုဂ္ဂိုလ်ထူး တစ်ဦး ရှိနေသည်ကို ခန့်မှန်းရသည်။

ကျွန်တော်တို့လေးယောက်နှင့်နောက်ထပ် လုံဂျာရွာမှဆလံဝါဘောက်နော် ရွာသားဇော်တူးနှင့်လဖိုင်လဆိုသောလူငယ်နှစ်ယောက် စုစုပေါင်းလူခုနစ်ယောက် ခရီးထွက်ခဲ့ပါပြီ။ ကျွန်တော်တို့အဖွဲ့အား ဆလံဝါဘောက်နော်မှ ဦးဆောင်လမ်းပြအဖြစ် တာဝန်ယူခဲ့၏။ ကျွန်တော်တို့ လွန်ခဲ့သောတစ်ပတ်ခန့်ကလမ်း မဟုတ်တော့ပါ။ သူတို့ သိသည့်လမ်းမှာ တောတိုးစရာ မလိုသည့်အပြင် ဖြတ်လမ်းလည်းဖြစ်၏။ တင်မြတ်နှင့် ဆလံဝါဘောက်နော် ရှေ့ဆုံးမှ ခရီးထွက်နေ၏။

ကျွန်တော်တို့အဖွဲ့ခုနစ်ယောက်စလုံး ရေတံခွန်ဆီသို့ရောက်တော့ ဆလံဝါဦးဘောက်နော်မှ စခန်းချရန်နေရာ ပြပါ၏။ သူပြသည့် နေရာအား ကျွန်တော်တို့ မရောက်ဖူးပါ။ ပြီးခဲ့တဲ့တစ်ပတ်ခန့်က ရောက်သည့်နေရာမှာ ယခုနေရာ၏ အောက်တော်တော်လေးကျသည်။ ရေတံခွန်အသံ သိပ် မကြားရ။

"ဆရာကြီး"

"ဟုတ်ကဲ့"

"ဒီနေရာကနေ အပေါ်တက်ရင် တောင်ယာတွေရှိပါတယ်။ ဝက်ဝံကြီးနဲ့တွေ့တဲ့နေရာက ဒီအထက်ဘက်နဲ့အောက်ဘက်ပါ"



www.burmeseclassic.com

www.burmeseclassic.com


"ဗျာ..."

"ဟုတ်ကဲ့၊ ကျွန်တော်ဒီကိုခေါ်ပြီး စခန်းချဖို့ စိစဉ်ရတာ ဟောဟို ကျောက်ဂူကြီးအတွက်ပဲ ဆဲရာကြီး"

"ဘယ်မှာလဲ"

"ဟောဟိုရေတံခွန်အောက်ကြီး အဲဒီကျောက် တောင်ဟာ ကျောက်ဂူကြီးရှိတယ်"

"အဲဒီတော့"

"အဲဒီတော့ ဝက်ဝံကြီးတွေ ကျောက်ဂူထဲမှာနေတာ ကျွန်တော်သိ ပါတယ်၊ နှစ်ခါလောက် ကြုံပါတယ်"

"ဒါဆို ရှာစရာ သိပ်မလိုဘူးပေါ့"

"အဲဒါကြောင့် ဒီကိုခေါ်ခဲ့တာပါ"

"ကောင်းတာပေါ့ဗျာ"

"ကဲ... ဆလံဝါကြီး ကျွန်တော်တို့ ဟောဒီကျောက်တုံးတွေအောက် မှာပဲ စခန်းချကြတာပေါ့"

"ဟုတ်ကဲ့"

ကျွန်တော်တို့၏စခန်းချရန်နေရာမှာ ကျောက်ဂူနှင့်နီးသော်လည်း ရေတံခွန်နှင့်တောတန်းလေးကြောင့် ကျောက်ဂူဘက်မှ မမြင်ရသည့်အ ဖြင့် အပေါ်စီးလည်း ရ၏။ သို့အတွက် သူတို့လိုချင်သော ဝက်ဝံကြီး တွေအား ရှင်းလင်းရေး ဦးစားပေးရပေမည်။

ဝက်ဝံဆိုသောသတ္တဝါကြီးများသည် အများအားဖြင့်နေ့တွင် သုံးဝ အိပ်၏။ သူတို့အသိုက်မှာ သစ်ပင်ကြီးတွေပေါ်အသိုက်ပြုလုပ် နေထိုင်ခြင်း၊ သစ်ကိုင်းကြီးတွေပေါ်တွင်လည်း ခွဆုံကောင်းကောင်းတွင် အိပ်စက်တတ်သည်ကိုလည်း သတိထားရ၏။ ယခု ဝံဒိုက်သည်

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဂူထဲတွင်ရှိနေကြောင်း ဆလံဝါဦးဘောက်နော် ရဲရဲတင်းတင်း ပြော၏။ သူကိုယ်တိုင် တွေ့ကြောင်းနှင့် သူပြောသည့်နေရာသည် ကျောက်ဂူဝဘက်သို့ ခြုံကြားမှ မြင်တွေ့နေရ၏။

"ဆလံဝါကြီးရေ ရွာထဲ ဝင်ရောက်တဲ့ဝက်ဝံ၊ အဲဒီဝက်ဝံရယ် တောင်ယာသမားတွေ နှောက်ယှက်တဲ့ ဝက်ဝံနှစ်ကောင်ဆိုတာ ဘယ်လိုမှတ်ရမလဲဗျ၊ တွေ့သမျှ သတ်ရမလို ဖြစ်နေပြီ"

"ဩော်... ဆရာကြီး ကျွန်တော်သိသလောက် လေ့လာမိသလောက်ကတော့ ဒီပတ်ဝန်းကျင်မှာ သောင်းကျန်းနေတဲ့ ဝံနှစ်ကောင် ဟာ ဒီမှာလည်းအနေများတယ်၊ နောက်ပြီးနှစ်ကောင်စလုံး အထီးကြီး တွေဗျ"

"အထီးနှစ်ကောင်တော့ ဟုတ်ပါပြီ၊ တခြားအထီးတွေဆိုရင် ကော"

"မဟုတ်ဘူး၊ အဲဒီအထီးနှစ်ကောင်အနက် တစ်ကောင်ဟာ ညာဘက်နားရွက်ပြတ်နေတယ်"

"ဟာ... သိပ်ကောင်းတယ် လွယ်သွားပြီ"

"ဒါဆို နောက်တစ်ကောင်ကကော"

"နောက်တစ်ကောင်မှာက နားရွက်နှစ်ခုအကြားမှာ အရေခွံလန် နေလို့လက်သုံးလုံးလောက် အမာရွတ်ကြီးရှိတယ်ဆရာရဲ့"

"အမှတ်အသားရှိနေတော့ လွယ်ပါတယ်၊ သူတို့နှစ်ကောင်ကို ရွာသားတွေသိထားသလို သူတို့ကလည်းရွာသားတွေကိုမှတ်ထားမှာ လူဆိုတာသူတို့သိနေပြီပေါ့"

"အင်း... ဘယ်လိုဖြစ်ပြီးလူကိုမုန်းတာလည်းမသိဘူးနော်"

"အဲဒါတော့မသိဘူးဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်တို့လုပ်သင့်တာတွေ အားလုံးလုပ်ကိုင်ကြ၏။ ခေတ္တစခန်းချနိုင်ရန်အတွက်အဆင်ပြေသည့်နေရာနှင့် အန္တရာယ်ကြုံပါကလည်း ကြိုတင်ကာကွယ်နိုင်သောနေရာ အကာအကွယ်တွေ စုပေါင်းလုပ်ဆောင်ကြ၏။ ကချင်တိုင်းရင်းသားများသည် ဝါးကို ပိုင်နိုင်စွာအသုံးချတတ်၏။ ယခုကျွန်တော်ဝက်ဝံနှစ်ကောင်မရသေးရင် လေးညအိပ်ငါးရက်ကြာနိုင်သည့်အတွက် စခန်းချရာတွင် အကာအကွယ် လုံခြုံရေးအတွက် ကြိုတင်စိစစ်ပြင်ဆင်ပြီး စိတ်ကြိုက်ဖြစ်အောင်ဆောင်ရွက်ရပါသည်။

ကျွန်တော်တင်မြတ်နှင့်မိုးကျော်အောင်အားခေါ်ပြီး ပထမ ပတ်ဝန်းကျင်ရှင်းလင်းရန် စီစဉ်ပါသည်။ အရေးကြီးသောအချက်မှာ ပတ်ဝန်းကျင်အနေအထား ကြိုတင်သိထားရမည်သာ သိရမည်ဆိုရာဝယ် ကြုံတွေ့ဖူးပါသည်။ ပတ်ဝန်းကျင် မသိဘဲ နေရာယူထား၏။ ထိုသို့နေရာယူထားရာမှ တဖြည်းဖြည်း ညဥ့်ကနက်၏။ ညဥ့်နက်သောအခါဝယ် တိတ်ဆိတ်မှုတို့သည် လူကိုခြောက်လှန့်တတ်ပြီးနောက် ပတ်ဝန်းကျင်တွင်ရှိသော သစ်ငုတ်သည် လူထိုင်နေသလိုလို၊ တစ်ဖန် ချုံပုတ်ကလေးများ လေတိုက်ခတ်မှုကြောင့် လှုပ်ရှားသည်ကို လူတွေလား၊ တစ္ဆေသရဲလားဟုတွေးတောပြီး အကြီးအကျယ် သောကရောက်ခဲ့ရကြရာမှ မဖြစ်သင့် မဖြစ်ထိုက်သော ပစ်ခတ်မှုတွေဖြစ်၏။

တစ်ချို့ ကြောက်လန့်အောင် တောက ခြောက်၏။ တောနှင့်ပါလာသော လေတို့၏တိုက်ခိုက်မှု ကျားသံ၊ တောခွေးသံနှင့်အခြားသားကောင်တွေ၏အသံတွေကြောင့် ထွက်ပြေးကြသည်လည်း ကြုံရသည်မို့ ကျွန်တော်တို့ နောက်မဆုတ်တတ်သောနေရာအား စခန်းချမည့်နေရာ

www.burmeseclassic.com

အား ကြိုတင်ပြင်ဆင်ပြီးနောက် မည်သည့်သားရဲတိရစ္ဆာန်တွေဖြစ်ပါက လွယ်လွယ်နှင့်ထိုးဖောက်ဝင်ရောက်နိုင်မှုမရှိစေရန် အခိုင်အမာစခန်းကဲ့သို့လုပ်ရခြင်းဖြစ်ပြီးနောက် ပတ်ဝန်းကျင်အားလေ့လာရန် စိစဥ်ကြရ၏။

"တင်မြတ်"

"ဟုတ်ကဲ့"

"ဆလံဝါ ဦးဘောက်နော်ခေါ်ကွာ"

"ဟုတ်ကဲ့"

တင်မြတ် ဆလံဝါဦးဘောက်နော်အား သွားခေါ်၏။ တင်မြတ်သည် တလေးတစားပင် ခေါ်ခဲ့သည့်အတွက် ဆလံဝါဦးဘောက်နော်လည်း သူ့အား လေးစားသည့်အတွက် ဂုဏ်ယူသကဲ့သို့ တင်မြတ်၏ အပြုအမူ ကျွန်တော်တို့၏လေးစားမှုကို တန်ပြန်၍ သူကလည်းတလေးတစားချက်ချင်းပင် လိုက်လာပြီးကျွန်တော်တို့နှင့်ဝိုင်းဖွဲ့ပါ၏။

"ဆလံဝါ"

"ပြောပါဆရာကြီး"

"ကျွန်တော်တို့ပတ်ဝန်းကျင်ကို မမှောင်ခင် ရှင်းချင်တယ်"

"ကောင်းတာပေါ့ ဆရာကြီး"

"ဒီလိုလေ ဒီပတ်ဝန်းကျင်မှာပေါ့ဗျာ၊ ဘယ်နေရာ အရှေ့ဘက်ဆိုပါတော့၊ အဲ့ဒီမှာ ဘာပင်ကြီးတွေ ရှိတယ်၊ ဘယ်လောက်ဝေးတယ်၊ အနောက်ဘက်မှာ ဘယ်လိုချုံတို့၊ သစ်ငုတ်တို့ ကျောက်တောင်တို့ ရှိတယ် ဆိုတာပေါ့၊ ဟောဟိုတောင်ဘက်မှာ ရေချောင်းနဲ့ မြောက်ဘက်ကျောက်တောင်နဲ့ ရေတံခွန်၊ အဲဒီရေတံခွန်ရဲ့ နောက်ဘေးနားမှာ ဆလံ

www.burmeseclassic.com


ဝါပြောတဲ့ ကျောက်ဂူ စတာတွေ သိထားချင်လို့ ကြိုတင်ပြီး မှတ်သား လေ့လာရအောင် ဆလံဝါ"

"ဟုတ်ကဲ့ ဆရာကြီး ကျွန်တော် အကုန် လိုက်ပြပေးမှာပါ"

"နောက်တစ်ခုက ရွာသားတွေကော ဒီနယ်မြေ ရောက်ဖူးကြသလားဆိုတာလည်း ကျွန်တော်တို့ သိချင်ပါတယ်"

"ဆရာကျော် ဦးမရှုဂမ်ပါခေါ်ရင် ကောင်းမယ်"

"အေး... ခေါ်ကွာ"

မိုးကျော်အောင်သည် ပွတ်ချွမ်းဆေးလိပ်သောက်နေသော မရှုက တောင်ရွာမှ ဒုဝါမရှုနော်၏ သား ဦးမရှုဂမ်ကိုပါခေါ်ခဲ့သည်။ ပွတ်ချွမ်း ဆိုသည့် ဆေးလိပ်မှာ တခြားမဟုတ်ပါ။ ဘာဂျီနီးယားဆေးရွက်ကြီး တွေအား စီးကရက်ထဲမှာပါသည့်ဆေးအတိုင်း စက်ဖြင့်လှီးထားပြီး လက်သုံးလုံးခန့်စက္ကူလေးတွေ၊ စက္ကူမှာ စီးကရက်စက္ကူလောက်တော့ မချောပါ။ ထိုစက္ကူကဲ့သို့ပင် ဖြတ်ပြီး စာအုပ်ကလေးသဖွယ် ထိပ်တွင် ကော်ကလေးတွေ မထိတထိ သုတ်ထားပြီး အရွက်အစိတ်မှ ငါးဆယ်အ ထိ ဆေးလိပ် လိပ်သောက်ရန် တရုတ်ပြည်မှလာသည့်စက္ကူ၊ ဆေးတို့ အား အလွယ်တကူ လွယ်အိတ်ထဲ သို့မဟုတ် မိမိအကျႌအိတ်ထဲတွင် ထည့်ထားရန်ရသည့်အတွက် လိုအပ်ပါက သောက်ချင်သည့်အခါ စက္ကူတစ်ရွက်ပေါ် ဆေးမြင်လေးတွေထည့်ပြီး လက်ဝါးနှင့်ပွတ်လိုက်ရာ ဖင်ဆီခံမရှိသော်လည်း ဖင်ပိုင်းမှာသေးပြီး မီးညှိသည့်ဘက် ခေါင်းပိုင်း အား ခပ်ကြီးကြီး ဆေးလိပ်တစ်လိပ်ဖြစ်သွားပါ၏။ မသိသူတွေဆိုပါက ကုလားတွေ သောက်သော မီလီဆိုသည့် ဖက်နှင့်လိပ်သည့်ဆေးလိပ်ပုံ သဏ္ဌာန် အလွယ်တကူသောက်နိုင်သော ဆေးလိပ်ဖြစ်ပါ၏။ ထိုဘာဂျီ


www.burmeseclassic.com

www.burmeseclassic.com

နီးယား ဆေးမြင်လေးတွေအား ဗန်းမော်၊ မိုးကောက်၊ မံစီ၊ ရွှေမြို့ပေါ်မှအစ တောင်ပေါ်ငါးရက်ဈေးတို့တွင် တော်တော်အရောင်းသွက်ပါ၏။ လွယ်လင့်တကူ ဝယ်ယူရရှိသည့်အတွက် အဆင်ပြေပြီ သယ်ယူရန် မခက်ခဲပါ။ ဆေးကို တစ်ဆယ်သားဆိုပါက တစ်ထုပ်ကြီး၊ ငါးကျပ်သားဝင် တော်တော်သုံးရ၏။ တစ်ခါသောက်ရန် အလွန်အဆင်ပြေသော ထိုဆေးလိပ်အား ပွတ်ချွမ်းဟု အမည်နာမတွင်ကြ၊ ခေါ်ကြ၏။

"ဒူဝါကြီးရဲ့သား ဒူဝါလေးဦးမရှုဂမ်ရေ၊ ကျွန်တော်တို့ ပတ်ဝန်းကျင်လျှောက်ကြည့်ချင်လို့ လိုက်ခဲ့ပါလား ဝေးဝေးမသွားပါဘူး"

"ဟုတ်... လိုက်ပေးရမှာပေါ့၊ ဆရာကြီး"

"ဩော်... ဦးမရှုဂမ်ကော ရောက်ဖူးလား၊ ဒီနေရာတွေ ပြောတာနော်"

"ရောက်ဖူးတာပေါ့ ဆရာကြီး၊ ကျွန်တော့် တောင်ယာက ရေတံခွန်ဆားကနေ သွားရင်ရောက်တာပေါ့"

"ကျောက်ဂူဘက်လား"

"မဟုတ်ဘူး၊ ဟိုရေတံခွန်ကြီးရဲ့ဝဲဘက်ပေါ့၊ ရေတံခွန်တက်ရင်တော့ နည်းနည်းခက်တယ် တောင်ကြောပေါ်ကဆို လွယ်ပါတယ်"

"ဒါဆို ဟန်ကျတာပေါ့၊ မနက်ဖြန်စောစော ဦးမရှုဂမ်တို့ တောင်ယာဘက် သွားကြရအောင်"

"ဟုတ်ကဲ့ ကျွန်တော်လည်း ရည်ရွယ်ထားပါတယ်။ သွားကြတာပေါ့"

"ကဲ...ဒါဆို ဦးမရှုဂမ်လည်း လိုက်ခဲ့ဗျာ၊ ဆလံဝါရေ ရွှေသား နှစ်ယောက်ထဲ နေရဲမလား မေးကြည့်ပါလား"


www.burmeseclassic.com

www.burmeseclassic.com


"ဆရာကျော် ကျွန်တော်နေခဲ့မယ်လေ"

"အေး... ကောင်းတယ် မိုးကျော်နေခဲ့ကွာ"

ကျွန်တော်တို့လေးယောက် ခရီးထွက်ခဲ့ပါပြီ။ ခရီးဆိုသော်လည်း လှေလှော်ရေးခရီး၊ သားကောင်ပစ်ခတ်ရန် မရည်ရွယ်ပါ။ နေမဝင်ခင် အချိန်စောစောလေး လှော်လာပြီး နားကြရန်အတွက် မိုးကျော်အောင်နှင့် ရွာသားနှစ်ယောက် စခန်းစောင့်ထားခဲ့ပါသည်။

ပထမဆုံးရေတံခွန်ဘက် တက်၏။ အနီးအနားတွင်ရှိသော အပင်တွေ မှတ်သား၏။ နောက်ရေတံခွန်ပေါ်တက်ကြည့်စဉ် ဆလံဝါဦးဘောက်နော်မှ...

"ဆရာကြီး အကာအကွယ်ယူပြီး တက်နော်"

"ဘာဖြစ်လို့လဲ"

"ကျောက်ဂူဘက်က ဖြစ်နိုင်တယ် ဆရာကြီးရဲ့"

"ကောင်းပါပြီ၊ တင်မြတ်ကြားတယ်နော်"

"ဟုတ်ကဲ့၊ ဩော်. . .ဆလံဝါ ကျွန်တော်နဲ့နှစ်ယောက် ရှေ့က တက်ကြတာပေါ့"

"ဟုတ်. . . ဟုတ်"

ဆလံဝါဘောက်နော်သည် တင်မြတ်နှင့်ယှဉ်၍ ရေတံခွန်ဘေးတွင်ရှိသော ကျောက်တုံးများနှင့် အပင်ငယ်တို့အားဆွဲ၍ ခြုံတွေကို အကာအကွယ်ယူရင်း မခက်ခဲသော်လည်း သတိထား၍တက်နေကြစဉ် ရေတံခွန်၏ လေအမှုန်အမွှားတွေကြောင့် ရေညှိတက်နေသော ကျောက်တုံးများဖြစ်၍ တော်တော်လေး သတိထားရ၏။ ကျွန်တော်နှင့်ဦးမရှင်တို့လည်း သူတို့၏ လမ်းကြောင်းအတိုင်း ရေတံခွန်ဘေးရှိ ကျောက်တုံးကြီးတွေပေါ် အရောက်တက်ရပါသည်။

မြတ်ခြင်္သေ့ရောစာပေ

www.burmeseclassic.com

www.burmeseclassic.com

အပေါ်ရောက်၍ ခြံနှယ်ပိတ်ပေါင်းအကြားမှ ဦးဘောက်နော် ပြောသော ကျောက်ဂူဘက်သို့ ဂရုတစိုက်ကြည့်ပါသော်လည်း ဘာ ကောင်မှမတွေ့ရပါ၊ တစ်ခုတော့ ရှိသည် ကျွန်တော်တို့ သိထားသည့် အတိုင်း ဝက်ဝံသည် ညဥ့်မှထွက်တတ်သော သတ္တဝါတွေ တစ်နေ့လုံး အိပ်တတ်သကဲ့သို့ တစ်ညဥ့်လုံးလည်း အစာရှာတတ်ပြီး လုည့်လည် ဆော့ကစားကျက်စားသည့်အပြင် ကျေးရွာတွေ ဝင်ရောက်တတ်သည်သာ။

တစ်ခါတစ်ရံလည်း နံနက်စောစော တောင်ယာလာသူတွေအား ခြောက်လှန့်တိုက်ခိုက်၏။ တဖန် ညနေတောင်ယာမှအပြန်တွင်လည်း ရန်ပြုတတ်သည်ကို ကျွန်တော်တို့သိထားသကဲ့သို့ ရွာသားတွေလည်း တော်တော်များများသိထားကြသည်။ ရွာသားများသည် ယောကျ်ား မိန်းမ မဟူ လက်သုံးတော် ကချင်ဓားကိုယ်စီပါကြ၏။ ထိုဓားသည် တောဝက်၊ ဝက်ဝံ၊ ကျား၊ ကျားသစ်အစရှိသော သတ္တဝါတွေနှင့် တွေ့ပြီး ရန်ပြုပါကလည်း အသုံးပြု၏။ တစ်ဖန်ဓားပါသည့်အတွက်, ချုံနွယ် ပိတ်ပေါင်းအား ခုတ်ထွင်ရန် သွားရေးလာရေးအတွက် အထောက်အကူ ပြုသဖြင့် လူတိုင်း ဓားတစ်ချောင်းကောင်းကောင်းပါကြ၏။

"ဆလံဝါ ဘာကောင်မှ မတွေ့သေးဘူး"

"ဟုတ်ကဲ့၊ ကျွန်တော်သိသလောက်တော့ ကျောက်ဂူမှာ ရှိကိုရှိ မယ်ဗျ"

"နောက်တစ်ခုက ဝက်ဝံဟာ အပင်ကြီးတွေပေါ်မှာ နေတတ်ကြ တယ်၊ အသိုက်ကိုလည်း အပင်ကြီးတွေပေါ်မှာ လုပ်တယ်ဆိုတာ သိရ တယ် ဆလံဝါ"

"ဟုတ်တယ် ဆရာကြီး၊ အပင်ပေါ်မှာလည်း နေကြတယ်"


www.burmeseclassic.com

www.burmeseclassic.com


ခေတ္တခဏစောင့်ကြည့်ပါသော်လည်း မထူးသဖြင့် ရေတံခွန်ကျောက်တောင်ပေါ်မှ ပြန်ဆင်းခဲ့ပါ၏။ တဖန် ချောင်းဘေးလျှောက်ကြည့်ပြီး တောင်စောင်းအတိုင်း ဖြတ်တက်လိုက်၏။ တောင်စောင်းပေါ်ရောက်တော့ ကျွန်တော်တို့ တစ်ပတ်ခန့်က တောင်ဆင်းသည့် တောင်၏ကျောရိုးတောင်ထိပ်ကိုမြင်ရပါ၏။ ထိုမှတဖန် ကျွန်တော်တို့ စခန်းချသည့်ဘေးသို့ ကွေ့မှဆင်းခဲ့ပြီး နောက်စခန်းချရာသို့ ပြန်ရောက်ပါသည်။

"ဆရာကျော်"

"အေး"

"ဘာထူးလဲ"

"မထူးပါဘူး"

"ဆရာကြီးတို့ ကျွန်တော် စကားနည်းနည်း ပြောချင်ပါတယ်"

"ဟုတ်ကဲ့ ပြောပါ"

ရှာသားတစ်ယောက်မှ ကျွန်တော်တို့အား ရင်းနှီးစွာ ပြုံးပြီး သူပြောချင်သောစကားအတွက် ပြောခွင့်တောင်းခဲ့လာသည့်အတွက် ကျွန်တော်က ခွင့်ပြုလိုက်သည်။

"ဒီလိုပါဆရာကြီး၊ စောစောက ပုပ်ဒွမ်ငှက်အော်သံကြားတယ် ဆရာကြီး"

"ပုပ်ဒွမ်ငှက် အော်သံဟုတ်လား"

"ဟုတ်ကဲ့ပါ၊ အဲဒီပုပ်ဒွမ်ငှက်အော်တာက တခြားမဟုတ်ပါဘူး၊ ကျွန်တော်တို့တိုင်းရင်းသားတွေကို သတိပေးတာပါ"

"ဗျာ"

"စော်ဂျာ၊ ငါရှင်းပြမယ်နော့"

"အေး... အေး"


www.burmeseclassic.com

"ဒီလိုပါ ဆရာကြီး၊ သူပြောတဲ့ငှက်အော်သံဟာ ဟိုတောင်ယာလုပ်သူတွေ စပါးစိုက်သူတွေကို ပြောတဲ့သတိပေးတဲ့ ငှက်ပါ"

"ပြောပါဦး ဆလံဝါရယ်"

"ဟုတ်ကဲ့ပါ အဲဒီပုပ်ဒွမ်ငှက်အော်သံကြားရင် စပါးရိတ်ကြတော့လို့ ပြောတာပါ၊ စပါးရိတ်ချိန်ရောက်ပြီ၊ စပါးမှည့်ပြီပေါ့"

"ဩော်... ဟုတ်လား၊ အံ့ဩစရာပဲနော်"

"အင်း... ဆရာကြီးတို့မြို့တွေမှာတော့ လအလိုက်မှတ်ပြီး ရာသီအပြောင်းအလဲရှိတာသိသလို ကျွန်တော်တို့တောင်ပေါ်သားတွေကတော့ ငှက်သံတွေဟာ ရာသီအလိုက် လုပ်ဆောင်ရတဲ့ လုပ်ငန်းကိုဖော်ပြနေတာပေါ့"

"အေးဗျာ သိရတာဝမ်းသာလိုက်တာ၊ နောက်မှအေးအေးဆေးဆေး ရာသီအလိုက်ငှက်တွေအော်သံနဲ့လိုက်ပြီး လုပ်ဆောင်ကြတာတွေ ပြောပြပါနော်"

"စိတ်ချပါ ဆရာကြီး၊ ပြောပြရမှာပေါ့"

ကျွန်တော်တို့စကားကောင်းနေ၏။ သို့သော် အမှောင်ဘက်သန်းလာသည်နှင့်အမျှ တောကြက်သံတွေလည်း ကြားရ၏။ မျောက်အုပ်အူသံ ခပ်သဲ့သဲ့လည်း ကြားပါပြီ။ သို့အတွက် အရက်သောက်ရင်း ထမင်းစားရန်အတွက် မိုးကျော်အောင်မှ...

"ဆရာကျော် ထမင်းစားကြစို့"

"ဟုတ်တယ် အရက်သောက်ရင်း ထမင်းစားကြတာပေါ့ ဆရာကြီး"

"ဟုတ်ကဲ့ပါ"

"မိုးကျော်နဲ့တင်မြတ် အရက်နဲ့အမြည်းလုပ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com


"ဆရာတို့ ကျွန်တော် အမဲခြောက်တွေပါတယ်"

"ကျွန်တော်တို့ အမဲခြောက် ဖုတ်ထားပြီးပါပြီ"

"ကောင်းတာပေါ့ဗျာ၊ ကဲ... သောက်ကြစို့"

ကျွန်တော်ကပင် အရက်ဝိုင်း စလိုက်သည်။ မိုးကျော်နှင့်ကျန်ခဲ့ လုံဂျာရွာသားနှစ်ယောက်ခုတ်ထားသည့် ဝါးဆစ်ဘူးလေးတွေနှင့် ရက်သောက်ကြ၏။ ထို့နောက် ထမင်းအား ငှက်ပျောရွက်ခင်းပြီး ကြရာဝယ် ကချင်ထောင်း, မထောင်းထားသည့်ငရုပ်သီးစိမ်းနှင့် ဆား နှောပြီး ထောင်း၏။ ကျွန်တော်တို့ထံမှ ငါးသေတ္တာဘူးဖောက်ပြီး ဘာလချောင်ကြော်ဘူးထဲမှ ဘာလချောင်ကြော်တွေ ဝေမျှစားလိုက်ကြ သည်။ ထမင်းစားပြီးသည်နှင့် ရွာသားတွေ မီးဖို၏။ တောထဲတောင် တွင် မီးမဖိုလို့ မဖြစ်၊ စခန်းချလျှင် မီးဖိုရသည်သာ။

မီးဖိုထားမှသာလျှင် ကျား၊ ဆင်စသည့်သတ္တဝါကြီးတွေ မလာရဲ ။ သို့အတွက် ဘယ်အရပ် ဘယ်ဒေသဖြစ်ဖြစ် ကျွန်တော်တို့ရွာသား နှင့် တောပစ်ထွက်တိုင်း မီးဖိုကြစမြဲ ကျွန်တော်တို့သုံးယောက်ဆို င်တော့ အရေးမကြီး လိုအပ်မှ ဖို၏။ မလိုအပ်ဘူးထင်လျှင် လုံးဝမီး ပါ။ လက်နှိပ်ဓာတ်မီးနှင့်သေနတ်ကို အားကိုး၏။ သုံးယောက်စလုံး ပ်မနေ သားကောင်ပစ်ရန်နှင့် ကြုံတွေ့သမျှ အန္တရာယ် သုံးယောက် င်း ရှင်းကြစမြဲပင် ယခုရွာသားတွေပါ၍ မီးဖိုခြင်းသည် ရွာသားတွေ တွက် အန္တရာယ်ကင်းစေသော်လည်း ကျွန်တော်တို့သုံးယောက်အတွက် ခတ်ရန် သားကောင်ရှာရန်ခက်၏။ သို့သော် ကျွန်တော်အလေး အား ပထမဆုံး ဝက်ဝံကြီးနှစ်ကောင်အား ရှာပစ်ရန်အတွက် အဓိက ားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဝက်ဝံကြီးနှစ်ကောင် တစ်ကောင်က နားတစ်ဖက်မရှိသကဲ့
နောက်တစ်ကောင်မှာ နားရွက်နှစ်ဖက်အကြား ဦးခေါင်းအရေခွံ မရှိသေ
ဝက်ဝံကြီးနှစ်ကောင်ဖြစ်၍ မှားစရာ မလိုပါ၊ တခြားဝက်ဝံတွေ တွေ့
က ရှောင်ရှားရန် လွယ်ကူမည်ဟု ထင်ရပါသော်လည်း အခက်အခဲတော့
ရှိနေသည်။ ထိုအခက်အခဲကို တင်မြတ်က စတင်လိုက်သည်။

“ဆရာကျော်”

“ဘာတုန်း...တင်မြတ်”

“ဝက်ဝံကြီးနှစ်ကောင်ပစ်ဖို့ ကျွန်တော် စဉ်းစားကြည့်တော့
ဘက်ဆို တော်သေးတယ်၊ ညပိုင်းဘယ်လို ပစ်မလဲ”

“တင်မြတ်ရာ၊ ညပိုင်းတွေ့တော့ ဟောဒီသေနတ်နဲ့ ဒိုင်းက
ပစ်မှာပေါ့ကွ”

“ခွေးကောင် တော်တော်အတယ်၊ ဆလံဝါတို့ပြောတယ်မဟုတ်
လား၊ နားရွက်တစ်ဖက်ပြတ်တဲ့အကောင်နဲ့ ထိပ်မှာအမာရွတ်ရှိ
အကောင်လေ”

“အေးလေ”

“မိုးကျော် ငါပြောတာက ညပိုင်းဆို အဲဒီအမှတ်အသားတွေ
မြင်ရပါ့မလားဆိုတာ စဉ်းစားကြည့်”

“အေး... ဟုတ်တော့ဟုတ်တယ်၊ ညပိုင်းဘယ်လိုလုပ်မလဲ”

တင်မြတ်ပြောတာနှင့် မိုးကျော်အောင်ပြောတာတွေ မှန်နေသည်
သို့အတွက် ကျွန်တော်စဉ်းစားကြည့်ပြီး အသိတစ်ခုတော့ တိုးဝင်လာ
၏။ ထိုအသိမှာ အနီးစပ်ဆုံးသော အသိသာဖြစ်ပါ၏။


www.burmeseclassic.com

www.burmeseclassic.com



"အေး တို့ဝက်ဝံတွေ့ရင် နေ့ဘက်အရေးမကြီးဘူးနော်၊ ညဘက်တော့ တော်တော်ခက်မယ်၊ ဒီတော့ လက်နှိပ်ဓာတ်မီးနဲ့ပဲ အသုံးချရမှာပဲ"

"လက်နှိပ်ဓာတ်မီးဆိုလည်း တော်တော်လေးဂရုစိုက်ရမယ်ဗျာကျော်၊ နားရွက်ပြတ်တဲ့အကောင်ကို မြင်နိုင်တယ်ပဲထား၊ အမာတော့ သိပ်မလွယ်ဘူးထင်တယ် စဉ်းစားကြပါဦး"

"ဟုတ်တော့ဟုတ်တယ်၊ ဒီလိုလုပ်ကြတာပေါ့ တင်မြတ်နဲ့ဆရာတို့ ညပိုင်းထက် ကျွန်တော်တို့ နေ့ပိုင်းထွက်ရှာကြရင် ကောင်းမလား"

"အေး... ဟုတ်တယ်၊ ဆရာကျော်"

"ဆရာကျော်... ဘယ်လိုသဘောရလဲ"

"အေးကွ အကောင်းဆုံးက နေ့ဘက် ဒီတော့ တို့ကျောက်ဂူတော်ဝင်မှဖြစ်မယ်"

"ဟုတ်တယ် ဝင်သင့်တာပေါ့"

"ကဲ...ဒီညတော့ ရှိပါစေတော့ အခြေအနေကြည့်ပြီး ငါစ်ဘက်အိပ် နှစ်ယောက်စောင့်တာပေါ့"

"ဟုတ်တယ်"

သုံးယောက်သား တိုင်ပင်ပြီးနောက် တင်မြတ်အား အိပ်ခိုင်းလိုက်ဦးမရှုဂမ်နှင့် ရွာသားနှစ်ယောက်အိပ်ကြသည်။ ဆလံဝါဦးဘောက်သည် ကျွန်တော်တို့နှစ်ယောက်နှင့်အတူ မီးပုံဘေးတွင် မီးလှုံရင်းနေသည်။ ကျွန်တော်တို့ ညနေက တောင်ထိပ်ပေါ်မှ ရေဝင်ခွန်အငွေ့လာပြီးပါပြီ။ ဝက်ဝံနှစ်ကောင်အကြောင်းလောက်သာ အငွေ့ထား



www.burmeseclassic.com

www.burmeseclassic.com


ကြရာမှ ခြေရာတစ်တောင်အား သတိမေ့သလိုဖြစ်နေရာမှ ကျွန်တော် အတွေးထဲသို့ ညဦးနက်သည်နှင့်အမျှ တိုးဝင်လာသည်။ သို့သော် ကျွန်တော်ဘာမှ မပြောတော့ပါ။ မေ့ချင်ယောင်ဆောင်နေလိုက်သည်။

မိုးကျော်အောင်သည် အင်မတန်အကင်းပါး၏။ သူလည်း သတိရမည်သာ မိုးကျော်အောင်သည် ဂါထာတွေအား ပြောင်းပြန်ပြန်ရွတ်နိုင်သော ဘုန်းကြီးကျောင်းသား သရဲအကြောင်း သူ မပြောပါ။ တစ္ဆေဆိုလည်း အလေးမထားသူ သို့သော် တောင်တန်းကြီးတွေပေါ်ဝယ် သူတော်ကောင်းကြီးတွေအကြောင်း အမြဲသတိထားလေ့လာ၏။ ဆည်းပူး၏။ ရှိသေ၏။ သို့အတွက် သူတော်ကောင်းကြီးဆိုသော စကားကို သူ မမေ့နိုင်သည့်အပြင် တစ်တောင်ခန့်ရှိသောခြေရာကြီးအား ကောင်းစွာ တွေ့ထားသည့်အပြင် မီးတုတ်လည်း ကျွန်တော်တို့သုံးယောက် မီးငြိမ်းသတ်ခဲ့ရသည်ကို မေ့မည်မဟုတ်ပါ။

ဆယ့်နှစ်နာရီထိုးတော့ ကျွန်တော်အိပ်၏။ မိုးကျော်အောင်နှင့် တင်မြတ်ဆက်လက်တာဝန်ယူကြပြီး နှစ်နာရီကျော်လျှင် ကျွန်တော့်အားနှိုးမည်ကိုသိထားသော်လည်း ကျွန်တော်၏အလေ့အကျင့်အတိုင်း ခေါင်းချလျှင် အိပ်ပျော်အောင် အလေ့အကျင့်လုပ်ထားသည်။ ခေါင်းချသည်နှင့် မည်သည့်အရာကိုမှ မတွေးတော့၊ စိတ်ထဲ ကြည်ကြည်လင်လင်ဖြစ်စေပြီး စိတ်လွှတ် ကိုယ်လွှတ် လွှတ်ထားခြင်းသည် လေထဲတွင် လွင့်ပါနေသကဲ့သို့ ပေါ့ပါးပြီး အိပ်ပျော်သွားသည်သာ။

"ဝေါင်း"

"ဝေါင်း" ဩ

"ဝေါင်း"


www.burmeseclassic.com

www.burmeseclassic.com


"အူဝူး"

"အူဝူး... အူဝူး... အူဝူး"

ညဦးနက်လာသည်တွင် တောမုဆိုးကျားကြီးတစ်ကောင်သည် ရေတံခွန်အထက်ဘက်မှ ဟိန်းနေ၏၊ တော်တော်ဝေးပါ၏၊ ဟိန်းသံမှာ တော်တော်ဝေးသော်လည်း ညဦးအခါဖြစ်၍ကြားရပါသည်။ ထိုကျားဟိန်းသံဆုံးသည်နှင့် ကျောက်ဂူဘက်မှ တောခွေးအုပ်သံကို ကြားရပြန်ပါ၏။ ထိုတောခွေးအုပ်သံမှာ သိပ်တော့မဝေး။ ဝက်ဝံကြီးတွေ့ရှိသောကျောက်ဂူဘက်မှဖြစ်မည်။ သို့သော် ကျောက်ဂူဘယ်၍ ဘယ်မျှရှိသည် မသိရပါ။ သူတို့အူသံအချို့မှ ကျောက်ဂူ၏လှိုဏ်သံပါနေသည်။

တောခွေးဆိုသောသတ္တဝါသည် ကျားကိုလည်း အမှီသဟဲပြု၏။ သို့သော် ထိုကျားကိုလည်း ပြန်ရန်မူတတ်သည်။ အုပ်ကောင်းလျှင် တစ်ခါတစ်ရံ ကျားနှင့်တိုက်ခိုက်မှုမျိုး ကြုံဖူးသည်။ ကျားတစ်ကောင်မှ တောခွေးပေါက်ကလေးတွေ သတ်ဖြတ်စားသောကစဉ် ခွေးမကြီးမှ ထိုကျားအား ပြန်ကိုက်၏။ နောက်ထပ်တောခွေးတွေ ဝိုင်းကိုက်ရင်းမှ နောက်ဆုံးခွေးတွေ၏ အနိုင်ရရှိမှုကြောင့် ကျားသေဆုံးရသည်ကို မြင်ဖူး၏။

"ကဲ... မိုးကျော်အိပ်တော့"

"ဟုတ်ကဲ့"

"ဘာမှမထူးပါဘူး"

"အင်း... အထက်ဘက်က တောမုဆိုးဟိန်းတယ်၊ တောခွေးသံကြားတယ် ဆရာကျော်"

"တော်တော်ဝေးလား"


www.burmeseclassic.com

www.burmeseclassic.com

"တောမှဆိုးသံကတော့ ရေတံခွန်အထက် တော်တော်ဝေးတယ်၊ အဲ တောခွေးတွေကတော့ သိပ်မဝေးလှဘူး၊ ကျောက်ဂူဘက်ကလို့ ထင်တယ်"

"အေး... ကဲ အိပ်တော့"

"ဩော်... ဆလံဝါကြီးအိပ်တော့လေ"

"ဟုတ်ကဲ့... မရှုဂမ် ထ ထ၊ ဆရာကြီးတို့နဲ့နေလေ"

"အို... ဆလံဝါ အိပ်ပါစေ"

"မဟုတ်တာ ဆရာကြီးရယ်"

ဆလံဝါဦးဘောက်နော်နှင့် ဦးမရှုဂမ်တို့ ညှိနှိုင်းထားသည်ကို ကျွန်တော်မသိပါ။ ဦးမရှုဂမ်ထတော့မှ ဆလံဝါဦးဘောက်နော် စိတ်ချလက်ချအိပ်ပါပြီ။ ကျွန်တော့်လည်း ဘာမျှမပြောတော့ပါ။ ကျွန်တော်တို့အနားမှာ ရှာသားတစ်ယောက်ရှိနေခြင်းသည် အကောင်းဆုံးပင်၊ အကြောင်းမှာ တစ်စုံတစ်ခု ထူးခြားပါက ရှာသားတစ်ယောက်ရှိနေခြင်း အတွက်အလွန်ကောင်း၏။ အထောက်အထားဖြစ်၏။

မိုးလင်းတော့မည်။ တောထဲမှာ ဘာသံမှမကြားရ၊ ဝက်ဝံကြီးတွေ မီးရောင်မြင်၍မလာသည်လားဟု တွေးမိ၏။ တောမှဆိုးကျားလည်း မတွေ့ တောခွေးသံလည်း မကြားရတော့ သူတို့တွေ ဘယ်မှာအစာရှာသနည်းဟု တွေးမိ၏။ မနက်စာအတွက် မနက်စောစော ချေတစ်ကောင်လောက်တော့ရမှဖြစ်မည်၊ ရက်ကနည်းနည်း ရှည်ချင်ရှည်နေမည်မို့ ချေတစ်ကောင် သို့မဟုတ် ဒရယ်တစ်ကောင်တော့ ရမှဖြစ်မယ်။

"တင်မြတ်ရေ"

"ဗျာ"


www.burmeseclassic.com

www.burmeseclassic.com 

"ချေကြီးတော့ တစ်ဆယ်နော်၊ ဒရယ်ကြီးတော့ အစိတ်မဟုတ်လား"

"ဟုတ်တယ် မိုးလင်းရင် တစ်ကောင်ကောင်တော့ ပစ်ရမှဖြစ်မယ်"

"အေး.. .ဟုတ်တယ်"

"ဆရာကြီး"

"ဗျာ"

"ကျွန်တော်တို့ မိုးလင်းရင် ဟောဟို ချောင်းမှာ ငါးရှာမယ်လေ"

"အင်း... ကောင်းပါတယ်၊ ငါးရှာနေတုန်း ဝက်ဝံလည်း ရှာရမယ်ဗျ"

တင်မြတ်က ပြောသည်။ ရွာသားတွေအတွက် ဝက်ဝံကြီးနှစ်ကောင်အကြောင်း သတိပေးလိုက်ခြင်းဖြစ်၏။ ငါးရှာတာထက် ဝက်ဝံအရေးကြီးကြောင်း အသိပေးလိုက်သည်။ ရွာသားတွေ သတိရပြီး ရွာသားတစ်ယောက်မှ...

"အင်း... မတော်တဆ ဝက်ဝံကြီးတွေ ရွာဘက်များ သွားရင်တော့ဒုက္ခပဲ"

"ရွာသားတွေ သတိဝီရိယရှိနေကြပါတယ်ဗျာ"

"ဒါပဲလိုချင်တယ် ဆရာကြီး"

ရွာသားတစ်ယောက်စကားက မှန်နိုင်သည်။ မတော်တဆ ရွာသားတွေအလစ်အငိုက်ဆိုရင်တော့ ခက်ရချည်ရဲ့ဟု ကျွန်တော်တွေးနေစဉ်မှာပင်...

"ဝေါင်း... ဝေါင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကျားသံပဲ"

"တင်မြတ် တော်တော်နီးတယ်"

"ဟုတ်တယ်... ဆရာကျော်"

"အေး... သိပ်တော့ မစိုးရိမ်ပါနဲ့၊ မီးရောင်မြင်ရင်တော့ အနားကပ်ရဲမှာ မဟုတ်ပါဘူး"

"ဝေါင်း . . . ဝေါင်း . . . ဝေါင်း"

"ဟောဗျ ရှေ့တိုးလာတဲ့ အသံပဲဗျ"

"ဝေါင်း . . . ဝေါင်း . . . ဝေါင်း"

ကျွန်တော်တို့အားလုံး အံ့သြသွားစေပါသည်။ အကြောင်းမှာ တောမုဆိုးကျားကြီးသည် ကျွန်တော်တို့မီးဖိုကြီးနှစ်ပုံကိုမြင်ပါလျက် ရှေ့အတင်းတိုးလာနေသည်။ ကျွန်တော်တို့ရှာတာ ဝက်ဝံကြီးနှစ်ကောင်၊ နောက်သိချင်တာက တစ်တောင်ခန့်ခြေရာအကြောင်း တောမုဆိုးကျားကြီးအကြောင်း မသိချင် မတွေ့ချင်ပါ။ မတွေ့ချင်သော တောမုဆိုးမှ လူမုဆိုးတို့ထံ အတင်းတိုးလာသည်။

"ဟာ... ဒီကောင်ကြီး အတင့်ရဲလှချည်လားကွ"

"ဘာဖြစ်တာလဲ၊ ဘာကြောင့်ရန်မူရတာလဲ"

ပထမအသံတွေကြားနေရာမှ ချုံတစ်ခုအနားမှနေပြီး ကျောက်တုံးပေါ်တက်ပြီး ကျွန်တော်တို့ရှေ့ချုံငယ်တစ်ခုဘေး ခန့်အဆင်း၊ ချုံငယ်နှင့်ထိတွေ့သည့် ဝုန်းဟူသောအသံမှာ တော်တော်ကျယ်၏။ အသံကျယ်သည်မှာ တောမုဆိုးကျားကြီးကိုယ်တိုင်ကလည်း တော်တော့ကိုကြီးနေ၏၊ ကျွန်တော်တို့တွေ့ခဲ့ဖူးသော ကျားများအနက် ယခုတွေ့ရသော ကျားကြီးမှာ တော်တော့်ကိုကြီးပြီး ဝဖီးနေသောကျားကြီး ဖိုလင်းပိုင်း



www.burmeseclassic.com

www.burmeseclassic.com


ထွက်သောကျားကြီး အစာဆာနေသည်လား၊ ကျားဆိုသော သတ္တဝါသည် အစာမစားဘဲ သုံးလေးရက်ခန့်နေနိုင်သော သတ္တဝါဖြစ်၏။

"ဝူး... ဝူး"

"ဟာ... တောဆင်လားပဲ"

"ဖြောင်း... ဘုန်း"

"ဝူး... ဝူး"

"ဝေါင်း... ဝေါင်း... ဝေါင်း"

"ဆရာကျော် ဘာဖြစ်တာလဲ"

"အေး... တောမှဆိုးကျားကြီးလေ ဟိုမှာကွ၊ နောက်တစ်ကောင်ကတော့ ဆင်"

"ဟင်...တောဆင်ဘယ်မှာလဲ"

"မမြင်ရသေးဘူး ကိစ္စမရှိဘူး၊ မိုးကျော် မင်းရှာသားတွေ ထိန်းထား"

"ဟုတ်ကဲ့"

"ရှာသားတွေ တစ်ယောက်မှ ထွက်မပြေးနဲ့၊ ကျွန်တော်တို့ရှိတယ်"

ကျွန်တော် ရှာသားတွေထွက်ပြေးမှာ စိုးရိမ်သွားသည်။ ကျွန်တော် တွေ့ကြုံဖူးသမျှ ဒီလောက်အကျပ်အတည်းမကြုံမိပါ။ အဘယ့်ကြောင့်ဆိုသော် တောဆင်ဝင်ရောက်လာခြင်းအတွက် ဖြစ်ပါ၏။ တောဆင် လိုက်၍ပြေးခဲ့ဖူးသည်။ ခုဟာက တောမှဆိုးကျားနှင့်အတူ တောဆင်ပါလာသဖြင့် မတော်တဆ ရှာသားတွေထွက်ပြေးပါက ကားစာဖြစ်မလား ဆင်နှင့်အန္တရာယ်ကြုံရမည်လားမသိ။


www.burmeseclassic.com

www.burmeseclassic.com



"ရှူး... ရှူး... ဘုန်း"

"ဖြောင်း... ဘုန်း"

"ရှူး... ရှူး... ရှူး"

တောဆင်ကြီးမှာ တစ်ကောင်တည်းဖြစ်ပြီး ခြုံတွေအား နှာမောင်းနှင့်ရိုက်သံကြားရပြီး သစ်ပင်ငယ်တွေ ဆွဲချိုးသံ၊ ဒေါသထွက်နေသော အော်ဟစ်သံအပြင် ခြုံတွေအား နင်းခြေသံတွေကြားရသည့်အတွက် အကောင်မမြင်ရသေးသော်လည်း နေရာကို ခန့်မှန်းကြည့်ခြင်းအားဖြင့် ပေတစ်ရာမရှိတော့ပါ။ အန္တရာယ်ဆိုးနှင့်တော့ ကြုံရပါပြီ လူခုနစ်ယောက် ကျွန်တော်တို့သုံးယောက်အတွက် အရေးမကြီးလှသော်လည်း ရွာသားတွေအတွက် ကျွန်တော့်တာဝန်ဖြစ်ရပြီး အထက်ကအမှာအကြားရှိသည်မှာလည်း ဆင်မပစ်ရ၊ ခုတော့ တောဆင်နှင့်မှ တည့်တည့်တိုးနေပါပြီ။ ကျွန်တော်တို့က ရန်မမူ၊ တောဆင်နှင့် တောကျားတို့က ရန်မူနေကြ၏။

"တင်မြတ် တောမှုဆိုးကို မျက်ခြေအပျက်မခံစေနဲ့၊ ငါက ဆင်အတွက် တာဝန်ယူတယ် မိုးကျော်"

"ဟုတ်ကဲ့"

"ရွာသားတွေကို ကျောက်တောင်ဘေးမှာ ကပ်နေဖို့နဲ့ လိုအပ်ရင် ဒင်းစတွေနဲ့ ပစ်ရမယ်၊ ထင်းမီးဖိုဘေးမှာ အသင့်နေကြ"

"စိတ်ချပါဆရာကျော်၊ တောဆင်ကြီးဆိုတော့ ပစ်လို့မဖြစ်ဘူး"

"အေး ... ငါသိပါတယ်။ ဒီထက်ဆိုးရင်တော့ ပညာ ပေးရမှာပါကွ"

"ဝေါင်း... ဝေါင်း"



www.burmeseclassic.com

www.burmeseclassic.com


"ဆရာကျော် တောမုဆိုး ဟောဟိုခြုံထဲမှာ ရှိနေတယ်"

"ဆလံဝါ... ဆလံဝါလာဗျာ၊ ကျောက်ခဲနဲ့ ကျားရှိတဲ့ခြုံထဲပစ်ဗျာ"

"ဟုတ်ကဲ့"

ဆလံဝါဘောက်နော်သည် တော်တော်သတ္တိကောင်းသူ၊ အတွေ့အကြုံလည်းရှိထားပုံရ၏။ ကျွန်တော်စကားဆုံးသည်နှင့် ကျောက်တုံးတော်တော်ကြီးကြီး တစ်ခဲကောက်ကာ တောမုဆိုးကျားကြီးရှိနေသောခြုံထဲသို့ အားရပါးရလှမ်းအပစ် ကျောက်ခဲလုံးကြီးသည် တောမုဆိုးကြီးရှိသည့်ခြုံထဲသို့ ကျလိုက်သည်နှင့်–

"ဘုန်း"

"ဝုန်း"

"ဝေါင်း"

"ဒိုင်း... ဒိုင်း"

တောမုဆိုးကျားကြီးအား ကျောက်တုံးက ထိလိုက်သည်လားမသိ၊ တောမုဆိုးကျားကြီးသည် ဆလံဝါဘောက်နော်အား မြင်တွေ့ပြီးထိုခြုံထဲမှ ပြေးခုန်အုပ်လိုက်သည်တွင် တင်မြတ်၏ လျှပ်တပြက်ပစ်ခတ်လိုက်သည့် ကျည်ဆံနှစ်တောင့်သည် ချိန်သားမကိုက်နိုင် အမှောင်ထဲမှထွက်ပေါ်လာသည့် ကျားကြီးအား မှန်သော်လည်း ရှပ်သွားပုံပါ။ ဒီတွင်...

"ဝေါင်း... ဝေါင်း... ဝေါင်း"

"ဝုန်း... ဘုန်း"

"ဒိုင်း... ဒိုင်း"


www.burmeseclassic.com

www.burmeseclassic.com


“ဒိုင်း”

ကျွန်တော်ပင်လျှင် ဆင်ဆိုးကြီးဂရုစိုက်နေသည့်အကြားမှ လဲမကျဘဲ ဘေးသို့တိမ်းစောင်းကျသွားသည့် ကျားကြီးအား နှစ်ချက် ဆင့်ပစ်လိုက်ပြီးနောက် တင်မြတ်ထံမှ ကျည်ဆံတစ်တောင့် ထပ်မံထိ မှန်သွားပါပြီ။

“ဝေါင်း... ဝေါင်း... ဝူး”

“ဝုန်း... ဝေါင်း”

“ဝူး... ဝူး... ဝေါင်း”

“ဝုန်း... ဘုန်း... ဝူး”

“တင်မြတ် ထားလိုက်တော့”

“ဟုတ်ကဲ့ ကျွန်တော် အောက်ဘက်မှာ ဘာမှန်းမသိဘူး၊ တစ်ကောင်တွေ့တယ်”

“ဘယ်မှာလဲ”

“ချောင်းဘက် ဆင်းပြေးသွားတယ်”

“ဂရုစိုက်”

ကျွန်တော်နှင့် တင်မြတ်စကားပြောနေစဉ် တောဆင်ကြီး၏ အသံပျောက်သွားသည်မှာအမှန်ပင် ခြုံထဲပဲ ခိုကပ်နေသလား၊ တိုက်ခိုက်ရန်ပဲ ငြိမ်နေသလား သို့မဟုတ် သေနတ်သံတွေကြောင့် နောက်ဆုတ်သွားသည်လားမသိ လုံးဝတိတ်ဆိတ်သွားပါပြီ။

“ဒိုင်း”

“တင်မြတ်”

“ဟုတ်တယ် ဆရာကျော်၊ ချေတစ်ကောင်လို့ ထင်တယ်”


www.burmeseclassic.com

www.burmeseclassic.com 

"ပစ်ခတ်မှု ထိန်းထားလေ"

"ဟုတ်ကဲ့ပါ ဆရာကျော် ချေထင်တယ်၊ လဲသွားပြီနဲ့တူတယ်"

"ကျားကြီး သေပါပြီကွ၊ ဒါပေမယ့် ထားလိုက်ဦး"

"ဆရာကြီး ဆင်ကြီးအသံ ငြိမ်နေတာမကောင်းဘူး"

"ဟုတ်တယ်ဗျ... ကိစ္စမရှိပါဘူး မိုးလင်းလာပါပြီ"

"ဆရာကျော် ကျွန်တော် ဟိုကျောက်တုံးကြီးပေါ်တက်မယ်လို ရှင် မီးထိုးမယ်လေ"

"အေး... ကောင်းသားပဲ တင်မြတ် မိုးကျော်နေရာမှာ ယူထား၊ ဒါက ဟောဟိုအပင်ကြီးဘေးကပ်မယ်"

"ကောင်းတယ်"

မိုးကျော်အောင်သည် ကျွန်တော်တို့ရောက်ကာစမှစ၍ နေရာယူ ပြီး ထိုကျောက်တုံးကြီးမှာ ဆယ်ပေကျော်ကျော်မျှမြင့်ပြီး ကျွန်တော်တို့ အတွက် အကာအကွယ်သဖွယ်ရှိနေ၍ နေရာကောင်းခြင်းကြောင့် စခန်း ချခဲ့ခြင်းဖြစ်ပါ၏။ ထိုကျောက်တုံးအပေါ်သို့ ညနေစောင်းက မိုးကျော် အောင်တက်ကြည့်သည့်အတွက် ပတ်ဝန်းကျင်ကို သူသိထားသကဲ့သို့ တက်ရမည့်ကျောက်တုံးအနေအထားကိုလည်း ကောင်းစွာ သိထားပြီး ဖြစ်ပါသည်။ သို့အတွက် ကျောက်တုံးကြီးပေါ်သို့ သွက်သွက်လက် လက် တက်နေစဉ် တင်မြတ်အား မိုးကျော်အောင်နေရာယူခဲ့ရာတွင် တာဝန်ပေးပြီး ကျွန်တော်လည်း ဆယ်ပေကျော်ကျော်ခန့်တွင် ရှိနေသော အင်ပင်ကြီးနှစ်ပင်ဘေး ပြေးကပ်ပြီး နေရာယူလိုက်သည်။

မိုးကျော်အောင်အပေါ်ရောက်သွားသည်နှင့် ဆင်ကြီးအသံနား ဆောင်၏။ မကြားရပါ၊ တိတ်ဆိတ်နေဆဲ တောဆင်ကြီး အန္တရာယ်ပြု

www.burmeseclassic.com


တောမည်ဟု တွေးမိပြီး စောစောကအသံကြားရသည့် တောဆင်ကြီး နေရာမှန်းပြီး မီးထိုးလိုက်ပါ၏။

မိုးကျော်အောင် မီးထိုးသော်လည်း တောဆင်ကြီး၏ အရိပ်အရောင်ပင်မမြင်ရ၊ သစ်ရွက်သစ်ခက်လည်း မလှုပ်တော့။ တိတ်ဆိတ်ငြိမ်သက်နေဆဲ။ စောစောက သောင်းကျန်းနေသော၊ အော်ဟစ်ပြီး အပင်တွေချိုး ချုံတွေ ရိုက်နေသော တောဆင်ကြီး လုံးဝ ပျောက်နေပါပြီ။

ဆလံဝါဘောက်နော်ပြောသလိုပင် အသံငြိမ်နေပုံမှာ တစ်ခုခု လုပ်တော့မည့် လက္ခဏာပေါ်နေ၏။ ကျွန်တော်လည်း အင်ပင်ကြီးနှစ်ပင်အကြားမှ နေ၍ ခါးမှလက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သည်။ ဘာမှ မတွေ့။

"အူ... ဝူး"

"ဝုန်း... ဝုန်း... ဝုန်း"

"ခွီး... ခွီး... ဝုန်း"

မျောက်အုပ်သည် လန့်ပြီးတစ်ပင်မှတစ်ပင် ခုန်ကူးရင်း အော်ဟစ်ပြေးသံတွေအပြင် အလင်းရောင်ကြောင့် လှုပ်ရှားမှုတွေ မသဲမကွဲ တွေ့နေပါသည်။

"အောက်... အီ... အီး... အွတ်"

"ဖောက်... ဖောက်... ဖောက်... ဖောက်... အောက်... အီ... အီး... အွတ်"

အရဏ်တကျ၍ ကြက်တွေပင် တွန်နေကြသည်။ တောကြက်တွေ တွန်သောနေရာမှာ ကျွန်တော်တို့ရောက်ခဲ့သည့်ရေတံခွန်၏ တစ်ဖက်မှဖြစ်ပါ၏။ ကျွန်တော်တို့ စောစောကပစ်ခတ်မှုတွေ သူတို့ကြား


www.burmeseclassic.com

www.burmeseclassic.com


သော်လည်း ရေတံခွန်သံဖြင့် ကြောက်ရွံ့ပုံမရပါ။ ယခုတော့ မိုးလင်းပြီမို့ အစာရှာထွက်ရန် အုပ်စုလိုက်အသံတွေ တောင်ပံရိုက်သံတွေ ကြားနေရ၏။

"မိုးကျော်"

"ဗျာ"

"ဘာမှ မထူးဘူးနော်"

"ဟုတ်တယ်၊ ငြိမ်ချက်သားကောင်းနေတယ် ဆရာကျော်၊ အရိပ်အရောင်လည်း မတွေ့ရဘူး၊ ရှိတော့ရှိနေသေးတယ် ထင်တယ်"

"အေး... ဆက်သာ စောင့်တော့ကွာ၊ မိုးလည်း လင်းပါပြီ"

"တင်မြတ်ရေ"

"ဗျာ"

"အောက်ဘက်မှာ ဘာထူးလဲ"

"မကြားဘူး ဆရာကျော်၊ ချေလည်း သေပြီထင်ပါတယ်"

"တောမှဆိုးကော"

"သေနေပြီ"

"အင်း... မပစ်ချင်ဘဲ ပစ်ရတာ စိတ်မကောင်းပါဘူးကွာ"

ကျွန်တော် တောမှဆိုးအား သဘာဝအရဖြစ်၍ မပစ်ချင်ပါ။ သေတ်လိုပါ။ သို့သော်လည်း ခြောက်လှန့်မရသည့်အပြင် ထင်းပုံမီးချောင်ဖြင့် မြင်လိုက်ရသော ဆလံဝါဘောက်နော်အား ပြေးခုန်အုပ်လိုက်၍ ပစ်ခတ်ရာမှ တဖန် တင်မြတ်၏အမှောင်ထဲ မီးမထိုးဘဲပစ်ရ၍ ထိချက်မကောင်းသည်ကို ဒေါသဖြင့် တင်မြတ်အား ထပ်မံတိုက်ခိုက်ရာမှ ကျွန်တော်ပါ ပစ်ခတ်လိုက်ရသော အခြေအနေရောက်ခဲ့ရပါသည်။

+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+



www.burmeseclassic.com

www.burmeseclassic.com



ချုံဘေးတွင် သေနေသော တောမုဆိုးကျားကြီးအား ကောင်းစွာ တွေ့မြင်နေရသည့်အတွက် ကျွန်တော် စိတ်မကောင်းဖြစ်ရခြင်းပင် ဇာတ်တူသားမို့ ရှောင်ရှားပါသော်လည်း မရသည့်အတွက် ပစ်ခတ်ရ ခြင်းပင် မတတ်နိုင်တော့ပါ၊ ရှင်းစရာ ဒီတစ်နည်းပဲ ရှိပါ၏။

မိုးလင်းပါပြီ၊ တောထဲမှာ တိတ်ဆိတ်မှုတွေ ချုပ်ငြိမ်းပြီး တော ကြက်သံတွေအပြင် ကြက်တူရွေးအသံတွေမှာ ပိုကျယ်ပါ၏။ ကျွန် တော် ကြက်တူရွေးအုပ်အား လှမ်းကြည့်လိုက်သောအခါ သစ်ခြောက် ပင်ကြီးပေါ်ဝယ် အကောင်မြောက်များစွာ တွေ့ရ၏။ သူတို့၏အသိုက် အမြုံတွေရှိသော သစ်ခြောက်ပင်ကြီးပေါ်မှ မပျံကြသေး၊ တောကြက် တွေတော့ တရုန်းရုန်း တရုန်းရုန်း အုပ်လိုက် ပျံသွားကြပါပြီ။

"မိုးကျော်ရေ တောဆင် မရှိတော့ပါဘူးကွ"

"ဟုတ်တယ်... မရှိတော့ဘူး ထင်တယ်"

"အင်း... ဆင်ဆိုတဲ့သတ္တဝါဟာ တိုက်ခိုက်ရင်လည်း ကြောက်စ ရာပဲကွ၊ တိတ်ဆိတ်ပြီး ခြေသံမကြားရအောင် ရှောင်ရှားပြီဆိုရင်လည်း အံ့ဩစရာမှ တကယ့်ကို အံ့ဩစရာပဲ"

"ကျွန်တော်တို့ အဲဒီ တောဆင်ကြီးဘက် အရင်ရှင်းရအောင်"

"ရှင်းတာပေါ့၊ မိုးကျော် မင်းအပေါ်မှာပဲ အသင့်နေ၊ ငါနဲ့တင် မြတ် ရှင်းမယ်"

"စိတ်ချပါ"

"ကဲ... တင်မြတ်၊ မင်းက ဘယ်ဘက်ကထွက်၊ ငါက ညာဘက် ကထွက်မယ်"

"ဟုတ်ကဲ့ တွေ့ရင်"



www.burmeseclassic.com

www.burmeseclassic.com



"ရှောင်ပေါ့ကွာ၊ လွယ်ပါတယ်၊ အပင်ကြီးတွေ များပါတယ်ကွ"

"ဟုတ်ကဲ့ပါ"

"ကဲ... ထွက်"

ကျွန်တော် ပြောပြောဆိုဆို တင်မြတ်အား ထွက်ခိုင်းသကဲ့သို့ ကျွန်တော်သည်လည်း ညာဘက်မှထွက်လိုက်ပါ၏။ တစ်ယောက်နှင့်တစ်ယောက် ပေနှစ်ဆယ်ကျော်မျှသာ ခွာပြီး တောဆင်ကြီး ညကခိုအောင်းခဲ့သည့်နေရာအား ဦးတည်ပြီး ပတ်ဝန်းကျင် အပင်ကြီးတွေအား အကာအကွယ်ယူရင်း သတိထားသွားရပါ၏။

တောဆင်ကြီးနှင့် တွေ့ပါက ကြောက်စရာ သိပ်မလိုပါ။ တောနက်သော်လည်း အပင်ကြီးတွေများ၍ ခြုံအနည်းငယ်ရှင်းသဖြင့် ပေသုံးဆယ်လောက် ကြိုတင်မြင်ရပါ၏။ နောက်တစ်ခု အပင်ကြီးတွေဆိုပါက တောဆင်အတွက် လူကို လိုက်ရန်မလွယ်၊ ကျွန်တော်တို့ဆင် အလိုက်ခံရဖူးသည်။ တောဆင်ပဲ ဖြစ်ဖြစ်၊ အိမ်ဆင်ပဲဖြစ်ဖြစ် တောင်ပေါ်မှ တောင်အောက်သို့ဆင်းပြေးသော လူအားလိုက်ရာတွင် ချိုးရိုးမလိုက်မှ ရှေ့လက်နက်ချောင်းထောက်ပြီးနောက် ခြေအားနောက်သို့ပစ်ပြီး ဖင်လျှောချသည်။ လူတစ်ကိုယ်စာလောက် အပင်တွေအား ဝင်ဆောင့်ပါကလည်း အပင်တွေသာ ကျိုးပြတ်သတ်ပြီး ကျန်ခဲ့သည်။ တောဆင်၊ အိမ်ဆင်တွေက လိုက်ကြစမြဲပင်။

သို့အတွက်ကြောင့် ဆင်ခြေလျှောဆိုသည်မှာ အမှန်ပင်လျှောချတတ်သည်သာ၊ နောက်တစ်ခု ထိုသို့ ဆင်လိုက်ပြီ၊ ဆင်အပေါ်မှ လျှောချပြီဆိုပါက အောက်သို့ တစိုက်မတ်မတ်ပြေးလို့ကတော့ ဘယ်ဝ လွတ်ပါ။ ပြေးသောလူသည် သတိရှိရ၏။ ကြောက်ရွံ့၍မရပါ။

+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+



www.burmeseclassic.com

www.burmeseclassic.com

ဆင်မှ ဆင်ခြေလျှောလိုက်သည်သိသည်နှင့် တောင်အောက်သို့ဆက်မ ပြေးဘဲ ဘေးဝဲယာသို့အပင်တွေ အကာအကွယ်ယူပြီး ပြေးပါက ထိုဆင် ကြီးသည် တောင်၏မတ်စောက်မှုပေါ်မူတည်၍ တော်တော်လေး မတ်စောက်သော တောင်စောင်းဆိုပါက တောဆင်ကြီး အရှိန်မသတ် နိုင်ဘဲ တောင်အောက်သို့ ဆက်ကျသွားမည်သာ။

အကွယ်၍ ခပ်ပြေပြေဆိုပါကလည်း အပင်ကြီးတွေထဲပြေးဝင်ပြီး ကွေ့ကောက်ပြေးပါကလည်း တောဆင်ကြီးတွေလှည့်ပတ်လိုက်၍မရ၊ သူတို့သည် အလှည့်အပတ်ပြုလုပ်ရာတွင် မြေပြင်မှာမြန်သော်လည်း တောနက်ကြီး၏အပင်တွေ ရှုပ်လေ လှည့်ပတ်ရန်မလွတ် မလိုက်နိုင်ဖြစ် တတ်သည်တွင် လူသည် အပင်ကြားမှ အမြန်အပေါ်သို့ ပြန်ပြေးတက် ပါက တောဆင်ကြီး ကျန်ခဲ့သည်သာ။

ယခုလည်း ကျွန်တော်တို့နှစ်ယောက် သေနတ်တွေပါသော် လည်း ပစ်ခတ်ရန်စိတ်မကူးပါ။ သို့သော် တောဆင်ကြီးအား ခြောက် လှန့်ရမည်သာ ဝေးဝေးပြေးအောင် မောင်းလွှတ်ရန်လည်း စဉ်းစားထား ရသည်။

"တင်မြတ် သတိထား၊ နီးလာပြီ"

"ဟုတ်ကဲ့"

"ဆရာကျော် ရှေ့က ချုံထဲမှာ ရှိနိုင်တယ်ဗျို့"

"အေး ..."

မိုးကျော်အောင်သေနတ်ကို ချိန်ပြီး ကျွန်တော်တို့အား တော်ဝေ ကြီးသည် ချုံဘက်တွင် ရှိနိုင်ကြောင်း ပြောပြသည့်အတွက် သတိထား ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သားအပင်ကြီးတွေ အကာအကွယ်ယူပြီး တောဆင်ကြီးရှိနိုင်မည်ထင်ရသော ခြုံအားနီးနိုင်သမျှ နီးအောင်တိုးပြီးကပ်ပြီး သတိထားရင်း ရှင်းပါသော်လည်း ဘာသံမျှမကြားရ။ ချုံအားအသေအချာကြည့်ရင်း ကျွန်တော်ရှေ့တိုးပြီး အပင်ကြီးသော ပြေးကပ်ကြည့်၏၊ ဘာမှမထူး။

ကျွန်တော် တင်မြတ်အားလှမ်းကြည့်တော့ တင်မြတ်မှကျွန်တော့်အား လက်ဟန်ခြေဟန်ဖြင့် ချုံဘက်ပြ၏။ သူပြသမှု ကျွန်တော်သိပါ၏။ သို့အတွက် ထိုချုံဘက်အား ချိန်ထားစဉ်...

"ဖောက်"

"ဘုန်း"

တင်မြတ်ကျောက်ခဲကောက်ပြီး ချုံထဲပစ်၏၊ ကျောက်ခဲချုံထဲသို့ ကျသွားသည်။ ဘာမျှ မထူး။ တောဆင်ကြီးရှိပါက တစ်စုံတစ်ခု ထူးခြားမည်သာ။ သို့အတွက် ကျွန်တော်မှ နောက်ထပ် လက်ပြပြီး ပစ်ခိုင်း၏။ တင်မြတ် ထပ်မံ ပစ်ခတ်သည်။

"ဖောက်"

"ဘုန်း"

"ဖြောက်... ဖြောက်... ဖြောက်... ဖြောက်"

"ဒိုင်း..."

"ဝေါက်... ဝေါက်... ဝေါက်"

ချေတစ်ကောင် ကြောက်လန့်ပြီး ထွက်ပြေးသည်တွင် ကျွန်တော် ပစ်ခတ်လိုက်သည်။ ချေမှာ တောင်ပေါ်သို့ တက်ပြေးခြင်း မဟုတ်။ ကျွန်တော့်ရှေ့မှတဆင့် အောက်ဖက် ပြေးသည့်အတွက် ကျွန်တော်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


ချေ လဲသွားပါပြီ။ ကျွန်တော်၏ပစ်ခတ်မှုနှင့်အတူ တင်မြတ်သည် ချုံဘက်သို့ ပြေးဝင်ကပ်လိုက်သည်။ ချုံထဲအား သူကြည့်နေ၏။ ဘာမျှမတွေ့ရ။ တကယ်တော့ ဒီပတ်ဝန်းကျင်တွင် ချေပေါ ပါ၏။ ချေတွေ ညဦးပိုင်း ထွက်သည်မှာ ကျွန်တော်တို့၏မီးပုံတွေနှင့် လှုပ်ရှားမှုတွေကြောင့် မထွက်ခြင်းဖြစ်မည်။

တစ်ဖန် တောမုဆိုး ကျားဟိန်းသံတွေကြောင့် ဆက်လက်ပုန်းအောင်းနေကြသည်။ ထိုထက်ဆိုးသော တောဆင်သံ၊ သေနတ်သံတွေကြောင့် မထွက်ရဲကြ။ ယခုလည်း တင်မြတ် ကျောက်ခဲဖြင့်ပေါက်၍သာ ချေထွက်ပြေးခြင်း ဖြစ်ပါ၏။

"ဆရာကျော်"

"အေး"

"ဘာကောင်မှ မရှိဘူး"

"သေချာရဲ့လား"

"သေချာပါတယ်၊ ချုံထဲ ဝင်ရှင်းမယ်"

"နေဦး ငါပါလာခဲ့မယ်"

"ချေကော"

"အောက်ဘက်ပြေးသွားပြီ၊ လဲမှာပါ"

"လာလေဆရာကျော်"

"အေး... ကဲ ဝင်ကွာ"

"ဟုတ်ကဲ့"

တင်မြတ်နှင့်ကျွန်တော်အလွန်ဆုံးကွာပါက ခြောက်ပေနှစ်ပေလောက်သာ ကွာပါ၏။ ချုံတွေရှုပ်ထွေးသော်လည်း အထဲရောက်တော့


www.burmeseclassic.com

www.burmeseclassic.com


အပင်နှင့်နွယ်တွေအပေါ်သို့ တက်သွားသည့်အတွက် အရွက်တွေရှင်း၏။ ဘာကောင်မျှမတွေ့။ နှစ်ယောက်သားရှင်းကင်းပြီး ချုံကိုဖောက်ထွက်တော့ တောင်ပေါ်သို့ ခပ်စောက်စောက် မြင့်တက်သွားပါပြီ။

"တင်မြတ်"

"ဗျာ"

"တောဆင်ကြီး ခြေရာလက်ရာ မတွေ့ပါလားကွ"

"ဟုတ်တယ်ဆရာကျော်၊ ခြုံတွေလည်း သားကောင်တိုးထားတဲ့ပုံမရဘူး၊ ဆင်ဆိုတော့ ပိုတွေ့ရမှာပေါ့"

"အေး ...ညက သစ်ပင်တွေ ချိုးသံ ကြားတယ်၊ အော်လည်း အော်နေ ချုံတွေကို နှာမောင်းနဲ့ရိုက်သံတွေ ကောင်းကောင်း ကြားတယ် မဟုတ်လား"

"ဟုတ်တယ်လေ တဖြောင်းဖြောင်း တဘုန်းဘုန်းရိုက်နေတာ ကြားရတာပေါ့၊ နောက်ပြီး ခွာရှပ်သံတွေတောင် ကြားရတာပဲ၊ ခုတော့ ဘာမှ ခြေရာလက်ရာလည်း မတွေ့ဘူး ဆရာကျော်"

"အေးကွ၊ ထူးတော့ တော်တော်ထူးနေတယ်"

"ဟုတ်တယ်၊ ကြားရတာလည်း ဒီနေရာမှ ဒီနေရာအစစ်ပါ"

"မင်းနဲ့ငါပတ်ဝန်းကျင်လည်း ရှာတယ်လေ၊ ဘာမှမထူးခြားဘူးကွ"

"မထူးမှတော့ ပြန်ကြတာပေါ့"

"အေး ... အောက်ဘက် ရှင်းစရာ ရှိသေးတယ်၊ ပြန်ကြစို့"

"ဆရာကျော် ရှေ့ကဆင်းပါ"

"သွားပါ၊ မင်းပဲ ရှေ့ကဆင်းပါ"


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့"

ကျွန်တော်တို့နှစ်ယောက် အံ့အံ့သြသြ ဖြစ်ရသော်လည်း မထူးခြားမှတော့ ပြန်ခဲ့ရပါပြီ။ ကျွန်တော်ပစ်သော ချေအားအောက်ဘက်ဆက်ရှာရမည်။ သို့သော် မိုးကျော်အောင်အပေါ်မှ ကျွန်တော်ပစ်တာ မြင်သလို ချေပြေးတာလည်း မြင်လိုက်ရသဖြင့် ချေလဲနိုင်သည့်နေရာ သူသတိထားမိပြီ။

"ဆရာကျော်"

"အေး... တို့ပြန်ခဲ့ပြီ"

"ဆရာကျော်ပစ်တဲ့ ချေပြေးဆင်းသွားတာတွေ့တယ်"

"အေး... မင်းမှတ်ထားလိုက်တယ် မဟုတ်လား"

"မှတ်ထားပါတယ်"

ကျွန်တော်တို့ ပြန်ဆုံကြပြီးနောက် မိုးကျော်အောင် ကျောက်တုံးပေါ်မှ ဆင်း၏။ ရွာသားတွေမှာ ခေါပုတ်တွေမီးကင်ထားသည့်အတွက် ရေနွေးပူပူနှင့် စားလိုက်ကြရင်း ဆလံဝါဘောက်နော်မှ...

"ဆရာကြီး ဆင်ကြီးကော မတွေ့တော့ဘူးနော်"

"ဟုတ်တယ် ဆလံဝါကြီး မရှိတော့ဘူး"

"အင်း... ဆင်ဆိုတာ ခြေလုံတယ်"

"ဟုတ်တယ်ဆရာကြီး ဆလံဝါပြောသလိုပဲ၊ အကောင်ကြီးသလောက် ခြေလုံတယ်ဗျ"

ရွာသားတစ်ယောက်က ဝင်ပြောပြ၏။ သူတို့လည်း တောဆင်နှင့် တွေ့ကြုံဘူးကြရန် ကြိုတင်သိထားကြပုံရသည့်အပြင် သိမ်ပြီးကြောက်ရွံ့ပုံမပေါ်၍ ကျွန်တော်ကျေနပ်မိပါ၏။ သူတို့ ကြောက်ရွံ့မည်ကိုဖြင့် မလိုလားပါ။


www.burmeseclassic.com

www.burmeseclassic.com


"ဆရာကြီး"

"ဟုတ်ကဲ့ ဦးမရှုဂမ်"

"တောဆင်ကြီးရဲ့ ခြေရာလက်ရာတွေ တွေ့ခဲ့လား"

"အေးဗျ၊ ဘာမှမတွေ့ရလို့ အံ့သြမိတယ်"

"အင်း... ဟုတ်ပါပြီ"

"ဗျာ... ဘာလဲ ဦးမရှုဂမ်"

"ကျွန်တော် ဒီဘက်မှာ ကြားဘူးတယ်၊ တစ်ခါတစ်လေ ဆင်သံကြားတယ်တဲ့ အကောင်မတွေ့ရဘူးလို့ ကြားမိတယ်"

"စောစောက ပြောရောပေါ့"

"ဆရာကြီးတို့ကို ပြောလို့ယုံမှာ မဟုတ်သလို ကျွန်တော်ကိုယ်တိုင်လည်း အယုံအကြည် မရှိတော့ မပြောဘဲနေခဲ့တာပါ"

"နောက်ထပ်ကော ဘာတွေ ထူးထူးခြားခြား ကြုံဖူးကြားဖူးလဲ ဦးမရှုဂမ်"

"အဖွားပြောတဲ့ သူတော်ကောင်းဆိုတဲ့ လူကြီးတစ်ယောက်လည်း အမှန်ရှိတယ်တဲ့၊ ကျွန်တော် မမြင်ဖူးပါဘူး၊ ကြားဖူးတာပါ"

"အဲဒီလူကြီးက ဘာလုပ်တတ်လဲ"

"ဟာ... ဆရာကလည်း သူတော်ကောင်းဆိုမှတော့ ဘာမှ မလုပ်ဘူးပေါ့၊ ဘာသံမှ မကြားဖူးပါဘူး"

မိုးကျော်အောင်မေးသည်ကို ဦးမရှုဂမ် ဖြေကြားပါ၏။ မှန်ပါသည် သူတကယ် မတွေ့ဖူးတာဘဲ ဖြစ်ပါမည်။ သူတော်ကောင်းဆိုတာအန္တရာယ် ဘယ်တော့မှမလုပ်ပါ။ သို့သော် ညက အသံကြားရသော တောဆင်သံ တဖန် ဦးမရှုဂမ်ပြောသော ဆင်သံကြားရမှု အကြောင်း၊


www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်ခု လူကြီးတစ်ယောက် သူတော်ကောင်းကြီးလည်း ရှိသတဲ့ဟု သော ကွင်းဆက်များကြောင့် ကျွန်တော်တို့စဉ်းစားရပါပြီ။

"ဆရာကျော်"

"အေး ... နောက်မှ ဆက်စပ်ယူကြတာပေါ့။ ကျားသေနဲ့ချေကား ဒရယ်လားမသိဘူး၊ သွားကောက်မယ်လေ"

"ဩော်... တင်မြတ်ပြောမှသတိရတယ်၊ စောစောက ဆရာကျော် ပစ်လိုက်တဲ့ ချေ၊ ဟောဟိုချောင်းဘက်ပြေးသွားတယ်၊ မှန်တာတော့ မှန်သွားတယ်၊ လဲပြီး ထပြေးတော့ သွေးတွေတွေ့လိုက်တယ်"

"ကဲ... ကျားသေနဲ့ အောက်ကသားကောင်အရင် သွားကောက် ကြမယ်"

"ဆလံဝါ တစ်ယောက် နှစ်ယောက်ခေါ်ခဲ့ပါလား"

"ကဲ... ငါနဲ့ နှစ်ယောက်လိုက်ခဲ့"

"မိုးကျော် မင်းနေခဲ့"

"ဟုတ်ကဲ့"

ကျွန်တော်တို့ လုံဂျာရွာသား ဆလံဝါဘောက်နော်နှင့် ရွာသား နှစ်ယောက်၊ ကျွန်တော်တို့နှစ်ယောက်ပေါင်း ငါးယောက်ထွက်ခဲ့ပြီး မိုးကျော်အောင်နှင့်မရူကတောင်ရွာသား ဒူဝါမရူနော်၏သား ဦးမရူဂမ် တို့အား အစောင့်ထားခဲ့ပါသည်။

တင်မြတ်နှင့်ကျွန်တော်ပစ်သော ကျားကြီးတဲ့ရောက်တော့ ကျား ကြီးအား အသေအချာကြည့်လိုက်ရာ သေနတ်ဒဏ်ရာငါးချက်တိတိမှန် ထား၏။ အားလုံးနေရာကောင်းကောင်းတွေ ထိထားသည့်အပြင်...

"ဆရာကျော် ဒီမှာကြည့်ပါဦး"


www.burmeseclassic.com

www.burmeseclassic.com



"အေး... ဝင်တာ ငါးချက် ထွက်တာ ငါးချက်"

"ကျားတစ်ကောင်လုံး အပေါက်တွေကြီး ဖြစ်နေပြီ ဟား...ဟား ဟား...ဟား"

"အေးလေ မင်းပစ်မှာ မမှန်ဘူးထင်လို့ ငါ ထပ်ပစ်တာကွ"

"ဆရာကျော် မမြင်လို့"

"ဘာလဲဟင်"

"ဒီတောမုဆိုးကြီးနောက်မှာ အရိပ် ကပ်ပါနေတယ်လေ"

"အင်း... ဟုတ်မယ်၊ ဒါကြောင့် တစ်ခါထဲ မလဲတာကွ"

"ကျွန်တော်လည်း မထင်ဘူး၊ ဒါကြောင့် ရိုးရိုးပဲ ပစ်လိုက်မိတယ်"

"ငါလည်း ပထမတော့ ရိုးရိုးပဲကွ၊ ဘယ်လိုက ဘယ်လို မုဆိုးထိုင် ထိုင်မိသလဲ မသိလိုက်ဘူး"

"ကျွန်တော် မြင်တယ် စိတ်ထဲကတောင် တော်သေးတယ်၊ ဆရာကျော် မုဆိုးထိုင် ထိုင်လိုက်လို့,လို့ တွေးမိတာ"

"နောက်ထပ် မင်းပစ်တာ ဘာလဲ"

"မသိဘူး၊ ကျွန်တော် မြင်တာက မဲမဲအကောင်"

"ဒါနဲ့ မင်းက ချေဆို"

"ဆရာကျော် စိတ်အေးသွားအောင်ပြောတာ"

"ကဲ... ဒါဆို ရှာကြရအောင်"

ကျွန်တော့ စိတ်ထဲဝယ်သံသယဖြစ်သွားသည်။ သို့သော် ဒိုင်မြတ်ပစ်လျှင် မလွဲပါ။ မလွဲသည့်အတွက် နောက်ထပ်ဘာကောင်လည်း ချေလား၊ ဒရယ်လား ဒါမှမဟုတ် မဲမဲ အကောင်ဆိုတော့ တစ္ဆေသရဲ

www.burmeseclassic.com



လား နောက်ဆုံးဘောထဲမှာ ရှိပါသည်ဆိုတော့ ဒီပတ်ဝန်းကျင်မှာ ကျက်စားနေသည့် ဝက်ဝံများလား၊ ကျွန်တော်တို့ ရှာနေသော ဝက်ဝံဆိုပါက ဟုတွေးရင်း အောက်ဘက်သို့ဆင်းလိုက်စဉ် တင်မြတ် အသံကြောင့်...

"ဆရာကျော် တွေ့ပြန်ပြီ"

"ဘာကောင်လဲ"

"အကောင် မဟုတ်ဘူး"

"ဘာလဲ"

တင်မြတ်သည် ကျွန်တော်နှင့်တော်တော်လေး ဝေးသည့်အတွက် သူဘက်သို့ တိုးတော့ တင်မြတ် ဒူးတစ်ဖက်ထောက်ထိုင်ရင်း သေသေချာချာကြည့်နေသည့် အတွက် စကားမဆက်သဖြင့် သူ့နားအရောက် ထပ်မေးလိုက်၏။

"ဘာလဲဟင်... ဘာလဲတင်မြတ်"

"ဒီ... ဒီမှာလေ ခြေရာကြီးလတ်လတ်ဆတ်ဆတ်ပဲ"

"အေး... ဟုတ်တယ်ကွ"

"ကျွန်တော်တို့ တောမုဆိုး ပစ်ချိန်လောက် ဒါမှမဟုတ် အခုမနက်စောစော သွားထားတဲ့ ခြေရာပဲဖြစ်မယ်ထင်တယ်"

"အေး... ဟုတ်မယ်၊ ဒါကဘယ်ဘက်ခြေရာဆိုတော့ နောက်ထပ်ခြေရာရှိမယ်"

"ကျွန်တော်လည်း ရှာနေတာ"

"တင်မြတ်"

"ဗျာ... "



www.burmeseclassic.com

www.burmeseclassic.com


"မင်းနောက်ထပ် ပစ်တာ ဘာကောင်လဲ"

"ကျွန်တော့အထင် ပြောရရင်တော့ အပကောင် တစ်ကောင်ပဲ၊ ပထမတော့ ချေလို့ ထင်တယ် ဆရာကျော်"

"ဆလံဝါတို့ ရှာကြည့်ကြပါဦး"

"ဟုတ်... ဟုတ်"

ကျွန်တော် အော်ပြောလိုက်သည့်အတွက် အားလုံး သတိထားပြီး ရှာကြ၏။ ဘယ်ဘက်ခြေရာတွေ့ရင် ညာဘက်ခြေရာလည်း ရှိပေမည်၊ ခြေရာကြီးမှာ တစ်တောင်ခန့်မှတစ်တောင်ခန့် ရှိနေ၏။ ခြေရာဦးတည်ချက်မှာ ချောင်းသောအတိုင်း အောက်ဖက်သို့ ဆင်းသွားသည့်ပုံစံ အနေအထားဖြစ်၍ ရှေ့တိုး ရှာကြသည်။

"ဆရာကြီး... ဆရာကြီး"

"ဗျာ..."

"ဒီ... ဒီမှာ... ဒီမှာ ညာဘက်ခြေရာကြီး ဟာ... သေနေပြီ... သေနေပြီ"

"ဘာ... ဘာ... သေနေပြီ"

"ဟာ... ဒုက္ခပဲ"

ကျွန်တော်၏ဦးခေါင်း ရှာချာလည်သွားပါပြီ၊ ဆံပင်တွေ အားလုံး ထောင်သွားပြီလား၊ ဒါမှမဟုတ် ဦးခေါင်းတစ်ခေါင်းလုံး မီးဟုန်းဟုန်းတောက်လောင်သွားလေပြီ။ တင်မြတ်ပစ်ခတ်မှုကြောင့် သေဆုံးသွားပြီဆိုသော အတွေးတွေ ရင်ထဲတစ်ဟုန်ထိုးဝင်ရောက်လာသည့် အပြင် လူသေမှုကျူးလွန်မိပြီဆိုသော အသိထဲဆိုးရွားခံစားလိုက်ရတော့ သည်မှာ၊ ဆလံဝါဦးဘောက်နော်အပြင် မရှုကတောင်ရွာမှ ဒူဝါကြီး


www.burmeseclassic.com

www.burmeseclassic.com

ဦးခရူနော် ကိုယ်တိုင်ပြောခဲ့သော သူတော်ကောင်းကြီးတဲ့ ဦးမရူနော်၊ ဦးဆောက်နော်တို့ဆိုသည်မှာ ကချင်တိုင်းရင်းသားနတ် ကိုးကွယ်သူတွေ ဝင်လျှင် သူတော်ကောင်းကြီးဟူသော ပြောကြားချက်သိရှိနေကြသော ကြောင့် ကျွန်တော်တို့ဒုက္ခလှလှကြီး တွေ့ရပြီဟု တွေးရင်း၊ ကျွန်တော် ရှေ့မတိုးရဲတော့ပါ။

သူတော်ကောင်း သူမြတ်လောင်းများအား သတ်ဖြတ်ရန်မပြော ဝါနှင့် စိတ်ဖြင့်ပင် ကျွန်တော်တို့သုံးယောက်မပစ်မှားခဲ့ပါ။ မကြံရွယ်ခဲ့ ပါ။ ခုတော့ တောတောင်၏ခြောက်လှန့်မှုတွေ့နှင့် ရောနှောပြီး မာယာ ကြွယ်ဝသောတောကြီး၏လှည့်ကွက်ထဲသို့ ကျွန်တော်တို့ လုံးဝ ကျ ရောက် နစ်မြုပ်ရပြီဟု တွေးရင်း ခြေပင် မလှမ်းချင်တော့ပါ။ ဘာဆက် လုပ်ရမည် မသိတော့၊ မတွေးတတ်တော့ မှုန်းကျပ်ပြီး ဦးခေါင်းချာချာ လည်နေပါပြီ။

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com 

# (ငါး)

"ဆရာကြီး"

"ဗျာ..."

"ဒီမှာ လာကြည့်ပါဦး"

"ဟုတ်... ဟုတ်ကဲ့ပါ"

ဆလံဝါဦးဘောက်နော်၏ စကားကြားလိုက်ရတော့ ကျွန်တော် စိတ်ထဲ မိုးကြိုးပစ်ခံလိုက်ရသလို ထိတ်လန့် တုန်လှုပ်သွားမိသည်။ မကြည့်ချင် မမြင်ချင်ပါ။ သို့သော်လည်း ကျွန်တော်သည် တာဝန်ခံ တစ်ယောက် စိုးရိမ်ကြောက်လန့်နေ၍ မဖြစ်တော့၊ တွေ့ကြုံလာသမျှ ရင်ဆိုင်ရပေတော့မည် မထူးဇာတ် ခင်းရမည်။

ကျွန်တော်၏ ခံယူချက်တွင် အခိုင်အမာ စွဲစွဲမြဲမြဲ မှတ်ထားသော ခံယူ ဆုံးဖြတ်ထားသော ကိုယ့်ကိုကိုယ်ကိုး တောင်နှယ်ကိုးနှင့်အတူ တောတောင်တိုးလျှိုး ရွံ့မစိုး၊ ခု တောတောင်တိုးလျှိုးနေပြီ၊ ရွံ့စိုးရန်မဖြစ် ဟူသော အားတင်းစိတ်တွေဖြင့်နောက်မဆုတ်ဘဲ ရှေ့တိုးလိုက်သည် တွင်...



www.burmeseclassic.com

www.burmeseclassic.com

"သွေးတွေများ အများကြီးပါလား"

ရှေ့တိုးလိုက်သည်နှင့်သွေးတွေ တော်တော်များများထွက်နေပြီး အိုင်ထွန်းနေသည်ကို မြင်တွေ့လိုက်ရသည်တွင် ဘာတွေ ပြောမိမှန်း မသိတော့ပါ။ သွေးမြင်၍ လန့်ခြင်းသည်တော့မဟုတ် မုဆိုးတစ် ယောက်သည် သွေးအလူးလူး သေဆုံးသောသားကောင်အား အမြဲ တွေ့ရမည်သာ၊ ထမ်းရပိုးရ သယ်ယူရသည်သာ၊ ခုတော့ သွေးမြင်တာ နှင့်တုန်လှုပ်ချောက်ချားသလိုလိုဖြစ်ရင်း နှုတ်မှ လွှတ်ကနဲ ထွက်သွားစဉ် ကျွန်တော့် နောက်မှ တင်မြတ်သည် ဆလံဝါဦးဘောက်နော်အား လှမ်းပြောလိုက်သည်မှာ...

"ဆလံဝါကြီး၊ တော်တော် ကြီးတယ်ဗျ"

"ဟုတ်ပ"

"အသေအချာ ကြည့်ပြီးပြီလား"

"ကြည့်ပြီးပြီ"

ကျွန်တော် ရှေ့တိုးပြီး သွေးကွက်တွေရှောင်လိုက်ရင်း လှမ်း ကြည့်လိုက်၏။ မြင်လိုက်ရပါပြီ မြင်ရသည့်အတွက် အရဲစွန့်ပြီး ရှေ့တိုး ရင်းမှ

"ဟာ..."

"ဟုတ်တယ် ဆရာကြီး၊ ထိပ်မှာ အမာရွတ်ကြီးနဲ့ ဒီမှာကြည့်ပါ လား"

"ဟင်... ဒါ... ဒါ... ဝက်ဝံကြီးပဲ...ဝက်ဝံကြီး"

"ဟုတ်တယ်လေ ဝက်ဝံကြီး၊ ကျွန်တော်တို့ ရှာနေတဲ့ နှင်ကောင် အနက် တစ်ကောင်ပေါ့ ဆရာကြီးရဲ့"


www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော် ခွေလဲကျမသွားအောင် မနည်း ထိန်းထားရ၏။ သို့ သော် ယခုတစ်ကြိမ်ဖြစ်ရသည်မှာ စိုးရိမ်ကြောင့်ကြမှု မဟုတ်တော့ပါ၊ အထင်အမြင်တွေ မှားပြီး စိုးရိမ်စိတ်တွေ ပြေပျောက်လျက် ဝမ်းသာမှု တွေကြောင့် ဖြစ်ရပါ၏။ သို့သော် ကျွန်တော်သည် ဦးဆောင်ရသူဖြစ်၍ စိတ်ကိုထိန်းရင်း...

"အင်း... ဒူဝါကြီးသာ မြင်ရင် ဝမ်းသာမှာပဲ"

"ဟုတ်ပ ဆရာကြီး၊ ကျွန်တော့်ရွာသားတွေလည်း ဝမ်းသာကြပြီ၊ ဒီအကောင်ကြီးနဲ့ နောက်တစ်ကောင် ရှိသေးတယ်၊ တွေ့အောင်ရှာကြ တာပေါ့ဗျာ"

ကျွန်တော် ရယ်ချင်၏။ စိုးရိမ်စိတ်တွေ ဘယ်ရောက်သွားပြီ မသိတော့ပါ။ ကျွန်တော်တို့ ခက်ခက်ခဲခဲ ရှာရမယ်ဟု ထင်နေသော ဝက်ဝံအိုကြီး နှစ်ကောင်အနက် တစ်ကောင်ရရှိသဖြင့် ကျွန်တော်တို့ လောက် ကံကောင်းသူရှိမည် မထင်တော့ပါ။ ပထမတော့ ကံဆိုးပါပြီဟု ထင်ခဲ့မိသော ကျွန်တော့ကိုယ်ကျွန်တော် ရယ်ချင်နေပါ၏။

ကျွန်တော့်အတွေးထဲ ထူးဆန်းသော ခြေရာကြီးနှစ်ခုနှင့်အတူ ဆက်လျက် ထူးဆန်းနေသော ဝက်ဝံကြီးနှစ်ကောင်အနက် နားရွက်နှစ် ဖက်အကြားမှာ အမာရွတ်ကြီးနှင့် ဝက်ဝံဆိုးကြီးအား မမျှော်လင့်ဘဲ ပစ်ခတ် ရရှိခဲ့သောအဖြစ်မှာ ထူးဆန်းနေသလိုလိုတော့ ရှိနေပါပြီ။ သူတော်ကောင်းကြီး၏ ခြေရာကိုတွေ့၏။ ယုတ်မာရက်စက်သော ဝက် ဝံကြီးတစ်ကောင် ဘယ်ကဘယ်လို ပေါ်လာသည် မသိတော့ဘဲ ပစ် ခတ်ရပါပြီ။

"တင်မြတ်"


www.burmeseclassic.com

www.burmeseclassic.com

"ဗျာ…"

"မင်းပစ်တော့ ချေလိုလို နောက်ပြီး အပကောင်လို့ ထင်တယ်ဆို"

"ဟုတ်တယ် ဆရာကျော်၊ တောမုဆိုးကြီးရဲ့နောက်ကနေပြီး ရိပ်ကနဲ ရိပ်ကနဲ တွေ့တွေ့နေရတယ်၊ ဒါပေမဲ့ ခြေလေးချောင်းလုံး ထောက်ထားတော့ အမှောင်ထဲမှာ ချေထက်ကြီးတဲ့ ဒရယ်လား၊ ဆတ်လားလို့တောင် ကျွန်တော်ထင်တယ် ဆရာကျော်"

"ငါတော့ လုံးဝ မတွေ့ဘူးကွ"

"ကျွန်တော် ဒါ့ကြောင့် မထူးဘူး၊ တောမုဆိုးကြီးကို အပကောင်မိပြီး ကျွန်တော်တို့ကို အန္တရာယ် မပြုသင့်ဘဲ အန္တရာယ်ပြုတယ်ဆိုပြီး နောက်က မြင်ရတဲ့အရိပ်ကောင်၊ အပကောင်ဆိုပြီး ပစ်လိုက်တာပဲ"

"ကောင်းတယ်ကွာ မိုးကျော်လည်း ဝမ်းသာပြီပေါ့"

"ဆလံဝါကြီး ဒီအကောင်ကြီးကို ဆွဲခဲ့ကြဗျာ"

"တင်မြတ် မင်းနဲ့ငါ တောမုဆိုးကြီး သယ်ကြတာပေါ့"

"ဟုတ်ကဲ့"

"ဩော်… ဆရာကျော် ခြေရာကိစ္စ"

"အင်း… အချိန်ရပါတယ်၊ စောင့်ကြည့်ကြတာပေါ့ကွာ"

တင်မြတ်လည်း ခြေရာကြီးကို သတိထား စိတ်ဝင်စားနေပါတယ် တင်မြတ်ပြော၍ ပထမ ကျားသေနားမှ ခြေရာနှင့် ယခု ဝက်ဝံကြီးနားမှာ တွေ့ရသော ခြေရာနှစ်ခု၊ ဘယ်ဘက်ခြေရာနဲ့ ညာဘက်ခြေရာ ဘယ်ညာမှန်၏။ သို့သော် ကျွန်တော်တို့ ဆယ်လမ်းဆယ့်ငါးလှမ်းမျှ အကွာမှာ တွေ့ရသည့် ခြေလှမ်းနှစ်လှမ်းအတွက် အတွေးရ အတော်ကျပ်နေ၏။


www.burmeseclassic.com

www.burmeseclassic.com


"ကဲ… တင်မြတ်ရေ… ဘယ်ခြေနဲ့ညာခြေ ခြေတစ်လှမ်းရဲ့အကွာအဝေးတွေ အားလုံးဟာ တို့အတွက် ပဟေဠိဖြစ်ပေမဲ့ ခြေရာရှင်သူ့တော်ကောင်းကြီးဟာ တို့ဘက်မှာ ရှိနေပြီကွ"

"ဟုတ်တယ် ဆရာကျော်၊ ကျွန်တော်တို့ လုံးဝ မမျှော်လင့်တဲ့ဟောဒီ ဝက်ဝံထိပ်ပြဲကြီးရတာ ကြည့်တော့၊ ဒီကောင်ကြီးတွေဟာ လူကိုဒုက္ခပေးနေမှတော့ သူတို့ဘဝ အသက်မရှည်ပါဘူး"

"အေးလေ ရက်စက်တာထက် ယုတ်မာတာက ပိုဆိုးတယ်၊ သားကောင်တွေ စားကြတဲ့ ဒီဝက်ဝံကြီး၊ နောက်… ဟောဒီကျားဆိုးကြီးတွေဟာ ကိုယ်စားရမဲ့ အရာ မဟုတ်ဘဲ လူတွေ၊ အိမ်မွေးတိရစ္ဆာန်တွေပါ ရှာထဲဝင်ပြီး စည်းဖောက်တဲ့ယုတ်မာမှုဟာ သူ့ဒဏ်သူ ခံကို ခံရမှာပဲကွ၊ ဒါ့ကြောင့် လူကြီးသူမတွေ ပြောတာရှိတယ်၊ ရက်စက်တာထက် ယုတ်မာတာက ပိုဆိုးတယ်ဆိုတာလေ၊ ခုတွေ့ပြီ မဟုတ်လား ယုတ်မာတဲ့အလုပ်တွေ လုပ်တဲ့ ကျားဆိုးနဲ့စည်းဖောက်ပြီး ယုတ်မာရက်စက်တဲ့ဝက်ဝံကြီးသေပြီ"

"ဟုတ်တယ်၊ နောက်တမ်ကောင် ရှာဖို့ဆိုတော့ လွယ်သွားပြီ"

"ဘယ်လို လွယ်တာလဲ"

"ဆရာကျော်ကလည်း နှစ်ကောင်ရှာရမှာထက် တစ်ကောင်ထဲဆိုတော့ ပိုလွယ်တာပေါ့"

"အေး… ဟုတ်တာပေါ့ကွ၊ တစ်ကောင်ပဲ ရှာတော့မှာ"

ကျွန်တော်တို့ငါးယောက် တောမှဆိုးကျားသေကြီးနှင့်အတူ ဝက်ဝံအသေကြီးအား သယ်ယူပြီး စခန်းချသည့် ကျောက်တောင်ခြေသို့ ရောက်တော့ မိုးကျော်အောင်နှင့် မရွကတောင်ရွာမှ ဒူဝါဦးမရွှေနော်၏ သား ဦးမရွှေဂမ်တို့ အားရဝမ်းသာကြိုဆိုကြ၏။

+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+


www.burmeseclassic.com

www.burmeseclassic.com

"ဒီကျားကြီးကို ကျွန်တော်·အံ့ဩသွားတယ် ဆရာကျော်"

"ဘာဖြစ်လို့လဲ မိုးကျော်ရ"

"ဩော်... ဒီလောက် မီးတွေဖိုထားပါလျှက်နဲ့ လူကိုအန္တရာယ်ပြုနေပုံကို ကြည့်ပြီး မရိုးဘူးလို့ ထင်ပြီး အံ့ဩရတာပေါ့"

"အေး... ဟုတ်ပြီ မိုးကျော်ရေ"

"ဘာလဲ တင်မြတ်"

"ဟိုမှာလေ... ဟိုမှာ ကြည့်ပါဦးကွ"

"အေး... ဝက်ဝံကြီး၊ မင်းနောက်ထပ်တစ်ချက် ပစ်တယ်ဆိုတဲ့ ချေက ဝက်ဝံကြီးဖြစ်နေတာပေါ့"

"အေးလေ... ငါကပစ်တာ အရိပ်ကောင်လား၊ ချေလား၊ ဒါမှ မဟုတ် ငါ့စိတ်ထဲမှာ အကောင်က ကြီးနေတော့ ဆတ်တောင် ထင်မိတာကွ၊ တကယ်တော့ ဝက်ဝံကြီး ဖြစ်နေတယ်"

"ဟာ... ဆရာကြီး ဒီဝက်ဝံကြီးက"

"ဟုတ်တယ် ဦးမရှုဂမ် ဟုတ်တယ်ဗျ"

"ဘာလဲ ဆရာကျော် ဒီဝက်ဝံကြီးက ဟာ... ဟုတ်ပ"

"ဘာလဲ မိုးကျော် ဘာဖြစ်သွားတာလဲ"

"ဒါ ဟို ဦးမရှုဂမ်တို့ဆလံဝါကြီးတို့ ပြောတဲ့ဝက်ဝံကြီးနှစ်ကောင် အနက်ကထိပ်မှာ အမာရွတ်ကြီးနဲ့ဝက်ဝံကြီးပေါ့"

"အေးလေ... ဒါထက် အံ့ဩစရာ တွေ့သေးတယ်ကွ"

"ဘာလဲ ဆရာကျော်"

"ခြေရာလေ၊ ကျားသေဘေးမှာ ဘယ်ဘက်ခြေရာနဲ့ ဝက်ဝံကြီး ဘေးမှာ ခြေရာကြီးက ညာဘက်ခြေရာကွ"


www.burmeseclassic.com

www.burmeseclassic.com


"ဒါဆို တစ်ကောင်နဲ့တစ်ကောင်သိပ် မဝေးဘူးပေါ့"

"မဝေးဘူး၊ တို့ခြေလှမ်းဆို ဆယ်လှမ်း မကဘူး၊ ဒါပေမဲ့ ခြေရာတစ်တောင်ကတော့ သူတစ်လှမ်းဟာ ကြောက်ခမန်းလိလိပဲ ဆရာရေ"

တင်မြတ်နှင့်မိုးကျော်အောင်တို့၏ ပြောသံဆိုသံတွေကြားနေရပါသော် ကျွန်တော့အဖြစ်အပျက်ကိုတော့ဖြင့် မပြောပြသင့်သေးပါ။ ရင်ထဲမှာပဲ ကြိတ်မှိတ်ထားရမည်။ စခန်းပြန်ရောက်မှသာ ပြောပြမည်ဟု ဆုံးဖြတ်ချက်ချပြီးနောက်။

"ကဲ… မိုးကျော်ရေ၊ တင်မြတ်နဲ့အတူ ငါပစ်ခဲ့တဲ့ချေ သွားရှာကြဗျာ"

"ဟုတ်ကဲ့ တင်မြတ် မင်းနောက်ကလိုက် ငါ မှတ်ထားတယ်၊ ဦးမရှုဂမ်နဲ့ ရွာသားတစ်ယောက်လိုက်ခဲ့ဗျာ"

"ကျွန်တော် လိုက်မယ်"

ရွာသားတစ်ယောက်သည် မိုးကျော်အောင် နောက်မှလိုက်သွားပြီး ဦးမရှုဂမ်နှင့်တင်မြတ်တို့ နှစ်ယောက် နောက်မှ ဆက်လိုက်ကြ၏။ သူတို့လေးယောက်ထွက်သွားတော့ ကျွန်တော်တို့သုံးယောက် အရက်သောက်နေကြ၏။ ပါလာသောအမဲဘူးတစ်ဘူး ကျွန်တော်ဖောက်ပြီး ချင်အရက်နှင့် မြည်းနေလိုက်သည်။ ရွာသားနှစ်ယောက်စလုံး ကျွန်တော်နှင့် စကားမပြောဖြစ်ပါ။

ကျွန်တော် တစ်ခု စဉ်းစားမိသည်။ ဒီတော့ မုဆိုးကျားသေကြီးနှင့် ဝက်ဝံသေကြီးတို့အား ရွာသို့ ပြန်ပို့ရင် ကောင်းမည်လား၊ ဒီမှာ အလုပ်ထားမလဲ ကျွန်တော်ကျားသား မစားပါ၊ ဓာတ်တူသားမို့ မစား… တောထဲမှာအမဲလိုက်တိုင်း သားရေမှ လွဲ၍ ကျွန်တော်တို့ မယူ၊

www.burmeseclassic.com


သားရေတောင် တစ်ခါတစ်လေလောက်သာ ယူခဲ့ပါ၏။ တင်မြတ်နှင့် မိုးကျော်အောင်ရောက်မှ စီစဉ်မည်။ အချိန်လည်း စောသေး၍ စောင့်နေလိုက်၏။

"မိုးကျော် မတွေ့သေးဘူးလား"

"မတွေ့သေးဘူး၊ ရှေ့နားမှာ ဖြစ်မယ်"

"ဆရာ ဒီမှာ သွေးတွေ"

"ဟုတ်တယ်ဗျ၊ ချေသွေးတွေပဲ၊ တင်မြတ်ရေ ဟောဒီအောက်ဘက် ဆင်းသွားတယ်ကွ၊ တွေ့တော့မှာပါ"

"အေး... သွေးစက်ခံ လိုက်ကြတာပေါ့"

မိုးကျော်အောင်နှင့်ရှာသားတို့တွေ့သော သွေးစက်များအတိုင်း ဆက်လိုက်ပါ၏၊ ချေမှာ အောက်ဘက်ဆင်းပြေးသည့်အတွက် တော်တော်ဝေးဝေး ပြေးပုံ ရသည်။ သို့သော် ဒီသွေးတွေကို မိုးကျော်အောင်နှင့်တင်မြတ် တွေ့လိုက်ရသည့်အတွက် ချေဟာတစ်နေရာရာမှာတော့ လဲနေပြီဟု တစ်ထစ်ချ ယုံကြည်ပြီး ခပ်သွက်သွက် ဆက်လိုက်ခဲ့သည်။

တောင်စောင်းမှ ရေတံခွန်ဘက်သို့ ဆင်ခြေလျှောဆင်းသွားသည့် ရေတံခွန်။ ရေတွေစီးနေသော ချောင်းကလေးနားသို့ ရောက်သွားသော အခါ ရေအစပ်တွင် ချေသေအား တွေ့ရပါပြီ၊ ချေသေနေပါပြီ။ မိုးကျော်အောင် ဝမ်းသာသွား၏။

"တွေ့ပြီဟေ့... ချေတွေ့ပြီ"

"အေးဟ"

"ကဲ... ကျွန်တော် ထမ်းမယ်"

ရှာသားသည်ချေအား အားရဝမ်းသာထမ်းပိုးပြီးနောက် တောင်စောင်းပေါ်သို့ တင်မြတ်ရှေ့မှဦးဆောင်ပြီးပြန်ခဲ့သည်။ ဘာမျှ ထူးထူး


www.burmeseclassic.com

www.burmeseclassic.com


ခြားခြားမရှိ။ စခန်းချရာပြန်ရောက်တော့လည်း အေးအေးဆေးဆေးမို့ အရက်သောက်ရင်း အမောဖြေလိုက်၏။

"ဆရာကြီး"

"ဟုတ်ကဲ့ ဆလံဝါ"

"ညက တစ်ခု အံ့ဩနေသေးတယ်"

"ဩော်... တောဆင်ကြီးလား"

"ဟုတ်တယ်... ဆရာကြီး"

"တောဆင်ကြီး လာတာ မှန်မှာပါ"

"ဒါပေမဲ့ ထူးခြားတာ မတွေ့ဘူးလေ"

"ဟုတ်တယ်"

ကျွန်တော် ဆက်မပြောတော့ဘဲ တော၏မာယာ ကြွယ်ဝလှသည့် အံ့ဩစရာ ဆန်းတတ်မှုတွေ မပြောလိုတော့ပါ။ သူတို့မှာ နတ်ကိုးကွယ်ကြသည့် အတွက် အယူသည်းချင်မှ သည်းကြမည်ဖြစ်၍ စကားရပ်သွားအောင် ဟုတ်တယ်ဟုသာ အဆုံးသတ်ပေးလိုက်သည်။

"မိုးကျော်နဲ့တင်မြတ်"

"ဗျာ..."

"ဟုတ်ကဲ့"

"ဒီ... ကျားကြီးနဲ့ ဝက်ဝံကြီး ရွာပြန်ပို့ရင် ကောင်းမလား"

"ကောင်းတယ် ဆရာကျော်၊ ဒါမှ ရွာသားတွေလည်း တော်တော် လေး စိတ်ချမ်းသာကြမှာ"

"ဟုတ်တယ် ပို့ရင်ကောင်းမယ်"

ကျွန်တော် ပြန်ပို့ရန်အတွက် စဉ်းစားမိသော်လည်း ဒီမှာထားခဲ့ ရန်အတွက် မိုးကျော်တစ်ယောက်ထဲ ထားခဲ့ပါကလည်း စိုးရိမ်စိတ်၊ အထက်


www.burmeseclassic.com

www.burmeseclassic.com


က မှာကြားထားသည့်အထဲတွင် လက်နက်၊ လူအန္တရာယ်ဆိုသောအတွေးတွေကြောင့် တစ်နည်းဖန်ရတော့မည်။ သို့အတွက် ဆလံဝါ ဦးဘောက်နော်အား လှမ်းကြည့်ပြီး...

"ဆလံဝါကြီး"

"ဟုတ်ကဲ့"

"ဒီနှစ်ကောင် ရှာပြန်ပို့ချင်တယ်"

"ကောင်းတယ်"

"ဘယ်လို ပို့မလဲ"

"ကျွန်တော်တို့ လေးယောက် ထမ်းသွားမယ်"

"နေဦး၊ ဒီနားမှာ တောင်ယာတဲတွေ ရှိလား"

"ဩော်... ဟုတ်ပ၊ ရှိတာပေါ့ ဆရာကြီး၊ ဟော့... လဖိုင်လမင်းတို့ဘေးမှာ လဂျာတို့ ရှိတယ်နော်"

"ရှိတယ်... လဂျာတို့နှစ်ယောက် သွားခေါ်လိုက်မယ်"

ရှာသားလဖိုင်လသည် ဇော်တူးနှင့်အတူ သွက်သွက်လက်လက်တောင်ပေါ်သို့ တက်သွားကြပါ၏။ သိပ်မကြာဝေးပါဟု ဆလံဝါဦးဘောက်နော် ပြောပြ၍ သိရပါသည်။ ရှာသားတွေ ပါလာပါက သူတို့တစ်တွေအား စုပေါင်းပြီး ရှာပြန်လွှတ်မည်ဟု ကျွန်တော်တွေးပြီး စောင့်နေလိုက်ပါသည်။

တစ်နာရီခန့်ကြာသောအခါ ရှာသားငါးယောက်ပါလာကြပြီးနောက် ရှာသားတွေနှင့် အရက်သောက်ကြ၏။ ဆလံဝါဦးဘောက်နော်စီစဉ်သည့်အတွက် ထိုရှာသားတွေသည် ကျားကြီးအားနှစ်ယောက်၊ ဝက်ဝံကြီးအားနှစ်ယောက် ဝါးလုံးလျှိုပြီး ထမ်းရင်းထွက်သွားကြပါ၏။


www.burmeseclassic.com

www.burmeseclassic.com


တစ်ယောက်မှာ အရှုံးလိုက်ပါသွား၏။ ကျွန်တော်တို့နှစ်ယောက် အတွက် အနားယူရင်း ညနေစောင်းတွင် သူတို့ပြောသော ကျောက်ဂူထဲ သွားရန် ဆုံးဖြတ်လိုက်ပါ၏။

နေ့လယ်တစ်နာရီခန့်တွင် ကျွန်တော်တို့သုံးယောက် ဆလံဝါဦး ဘောက်နော်အပြင် ဦးမရူဂမ်တို့နှစ်ဦး ပါဝင်ပြီး ကျောက်ဂူဘက်ထွက် ခဲ့ပါသည်။ စခန်းမှာတော့ ရှာသားနှစ်ဦးအား သတိ ဝီရိယဖြင့်နေခဲ့ကြရန် မှာကြားထားခဲ့သည်။ သူတို့နှစ်ယောက်သည် ထမင်းချက်ရင်း ချေသား တွေ ကြပ်တိုက်ရင်းဖြင့် စခန်းစောင့်ကြ၏။ သူတို့နှစ်ယောက်မှာ ဒီနယ် မြေသားတွေဖြစ်ပြီး အရေးအကြောင်း ကြုံပါက မိုးကျော်အောင်တက်ခဲ့ သည့် ကျောက်တုံးပေါ်တက်နေရန် မှာထားပြီး ကျွန်တော်တို့ထွက်ခဲ့ သည်။

ရေတံခွန်မှတဆင့် အခြေအနေအား စောင့်ကြည့်သည်။ ဘာ ကောင်မျှ မတွေ့ရပါ။ ဒီအချိန် ကျောက်ဂူထဲဝယ် ဝက်ဝံကြီး ရှိနေပါက လည်း အိပ်စက်နေသည်သာ ဝက်ဝံတို့၏ ထုံးစံအတိုင်း နေ့ဘက်တွင် ခြေပစ်လက်ပစ် အိပ်စက်တတ်သည့် သဘောသဘာဝကို အခွင့်ကောင်း ယူရလျက် ကျွန်တော်တို့ ကျောက်ဂူအား ချဉ်းကပ်ခဲ့သည်။

"တင်မြတ် သတိထား"

"ဟုတ်ကဲ့"

"ငါ ဝင်မယ်၊ မင်း အသင့်ပြင်ထား"

"ကျွန်တော် ပါဝင်မယ် ဆရာကြီး"

"မဟုတ်ဘူး နောက်မှ ဝင်ပါ၊ ကျွန်တော်နဲ့တင်မြတ် တစ်ပြည့် စီဝင်မယ်"



www.burmeseclassic.com

www.burmeseclassic.com

ပြောပြောဆိုဆို ကျွန်တော် ကျောက်ဂူဝထဲသို့ စတင် ဝင်ရောက်လိုက်သည်။ ကျောက်ဂူအမှောင်အတိ ကျနေသည်မို့ ခက်ခဲမည်ဖြစ်သည့်အတွက် တင်မြတ် လက်နှိပ်မီးထိုးလိုက်ရာ ကျောက်ဂူထဲမှာ ရှိနေသော လင်းနို့တွေ ဆူညံသွားပါ၏။

"ဝုန်း... ရှဲ... ဝူး... ဝူး... ဝုန်း.. ဝုန်း"

"ဝုန်း... ဝုန်း... ဝုန်း"

"ကျိ... ကျိ... ကျိ"

လင်းနို့အုပ်လိုက် ပျံထွက်လာသည့်အတွက် ကျွန်တော်အသာ ထိုင်နေပြီး အခြေအနေ စောင့်ကြည့်ရင်း တင်မြတ်၏ လက်နှိပ်မီးရောင်သည် ကျောက်ဂူထဲ ထိန်ထိန်လင်းပြီး ညှီစို့စို့အနံ့ တွေ့ရ၏။ ထိုအနံ့မှာ လင်းနို့ချေးနံ့သာ ဖြစ်ပါမည်။

"ဆရာကျော် နှစ်ယောက်ဝင်မယ်"

"အေး... ဝင်မယ်"

"ဆရာကျော် ကျွန်တော်တို့လည်း ဝင်ခဲ့မယ်"

"နေဦး၊ မိုးကျော် အခြေအနေကြည့်ဦးမယ်"

ကျွန်တော်တို့နှစ်ယောက် ကျောက်ဂူထဲသို့ ဝင်လိုက်ရင်း လက်နှိပ်မီးထိုးရာမှ ကျောက်ဂူ၏ အပေါက်သည် တစ်ဆစ်ချိုးကွေ့နေသည့်အတွက် နားစွင့်ရင်း အခြေအနေ ကြည့်လိုက်ပြီးမှ...

"ဆရာကျော် မီးထိုးထား၊ ကျွန်တော်ဝင်မယ်"

"အေး... သတိမမေ့နဲ့၊ အဓိက ဝက်ဝံကြီးပဲ"

"စိတ်ချပါ"


www.burmeseclassic.com

www.burmeseclassic.com


တင်မြတ်ပြောပြောဆိုဆို တစ်ဆစ်ချိုးအကွေ့ ကျွန်တော်၏ မီးမှာ ကျောက်ဂူတစ်ခုလုံး ထွေဝဲ၍ မီးကစားလိုက်သည်တွင် ကျောက်ဂူနံရံဆားဝယ် တွေ့လိုက်ရသော မျက်လုံးတွေ ဝင်းလက်တောက်ပနေသည်။

"ဆရာကျော်"

"အေး... ဘာတွေ့လဲ"

"တွေ့တယ်၊ အကောင်သုံးကောင်ရဲ့မျက်လုံးတွေ ဘာကောင်မှန်းတော့ မသိသေးဘူး"

"ငါဝင်ခဲ့မယ်"

"ဝင်ခဲ့... ကျွန်တော်ချိန်ထားတယ်"

ကျွန်တော် ကျောက်ဂူထဲသို့မီးကစားရင်း ဝင်လိုက်၏။ တင်မြတ်ပြောသော မျက်လုံးသုံးစုံနှင့် အကောင်သုံးကောင် ဘာကောင်တွေမှန်းမသိရသေး၊ အများဆုံးဖြစ်နိုင်သည်မှာ ဝက်ဝံ သို့မဟုတ် ကျားတွေဖြစ်သည်ဟု ကျွန်တော် တွက်ချက်မိ၏။

တစ်ခါက ကျွန်တော်တို့ ကျောက်ဂူထဲဝင်ခဲ့ရာ အင်မတန်ကြောက်စရာကောင်းသည့် ငန်းမြွေကြီးတွေ၏ ပါးပြင်းထောင်လျက် ကျွန်တော်တို့အား ခြောက်လှန့်နေကြသည်။ ကျွန်တော်တို့မှ ထိုငန်းမြွေကြီးတွေအား ရန်မမူဘဲ ပတ်ဝန်းကျင်အား ရှာဖွေ စူးစမ်းသောအခါ တွေ့လိုက်ရသည့် ပိတ်ဖြူစင် ဝတ်ထားရင်း တရားထိုင်နေသော ပုဂ္ဂိုလ်တစ်ပါးသည် ထိုတောကြီးငန်းမြွေ အဆိပ်ပြင်းထန်လွန်းသော မြွေ၏ဘေးတွင် တရားထိုင်နေသော်လည်း တစ်ကောင်မျှ အန္တရာယ် မပြု။ ထိုဖြစ်ရပ်ကို ကျွန်တော်တွေးမိပြီး သူတော်ကောင်းကြီးများ ရှိလေမလား။ သို့သော်တတ် မြင်တွေ့နေရသော မျက်လုံးပိုင်ရှင်အား ငန်းမြွေကြီးတွေလားဟု တွေး


www.burmeseclassic.com

www.burmeseclassic.com


မိပြီး သတိထားကာ လက်ထဲက လက်နှိပ်ဓာတ်မီးကိုပါ ထိုးကြည့်လိုက်သည်တွင် တွေ့လိုက်ရသည်မှာ ကျွန်တော်တို့အား ကြောက်ရွံ့နေသော တောခွေးသုံးကောင်မှအပ ဘာကောင်မှ မတွေ့ရပါ။

"ဆရာကျော် တောခွေးသုံးကောင်"

"အေး... ဟုတ်တယ် တင်မြတ်"

"ဗျာ... အဲပေါ်မှာ အပေါက်ရှိတယ်ကွ"

"ဟုတ်တယ် မိုးကျော်တို့ ခေါ်လိုက်မယ်"

"ခေါ်လိုက်ပါ၊ ငါစောင့်နေမယ်"

တင်မြတ်နောက်ဆုတ်ထွက်ပြီး မိုးကျော်အောင်နှင့် ဆလံဝါဦး ဘောက်နော်နှင့် ဦးမရှုဂမ်တို့အားခေါ်ပြီး အမြန် ပြန်ဝင်လာခဲ့သည်။ ခိုအောင်းနေကြသော တောခွေးသုံးကောင်သည် ဘယ်လိုက ဘယ်လို ပျောက်သွားသည် မသိလိုက်။ မတွေ့ရတော့ပါ။

"တင်မြတ်"

"ဗျာ..."

"တောခွေးတွေ ပျောက်ကုန်ပြီကွာ"

"ဆရာကြီး ဒီကျောက်ဂူမှာ အပေါက်ကြီး ရှိတယ်"

"အဲဒီအပေါက်က အပြင်ရောက်သလား"

"ရောက်တယ်၊ အပြင်ထွက်ရင် ရေတံခွန်နောက်ကျောက်ပေါက် ထွက်တယ်ဗျ"

"ဒါဆို ဒီတောခွေးတွေ ပျောက်သွားတာ အဲဒီအပေါက်ကနေ ထွက်သွားတာဖြစ်မယ်၊ ကဲ... လာကြဗျာ"


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် အပေါက်ရှိသည်ဟု ပြောသော ဆလံဝါဦးဘောက်နော်အား ခေါ်ယူပြီးနောက် ရှေ့တိုးလိုက်သည်။ ဘာကောင်မျှ မရှိတော့။ ဝက်ဝံကြီး ယ်ရောက်နေသလဲဆိုတာ အဖြေရှာ မရတော့ပါ။ သုံးယောက်သား လက်နှိပ်မီးတွေဖြင့် ကျောက်ဂူအား မွှေနှောက်ရှာဖွေရာ ဘာမျှ မတွေ့၍ စိတ်ချစွာ ပြန်ထွက်ခဲ့ပါပြီ။ ဝက်ဝံကြီး အဘယ်ကဲ့သို့ ရှာရမည်နည်း။

ကျောက်ဂူထဲမှထွက်တော့ သုံးနာရီသာ ရှိသေးသည့်အတွက် ကျောက်ဂူပတ်ဝန်းကျင်နှင့် ရေတံခွန်နောက် ကျောက်တောင်ပေါ်သို့ တက်ခဲ့၏။ ဘာမျှ မထူးပါ။ တောင်တန်းတောင်ကျောပေါ်ရောက်တော့ ပတ်ဝန်းကျင် အခြေအနေလာရာမှ မျက်စေ့လျှင်သော မိုးကျော်အောင် မြင်လိုက်ရသည်မှာ...

"ဆရာကျော်"

"အေး..."

"ဟောဟိုမှာ ဝံသိုက် ဖြစ်မယ်ထင်တယ်"

"ဟား... ဟုတ်မယ် ထင်တယ်၊ ဆလံဝါလာပါဦးဗျ"

"ဘာလဲ ဆရာကြီး"

"ဟိုမှာ ဝံသိုက်ကြီးလား မသိဘူး"

လူနှစ်ဖက်ခန့်ကြီးမားသော အပင်ကြီး၏ ဒုတိယခွဆုံတွင် အသိုက်အုံကြီးတစ်ခု တွေ့ရပါသည်။ အကိုင်းတွေမှာလည်း ယှက်နွယ်ထားသကဲ့သို့ရှိပြီးနောက် အသိုက်မြုံကြီးတည်ဆောက်ထား၏။ ကျွန်တော်တို့အား ထိုက်အသိုက်မြုံပေါ်မှ ကောင်းစွာတွေ့နိုင်၏။ ကျွန်တော်တို့ သတိထားမိပါ။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာကြီး... အဲဒါ ဝံသိုက်ကြီး သေချာတယ်"

"ဆရာကျော် အောက်ဘက်သွားကြည့်ကြမလား"

"နေဦးကွ"

ကျွန်တော်တို့ စဉ်းစားရပါပြီ။ ဝက်ဝံသိုက်တို့သည် ဤကဲ့သို့ အပင်ထီးထီးကြီး မဟုတ်ဘဲ တောထူထူ အပင်မြင့်မြင့် နွယ်တွေပါယှက် သွယ်နေသည့် ချုံတွေနှင့် အပင်ကြီးတွေအပေါ်ဝယ် အသိုက်လုပ်တတ် ကြ၏။ ကျွန်တော်တို့အသိုက်ရှိသည့်နေရာ ကောင်းကောင်း သိပါပြီ။ သို့အတွက် ဒီနေရာနှင့် နောက်နေရာ တစ်ခုခုမှနေပြီး ဝက်ဝံကြီးတစ် ကောင်ကို စောင့်ပစ်ရန်အတွက် ဖြစ်၏။ သို့အတွက် နေရာသစ်တစ်ခု ရွေးရန် ကျွန်တော် ဆုံးဖြတ်လိုက်၏။

"မိုးကျော်နဲ့ တင်မြတ်ရေ"

"ဟုတ်ကဲ့"

"တို့ ဝံသိုက်တွေ့ပြီ၊ ဒါပေမယ့် ပစ်ချင်တဲ့ ဝက်ဝံဖြစ်ချင်မှ ဖြစ်မယ်ကွ၊ ဒီတော့ နောက်နေရာတစ်ခု ထပ်ရွေးပြီး ဒီမှာ တစ်ဖွဲ့ နောက်နေရာမှာ တစ်ဖွဲ့ပေါ့ကွာ၊ နှစ်ဖွဲ့ခွဲစောင့်ရင် ကောင်းမယ်ကွ"

"သူတို့အသိုက်အောက် မသွားဘဲ နောက်ထပ် နေရာအသစ် ထပ်ရှာတာ တို့အတွက် ပို အဆင်ပြေမယ်လေ"

"ဟုတ်တယ် ဆရာကျော်၊ ဟောဟို ရေတံခွန်ရဲ့အထက် ကျောက် အစွန်းကြီးဘက် နေရာ သွားရွေးရင်ကောင်းမလားပဲ"

"အင်း... မဆိုးဘူး၊ သွားကြရအောင်"

ကျွန်တော်တို့ငါးယောက် ရေတံခွန်ဘေးသို့ ကပ်ဆင်းပြီး ကျောက်အစွန်းဖက်ဆက်တက်လိုက်သည်တွင် ဝက်ဝံကြီးတို့၏အသိုက်


www.burmeseclassic.com

www.burmeseclassic.com


နောက်ထပ်တစ်ခု ထပ်မံတွေ့ရပါ၏။ သို့သော် အကောင်ရှိပုံမရ။ ဘာပဲ ဖြစ်ဖြစ် ဒီနေရာတွင် ကျွန်တော်နှင့်တင်မြတ် နေရာယူရန် ဆုံးဖြတ် ပြီး ရေတံခွန်အပေါ်မှာတော့ မိုးကျော်အောင်နှင့်တစ်ယောက်ထားရန် စီစဉ်ပြီး စခန်းချရာသို့ ပြန်ခဲ့ပါ၏။

ကျွန်တော်တို့အားလုံး စခန်းပြန်ရောက်တော့ ရွာသားငါးယောက် ရွာမှ ပြန်လာကြပြီးနောက် သုံးယောက်မှာ တောင်ယာရှိရာသို့ ပြန်သွားပြီး နှစ်ယောက်ထပ်မံနေခဲ့၏။ ကျွန်တော်တို့လူကိုးယောက် ဖြစ်သွားသဖြင့် မိုးကျော်အောင်အား လူစစ်ခိုင်းလိုက်သည်တွင် မိုးကျော်အောင် သဘောပေါက်ပြီး...

"ကျွန်တော် မောင်ကျောက်ခဲပါ ခေါ်လိုက်ပြီ၊ ဒီတော့ ဆယ်ယောက်ပေါ့"

"အေး... ကောင်းတယ်"

"ဆရာကြီး လူကိုးယောက်ဖြစ်နေလို့လား"

"ဟာ ဦးမရှုဂမ် သိနေပါလား"

"ဟုတ်ကဲ့ ကျွန်တော်အဘွား(အဖေ) ပြောတာသိရလို့ပါ၊ ဟုတ်ပါတယ်၊ ဒီနယ်မြေဟာ ဝှမ်းမြစ်နဲ့ ဆက်စပ်နေတော့ ဆရာကြီးတို့လုပ်တာ မမှားပါဘူး"

"ဒီလိုပါ ဦးမရှုဂမ် ကျွန်တော်တို့က အရိုအသေပေးထိုက်တာ အရိုအသေပေးပါတယ်၊ နောက်ပြီး ရှမ်းပြည်နယ်ဘက်မှာ ကျွန်တော် ကိုယ်တွေ့ကြုံခဲ့ဖူးလို့ပါ၊ ဟိုဗျာ... ကိုးခရိုင်အပိုင်စားတွေ မကြိုက်တာ မလုပ် တာ အကောင်းဆုံးပဲ မဟုတ်လား ဦးမရှုဂမ်"


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်၊ အကောင်းဆုံးပဲ၊ ကျွန်တော် လားရှိုးမှာ တစ်ခါကြုံတယ်၊ ကျောင်းတက်ရင်း သူငယ်ချင်းတွေ လျှောက်လည်တာပေါ့၊ ရန်ဖြစ်လိုဖြစ်၊ စီးတဲ့ကားက ရပ်သွားလိုက်၊ မတော်တဆ ဟိုဝင်တိုက် ဒီဝင်တိုက်နဲ့ နောက်မှ နမ့်ခမ်းမြို့သားစိုင်းအောင်က လူကိုးယောက်ဆိုပြီး မောင်ကျော်ခဲသူငယ်ချင်း တို့နဲ့လိုက်ခဲ့လို့ခေါ်ပြီး လူဆယ်ယောက် ဟော့လို့ ကြွေးကြော်ပြီးမှ အားလုံး ဘာမှကို မဖြစ်တော့ဘူး၊ နောက်တော့ စိုင်းအောင်ပြောပြတယ်၊ ကိုးခရိုင်အပိုင်စားတဲ့ပုဂ္ဂိုလ်ကြီးတွေဟာ လူကိုးယောက်ဖြစ်ရင် မကြိုက်ဘူး၊ နောက်ထပ်တစ်ယောက်ထပ်ခေါ်ရင်ခေါ် မခေါ်ရင် တစ်ယောက်ချန်ထားခဲ့တဲ့ ဆရာကြီးရဲ့ ကျွန်တော့်အဖေက လည်း အယူသီးတယ်၊ နောက်တစ်ခုပေါ့၊ ကျွန်တော်တို့တတွေဟာ လည်း နတ်ကို ကိုးကွယ်ကြတယ်ဆိုတော့ အဲဒီနတ်တွေ မကြိုက်တာ ဘာယ် တော့မှ မလုပ်ပါဘူး၊ အန္တရာယ်ကင်းတာပေါ့ ဆရာကြီးရဲ့"

"ဟုတ်တယ်ဗျ၊ ကျွန်တော်တို့ပြင်ဦးလွင်မှာ သကြန်ပွဲပေါ့၊ လူကိုးယောက်ကားနဲ့လည်တာ ကားသမားပြောပါတယ်၊ ကျွန်တော်တို့ရဲ့ ဆရာကျော်မြင့်က မရဘူး ပြဿနာဖြစ်တာပဲ၊ ကားအရင်ဝင်တိုက်တာ ပေါ့၊ ဆရာကျော်မြင့်ခြေထောက် ကျိုးသွားတယ်ဗျ၊ ဒါကြောင့် ကျွန်တော်လည်း ကိုးခရိုင် ဒါမှမဟုတ် ဟောဒီဆက်စပ်နေတဲ့ နယ်မြေ မှာ ကိုးယောက်တို့၊ ကိုးရက်တို့ဆိုရင် ပိုဂရုစိုက်ရတယ်၊ လူကြီးတွေ အများအားဖြင့် ဆရာသမားတွေမှာတဲ့အတိုင်း ကျောက်ခဲကိုခေါ်တာတို့ ကိုးရက်မှန်းသိပါလျက် မသွားမဖြစ်ပါက ဒီနေ့ဆယ်ရက်ဟော့လို့ဆိုပြီး ခရီးထွက်တာလည်း ရှိပါတယ်၊ အခက်အခဲတော့ သိပ်မတွေ့ကြုံရ ဘူးပေါ့"


www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တာပေါ့၊ သတိရရင် နတ်ကောင်းနတ်မြတ်တွေက စောင့်ရှောက်ပါတယ်၊ အဲ...သူတို့ကို ဂရုမစိုက်ရင် နတ်ဆိုးတွေက တွန်းချမှာပဲ ဒုက္ခပေးမှာပဲ ဆရာကြီးရဲ့"

"ဟုတ်တယ်ဗျာ၊ ဦးမရွှေဂမ်နဲ့ကျွန်တော် သဘောထားခြင်း တိုက်ဆိုင်ပါတယ်"

ကျွန်တော် ရေလိုက်ငါးလိုက် သူ့အကြိုက် ဆောင်လိုက်ရန် ဆင်ပန်းပါ၊ သူလည်း ကျေနပ်သွားပါပြီ၊ အန္တရာယ်လည်း ကင်းမည်ဟု ထင်ပါသည်။ မနေ့ညကပင် ထူးထူးဆန်းဆန်း ကြုံခဲ့ရပြီးပြီ တောဆင်သံနှင့် အပင်တွေရိုက်နက်ချိုးပဲ့သံတွေ တစ်ဖက်ခြေရာတစ်တောင့်ခန့် ဗွက်ကျိုလ်ကြီးကလည်း ရှိနေသေးသည်။

"ရွာပြန်ပို့တဲ့အဖွဲ့ ရွာသားတွေ ဘာပြောလဲဗျ"

တင်မြတ်သည် ရွာသားတွေထံမှ ဝမ်းသာစကား ကြားချင်နေ၏။ ရွာသူရွာသားတွေ ပျော်ရွှင်မှုနှင့်ကြုံရမည်ကိုလည်း ကြိုတင်တွေးပြီး မေးလိုက်၏။

"ဟာ... ဆရာရယ်၊ ရွာသားတွေ အရမ်း ဝမ်းသာတာပေါ့၊ သူတို့က ပြောကြတယ်၊ အခု စပါးသိမ်းနေတယ်လေ၊ ဆရာတို့ကို ကောက်သစ်စားပွဲဖိတ်ရမယ်တဲ့"

"ကောက်သစ်စားပွဲ ဘယ်တော့လောက် လုပ်မလဲ ဆလံဝါကြီး"

"အင်း... ကောက်သစ်စားပွဲ အင်လုံအင်နန်ရှားပေါ့၊ အောက်တိုဘာလအတွင်းမှ လုပ်ကြပါတယ်၊ တစ်ချို့ကလည်း အင်စင်ခလွှမ်လို့ ခေါ်လည်းရတာပေါ့၊ ဟိုကောက်သစ်ဦးကို ကြိုဆိုခြင်းလို့လည်း ခေါ်ပါတယ်၊ ဒီပွဲလုပ်ဖို့ နီးပါပြီ"

+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+



www.burmeseclassic.com

www.burmeseclassic.com



"အတော်ပဲ ဆရာကျော် ကျွန်တော်တို့ နောက်ထပ်ဝက်ဝံ
ရွက်ပြတ်ကြီးရအောင် ရှာပြီးတာနဲ့ ကောက်သစ်ပွဲ အတော်ပဲပေါ့"

"ဟုတ်တယ်ဗျ၊ ဆရာကြီးတို့ ကူညီပေးပါနော်"

"စိတ်ချပါ ဆလံဝါ မပူပါနဲ့"

"အင်း... ကျွန်တော်တို့တိုင်းရင်းသားတွေဟာ ရိုးသားကြ
တယ်၊ ဒီကောက်သစ်ပွဲဟာ မထုံမထာဆိုတဲ့နေနတ်သားကပေးတာ
ယုံ ကြည်ပါတယ်၊ ကျွန်တော်တို့ရဲ့ကချင်ပြည်နယ်တစ်နယ်လုံး
ကောက်သစ်ဦးကြိုဆိုပွဲတွေ အခမ်းအနားကြီးတွေ နေရာအနှံ့အ
အတွင်းမှာ ဘာသာအလိုက် လုပ်ကြတာပေါ့၊ ကျင်းပကြတာပေါ့၊ ဆ
ကြီး"

"ဟုတ်တယ်၊ ကျွန်တော် သုံးလေးခါလောက် အကြီးအကျ
ကြုံဖူးပါတယ်၊ ဗန်းမော်မြို့ပေါ်က ဘောလုံးကွင်းမှာရယ်၊ မိုးမော
မှာရယ်၊ စိန်လုံမှာရယ်၊ နောက်ကျေးရွာလေးတွေမှာလည်း ကြုံတယ်
ကောက်သစ်ဆန်က ကျွန်တော်တို့ အောက်ပြည်အောက်ရွာက ကော
ညှင်းဆန်ကျနေတာပဲ၊ စီးပိုင်နေလို့ အစီးရှိတဲ့အဲဒီဆန်နဲ့ ဝက်သား
ပြန်ချက်ရယ်၊ ခေါင်ရေကလည်း နှစ်ချို့ခေါင်ရည်ဗျ အံ့ဩစရာပဲ၊ ဆ
ဝါရေ၊ အီဆိမ့်ပြီး ရီဝေဝေခေါင်ရေက စလာတာနဲ့ကကြတာ အရ
ပျော်မိတယ်ဗျ"

"ဆရာကြီးတို့တောင် အောက်ပြည်အောက်ရွာမှာ အလှူပွဲကြီး
တွေလို့ပေါ့နော်"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကောက်သစ်ပွဲဟာ ပျော်စရာကော
တာအမှန်ပဲ၊ ဘာဖြစ်လို့လဲ သိလား၊ ဦးမရှူဂမ်"

"ဗျာ... ဘာများပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com


"ဩော်... အောက်ပြည်အောက်ရွာ အလှူတွေမှာက အရက်တွေ သောက်တဲ့သူရှိပေမယ့် လူကြီးတွေက မသောက်ကြတော့ ထိန်းကြရတာပေါ့၊ တစ်ချို့ကြပြန်တော့လည်း အမူးလွန်နေကြတယ်၊ ဒီမှာလုပ်တဲ့ ကောက်သစ်ပွဲဟာ အောက်ပြည်အလှူနဲ့ မတူတာက လူကြီး၊ လူငယ်အားလုံး ခေါင်ရေသောက်ကြတယ်၊ ဆုတောင်းကြတယ်၊ ထမင်းဆိုလည်း ငှက်ပျောရွက်နဲ့ ထုပ်ထားတာ ဝေမျှယူကြတယ်၊ စားပြီးတော့လည်း မီးပုံဘေးမှာဝိုင်းပြီး တညီတညာထဲ ကကြတာဆိုတော့ အယုတ်အလတ် အမြတ်မရွေး အတူတူ ပျော်စရာကြီးပေါ့ဗျာ"

ကျွန်တော် အတွေ့အကြုံတွေ ရှင်းပြ၏။ ပျော်စရာကောင်းသမျှတွေ ဆက်လက်ပူးပေါင်း ကခုန်ကြမှုတွေအား ပြောပြလိုက်သည်တွင် ဦးမရှုဂမ်နှင့် ဆလံဝါဦးဘောက်နော်၊ ရွာသူရွာသားတွေ တော်တော်သဘောကျသွားကြ၏။ အားလုံးမျက်နှာတွေ ဝင်းပနေကြသည့်အပြင် ချေသား နှင့်အရက်ကလေးတွေကလည်း စိတ်ကိုကျေနပ်ပျော်ရွှင်နေစေ၏။ သို့အတွက် အားလုံး ပြုံးချိုနေကြပါ၏။

"ဒူဝါကြီးရဲ့သား၊ ဒူဝါဦးမရှုဂမ်ပေါ့၊ နောက်ပြီး ဆလံဝါကြီးတို့ရဲ့ ပုံပြင်မဟုတ်ဘူးဘဲ ထားပါတော့၊ လူသားဖြစ်ပြီး စားစရာ စပါးရိုင်းတွေလေ၊ ဟိုဗျာ ဒမ်ကျလမင်းနဲ့ ခူးရှော့ခူးရှောင်ဆိုတဲ့ စပါးစားမရလို့ မထုံမထာနေနတ်သားထံတောင်းလို့ အခုစားနေကြတဲ့ စပါးတွေရတာယ်မဟုတ်လား"

"ဟာ... ဆရာကြီး တော်တော်လေ့လာထားတာပဲ"

"ကျွန်တော်ရောက်နေတာက ကချင်ပြည်နယ်ဆိုတော့ သိသင့်တာတွေ လေ့လာထားရတာပေါ့၊ အဲဒီမထုံမထာနတ်ကြီးကို ကျေးဇူးတင်


www.burmeseclassic.com

www.burmeseclassic.com

ကြပြီး သူတို့ပေးတဲ့စပါးတွေကို စားလည်းစား စိုက်လည်းစိုက်တော့ ပိုပြီး တိုးပွားလာတယ်မဟုတ်လား၊ အဲဒီကစပြီး အမြဲနှစ်စဉ်နှစ်တိုင်း မထုံမထာနတ်ကြီးကို ပူဇော်ကြတယ်၊ စပါးတွေ များများထွက်ပါစေ ပေါ့နော့"

"ဟုတ်တာပေါ့ ဆရာကြီးက ကျွန်တော်တို့ထက် ပိုသိနေတာ လား၊ ဟုတ်တယ်ဆရာကြီးရဲ့ ကျွန်တော်တို့ရဲ့စထွက်တဲ့စပါး သိမ်းပြီး တာနဲ့လုပ်ကြတာပေါ့၊ သဘောက စားဦးစားဖျား အလှူလုပ်ကြတာ ပေါ့"

"အင်း... မကြာမီ မောင်းသံတွေ အိုးစည်သံတွေ ကြားရတော့ မှာပဲ"

"ဆလံဝါကြီး"

"ဟုတ်ကဲ့"

"ကျွန်တော်က ပျော်တတ်တယ် အဲဒီပွဲကို ဖိတ်နော်"

"ဖိတ်မှာပေါ့၊ ဘာလဲ ရွာထဲက မိန်းကလေးတွေနဲ့ တွဲကချင်တာ နဲ့တူပါတယ်"

"ဟား... ဟား... ဟား... ဟား"

"ဟား... ဟား... ဟား... ဟား"

တင်မြတ်အား ဝိုင်းနောက်ကြသည်။ တင်မြတ်သည် ကောက် သစ်စားပွဲကြုံတိုင်း ကောင်းကောင်းကတတ်သူ၊ ပျော်ပျော်ရွှင်ရွှင်ပေါင်း သင်းတတ်သူမို့ ရွာသားတွေအားလုံး ခင်ကြ၏။ ရှမ်းဗမာတွေနှင့် အဆင်ပြေသလို ကချင်တွေနှင့်လည်း အလွန်သင့်မြတ်သော တင်မြတ် ရွှတ်နောက်နောက် လုပ်တတ်၍လည်း သူ့အား အလွန်ခင်ကြ၏။


www.burmeseclassic.com

www.burmeseclassic.com


ကချင်တိုင်းရင်းသားများသည် ကောက်သစ်စပါး စိုက်ပျိုးရာတွင် စီးပွားဖြစ် စိုက်ပျိုးသည်မရှိ။ ကျွန်တော်တို့ တောလယ်သည့် ခုနှစ်များ ထိ တောင်ယာစပါးဆိုသော်လည်း တောင်ယာခုတ်ပြီး တောင်စောင်း တွင် လေ့စါးထစ်ပင် မလုပ်ကြသေးဘဲ မြေကျင်းလေးတွေတူးပြီး စပါး စေ့ချစိုက်ပျိုးကြ၏။ စပါးထွက်လာပါကလည်း စပါးနှံအား လက်နှင့် ချွေယူကြသည့် သဘောပင်ရှိသေး၏။ စီးပွားဖြစ်မဟုတ် ဝမ်းစာစားရန် လောက်သာ စိုက်ပျိုးကြသည့်အတွက် များများစားစား သိပ် မရှိကြပါ။

နောက်တစ်နှစ်မှာ ထိုကောက်သစ်စားပွဲမပြုလုပ်မီ ကောက်သစ်ပွဲ ကျင်းပသည့်နေရာတွင် ရက်သတ္တပတ်ကျော်ခန့်တွင် အိမ်တွေမှာ ဆန်ဖွတ်ကြ၏။ အရက်တွေလည်း ချက်ကြ၊ နှစ်ချို့ခေါင်ရေလည်း ပွဲတော်အတွက် ပြင်ကြ၊ ထင်းခွေခြင်း၊ ဖက်ခူးခြင်းမှအစ စုပေါင်း လုပ်ကြ၏။ မဏ္ဍာပ်ဆောက်လုပ်ရာတွင် ဝါးခုတ်သူ၊ သစ်ခုတ်သူတွေမှာ ပြောစရာမလို လူကြီးပိုင်းမှ ကြီးကြပ်မှုလည်း အလွန်ကောင်း၏။ ကျွဲ၊ နွား၊ ဝက်၊ ကြက်တွေ ချက်ပြုတ်ရေး ဟင်းသီးဟင်းရွက် စုဆောင်း ကြနှင့် ပျော်စရာ ကောင်းလွန်းလှသည်။

ကြိုတင်ပြင်ဆင်သော ကာလသည်ပင် ပိုမို ပျော်စရာအကောင်း ဆုံးကာလတွေဖြစ်၏။ ပင်ပန်းသည်ဟု မတွက်ကပ်ကြပါ၊ ပိုမို ထူးခြား သည်မှာ ဆလံဝါ ဒူဝါတွေ၏စကားကို တစ်သဝေမတိမ်းနားထောင် ကြ၏။ ရန်ခိုက်ဒေါသ မဖြစ်သည်မှာ အလွန် အံ့သြစရာကောင်းလွန်းပါ ၏။ ဓားတွေ ကိုယ်စီလွယ်ထားကြ၏။ အရက်တွေ ခေါင်ရေတွေ သောက်ထားကြ၏။ ရီဝေဝေမူးနေကြသော်လည်း ရန်မစောင်ကြ သိပ် မူးသူသည် ဆောက်ထားသောတဲငယ်ကလေးများတွင် ဝင်အိပ်၏။

+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+


www.burmeseclassic.com

www.burmeseclassic.com


ဆိုသူအိပ်နေ၍ တခြား တစ်စုံတစ်ယောက်သည် ဝင်ရောက်မနှောက် ယှက်၊ အိပ်နေပါက ထိုသူအား မနိှုးပါ။ ဤသည်မှာ ရိုးသားသောလူမျိုး များ၏ အကြင်နာစိတ်တွေပင်ဖြစ်ပါ၏။ သူအိပ်ချင်နေလို့ အိပ်နေတာ ဝါ မနှောက်ယှက်သင့် မနှောက်ယှက်ဟု သဘောထားကြ၏။

"ဆရာကြီးတို့တော့ သိချင်မှသိမယ် ဆရာကြီး၊ စပါးပိုမိုထွက် ရှိရန်အတွက်ရယ် ကျွန်တော်တို့ ကချင်တိုင်းရင်းသားတွေဟာ စပါးကို သိပ်ရိုသေကြတာပေါ့ ဆရာကြီးရဲ့၊ စပါးလိပ်ပြာခေါ်တယ်ဆိုတာ လည်းရှိသေးတယ်၊ ကချင်လိုဆိုရင်တော့ မင်လာရှုဂါး ဒါမှမဟုတ် မင်လာလီလော်ပေါ့"

"မသိဘူးဗျ၊ ပြောပြပါ ဆလံဝါကြီးရဲ့ ဗဟုသုတ ရတာပေါ့"

ကျွန်တော်ကမှုဆိုး၊ မိုးကျော်အောင်နှင့်တင်မြတ်သည် မုဆိုး ပေါက်စလေးတွေဆိုလည်း မမှားပါ။ တောပစ်ထွက်ရင်း အချိန်က လည်းရ တဖန် ဒူဝါဆလံဝါတွေရဲ့ သူတို့ရိုးရာကောက်သစ်ပွဲနဲ့ပတ် သက်ပြီး ဆုတောင်းပွဲတွေအပြင် ယခုလို စပါးလိပ်ပြာခေါ်ပွဲကို ကျွန် တော်တို့ လုံးဝ မသိပါ။ သို့အတွက် စိတ်ဝင်တစား ပြောလိုသူအတွက် ပိုမို အားရှိစေခြင်း၊ စိတ်ဆန္ဒပြည့်ဝပြီး ကျွန်တော်တို့အတွက် တန်ဖိုးကြီး သော မှတ်သားစရာတွေမို့ ကျွန်တော် လိုလိုလားလား တိုက်တွန်းလိုက် သည်တွင် ဆလံဝါဦးဘောက်နော်သည် ပြုံးနေ၏။ ဒူဝါပေါက်စ ဦးမရှုဂမ်လည်းပြုံးလျက် လိုအပ်သည်များ ဖြည့်စွက်ရန် နားဆင်နေ၏။

"ဒီလိုပါ ဆရာကြီး လိပ်ပြာခေါ်တဲ့ အခမ်းနားဆိုတာ ဆရာကြီး တို့ ကျွန်တော်တို့ လူတွေမှာလည်း လိပ်ပြာခွဲသလို စပါးမှာလည်း ရှိ ပါတယ်၊ အဲဒီစပါးလိပ်ပြာဟာ လေထဲမှာ လွင့်နေတယ်လို့ နတ်ဆရာ တွေပြောတာပေါ့"

www.burmeseclassic.com



"ဒီတော့ ဖျာတစ်ချပ်ခင်းပြီး စားသောက်ဖွယ်တွေနဲ့ အဝတ်အစား ...လုံး ခင်းကျင်းရပါတယ်"

"ဆရာကြီး"

"ဟုတ်ကဲ့ ဦးမရှုဂမ် ပြောပါ"

"ဆရာကြီးတို့ အောက်ပြည်မှာ ဘာတုန်း ဘုန်းမဒီရှင်မဆိုလား၊ ...ဒါခေါ်သလိုပေါ့ ဆရာကြီးရဲ့"

"သြော်...ဟုတ်ကဲ့...ဟုတ်ကဲ့"

"အင်... နတ်ဆရာကချင်လို့ဒွမ်ဆာက ရိုးရာနတ်ဂါထာကို ...တ်ဆိုတာပေါ့၊ အဲဒီမှာလွင့်နေတဲ့ စပါးလိပ်ပြာခေါ်ယူခြင်းအခမ်းအနား ...ပဲ ဆရာကြီး၊ အဲဒီလိပ်ပြာခေါ်ပွဲမှာ တင်တဲ့စားဖွယ်တွေ အိမ်ရောက် ...တော့ ဆွေမျိုးတွေ၊ မိတ်ဆွေတွေဖိတ်ခေါ်ကျွေးမွေးကြတာပေါ့၊ ဆရာ ...ကြီးရဲ့ ဆရာကြီးတို့လို အောက်ဘက်မှာတော့ စပါးတွေပုံပြီး လုပ်ကြ ...လိုပါပဲ၊ ကျွန်တော်တို့မှာကတော့ စပါးပုံနိုင်လောက်အောင် မရှိပါ ...ဘူး၊ လယ်လုပ်တာလည်း မရှိဘူး၊ တောင်ယာမှာပဲ စပါးလိပ်ပြာပွဲ ...ကျင်းပတာပေါ့ ဆရာကြီး"

"ဟို စပါးစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး ပူဇော်ပသမှုတွေအမျိုးမျိုး ...လည်း ရှိပါသေးတယ် ဆရာကြီး"

"ဟုတ်လား"

ဦးမရှုဂမ်ဝင်ပြောသည်။ သူလည်း သူတို့၏ရိုးရာအား စိတ်ပါ ...င်စား တလေးတစားမြတ်နိုးသူပီသပါ၏။ လေ့လာမှုလည်း အသ...် ...နှင့်လိုက်ဖက်ပြီး စုဆောင်းထားသူပင်။



www.burmeseclassic.com

www.burmeseclassic.com



"စပါးကို တန်ဖိုးထားလို့ စပါးမစိုက်ခင် ထမင်းလိပ်ပြာတို့ အလေအလွင့်မရှိအောင် လိပ်ပြာတွေ တည်တည်ငြိမ်ငြိမ်နဲ့ ပိုမိုထွက်အောင် ရည်စူးပြီး စပါးမစိုက်ခင် စပါးစိုက်ပျိုးပြီးချိန်တွေမှာလည်း သက်ဆိုင်ရာအစောင့်အရှောက်နတ်ကြီးတွေကို ပူဇော်ပသကြတယ်လေ"

"ဟို လူတွေမှာ စောင့်ရှောက်တဲ့နတ်ကောင်းတွေရှိသလို နတ်ဆိုးတွေလည်း ရှိကြတယ်၊ ဒီတော့ နတ်ဆိုးတွေ မနှောက်ယှက်နိုင်အောင်ဆိုပြီး နတ်ကောင်းနတ်မြတ်တွေကို ပူဇော်လိုက်တော့ စပါးလိပ်ပြာ မလွင့်စင်တော့ဘဲ စပါးပိုထွက်တာပေါ့ ဆရာကြီးရဲ့"

ကျွန်တော်တို့ ထမင်းစားကြပါပြီ။ အရက်သောက်ထားသော အရှိန်ကြောင့် ထမင်းစား၍အလွန်ကောင်း၏။ ရွာသားတွေသည် ကင်စလင်းရွက်နှင့်ငရုတ်သီးထောင်းရာ ချဉ်ပြုံးပြုံးကလေးမှာလည်း ခံတွင်းတော်တော်တွေ့၏။ ချေသားကြော်၊ ချေသားကင်တွေလည်း ရွာသားတွေ စိတ်ကြိုက်ထမင်းစားနေစဉ်...

"ဝူး . . ."

"ဝူး"

"ဝူး"

"လူအော်သံပါလား"

"ဟုတ်တယ် တောင်ယာပြန်တွေပဲ၊ အသံပြုလိုက်ပါ ဖော်တူး"

"ဝူး... ဝူး... ဝူး"

"ဝူး... လာမယ်နော်"

"ဘယ်သူလဲ၊ လာခဲ့လေ"

"မရှမ်နော်ပါ၊ ဖော်တူးလာပြီ"



www.burmeseclassic.com

www.burmeseclassic.com


"အေး… အေး"

"ဆရာကြီး မနက်က ရွာကို ကျားနဲ့ဝက်ဝံပို့တဲ့ အဖွဲ့က မရမ်နော်လေ"

မရမ်နော်ဆိုသူမှာ တောင်ယာမှ ပြန်လာသူဖြစ်ပြီး ရွာသို့မပြန်ဘဲ ကျွန်တော်တို့ရှိနေသည့်နေရာသို့ ရောက်လာခြင်းဖြစ်မည်ဟု ကျွန်တော်ထင်၏။ ရွာသားတွေလည်း အားလုံး အေးအေးဆေးဆေးဟု ထင်ပါသော်လည်း…

"ဆလံဝါ ဝက်ဝံကြီးတွေ့ခဲ့တယ်"

"ဟေ… ဘယ်မှာလဲ"

"လမ်းခွဲလောက်မှာပေါ့၊ နားရွက်တစ်ဖက်ပြတ်ကြီး"

"မင်းကို သူတွေ့လား"

"တွေ့တာပေါ့၊ ကျွန်တော်ကြောက်ပြီး အထက်ဘက်က ပြန်တက်ပြီး ပြေးခဲ့တာပေါ့"

"ကြာပြီလား"

"ခြောက်…ဘယ်ကြာမှာလဲ၊ ဆလံဝါရဲ့ ဒီကောင်ကြီး ရွာဘက်ဆင်းနေတာဖြစ်မယ်"

"ဆရာကြီး ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"စဉ်းစားကြတာပေါ့"

ကျွန်တော်တို့ ရွာသား မရမ်နော်ကိုပါ ထမင်းကျွေးလိုက်၏။ မရမ်နော်ရွာမပြန်ဘဲ ကျွန်တော်တို့နှင့်ပူးပေါင်းပြီး ဒီညဒီမှာပဲ နေတော့မယ်ဟု ပြောသဖြင့် လက်ခံထားလိုက်ပါ၏။ တစ်ယောက်တည်း ပြန်မယ်ဆိုပါက အန္တရာယ်ဖြစ်နိုင်၏။ အတူနေရန်ခေါ်ထားလိုက်ရ၏။


www.burmeseclassic.com

www.burmeseclassic.com



"တင်မြတ်နဲ့ မိုးကျော်ရေ၊ တို့ ဒီည ရွာဘက်အဆင်း ဒီကိုမရှမ်နော်တွေ့ခဲ့တဲ့ လမ်းအတိုင်း ရင်ဘောင်တန်းပြီး ဆင်းကြမယ်"

"ကောင်းတာပေါ့၊ ရွာဘက်ကိုအန္တရာယ်ပြုမယ့် အဲဒီနားရွက်ပြတ်ကြီးကို အပြန်ဖြစ်ဖြစ် ဒါမှမဟုတ် သူနိုအောင်းနေတာတွေ့ရင် ပစ်ကြတာပေါ့"

"အေး... သုံးဖွဲ့ခွဲမယ်၊ ငါနဲ့ဦးမရှုဂမ်၊ တင်မြတ်နဲ့ ဆလံဝါ၊ မိုးကျော်အောင်နဲ့ ရွာသားတွက ဒီမှာပဲ နေခဲ့ကွာ"

"ဆရာကျော် နေခဲ့ပါလား"

"မဟုတ်ဘူးကွ"

"ဟုတ်ပါတယ်၊ ဆရာကျော် သာနေခဲ့ပါ၊ ဘာဖြစ်လို့လဲဆိုတော့ ပစ်ခတ်မှုကို ပိုထိန်းနိုင်အောင်ပေါ့၊ နောက်ပြီး ဒီဘက်မှာ ခြေရာတစ်ကောင်ကလည်း ရှိနေသေးတယ် ဆရာကျော်"

"အေး ဒါဆိုလည်း ငါစခန်းစောင့်မယ်၊ မင်းတို့တွေ မီးအချက်ပြဖို့လည်း မမေ့နဲ့၊ နောက်ပြီး တစ်ဖွဲ့နဲ့တစ်ဖွဲ့ အထောက်အကူပေးနိုင်တဲ့ အကွာအဝေးမှာ လုံးဝ မကျော်နဲ့၊ ကင်းပုန်းသဘောဆိုလည်း ပီပီပြင်ပြင်လုပ်ကြ၊ ရွာဘက်ဆိုတော့ အမိကပစ်ခတ်မှုကို အထူးဂရုစိုက်နော် အထိအခိုက်မရှိအောင် ရွာသားတွေရဲ့ အသက်အန္တရာယ်ကို အလေးထားကြ"

"စိတ်ချဆရာကျော်၊ ကျွန်တော်တို့အဖွဲ့နှစ်ဖွဲ့ရဲ့ လုံခြုံရေးရော အဆက်အသွယ်အပြင် ရွာသားတွေအတွက်ပါ တာဝန်ယူပါတယ်"

ကျွန်တော့် မှာကြားချက်အားလုံး တင်မြတ်နှင့် မိုးကျော်အောင်ကတိပေးပြီး ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ကျွန်တော်မှလည်း ဒူဝါ



www.burmeseclassic.com

www.burmeseclassic.com



ဦးမရွှေဂမ်နှင့် ဆလ်ဝါ ဦးဘောက်နော်တို့ကိုလည်း မှာကြားရသည်။ သူတို့နှစ်ယောက်မှာ အသက်လေးဆယ်ကျော် လူကြီးပိုင်းဝင်နေကြပြီး ကျေးရွာတွေ၏ အကြီးအကဲတွေလည်း ဖြစ်၍ စိတ်ချလက်ချ ဖြစ်အောင် ပြဿနာ မပေါ်ရေး ကြိုတင်တွေးပြီး မှာကြားလိုက်ရသည်။

မျောင်ရီသန်းသည်နှင့် မိုးကျော်အောင်နှင့် တင်မြတ်တို့ တောင်ကြောပေါ်တက်ရန် စထွက်ကြပါပြီ။ သူတို့ထွက်သည်နှင့် ကျွန်တော်လည်း ရွာသားတွေအား အပေါ့အလေးသွားရာမှအစ အသေးစိတ်မှာကြားပြီး ကျွန်တော်နှင့် ဇော်တူးနှစ်ယောက်စောင့်မည်ပြောတော့ လဖိုင်လပါ မအိပ်ဘဲ မီးလှုံရင်း စောင့်ကြပါ၏။

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com


# (ခြောက်)

မိုးကျော်အောင်နှင့်တင်မြတ်တို့သည် တောင်ကြောပေါ်မှ ဆင်းလိုက်သည်တွင် ရွာကို လှမ်းမြင်ရပါပြီ။ မီးရောင်လေးတွေ တလက်လက်၊ ထိုမီးရောင်အား ရေတွက်လို့ ရနိုင်ပါ၏။ ကချင်အိမ်များသည် ဝါးအလုံး လိုက်ခွဲပြီး ဝါးထရံကဲ့သို့ ဝါးအားနှစ်လွှာသုံးလွှာ မလွှာဘဲ အလျားလိုက် အတိုင်အဖောက်ဝါးထူထူ ဝါးရင့်ရင့်တွေဖြင့် ခွဲထားကာ အဝေးကပင် မီးရောင်ကို မြင်နိုင်၏။

သူတို့၏ ဝါးကာပုံမှာ ဝါးပေါသည့်အတွက်လည်း တစ်နည်းတစ်ဖုံကောင်းပါ၏။ သို့သော် လေဝင်နိုင်သည့် ဝါးအကြားတွေရှိနေသည်။ တဖန် ကြမ်းကြားလေဆိုသကဲ့သို့ လေတိုးပေါက်တွေရှိသော်လည်း ဝါးအလုံးလိုက်ခွဲကာသည့်အတွက် လူတိုးရန်မပေါက်နိုင်သော ခိုင်ခံ့မှုတွေသည် အနည်းဆုံးလေးငါးဆယ်နှစ်အထိ ကောင်းကောင်းခံနိုင်သည့် စွမ်းရည်ရှိပြီး ထိုအိမ်များပတ်ပတ်လည်တွင် ပျားမွှားမွေးထား၍ ပျားအုံတွေလည်း ရှိနေသည်။


www.burmeseclassic.com

www.burmeseclassic.com


ကြက်နှင့်ဝက်လည်း မွေးကြ၏။ အိမ်ဝက်သာဆိုသည် တောဝက်နှင့်မခြားပါ။ တောဝက်ကဲ့သို့ ပုံသဏ္ဍာန်ရှိကြပြီး အဆီနည်းသောဝက်၊ အသားများသော ဝက်၊ နှုတ်ခမ်းချွန်ချွန်နှင့် ကြွက်စုတ်ပုံမျိုး၊ နှစ်ဆယ်အစိတ်ဆိုသော ဝက်သည် အကြီးဆုံးဝက်တွေ ဖြစ်၏။ ခြံရယ်လို့ သီးပ်မရှိ၊ နေ့ည လွှတ်ထား၏။ ထိုသို့ လွှတ်ထားခြင်းအတွက် ကျားနှင့်ကျားသစ်၊ ဝက်ဝံတွေ ရွာခြေကပ်ပြီး အလစ်အငိုက် ဆွဲယူကြသည်ကိုလည်း မကြာ မကြာ ခံစားကြရ၏။

"ဆလံဝါ ကျွန်တော်တို့ရွာနဲ့နီးပြီ၊ ဒီနားလောက်မှာပဲ စောင့်ကြရအောင်"

"ဟုတ်တယ်... ဆရာကိုမိုးကျော် ဒီမှာနှစ်ဖွဲ့ခွဲကြတာပေါ့"

"ရွာနဲ့နီးနေပြီ ဒီနေရာအကောင်းဆုံးပဲ ဆရာတို့ လမ်းခွဲပြီး စောင့်ရင်ကောင်းမယ်ထင်ပါတယ်၊ ဒီဝက်ဝံကြီးဟာ ဒီလမ်းအတိုင်း လာတယ်ပြန်တယ်"

"နေဦး... ဆလံဝါ ဝက်ဝံတွေဟာ အနံ့ခံကောင်းတယ်ဆိုတော့ ကျွန်တော်တို့ လမ်းဘေးကျကျနဲ့ ချုံကောင်းကောင်းရှာရမယ်၊ ဟိုမှာကြည့်"

"ဘာလဲ...ဆရာကိုမိုးကျော်"

"ရွာက အိမ်တွေလေ၊ မီးခိုးတာတောင် အောက်ဘက်လွင့်နေတာဆိုတော့ ဝက်ဝံကြီး တောင်ပေါ်ကဆင်းရင် ကျွန်တော်တို့ အနံ့မရနိုင်ဘူး၊ အဲ... ရွာဘက်ကနေပြီး တောင်ပေါ်ပြန်တက်ရင် အနံ့ရနိုင်တယ်ဗျ"

"အဲဒီတော့"

"ပြန်တက်လာတာ အရေးမကြီးဘူး၊ အဆင်းကိုပဲ အရေးကြီးတယ် မဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com



"ဟာ...ဟုတ်တာပေါ့၊ ဆင်းမှ အဆင်ပြေမှာ ဘာပဲဖြစ်ဖြစ် ဒီကောင်ကြီး ဆင်းပြီးရင် ပြန်တက်မှာပဲ မဟုတ်လား"

မိုးကျော်အောင်နှင့် ဦးမရှုဂမ် နေရာယူကြ၏။ နေရာမှာ ချုံကောင်းပြီး လမ်းဘေးနှင့် ပေသုံးဆယ်ခန့် ဝေး၏။ ချုံထဲဝယ် သစ်ငုတ်ကြီးရှိသဖြင့် ပိုမိုအဆင်ပြေ၏။ ဦးမရှုဂမ်မှ အပင်ငယ်အချို့ ရှင်းပြီး နေရာယူ ပြင်ဆင်ပြီးသည်နှင့်...

"ကဲ... မိုးကျော် မင်းတို့အတွက် အဆင်ပြေပြီ တို့အတွက် နေရာရွေးမယ်"

"အေး...ကဲ... ဦးမရှုဂမ်လာ သူတို့အတွက် နေရာလိုက်ရွေးရအောင်"

"အို... ကျွန်တော်တို့နှစ်ယောက်ထဲ သွားမယ်လေ"

"မဟုတ်ဘူး ဆလ်ဝါ၊ ဆလ်ဝါတို့နှစ်ယောက်ရဲ့နေရာ သိဖို့ရယ်၊ နောက်တစ်ခုက နေရာရွေးရင်း ထူးခြားမှုတို့ အန္တရာယ်ပြုတာ တွေ့ရင် ဝိုင်းကူဖြေရှင်းရတာပေါ့"

"အေး... ဟုတ်တာပေါ့"

မိုးကျော်အောင်တို့လေးယောက် တောင်ကြောဖြတ်ပြီး လမ်းဘေး ချုံငယ်တွေအကြားရှိ အင်ပင်ကြီးအောက်ဝယ် နေရာရွေးကြ၏။ အင်ပင်ကြီးအောက်ခြေတွင် အင်ပင်အငုတ်ကလေးတွေမှ အပင်ငယ်ကလေးတွေနှင့်အတူ အခြားအပင်တွေ ရှိသည့်အတွက် အင်ပင်ကြီး၏ အောက်ခြေသို့တိုးပြီး လမ်းဘက်ကြည့်၏။ မြင်ကွင်းသိပ်မကောင်းသဖြင့် ဓားဖြင့် အနည်းငယ်မျှ ရှင်းလင်းလိုက်ပြီး နေရာယူပြီးသည်နှင့် မိုးကျော်အောင်တို့တို့နှစ်ယောက် စောစောကချုံနှင့် အပင်ငုတ်ထဲ ဝင်ခဲ့ကြပါ၏။



www.burmeseclassic.com

www.burmeseclassic.com


မိုးကျော်အောင်တို့ဘက်ကပစ်လျှင်လည်း ကျည်ဆံမှာ တင်မြတ်တို့ခေါင်းပေါ်မှ ကျော်သွားနိုင်သကဲ့သို့ တင်မြတ်တို့ဘက်က ပစ်လျှင်လည်း မိုးကျော်အောင်တို့နှစ်ယောက်ခေါင်းပေါ် ကျော်နိုင်သဖြင့် အလွန်ကောင်း၏။ ဝက်ဝံကြီးဆင်းပါက လမ်းအတိုင်း ဆင်းတတ်ရာ ဆင်လျှင် လူသွားလမ်းဖြစ်သည့်အတွက် မြင်ကွင်း ကောင်း၏။ ပစ်ကွင်းကောင်း၏။ ရွာသားတွေ လမ်းသွားရင်း လမ်းဘေးဝဲယာ အပင်ချုံတွေ ခုတ်ထွင် ရှင်းလင်းထားသည့်အတွက်ကြောင့် ပိုမိုရှင်းလင်းနေခြင်းသာ ဖြစ်၏။

တင်မြတ်တို့နေရာယူသည့် အပင်နေရာသည် လမ်းနှင့်တော်တော်နီးပေ၏။ အင်ဘင်အောက်ဘက်ဆိုလျှင် တော်တော်နိမ့်သွားသော လမ်းဘေးဖြစ်၍ တင်မြတ်တို့လမ်းဘေးနှင့် ဆယ်ပေပင်ကွာမည်မထင်သို့သော်အန္တရာယ်အတွက် ကြောက်စရာမလိုပါ။ အပင်ကြီးတွေခံနေ၍ ရန်ပြုတိုက်ခိုက်ရန် မလွယ်၊ တင်မြတ်ပစ်ခတ်ရန်အတွက်မှာ အလွန်ကောင်းပြီးထိထိရောက်ရောက် ဖြုခွင်းလို့အကောင်းဆုံးနေရာဖြစ်ပါ၏။

သူတို့နှစ်ဖွဲ့အတွက် အရေးကြီးဆုံးနှင့် သူတို့တိုက်ခိုက်ရမည့် ဝက်ဝံကြီးမှာလည်း အကောင်လည်းကြီး၏။ ရွာထဲဝင်ပြီးအိမ်မွေတိရစ္ဆာန်တွေအပြင်လူကိုပါ ဒုက္ခပေးနေသောဝက်ဝံဆိုးကြီး၊ ထိုဝက်ဝံဆိုးကြီးသည်လည်း လူကဲ့သို့ ပါးနပ်၏။ အတွေ့အကြုံရှိပြီးသား ဒုဝါဦးမရှုနေဘဲ ပြောပုံထောက်ရင် ထိုနားရွက်ပြတ်ဝက်ဝံကြီးမှာ အလွန်အမင်းရဲ၏။ သတ္တိကောင်း၏။ အတွေ့အကြုံရှိထားသည့်အတွက် လူကိုကြောက်တော့၊ သူကအမြဲအနိုင်ရထားသည့်အတွက် သူသည်လူဆိုပါက သိပ်အလေးမထားခြင်းဟု သိထားရပေသည်။

+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+


www.burmeseclassic.com

www.burmeseclassic.com

မုဆိုးသည်သားကောင်မဟုတ်သော ကျားဆိုး၊ ကျားသစ်၊ ဝက်ဝံတို့အား ပစ်ခတ်ရန်အတွက် အလွန်အရေးကြီးပါသည်။ နားမျက်စေ့လျင်မြန်ဖျတ်လတ်သကဲ့သို့ လှုကိုယ်တိုင်လည်း သွက်လက်မြန်ဆန်မှုရှိနေမှ လှုမုဆိုးက တောမုဆိုး မမီသည်မှာ တောမုဆိုးသည်ဘယ်နေရာမှာ ဘာရှိသည်၊ ဘယ်လမ်းကို ဘယ်က ဖြတ်နိုင်၏။ ဘယ်အပင်ကို အကွယ်သို့တက်ရောက်နိုင်သည်မှအစ လူသားတွေသွားလာမှုအတွက် အနံ့ခံကောင်းခြင်း၊ မျက်စေ့လျင်ခြင်း၊ အပြေးမြန်ခြင်းတို့သည် လှုမုဆိုးတွေထက် အဆပေါင်းများစွာ သာလွန်နေပြီး တောဆိုသည်မှာ သူတို့၏နယ်မြေဖြစ်၍ နယ်မြေကျွမ်းပြီးသားဖြစ်၍ တောကောင်များမှာ အမြဲတမ်း တစ်ပန်းသာနေ၏။ သို့အတွက် လှုမုဆိုးက ဦးဈောက်ကိုဦးစားပေးပြီး အသိတရား အပြည့်အဝထားပြီး တွက်ချက်မှု မှန်ကန်ရန် အဓိကဖြစ်ရသည်သာ။

မိုးသည်ချုပ်သည်ထက်ချုပ်လာပါသည်။ လမိုက်ရက်မို့ အဆင်ပြေသော်လည်း ဝက်ဝံကြီးမှာအမဲရောင်ဖြစ်၍ အမှောင်ထဲမှာ အမဲရောင်မြင်ဖို့မလွယ်။ တစ်ခုကောင်းသည်မှာ တောင်ပေါ်ကလှုကိုတောင်စောင်းမှ ဝမ်းလျှာမှောက်အနေအထားဖြင့် ကြည့်သော် ကောင်းကောင်းမြင်နိုင်ပါသည်။ တောင်ပေါ်မှလှုကသာ ချုံနွယ်အကြားလည်းဖြစ်၊ အောက်ခြေအပင်တွေကြောင့် မမြင်နိုင်ပါ။

"အီး... အီး... အီး..."

"အီး... အီး... အီး..."

"ဝုတ်... ဝုတ်"

"ဝုတ်... ဝုတ်... ဝုတ်"


www.burmeseclassic.com

www.burmeseclassic.com


ရွာထဲဘက်မှ ဝက်တစ်ကောင်အော်သံကြားလိုက်ရပြီးနောက် ခွေးတွေဟောင်သံကြားရသည်တွင် မိုးကျော်နှင့်တင်မြတ်နှစ်ဖွဲ့သတိထားနေကြသည်။

"ဝက်အော်သံနဲ့ခွေးဟောင်သံတွေဗျ"

"ဟုတ်တယ် ဆရာ ကိုမိုးကျော် ဝက်ဝံကြီးတော့မထင်ဘူး၊ ကျားများဝင်သလားပဲ"

"ကျားကောဝင်တတ်လား"

"တော်တော်ကြာပါပြီ၊ ကျားဝင်ဆွဲဖူးတယ်၊ ခွေးတစ်ကောင်ပါသွားတယ်"

"လူသံ မကြားဘူးဗျ"

"မထွက်ရဲကြဘူး ထင်ပါရဲ့၊ ဝက်ဝံကြီးရန်ကို ကြောက်နေတာဗျ"

"ဟုတ်မှာပေါ့၊ ဒီဘက်ပြန်ထွက်ရင်တော့ ဓာတ်သိမ်းပြီး ဦးမရှေ့ဝမ်"

တင်မြတ်တို့ဘက်မှ ဆလံဝါဦးဘောက်နော်သည် သူ့ရွာထဲမှ ဝက်အော်သံနှင့် ခွေးဟောင်သံတွေကြားလိုက်သည်တွင် စိုးရိမ်ထိတ်လန့်သွားပါ၏။ သို့သော်ဝက်ဝံကြီး ရွာထဲဝင်ရာတွင် ဝက်တွေ ကိုက်သံမကြားမိပါ။ လူကို အဓိက ထားဖူးကြောင်း သူသိ၏။ ခွေးနှစ်ကောင်သုံးကောင်သေခဲ့သည်မို့ ယခုဝက်သံကြားရသည့်အတွက် ဝက်ဝံမှဟုတ်ပါလေစ နောက်ထပ်ကျားတွေဝင်ဆွဲလေသလားဟု တွေးပြီးစိုးရိမ်ခြင်း။

"ဆလံဝါ ဝက်သံခွေးသံဆိုတော့ အကောင်တစ်ကောင်ကောင်တော့ဝင်နေပြီ ထင်တယ်ဗျ၊ ဆူညံနေတာပဲ"

"ဟုတ်ပ"


www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ကိုတင်မြတ်"

"ဟုတ်ကဲ့...ဆလံဝါကြီး"

"ရွာထဲမှာ ခွေးအူတာ မကောင်းဘူး"

"မစိုးရိမ်ပါနဲ့၊ တစ်ချို့ခွေးတွေဟာ တစ်ကောင်ထဲ အပျင်းပြေ ဆွဲအူတာတွေ အများကြီးပါ။ ကျွန်တော်တို့ကင်းစောင့်ရင်းတွေ့ကြုံဘူးပါတယ်။ အိပ်နေတဲ့ခွေးဟာခေါင်းလေးထောင်ပြီး အူတာတွေ့ဖူးတယ်၊ အာရယ်ညာရယ် မဟုတ်ပါဘူးဗျ"

"အင်း... ကျွန်တော်တို့အထင် ကြားဖူးတာက ခွေးအူတာမကောင်းဆိုးဝါးလာလို့ အူတာလို့ပြောတာကြားဖူးတယ်"

"မဟုတ်ပါဘူး၊ သူ့ဘာသာသူအူတာပါ။ ကျွန်တော်တို့ ခဏခဏ တွေ့ဖူးပါတယ်"

တင်မြတ်သူတွေ့ဖူးသော အတွေ့အကြုံအား တီးတိုးပြောပြ၏။ ဆလံဝါနှင့်ရွာသားတွေအတွက် ကြောက်ရွံ့မှုမရှိစေရန်လည်း အားပေးသည့်သဘော ပြောပြနေစဉ်မှာပင် အသံတစ်သံကြားရပါ၏။

"ရှူး..."

"ဝူး..."

"အီ... အီ... ဝူး"

"ရှူး..."

တင်မြတ်ကောင်းစွာ ကြားရပါသည်။ ရွာဘက်မှကုန်းကုန်းကွကွနှင့်တက်လာနေသော တောဆင်ပေါက်တစ်ကောင်လား သို့မဟုတ် ကျွဲတစ်ကောင်ဖြစ်ပေမည်။ရွာထဲမှထွက်လာသည်ကို ကောင်းစွာ တွေ့နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဆရာ ကိုတင်မြတ်”

“ဟုတ်ကဲ့...ဆလံဝါကြီး”

“ရွာထဲမှာ ခွေးအူတာ မကောင်းဘူး”

“မစိုးရိမ်ပါနဲ့၊ တစ်ချို့ခွေးတွေဟာ တစ်ကောင်ထဲ အပျင်းကြောဆွဲအူတာတွေ အများကြီးပါ။ ကျွန်တော်တို့ကင်းစောင့်ရင်းတွေ့ကြုံဘူးပါတယ်။ အိပ်နေတဲ့ခွေးဟာခေါင်းလေးထောင်ပြီး အူတာတွေ့ဖူးတယ်၊ ဘာရယ်ညာရယ် မဟုတ်ပါဘူးဗျ”

“အင်း... ကျွန်တော်တို့အထင် ကြားဖူးတာက ခွေးအူတာမကောင်းဆိုးဝါးလာလို့ အူတာလို့ပြောတာကြားဖူးတယ်”

“မဟုတ်ပါဘူး၊ သူ့ဘာသာသူအူတာပါ။ ကျွန်တော်တို့ ခဏခဏ တွေ့ဖူးပါတယ်”

တင်မြတ်သူတွေ့ဖူးသော အတွေ့အကြုံအား တီးတိုးပြောပြ၏။ ဆလံဝါနှင့်ရွာသားတွေအတွက် ကြောက်ရွံ့မှုမရှိစေရန်လည်း အားပေးသည့်သဘော ပြောပြနေစဉ်မှာပင် အသံတစ်သံကြားရပါ၏။

“ရှူး...”

“ဝူး...”

“အီ... အီ... ဝူး”

“ရှူး...”

တင်မြတ်ကောင်းစွာ ကြားရပါသည်။ ရွာဘက်မှကုန်းကုန်းကွကွနှင့်တက်လာနေသော တောဆင်ပေါက်တစ်ကောင်လား သို့မဟုတ် ကျွဲတစ်ကောင်ဖြစ်ပေမည်။ရွာထဲမှထွက်လာသည်ကို ကောင်းစွာတွေ့နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် အသံမှာ တစ်ရှူးရှူးလည်း ကြားရ၏။ တစ်ခါတစ်ခါ ဝမ်းခေါင်းသံပါသော ဝူးဟူသော အသံကြီးထွက်လာပြီး အသံခပ်တိုးတိုးဖြင့် ဝက်အော်သံလိုလို နှာမှုတ်သံလည်း ကြားရသည့်အတွက် ထိုမဲမဲမဲနှင့် အကောင်ကြီးအား စောင့်ကြည့်နေရ၏။ မိုးကျော်အောင်အဖွဲ့နှင့် တင်မြတ်အဖွဲ့ နှစ်ဖွဲ့လုံး ကောင်းစွာ တွေ့နေရပါ၏။

အကောင်က တော်တော်ဝေးပါသေး၏။ သို့သော် ရွာခြေဖြစ်၍ အောက်ခြေအနည်းငယ်ရှင်းနေသဖြင့် အပေါ်သို့ တက်လာသည်ကို ကောင်းစွာမြင်ရသည့်အပြင် ထိုအကောင်ကြီးမှာ လမ်းအတိုင်းတက်နေသဖြင့် နှစ်ဖွဲ့လုံးကျေနပ်၏။ အသံကိုကြားနေရဆဲ ပထမကြားရသော အသံမှာ တအိအိနှင့် ယခုကြားရသည်မှာ နှာမှုတ်သံတွေများ၏။

"ရှူး... ရှူး... ရှူး"

"ဝူး... ရှူး... ရှူး"

တင်မြတ်အသေအချာကြည့်လိုက်ပြီးနောက် စိတ်ထဲဝယ် ဆင်ပေါက်လိုလို နောက်ဆုံးဦးချိုကားကားနှင့် ကျွဲပေါက်ကြီးတစ်ကောင်ဟု ထင်လိုက်သည်။ သို့သော် လုံဂျာရွာတွင် ကျွဲတစ်ကောင်မှ မတွေ့ဖူး၊ မမြင်ဖူး၊ မရူကတောင်ယာတွင် ရှမ်းအိမ်များတွင်တော့ ကျွဲတွေ တွေ့ဖူးသည်။ မရူကတောင်က ကျွဲများလားဟုလည်း တွေးရင်း . . .

"ဆလံဝါ ကျွဲကြီးထင်တယ်"

"ကျွန်တော်တို့ရွာမှာ ကျွဲမရှိပါဘူး၊ မရူကတောင်က လွတ်လာတာဖြစ်မယ်"

"အုဝူ...အုဝူ...အုဝူ"

"အုဝူ... ဝူ... ဝူ... ဝူ"


www.burmeseclassic.com

www.burmeseclassic.com


ရွာထဲမှ ခွေးအူသံ စူးစူးဝါးဝါးထွက်ပေါ်လာသည့်အတွက် ထိုမဲမဲအကောင်ကြီးနောက်သို့ လှည့်ကြည့်ရင်း ဒေါသထွက်နေသည်လား မသိ ဦးခေါင်းကြီးခါနေသလိုလို မှုံ့မွှားမွှားအကြား မြင်တွေ့နေရ၏။ သို့သော် ရွာဘက်သို့ လှည့်ကြည့်ရုံသက်သက်သာ လှည့်ကြည့်ပြီး အပေါ်သို့ ပြန်လည်ဆက်တက်ရင်း...

"ဖောက်... ဖောက်... ဖောက်"

"ရှူး... ရှူး... ရှူး..."

"ဆရာ ကိုမိုးကျော်"

"ဟုတ်ကဲ့"

"အကောင်ကြီးကြည့်ရတာ ကျွဲနဲ့တော့ တူသလိုပဲ"

"အင်း... စောင့်ကြည့်တာပေါ့"

"တော်တော် နီးလာပြီ"

"ဟုတ်တယ်၊ ကျွန်တော် မသင်္ကာဘူး"

"ဘယ်လိုလဲ၊ ဘာကောင်ထင်လဲဗျ"

"သိပ်မရိုးသားဘူး၊ ပစ်ကွင်းထဲရောက်ရင်တော့ အပြတ်ပဲ"

ဦးမရွှေဂမ် ဘာမှမပြောတော့ တစ်ခါဘူးမျှ မတွေ့ဖူးသော မဲမဲအကောင်ကြီး ရှမ်းတွေပြောသော သရဲကောင်ကြီးများလားဟု တွေးပြီး ကြက်သီးထလာ၏။ ထိုအကောင်ကြီးမှာ တဖြည်းဖြည်းအပေါ်သို့ တက်လာနေသည်။

မိုးကျော်အောင် တစ်ခါက သရဲအခြောက်ခံရဖူးသည်။ ...
အောက်မှတက်လာသည်မှာ ကြောင်လေးတစ်ကောင်လိုလို အကောင်ငယ်၊ သူနှင့်ကိုက်နှစ်ဆယ်ခန့်အရောက် အင်မတန်ကြီးသော အကောင်


www.burmeseclassic.com

www.burmeseclassic.com



ကြီးမှ ဝှန်းဟူသော အသံကြီးမြည်ကာ ဖုန်တွေထသွားအောင် ထအခုန် လောက်လေးဖြင့် ပစ်ခဲ့ဖူးသည်။

ယခုတော့ ပထမတွေ့ရသည်မှ ယခုချိန်ထိ ကြောက်မက်ဖွယ် အကောင်ကြီး ကျွဲပဲဖြစ်မည်ဟု တွေးမိသည်။ ကျွဲဆိုပါက ရှမ်းများဓလေ့၏။ ထိုသို့ မွေးသမျှ ကျွဲတွေတွင် သစ်သားကိုထွင်းပြီး ခလောက်ပြုလုပ်ကာ လည်မှာ ဆွဲထား၏။ ရှမ်းတစ်ဦး၏ ကျွဲကြီးဆိုလျှင် အလွန်ဆိုး၍ ကျွဲကြီး၏လည်ပင်းတွင် ကြိုးနှင့်သစ်သားတုံးငယ်တစ်တုံး မြေနှင့်ခလွတ် တလွတ် ဆွဲထားသည်။ ထိုကျွဲသည် တခြားကျွဲနောက်ပြေးလိုက်ပါက သူ၏ရှေ့လက်နှစ်ဖက်နှင့်ဆွဲထားသော သစ်တုံးငယ်တိုက်မိပြီး ပြေးချင်ကိုင်း ပြေးမရအောင် လုပ်ထားသည်ကို တွေ့ဖူးပါသည်။ ယခုတော့ ခလောက်သံလည်း မကြားရပါ။ ကျွဲတော့ ကျွဲဟုထင်သည်။

"ဝူး… ဝူး… ဝူး"

လေက တိုက်လာပါပြီ။ တောင်ပေါ်မှ တိုက်ခြင်းမဟုတ်၊ ရွာဘက်မှ လေကလေးများသည် ထိုအကောင်ကြီးအား အားပေးနေသည်လားပင်မသိ နောက်မှ မှုတ်ပေးနေသယောင် ထင်ရသည်။

"အုဝူ…အုဝူ… ဝူ… ဝူ…. ဝူ"

"ဆရာကိုမိုးကျော်ပြောသလို မသင်္ကာစရာတော့ဖြစ်ပြီ"

"ကိစ္စမရှိဘူး၊ ကျွန်တော်တို့အကြောင်းပြရမှာပေါ့ဗျာ"

"ပစ်မှာလား"

"ဒါပေါ့ဗျာ၊ ကျွဲမဟုတ်ရင် ပစ်မယ်"

မိုးကျော်အောင်သည် အထိုင်ပြောင်းလိုက်ပါပြီ။ သေနတ်ပြောင်းအား အပေါ်စီးမှနေ၍ သစ်တုံးပေါ်တက်ရင်း မှဆိုးဒူးထောက်၊ ဖနောင်း



www.burmeseclassic.com

www.burmeseclassic.com


စအိုပိတ် ပြင်ထားလိုက်ပြီ။ အကောင်ကြီးမှာ ရဲရဲတင်းတင်း ရှေ့တိုးနေဆဲမို့ မိုးကျော်အောင်လည်း ပစ်ခတ်ရတော့မည်။

"ချို မပါဘူးဗျ"

"ဟုတ်တယ်... ကျွဲမဟုတ်ဘူး"

"ဟာ... တောဆင်ပဲ ဆရာကိုမိုးကျော်"

"ဗျာ... တောဆင်"

"ဟုတ်ပဗျာ၊ ဆင်မှ ဆင်အစစ်"

"ဦးမရှုဂမ် ဆင်မဟုတ်ဘူးဗျ၊ အသေအချာ ကြည့်ပါဦး"

"ဟာ... ဆင်ဗျ၊ ဆင်ပေါက်တစ်ကောင်ပဲ"

"ကျွန်တော် မြင်နေတာ ဆင်မဟုတ်ဘူးဗျ၊ ကျွဲလိုလိုပဲ"

မိုးကျော်အောင်မြင်သည်မှာ ကျွဲဟုထင်ရသော်လည်း ဦးချိုမတွေ့ရပါ။ ဦးဖရှုဂမ်မြင်တွေ့နေသည်မှာတော့ ဆင်မှဆင်တော ဆင်ပေါက်ဟု တပ်အပ်သေချာနေပါပြီ။ အကွာအဝေးမှာ နေ့အချိန်ဆိုလျှင်တော့ ပေတစ်ရာခန့်သာရှိသော်လည်း ညဉ့်အခါ ပိုမို နီးသလိုလို ထင်နေရသည်။ သို့သော် မိုးကျော်အောင်နှင့်တင်မြတ်တို့သည် ပစ်ခတ်မှုသတ်မှတ်ထားသည့် ကျွန်းပင်ကြီးနားမရောက်သေးပါ။ ထိုကျွန်းပင်နားရောက်လျှင် ပစ်ခတ်ရန် နှစ်ဦး ဆုံးဖြတ်ထား၏။

"ဆလံဝါ ဆင်လိုပဲဗျ"

"ဟုတ်တယ်၊ ဆင်တစ်ကောင်ပဲ၊ ရှာဘက်က လာတာဆိုတော့ စဉ်းစားစရာပဲ ဆရာရဲ့"

"ဟုတ်တယ်နော်"

"ဆင်မဟုတ်ရင် ကောင်းမှာပဲ"


www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လို့လဲ ဆလံဝါ"

"ဩော်... ဆင် မဟုတ်လို့ကတော့ ကျွဲနဲ့ဝက်ဝံပဲဖြစ်မှာပေါ့"

"ဟုတ်တယ်နော်၊ ကျွန်တော့်စိတ်ထဲမှာတော့ ဝေဘကနေ့ဘ ယှက်နေပြီဗျ"

"ဗျာ... ဘယ်လိုပါလိမ့်"

"ဝက်ဝံကိုပစ်ဖို့ ကျွန်တော်တို့လှုပ်ရှားနေတာ တောသိပြီး သဘ သက်နှောက်ယှက်နေတာပဲ ထင်တယ်"

"ဒါမဖြစ်နိုင်ဘူးဗျ၊ ကျွန်တော်တို့လူသားတွေတော့ ဒုက္ခပေးမယ် ဝက်ဝံနတ်ဆိုးကြီးတော့ ကူညီမယ်ဆိုရင် မတရားဘူးပေါ့"

"ဟော... အပေါ်တက်လာပြီ၊ ဆင် မဟုတ်ဘူး"

"ဗျာ... ဆင်၊ အယ်... ဘာကောင်လဲ ကျွဲ... အဲ မဟုတ်ဘူး"

"ဒါဆိုရှင်းပါတယ် ဆလံဝါ"

"ဗျာ"

"ဝက်ဝံကြီးပဲ ဖြစ်မယ်"

"ပစ်တော့မလား"

"မပစ်သေးပါဘူး"

"ဟာ... ဘာကောင်ကြီးလဲတော့ ဟော... မတ်တပ်ရပ်ပြီး ကျွန်တော်တို့ဘက် ရပ်ကြည့်နေတယ်"

ဟုတ်ပါသည်။ တင်မြတ် ထင်ထားသောဆင်၊ သို့မဟုတ် ကျွဲ ယခုတော့ ဆင်လည်း မဟုတ်၊ ကျွဲလည်းမဟုတ်၊ ဘာကောင်ကြီးလဲ ဝက်ဝံကြီးဆိုပါက ဤမျှလောက် အကောင်မကြီးနိုင်ပါ။ ကြောင်မ ဖွယ်အကောင်ကြီးသည် လရေးရေးတွင် မတ်တပ်ရပ်ပြီး ချိန်းနေသ


www.burmeseclassic.com

www.burmeseclassic.com


လားမသိ၊ အစွယ်ဖွေးဖွေးနှင့်လက်ကြီးနှစ်ဖက်ဆောသို့ ဆန့်တန်းလိုက်သည်တွင် လူကြီးတစ်ယောက် ဖြစ်သွားသည်လားမသိ။

"ဆရာ ကိုတင်မြတ်"

"ဗျာ"

"ဟိုခြေရာတစ်တောင်ဆိုတာများလား"

"ဟုတ်တယ်ဗျ၊ ကျွန်တော်ပစ်ဖို့တောင် မေ့သွားတယ်"

တင်မြတ် ပြောသာပြောသည်။ မိုးကျော်အောင်ကဲ့သို့ အထိုင်ပြင်လိုက်ပုံပါ၏။ မုဆိုးဒူးထောက်ပစ်ခတ်နည်းမှာ မရိုးမသားအကောင်ဟု ထင်ပါက နားဂင်းပိတ်ဟုလည်း ဆိုကြသည်။ ရှိသမျှအပေါက်တွေပိတ်ပြီး ပစ်ခတ်ခြင်းဖြင့် တောမှောက်သောတောကောင်၊ တောခြောက်သောတောကောင်တို့အား ထိရောက်စွာပစ်ခတ်နိုင်သည့်သဘောအား မုဆိုးတို့ သိထားကြသည်။

တင်မြတ် အထိုင်ပြင်ပြီးပါပြီ။ သေနတ်ပြောင်းနှင့် ထိုအကောင်ကြီး၏ ရင်ဘတ်တည့်တည့်သို့ ချိန်ထားရင်း ဆလံဝါဦးဘောက်နော်အား အလိုက်သင့် ပြောလိုက်ရပါသော်လည်း သူ သိထားပါပြီ။ မရိုးတော့ပါ။ နောက်ဆုံးအဆင့် ဝက်ဝံကြီးဖြစ်ရမယ် ဟူသော ဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ထားသည့် ကျွန်းပင်နားရောက်သည်နှင့် ပစ်ရန် ဆုံးဖြတ်ချက် နိုင်နိုင်ချရင်း စောင့်နေပါသည်။ ထိုအကောင်ကြီးသည် မတ်တပ်ရပ်ရင်း ရှေ့တိုးလာနေသည့်အတွက်ကြောင့် တင်မြတ်ကော မိုးကျော်အောင်ပါ အကြိုက်တွေ့သွားပါပြီ။

"ဆရာကိုတင်မြတ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com


"တော်တော် နီးလာပြီဗျ"

"ဟုတ်ကဲ့ ကျွန်တော်ပစ်တော့မယ်"

"သတိထားပါ၊ ခြေရာတစ်တောင်ဆိုရင် ဒုက္ခပဲ"

"ကိစ္စမရှိပါဘူး"

ထိုမဲမဲအကောင်ကြီးသည် ရှေ့သာတိုး၏။ ဘာသံမှုမကြားရပဲ ရဲရဲတင်းတင်းတိုးလာသည်။ တစ်ခါ တစ်ခါသူ၏ရင်ဘတ်အား လက်နှင့်ကုတ်ချစ်နေသလိုလို ဝမ်းဗိုက်ပဲ ကုတ်နေသလိုလို မြင်နေရသည်။

"ရှိုး..."

"ဒိုင်း"

"ဒိုင်း"

"ဝုန်း"

"ဝေါ... ဝေါ... ဝေါ... ဝေါ... ဝုန်း"

"ဝူး... ဝုန်း... ဝေါ"

"ဝူး... ဝူး... ဝူး... ဝူး... ဝုန်း"

တောကြီးမဟုတ်သော်လည်း တောအစပ်ဖြစ်၍ ဆူညံသွားပါပြီ။ မိုးကျော်အောင်ထံမှ လေချွန်သံတစ်ချက် ရှိုးဟူသောအသံနှင့်အတူ ကျည်ဆံတစ်တောင့်၏ ပေါက်ကွဲသံအား ကြားလိုက်ရသည်တွင် တင်မြတ်၏ ကျည်ဆံတစ်တောင့်သည်လည်း မြည်ဟီးထိုးဖောက်သွားသည့်အတွက် ထိုအကောင်ကြီး ပက်လက်လန်ကျရင်း ဝူး ဝုန်း ဝူး ဟူသောအသံတွေကြားရသည့်အပြင် တော၏အပမိုမှု တောပြိုသံကြီးကဲ့သို့သော တောမျောက်မှုတွေ ဆူညံသွားပါ၏။ လေတွေ တဝူးဝူး တိုက်ခတ်ပြီး ဆူညံနေသည်မှာ တော်ရုံတန်ရုံလူဆိုပါက ထပြေးကြမည်သာမသိပါ။


www.burmeseclassic.com

www.burmeseclassic.com


"ဝုတ်... ဝုတ်... ဝုတ်"

"ဝုတ်... ဝုတ်... ဝုတ်... ဝုတ်"

ရွာဘက်မှ ခွေးဟောင်သံတွေလည်း ကြားရပြန်၏။ ထိုခွေးဟောင်သံတွေမှာ ကြောက်လန့်ပြီး ဟောင်ကြခြင်းဖြစ်မည်ဟု တင်မြတ်ကော မိုးကျော်အောင်တို့ပါ သိလိုက်ပါသည်။

ထိုမဲမဲအကောင်ကြီးမှာ အောက်သို့ လိမ့်ကျရာမှ ပြန်ထ၏။ သို့သော် ပြန်လဲသွားသည်ကို ကောင်းစွာ မြင်တွေ့နေရသည်။ ထလိုက်လဲသွားလိုက် ပြန်ထလိုက်ဖြစ်နေစဉ် မိုးကျော်အောင်မှ တင်မြတ်ဘက်သို့ မီးကစားလိုက်သည်တွင် ဆလံဝါဦးဘောက်နော်မှ မီးရောင်အားတွေ့သွားပြီး....

"ဆရာ မီးထိုးတယ်"

"ဟုတ်တယ် နေဦး"

တင်မြတ်သည် မိုးကျော်အောင်၏မီးကို သိကြောင်းနှင့် သူ၏လက်နှိပ်ဓာတ်မီးအား အပေါ်သို့တည့်တည့်မတ်မတ်ထိုးထားစဉ် မိုးကျော်အောင်နှင့် ဦးမရှုက်မ်တို့နှစ်ယောက် တင်မြတ်ထံသို့ ကူးလာကြ၏။ မိုးကျော်အောင်တို့နှစ်ယောက်နှင့် ပေါင်းမိသည်တွင်...

"မိုးကျော် မင်းဘာကောင်ထင်လဲ"

"ပထမတော့ ကျွဲ၊ နောက်တော့ဆင်"

"ဟင်... ဒါဆို ဘာဖြစ်လို့ပစ်လဲ"

"ဆင်ကနေ မရိုးသားတော့ဘူးလေကွာ၊ ဒီတော့ ဘာကောင်ဖြစ်မလဲ၊ မင်းစဉ်းစားကြည့်"

"ဦးဘောက်နော်ကပြောတယ်၊ ဟိုခြေရာတစ်တောင်လေ"


www.burmeseclassic.com

www.burmeseclassic.com

"ဘာ..."

"ဩော်... မတော်တဆ ခြေရာတစ်ကောင်ဆိုရင်ပေါ့"

"မဖြစ်နိုင်ပါဘူးကွာ၊ ကို့ထင်တာတော့ ဝက်ဝံကြီးပဲကွ"

"ဟုတ်တယ်၊ ငါလည်း ဒါကြောင့် အထိုင်ပြောင်းပြီး ပစ်တာပဲ"

"မီးထိုးမယ်ကွ"

"အေး... ထိုးလေ မိုးကျော်"

မိုးကျော်အောင်သည် လူးလိမ့်နေသော မဲမဲအကောင်ကြီးထံသို့ အပင်ကြီးအကာအကွယ်ယူရင်း မီးထိုးလိုက်သည်။ အကောင်ကြီးမှာ ပေငါးဆယ်မျှမဝေးတော့၍ ကောင်းစွာတွေ့ရသည်။ မဲမဲအကောင်ကြီး၏ မထနိုင်သော အသွင်မြင်ရသော်လည်း ငုတ်တုတ်ထိုင်နေသည်။ မီးရောင်ကိုလိုက်ကြည့်နေသော မျက်လုံးများမှာ ရဲရဲတောက်ရင်း အစွယ်တွေ ဖွေးဖွေးမှ သွေးတွေပါ စီးကျနေသည်။

"မိုးကျော် ဝက်ဝံကြီးကွ"

"ဝက်ဝံမဟုတ်ဘူး၊ လူဝံကြီးထင်တယ်"

"မင်းကလည်း လူဝံ မရှိပါဘူးကွ"

"ဟား...ဟား... ဟား... ဟား အေးပါကွ၊ ဝက်ဝံကြီးပါ"

"ဆရာတို့ပစ်တာ ဝက်ဝံကြီးဖြစ်သွားပြီနော်"

"ဟုတ်တယ် ဆလံဝါ၊ တော်တော်လှည့်စားတယ်ဗျာ"

"မိုးကျော် နားရွက်... နားရွက် နားရွက်ပါရဲ့လား"

"ဟာကောင်ရ သေတော့မဲ့ အကောင်တစ်ကောင်လုံး အသေရတော့မှာပဲကွ ဘာဖြစ်လို့ နားရွက်လိုချင်ရတာလဲ"

"ခွေးကောင်"


www.burmeseclassic.com

www.burmeseclassic.com



"တင်မြတ်ရာ ဝက်ဝံကြီးမှန်း သိပါလျက်နဲ့ ခွေးကောင်ဆိုတော့"

"ဟာ... ဒီကောင် ဘာတွေလျှောက်ပြောနေတာလဲ နားရွက်တစ်ဖက်မရှိတဲ့ ဝက်ဝံကြီးကို ပြောနေတာဟ"

"အယ် ဟုတ်ပ၊ ဟာ"

မိုးကျော်အောင် မီးထိုးနေစဉ်မှာပင် ဝက်ဝံမဲမဲကြီးသည် အတင်းလူးလဲထလိုက်ပါပြီ။ နားရွက်တစ်ဖက်ပါ မပါ မသိလိုက်ရသေးခင် ဝက်ဝံကြီးမတ်တပ်ရပ်အနေအထားရောက်ပြီးနောက် မီးရောင်ရှိရာသို့ ပြေးဝင်လိုက်သည်တွင်...

"ဒိုင်း...ဒိုင်း"

"ဘုန်း...ဝုန်း"

"ဝူး... ဝူး... ဝူး... ဘုန်း"

တင်မြတ်၏ လျှပ်တပြက်ကျည်နှစ်တောင့်သည် ထိုဝက်ဝံနက်ကြီးရင်ဘတ်တွင်ရှိနေသော လခြမ်းအားကောင်းစွာဝင်ရောက်ထိုးဖောက်သည်တွင် ကျည်ဆံ၏ ထိုးဖောက်မှုအရှိန်ဖြင့် နောက်သို့ လန်လဲကျသွားပါပြီ။

ဒီတစ်ခါတော့ ဝက်ဝံကြီး ပြန်မထနိုင်တော့ပါ။ သေခါနီး နောက်ဆုံး စွန့်စားသွားသောဝက်ဝံကြီးမှာ မလှုပ်ရှားတော့ လုံးဝ ငြိမ်သွားပါပြီ။ ဝက်ဝံကြီးသေသွားပြီကို သိလိုက်ရသော မိုးကျော်အောင်နှင့် တင်မြတ်တို့ ရေဗူးထုတ်ကာ အရက်သောက်ကြ၏။ ဦးဘောက်နော်နှင့် ဦးမရှုဂမ်တို့လည်း ရေဗူးပေးရင်း သောက်ကြရန်ပြောလိုက်သည်။

"နားရွက်တစ်ဖက်မပါတဲ့ အကောင်ဆိုရင် စိတ်အေးရပြီ သိရာကိုမိုးကျော်"



www.burmeseclassic.com

www.burmeseclassic.com


"စိတ်ချပါ ဦးမရှုဂမ်"

"ဘယ်လိုဗျ"

"ဩော်... ဆလံဝါရော ဦးမရှုဂမ်ပါ စိတ်အေးရပါပြီ၊ ဩော်... နှစ်ယောက်ထဲ မဟုတ်ဘူး။ လုံဂျာရွာကော မရှုကတောင်ရွာပါ စိတ်အေးသွားရပါပြီလို့ ပြောတာပါ"

"ဟင်... ဒါဆို ဒီအကောင်ကြီးက ..."

"ဟုတ်ပါတယ်... ဒူဝါတို့၊ ဆလံဝါတို့ လိုချင်နေတဲ့နားရွက်တစ်ဖက်ပြတ်နေတဲ့ ဝက်ဝံကြီးအစစ်ပါ"

"မိုးကျော်... သေချာရဲ့လား"

"သွားကြည့်လေ၊ ငါ မီးစထိုးကတည်းက ကြည့်ပြီးသားကွ"

"ကဲ... အားလုံးသွားကြည့်ရအောင်"

တင်မြတ်စကားစ လိုက်သည်တွင် ဒူဝါဦးမရှုဂမ်နှင့်ဆလံဝါဦးဆောက်နော်ရဲ့ ဝမ်းသာအားရ ဖြစ်ကြပြီးနောက် တင်မြတ်ရှေ့ဆုံးမှထွက်သွား၏။ သေနတ်ကိုတော့ အသင့်ချိန်ထား၏။ သူ့နောက်ဝယ်မိုးကျော်အောင်ပါ ကပ်လိုက်ရင်း အလစ်အငိုက် မခံရအောင် အဆင်သင့်ချိန်ပြီး ပါသွားသည်၊ ဝက်ဝံကြီးကား သေနေပါပြီ။

"ဟာ... ဟုတ်တယ်၊ ဟုတ်တယ်၊ မရှုနော်ရေ၊ ဟုတ်တယ်ဗျ"

"အေးကွာ၊ ဝမ်းသာလိုက်တာ၊ ဆရာတို့ကို အထူးကျေးဇူးတင်ဘာပါ၊ ကျေးဇူးကမ္ဘာပါ ဒူဝါကြီးတို့"

"ရွာသားတွေ ဝမ်းသာအောင်လို့ ရွာကိုသယ်သွားတာပေါ့"

"တင်မြတ် မိုးလင်းအောင် စောင့်တာပေါ့"

"အေးပါ မိုးလင်းတော့မှ ရွာသားတွေခေါ်ပြီး သယ်ကြတာပေါ့"

"ကဲ... စောစောကနေရာမှာပဲ ပြန်နေကြတာပေါ့"


www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းသည်အထိ သူတို့စောင့်ကြ၏။ ရွာသားတွေသည် မနေ့ကလည်း ဝက်ဝံထိပ်မှာ အမာရွတ်နှင့် အကောင်ဆိုးကြီးနှင့်အတူ ကျားဆိုးကြီးရပြီးသည့်အတွက် ရွာထဲမှာဝမ်းသာနေကြသလို ယခုတဖန် နောက်ထပ် လက်ကျန်အကောင်ရပြီဆိုသည်ကိုသာ သိလိုက်ပါက အလွန် ဝမ်းသာနေကြမည်ကို မိုးကျော်အောင်နှင့် တင်မြတ်တို့တွေးပြီး ပီတိ ဖြစ်နေသည်။

မိုးကား စင်စင်လင်းပါပြီ။ မိုးလင်းသည်နှင့် ဦးမရှုဂမ်နှင့်ဆလံဝါဦးဘောက်နော်တို့နှစ်ယောက် အားရဝမ်းသာစွာဖြင့် ရွာထဲသွားရန် ဆန္ဒပြင်းပြနေကြသည်ကို တင်မြတ်နှင့် မိုးကျော်အောင်တို့ သိနေကြ၏။

"ဆရာမိုးကျော်အောင်နဲ့ ဆရာကိုတင်မြတ် ကျွန်တော်ရွာထဲသွားပြီး လူခေါ်မယ်"

"ဟုတ်ကဲ့...ဆလံဝါတစ်ယောက်တည်းပဲ သွားလိုက်ပေါ့"

"ဟုတ်... ဟုတ်"

ပြောပြောဆိုဆို ဆလံဝါဦးဘောက်နော်သည် မပြေးရုံတမယ် တောင်စောင်းရှိ သူ၏လုံကျာရွာသို့ သွားပါပြီ။ သွက်လက်သောခြေလှမ်းများအားကြည့်ရင်း မိုးကျော်အောင်မှ ပီတိစကားပြောလိုက်သည်။

"အင်း . . .ဆလံကြီးတော့ မပြေးရုံတမယ်ဘဲဗျို့၊ တော်တော့ကို ဝမ်းသာနေတာပဲ ဒူဝါ"

"ဟုတ်တာပ၊ ကျွန်တော်လည်း ရွာကိုပြေးပြီး အဖားကိုပြောပြ ချင်တာပ"

"ဟုတ်တာပေါ့ဗျာ၊ ကိစ္စမရှိပါဘူး၊ ဒူဝါက ကျွန်တော်တို့နဲ့လိုက်ခဲ့ပါဦး၊ ဆရာကျော်နဲ့ရွာသားတွေ ဝမ်းသာရအောင် ပြောပြပေးပါ"



www.burmeseclassic.com

www.burmeseclassic.com


"ဒူဝါရေ မပူနဲ့၊ ဆလံဝါကြီးလာရင် မရှကတောင်ကိုသွားပြော
ခိုင်းလိုက်မယ်လေ"

"ဩော်... ဟုတ်တယ်၊ ဟုတ်တယ်၊ ကောင်းတယ် ဆရာကို
ကင်မြတ်"

စကားတွေပြောနေစဉ်မှာပင် ရွာသားတွေအပြေးအလွှား အုယား
အားယားသာနေကြ၏။ လူကြီးတွေ၊ အမျိုးသမီးတွေနှင့် ကလေးတွေပါ
လိုက်လာကြ၏၊ ကျွန်တော်တို့နားသို့ သန်မြန်သောလူငယ်တွေအရင်
ရောက်ကြပြီးမှ ဆလံဝါဦးဘောက်နော်နှင့်အမျိုးသမီးများ၊ ကလေးတွေ
ရောက်လာကြ၏။ ဝက်ဝံကြီးအားကြည့်ပြီး ဝမ်းသာသောအပြုံးတွေနှင့်
တွေ့ရ၏။

"ဆရာတို့... ရွာမှာ ညက ဒီကောင်ကြီး ဝင်လိုက်တာ မာရွယ်ဆိပ်
က ဝက်တစ်ကောင်သေသွားတယ်။ ရွာသားတွေကြောက်ပြီး မအော်ရဲ
ဘူး၊ ခွေးတွေဟောင်လို့ ထွက်ပြေးသွားတာကို အိမ်ပေါ်ကမြင်နေရတယ်
သပိုင်လအိမ်က ပျားအိမ်တောင် ခွဲစားသွားသေးတယ်တဲ့"

"အင်း... သေခါနီးရိက္ခာယူဆိုတာ ဒါမျိုးပေါ့၊ ဆလံဝါ၊ ဩော်
ဆလံဝါကြီး ဟိုမရှကတောင်က ဒူဝါကြီးဦးမရှနော်ထံ ပြောပေးပါလား"

"ဒူဝါကြီး မနေ့က လာကြည့်သွားပြီ။ ရွာသားတွေသွားပြောပြ
လို့ သိထားပါပြီ"

"ဆလံဝါ ကျေးဇူးကမ္ဘာ အီးရော (ရွာလူကြီးကို အများကြီး
ကျေးဇူးတင်ပါတယ်)"

ဦးမရှဂမ်မှ သူ၏ဖခင်သိသွားပြီဟု ကြားရသဖြင့် ကချင်လို
ပုံဂျာရွာလူကြီး ဆလံဝါဦးဘောက်နော်အား ကျေးဇူးတင်စကား ပြော
လိုက်သည်။

+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+



www.burmeseclassic.com

www.burmeseclassic.com


"ကဲ... ကျွန်တော်တို့ တောင်ပေါ်ပြန်တက်ရအောင်"

"ဆရာတို့ကို တစ်ခုတောင်းပန်တာပါ"

"ဘာလဲ ဆလံဝါ"

"ကျွန်တော်မလိုက်သေးဘူး၊ ရွာသားတွေနဲ့တိုင်ပင်စရာရှိလို့ပါ၊ နောက်ပြီး ဒူဝါထံလည်းသွားပြီး တင်ပြစရာရှိလို့ နေခဲ့ပါရစေ၊ ဒူဝါမရွှေဂမ်နဲ့ပဲ ဆရာကြီးတို့ထံ ပြန်သွားပါလား"

"ဩော်... ရပါတယ်၊ ဟုတ်တာပေါ့၊ နေခဲ့ နေခဲ့၊ ကျွန်တော်တို့ သွားမယ် ဆရာကျော်တို့ မျှော်နေတော့မယ်"

"ကျေးဇူးကမ္ဘာပါပဲ ဆရာတို့၊ ကဲ...ရွာသားတွေ ဝက်ဝံကြီးကို သယ်သွားကြရအောင်၊ ကဲ...ဆွဲယူသွားကြတာပေါ့"

"ဆရာတို့ ကျေးဇူးကမ္ဘာ ဝါစနာအိုးရော"

နှုတ်ဆက်ကြ၏။ ဝမ်းသာကြ၏။ ပျော်ရွှင်မြူးတူးနေကြ၏။ ရွာသားတွေ ခြေထောက်ဆွဲသူကဆွဲ၊ လက်ဆွဲသူဆွဲ၊ လဲသူလဲနှင့် ရွာဘက်သို့ ခွေးသေကောင်အား လင်းတတွေဝိုင်းဆွဲနေသည့်အလား ဆူညံနေကြ၏။

ဝက်ဝံအသေကြီးမှာ ဒရွတ်တိုက်ပါသွား၏။ တစ်ချို့က အော်ဟစ်ကြ၏။ ရယ်ကြ၏။ နောက်ကြပြောင်ကြ ဘာတွေမှန်းတော့ မသိဆူညံနေသည်မှာ ပျော်ရွှင်ဖွယ်ရာများပင်ဖြစ်၏။ ဝမ်းနည်းဖွယ် ကြောက်ရွံ့ဖွယ်တွေ စိုးရိမ်ဖွယ်ရာတွေအားလုံး ပျောက်ပျက်သွားသော ရွာသားတွေအားကြည့်ပြီး မိုးကျော်အောင်နှင့် တင်မြတ်ကြည်နူးနေကြပြီး တောင်ပေါ်သို့ သုံးယောက်သားတက်ခဲ့ကြပါသည်။

★ ★ ★


www.burmeseclassic.com

www.burmeseclassic.com

# (ခုနစ်)

ကိုလဖိုင်လနှင့် မရမ်နော်တို့မှာ ချောသားကြပ်တိုက်နှင့် အရက်သောက်နေကြ၏။ ကျွန်တော်တစ်ယောက်တည်း ကျွန်းပင်ကြီးဘေးတွင် အခြေအနေကြည့်ရင်း ထူးခြားမှု မရှိသည့်အတွက် အနည်းငယ်လည်း အေးသဖြင့် မီးပုံဘေးသို့ ပြန်လာပြီး မီးလှုံနေ၏။ ရေဘူးထဲမှ အာမီရမ် တစ်ငုံလည်း ငုံလိုက်သည်။

"ဆရာကြီး"

"ဟုတ်ကဲ့"

"ဆေးလိပ်သောက်မလား"

"ကျွန်တော် ဆေးလိပ် မသောက်တတ်ဘူး"

"ကောင်းတာပေါ့"

ကျွန်တော်ကလည်း စကားနည်း သူတို့ကလည်း ညဥ့်အခါဖြစ်၍လားမသိ၊ စကားသိပ်မပြောကြသောအခါဝယ် တိတ်ဆိတ်မှုသည် အေးစက်စက်ဖြစ်နေ၏။ မီးပုံမှမီးတောက်၏အရှိန်နှင့် တစ်ခါ တစ်ခါ မီးပေါက်သည့်အသံ တိုးတိုးကလေးများပင်လျှင် အသံကျယ်ခဲ့၏။


www.burmeseclassic.com

www.burmeseclassic.com



မီးပုံဘေးတွင် အခုမှ ကျွန်တော်သတိပြုမိပါ၏။ ကိုလဖိုင်လတို့ ဓါးတွေခုတ်ထားပြီး ဝါးလုံးတွေ အဆစ်နှစ်ဖက်ပိတ်ဖြတ်ပြီး မီးပုံဘေးတွင် ပုံထားသည်ကို တွေ့လိုက်ရပြီးနောက် ဘာပါလိမ့်ဟု စဉ်းစားရင်း ဓါးတွေ ကောက်ညှင်းဖုတ်ရန်လည်း မဖြစ်နိုင်ပါ။ ကောက်ညှင်းဆန်လည်းမပါ ဘာလုပ်ဖို့ပါလိမ့်ဟု တွေးနေစဉ်–

"အုဝု... အုဝု.... အုဝု... အု... အု"

"အုဝု... အုဝု... အုဝူ"

"အု... အု... အု... အုဝု"

"ဆရာကြီး... တောခွေးသံတွေ"

"ဟုတ်တယ်ဗျ၊ ဘယ်ဘက်ကလဲ"

"ဟာ... ရေတံခွန်က လာနေတဲ့အသံတွေပဲ"

"ဟင်... ရေတံခွန်ဘက်"

"ဆရာကြီး ရေတံခွန်ဘေးက ကျောက်ဂူမှာ တောခွေးတွေရှိတယ်ဗျ၊ ကျွန်တော် နှစ်ခါလောက်တွေ့ဖူးတယ်"

"တော်တော်များလား"

"များတာပေါ့"

"ကျွန်တော်တို့ မနေ့ကသွားကြည့်တော့ ကျောက်ဂူထဲမှာ တောခွေးသုံးလေးကောင် တွေ့ပြီးပျောက်သွားတယ်"

"ဆရာကြီးကလဲ တောခွေးတွေက ကျင်းတူးနေကြတာ၊ ကျင်းထဲဝင်သွားတာဖြစ်မှာပေါ့"

"ဟုတ်တယ် ကျွန်တော်မတွေးမိဘူး"



www.burmeseclassic.com

www.burmeseclassic.com



မှန်ပါသည်။ ကျွန်တော်တို့ ကျောက်ဂူထဲရောက်သွားတော့ တောခွေးသုံးကောင်တွေ့ပြီး ပျောက်သွားသည်။ ကျွန်တော်တို့ အဆော အချာ မကြည့်မိ။ ကျောက်ဂူတွင် မြေသားတွေရှိပေမည်။ ထိုမြေသား အား တွင်းတူးပြီး နေကြခြင်းကို ကျွန်တော်မရိပ်မိပါ။ မှဆိုးလုပ်ပြီး တောခွေး၏အကြောင်းအရာမတွေးမိ တောခွေးနှင့်ခွေးအ နှစ်မျိုးရှိသည် ကို ကျွန်တော် သိ၏။ ခွေးအသည် ကျင်းတူးပြီး နေတတ်ဖို့များ၏ ထိုကျင်းထဲမှာပင် သားပေါက်တတ်သည်။

ကျွန်တော် တောခွေးအကြောင်း တွေးနေစဉ်မှာပင် တောခွေး၏ အသံနှင့်အတူ အနံ့အသက် ရလာ၏။ တောခွေးတွေ အုပ်ချီပြီး နေကြသည်လား၊ တောခွေးတွေမှာ သားကောင်၊ ချေ၊ ဒရယ်၊ တောဝ ပါမကျန် သတ်ဖြတ်စားပြီးနောက် လူကိုပါ အန္တရာယ်ပြုတတ်၏ သူတို့သည် ကျား၊ ကျားသစ်တွေနောက်မှလည်း လိုက်လံစားသော တတ်၏။

"ဆရာကြီး"

"ဟင် ..."

"ကျွန်တော်တို့ကို တောခွေးတွေ ဝိုင်းနေပြီထင်တယ်"

"ဟုတ်ပါ့မလား"

"ဖြစ်နိုင်တယ် ဆရာကြီး၊ သတိထားမှဖြစ်မယ်"

ကျွန်တော် သဘောပေါက်သွားပါပြီ။ ချေသားကင်၏ အနံ့ ကို တောခွေးအုပ်ရရှိသွားသည့်အပြင် အုပ်လိုက်ချီလာသဖြင့် အ လည်းဖြစ်နိုင်သည်။ ကျွန်တော် သတိကြီးစွာထားရင်း သိလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com

"ကဲ... အားလုံး မီးတုတ်တွေကိုင်ထားကြ၊ ကျွန်တော်ပစ်မယ်၊ ကြောက်ကြနဲ့"

"ဟုတ်ကဲ့၊ မရမ်းနော်နဲ့ဂျာလ ဝါးတွေ ထည့်တော့"

"အေး"

ကိုဇော်တူးစကား နားထောင်ကြသည်လား သို့မဟုတ် သူတို့၏ အတွေ့အကြုံတွေလား မသိပါ။ စောစောက ကျွန်တော်တွေ့ခဲ့သော ဝါးအစို အဆစ်ပိတ်အပိုင်းတွေအား မီးရှို့လိုက်သည်။ မီးပုံထဲသို့ ဝါးတွေ ရောက်ပြီး မကြာပါ။

"ဖောင်း"

"ဖောင်း"

"ဖောင်း... ဖောင်း... ဖောင်း"

"ဖောင်း"

ဝါးပေါက်သံတွေ ဆူညံသွားသလို တောခွေးတွေ ကြောက်လို့ ထွက်ပြေးသံတွေလည်း ကြားရ၏။ တဖန် ဝါးတစ်ချို့မှာ အပေါ်သို့ မြောက်တက်ပြီး ပေါက်သည့်အတွက် မီးပွားများပင် လွင့်စင်သွားသည် ကိုလည်း ကောင်းစွာတွေ့ရပါ၏။

"ဝေါင်း... ဝေါင်း"

"ဝေါင်း... ဝေါင်း... ဝေါင်း"

"ဟာ... တောမုဆိုးပါလား"

"ဗျာ"

"သြော်... ကျားသံဗျ"

"ဟုတ်တယ်၊ တောခွေးတွေနဲ့ အလစ်ချောင်းနေတဲ့ ကျားကြီးပါ လန့်သွားပြီ"

+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+


www.burmeseclassic.com

www.burmeseclassic.com

"တော်သေးတာပေါ့ကွာ၊ တောခွေးနဲ့တောကျား အန္တရာယ်လွတ်သွားပြီ"

တောမှာ တော်တော်လေး ဆူသွားပါပြီ။ တကယ်တော့ ရွာသားတွေ၏ တိုက်ကွက်မှာ တော်တော် အောင်မြင်သွားသည်။ ပစ်ခတ်မှုမပါသော ကျွန်တော်တို့အောက်ပြည်အောက်ရွာဝယ် ပြောကြ နောက်ကြသော အဆံမပါတဲ့ သကြန်အမြောက်ဆိုသကဲ့သို့ပင် အဆံမပါသော ဝါးကျည်တောက်တွေ၏ အသံကား သတ္တိကောင်းသော တောမုဆိုးကျားကြီးနှင့် အုပ်ချီတက်လာသော တောခွေးတွေသည်လည်း အဘယ်သို့ ထွက်ပြေးကြသည်မသိပါ။ တစ်ကောင်တစ်မြီးမှ မရှိတော့သဖြင့်—

"ကိုဖော်တူးရေ၊ ကျွန်တော် ဟောဒီဝါးတွေ ဘာလုပ်ဖို့ပါလိမ့်လို့ တွေးနေတယ်ဗျ၊ ခုမှပဲ သိရတော့တယ်၊ ဘယ်ဆိုးလို့လဲဗျ"

"ဆရာကြီး တောထဲမှာ ဒီလိုပဲ လုပ်ရပါတယ်၊ တောခွေးဟာ အုပ်ချီလာရင် မလွယ်ဘူး"

"ကျွန်တော်တွေ့ဖူးတယ်၊ တောခွေးအုပ်နဲ့ကြုံဖူးတယ်၊ အတင်းဝင်ကိုက်တာဗျ၊ ကျွန်တော်တို့ ကျည်ဆံ တော်တော်ကုန်သွားတယ်၊ တောခွေးတွေလည်း အတုံးအရုန်းပဲ၊ သုံးယောက်စလုံး လက်ကလည်း ဖြောင့်လို့ပေါ့၊ အတွဲလိုက်ပါ ပစ်ရတဲ့အခါ ပစ်ရတယ်၊ ကိုဖော်တူး"

"အင်း ... ဆရာကြီးတို့ မုဆိုးဘဝလည်း မလွယ်ဘူးဗျနော်"

"ဒါပေါ့ဗျာ၊ ဝါသနာဆိုတော့လည်း ဘယ်တတ်နိုင်မလဲ၊ ခုလို ရွာကအားကိုးတကြီး လာခေါ်တော့လည်း ကူညီရတာပဲလေ"

"ဟုတ်တာပေါ့နော်"

+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+


www.burmeseclassic.com

www.burmeseclassic.com 

ကျွန်တော်တို့စကားပြောနေကြစဉ်မှာပင် ရေချောင်းဘက်မှ မီးတုတ်တစ်တုတ်တွေ့လိုက်ရသည့်အတွက် ကျွန်တော် ကျွန်းပင်ကြီး၏ဘေး အမှောင်ဘက်အခြမ်း ပြေးကပ်ပြီး အခြေအနေစောင့်ကြည့်လိုက်၏။

ဟုတ်ပါသည်၊ မီးတုတ်တစ်ခုကိုကိုင်ပြီး လူနှစ်ယောက်သည် ရေချောင်းအား ဖြတ်ကူးနေ၏။ ထိုနှစ်ယောက်နောက်မှပင် နောက်ထပ်လူနှစ်ယောက်မှာ သေနတ်နှစ်လက်နှင့် ရှေ့လူနှစ်ယောက်ဘက် ဆက်ကူးလာနေ၏။ ဒီဘက်ရောက်သူနှစ်ဦးမှာ ရပ်စောင့်နေပြီးမှ နောက်လူနှစ်ယောက်နှင့်ပေါင်းမိသောအခါ ချောင်းဘေးမြေပြင်တွင် မီးတုတ်တွေစိုက်ပြီး ထိုင်နေကြ၏။

"ဆရာကြီး"

"ဗျာ"

"ဟို ဆရာကိုတင်မြတ်နဲ့ ကိုမိုးကျော်ထင်တာပ"

"အေးဗျ၊ ဟိုနှစ်ယောက်ကတော့ ဆလံဝါနဲ့ ဦးမရှုဂမ်တို့လားမသိဘူး"

"ဖြစ်နိုင်တယ် ဆရာကြီး"

"စောင့်ကြည့်တာပေါ့"

ကျွန်တော်တို့ထံသို့ လာနေသည်တော့မဟုတ်၊ ထိုလူလေးယောက်မောချွနားနေကြသည်လားမသိ။ ဝက်ဝံကြီးနောက် လိုက်လာကြသည်လားမသိ၊ မသိပါ။ လေးယောက်မှာ တော်တော်လေး မောနေပုံရ၏။

"ဆရာကြီး"

"ပြော"



www.burmeseclassic.com

www.burmeseclassic.com

"လူမှားမှာစိုးလို့၊ မီးတုတ်ကိုင်လာတာလား"

"အင်း... စဉ်းစားစရာပဲဗျ၊ ကျွန်တော်နဲ့ဆက်သွယ်ရင် ဒါမျိုး မလုပ်ပါဘူး"

"ဒါဆို ဘယ်သူလဲ ဆရာကြီး"

"နေပါဦး... ဒီဘက်မှာ တောပစ်အဖွဲ့ရှိလား"

"ဘယ်ရှိရမှာလဲ တောပစ်အဖွဲ့မရှိလို့ ဝက်ဝံကြီးတွေကော ကျား တွေပါ သောင်းကျန်းနေတာပေါ့ ဆရာကြီး"

"အင်း... ဒါလည်း ဟုတ်တာပေါ့ဗျာ"

တော်တော်လေး လှမ်း၏။ ပေနှစ်ရာနီးပါးခန့်ရှိသည်က တစ် ကြောင်း၊ ညဉ့်ပိုင်းဖြစ်၍ မျက်နှာတွေ ကောင်းကောင်း မမြင်ရပါ။ မီး ရောင်မှာ မီးတောက်နေသော မီးတုတ်သာဖြစ်၍ ထိုလူလေးယောက်၏ ပုံသဏ္ဌာန်အား ခန့်မှန်း၍မရပါ။ မျက်နှာတွေမြင်ရသည်မှာ မဲသွား လိုက်၊ နီသွားလိုက်၊ မီးရောင်နှင့်လိုက်ပြီး အရောင်ပြောင်းနေ၏။

အသေအချာကြည့်လေ မိုးကျော်အောင်နှင့်တင်မြတ်တို့နှစ်ယောက် ၏ ပုံသဏ္ဌာန်ဖြစ်သကဲ့သို့ သေနတ်မပါသူနှစ်ယောက်မှာကား ဆလံဝါ ဦးဆောက်နော်နှင့် ဒူဝါဦးမရှုဂမ်တို့၏ပုံသဏ္ဌာန်ဖြစ်နေပါပြီ။ ဒီလူတွေ ဘာဖြစ်လို့ ဒီဘက်ရောက်လာသလဲ အပေါ်တောင်ကြောပေါ်မှလည်း မလာ၊ မဆီမဆိုင် ရေချောင်းဖြတ်ပြီး လာနေသည်မှာ ထူးခြားနေပါ၏။ သို့သော် မီးတုတ်ကြောင့် လူလေးယောက်ကောင်းကောင်း တွေ့နေရ သည်ကအမှန်၊ ကျွန်တော်တွေးမိသည် တစ္ဆေသရဲသည် မီးတုတ်မကိုင်၊ မီးကိုကြောက်သည်ဟု သိရပြီး အလင်းရောင်ရှိပါက သူတို့မနေနိုင်၊ ခုတော့ မီးတုတ်တောင် ကိုင်လာသည်။


www.burmeseclassic.com

www.burmeseclassic.com


"ဆရာကြီး"

"ဗျာ"

"ကြည့်... အဲဒီလူတွေ မီးမွေးနေကြတယ်"

"ဟုတ်တယ်နော့ မီးဖိုနေကြတယ်"

"ဟင်... ရေတွေ စိုနေကြပုံပဲ ဆရာကြီး"

"ဘယ်လိုက ဘယ်လို ရေစိုတာလဲဗျ၊ ချောင်းကူးတုန်းကလည်း ရေမစိုပါဘူး၊ ချောင်းက တိမ်တိမ်လေး ဖြတ်ကူးတာမြင်နေရတယ် မဟုတ်လား ကိုလဖိုင်လ"

"ဟုတ်ပ၊ စောစောက ရေဖြတ်တာမြင်တာပေါ့၊ ဒူးဆစ်လောက်ပဲ ရှိတာ"

မှန်ပါသည်။ လူလေးယောက်အနက် သေနတ်နှင့်လူနှစ်ယောက်မှာ ထိုင်နေ၏။ ကျန်နှစ်ယောက်သည် ထင်းခြောက်တွေကောက်ယူကြပြီး မီးရှို့နေကြသည်။ မီးမှာ တော်တော်နှင့်မတက်သေး၊ စွဲတော့စွဲနေပါပြီ၊ သို့သော် မီးတောက်မတက်သေးသည်ကို သူတို့စောင့်ကြည့်နေကြ၏။

"ကိုလဖိုင်လ"

"ဟုတ်ကဲ့ ဆရာကြီး"

"ကျွန်တော်တို့ မီးပုံကနှစ်ပုံဗျ၊ မီးကလည်း ရဲနေတာပဲ၊ သူတို့ မီးပုံထက်အဆမတန်များနေတာ သူတို့တွေ့မှာပေါ့နော်"

"ဟုတ်ကဲ့ တွေ့မှာပေါ့"

"ဆရာကြီး ကျွန်တော်တို့ အောက်ဆင်းကြည့်ရမလား"

"ဟာ... သွားမလုပ်နဲ့၊ ကိုမရမ်နော် နေပါစေ"

+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+


www.burmeseclassic.com

www.burmeseclassic.com


ကိုလဖိုင်လတို့ ဘယ်လောက်သတ္တိကောင်းကောင်း၊ ကျွန်တော် မလွှတ်ရဲပါ။ တောဆိုသည့် လူသူကင်းပြီး အနှောက်အယှက်တွေပေါ သော တောတွေအများကြီး။ ကျွန်တော် မနေ့ကပင်လျှင် တွေ့ခဲ့ရပြီးပြီ ဆင်အော်သံနှင့် တောဆင်ဆိုပြီး အကောင် မတွေ့ခဲ့၊ တဖန် ယခုတွေ့နေ ရသော နေရာအထက်ဝယ် ခြေရာတစ်တောင်နှင့်မီးတုတ်တစ်ခုတွေ့ ခဲ့ကြုံခဲ့ရပြီးပြီမို့ ယခုလည်း မိုးကျော်အောင်နှင့်ဝင်မြတ်တို့ပါဟူသော သဘောဖြင့် မတွေးရဲ၊ မတွေ့ရဲ၊ မသွားရဲ၊ ကျွန်တော် မကျေနပ်ချင်တော့။ သို့အတွက် တစ်ခုခုတော့ ဆုံးဖြတ်ရတော့မည်ဟု တွေးနေစဉ်မှာပင်။

"ဝူး"

"ဟာ. . ."

"အို . . ."

"တော. . . တောဆင်ကြီး"

"ဝူး... ဝုန်း... ဘုန်း"

တောဆင်ကြီးသည် ကျွန်တော်တို့စခန်းချထားသည့် ကျောက် တုံးတွေနှင့်အလွန်နီးသောချုံထဲမှ ကြောက်မက်ဖွယ်အကောင်းဆုံးအသံ ကြီးကြောင့် ကျွန်တော်တို့အားလုံး တုန်လှုပ်သွားသည်နှင့်အမျှ ကျွန် တော်လည်း ကျွန်းပင်ကြီးဘေးမှနေ၍ မုဆိုးဒူးထောက်ထိုင်ချပြီး သေ နတ်ပြောင်းလှည့်လိုက်သည်။

"ဝူး... ဝူး... ဝုန်း"

"ဘုန်း... ဝုန်း... ဝူး"

တောဆင်ကြီးသည် မနေ့ကအတိုင်းပင် အော်လည်း အော်၏။ ချုံတွေလည်း ရိုက်ပုတ်ရင်း ထပ်မံ၍ တဝူးဝူးအသံဆင့်ကာအော်ပြန်


www.burmeseclassic.com

www.burmeseclassic.com


ပါပြီ။ထိုချုံအားကြည့်လိုက်တော့ ချုံမှာ နတ်တွေ ပူးကပ်နေသလားမသိ၊ တဝုန်းဝုန်း လှုပ်ခါနေ၏။ သို့သော် တောဆင်ကြီးကား ရှေ့သို့တိုး မလာဘဲ ချုံထဲမှပင် အသံကောင်းဟစ် ဟန်ရေးပြနေ၏။ ရွာသားတွေ အားလုံး ကြောက်ရွံ့ပြီး ကျွန်တော်၏ဘေးသို့ ရောက်လာသည်။

"မကြောက်ပါနဲ့၊ ကျွန်တော်တာဝန်ယူပါတယ်"

"ဆရာကြီး အတင့်မရဲနဲ့"

"ကိစ္စမရှိပါဘူး၊ ဆင်အစစ်ဆိုရင် ကျွန်တော် မပစ်ဘူး"

"ဗျာ"

"ခင်ဗျားတို့ ဒီမှာပဲနေကြ၊ ကျွန်တော် အဲဒီတောဆင်ကို အမိန့်ပေး မယ်"

"ဗျာ... ဘယ်လိုဆရာကြီး"

"ကြည့်သာနေ၊ မကြောက်နဲ့"

ကျွန်တော်ကျွန်းပင်ကြီးဘေးမှထွက်ပြီး မီးပုံဘေးအရောက် ဝုန်း လှုပ်နေသော တောဆင်ကြီး ရောက်ရှိခိုအောင်းနေသော ချုံဘက်သို့ သေနတ်ပြောင်းထိုးချိန်ပြီး...

"ကဲ... နာနာဘာဝတွေ မနောက်နဲ့နော်၊ အမိန့် ပေးနေတယ်၊ တို့မှာ အမိန့်အာဏာရှိပြီးသား၊ နောက်ယှက်တာ ချက်ချင်း ပြန်ရုပ်သိမ်း၊ မရုပ်သိမ်းလို့ကတော့ အဆိုးမဆိုနဲ့"

အမိန့်ပေးကာမှ ထိုချုံသည် ပထမတော့ ငြိမ်သက်သွားရာမှ တဖန် လှုပ်ခါပြီးနောက် ချုံထဲမှအသံတွေ ထွက်လာပြန်ပါပြီ။

"အုဝူ.. ဝူး... ဝူး"

"ဟင်. . . ခွေးလား၊ ဘာလဲ"

"ကဲ... ပစ်တော့မယ်"


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ချုံထဲသို့ သေချာစွာချိန်ရင်း မှဆိုးဒူးထောက်ထိုင်ပိုက်ပြီးနောက် တောင်အောက်ဘက်သို့ တစ်ချက်ငုံ့စောင်းကြည့်လိုက်သာအခါ မီးလှုံနေကြသော လူလေးယောက်အား ကောင်းစွာတွေ့ရ၏။

လူလေးယောက်ထဲမှ သေနတ်ကိုင်လူနှစ်ယောက်မှာ သူတို့၏သေနတ်နှစ်လက်အား အပင်တွင်ထောင်ထားပြီး စိတ်အေး လက်အေး၊းလှုံနေကြသည်ကို တွေ့လိုက်ရသည့်အတွက် ကျွန်တော်တစ်ချက်ပြုံးပိုက်၏။ ကျွန်တော်ကောင်းစွာ သိလိုက်ပါပြီ။ သို့အတွက် ကျွန်တော်ာစ်ခတ်ရန်မှာ တောဆင် မဟုတ်တော့ပါ။ တောဆင်အယောင်ဆောင်းနေသောဘက်သို့ ပစ်မှတ်အဖြစ် သတ်မှတ်လိုက်ပြီး သေနတ်ပြောင်းအား၊တာဆင်ကြီးဘက်မှ ထိုလူလေးယောက်ဘက်အလှည့် ...။

"ဆရာကြီး၊ ဆရာကြီး မှားမယ်၊ မှားမယ်၊ လူတွေလေ၊ ဆရာကိုမိုးကျော်တို့"

"ဟုတ်တယ် ဆရာကြီး၊ ဆလံဝါတို့ မှားကုန်တော့မယ်"

"ဒိုင်း"

"ဒိုင်း"

သူတို့ရွာသားတွေ စိုးရိမ်ကြောင့်ကြမှုတွေ လွန်ကဲပြီး ကျွန်တော့်အား အတင်းတောင်းပန်၏။ မှားမည်ဟု သတိပေး၏။ ကျွန်တော်သိပြီးသား၊ ကျွန်တော့်လက် ကျွန်တော် သိထားသူ၊ မီးအလင်းရောင်ဘက်သို့ သေနတ်ပြောင်း ထိုးချိန်ရသည်မှာ လွယ်၏။ ရှေ့ချိန်သီးနှင့်လူလေးယောက်၏ မီးဖိုတည့်တည့်သို့ ပစ်လိုက်ရန် အလွယ်ဆုံးမို့သေနတ်နှစ်ချက် မီးပုံထဲသို့ ပစ်ထည့်လိုက်သည်။

"ဝုန်း... ဘုန်း"


www.burmeseclassic.com

www.burmeseclassic.com


ကျည်ဆံမှန်သွားသော မီးပုံသည် ပွဲ့ကြွသွားမည့်အစား မီးအားရေနှင့်လောင်းလိုက်သည့်အသွင် လုံးဝငြိမ်းသွားပြီ။ လူလေးယောက်မှာ ထခုန်လိုက်သော လှုပ်ရှားမှုမှအပ ထူးထူးခြားခြားမတွေ့ရတော့ အားလုံးပျောက်ကုန်ပါပြီ။ ဘယ်ကိုရောက်သွားကြပါသနည်း။ ထခုန်ကြပါသော်လည်း အသံမထွက်ကြ၊ ထိုချောင်းဘေးဝယ် မီးရောင်လည်း မရှိ၊ လူလည်းမတွေ့ရတော့ပါ။

"ဟာ... ဆရာကြီး"

"ဟုတ်တယ်၊ ဘယ်လိုလဲ၊ လူတွေဘယ်ရောက်ကုန်လဲ"

"အံ့သြစရာပဲနော်၊ ဘယ်လိုဖြစ်တာလဲ"

"တွေ့တဲ့အတိုင်းပဲလေ၊ မြင်ကြပြီမဟုတ်လား"

"တောက်... တော်တော်ထူးဆန်းတယ်ဗျာ"

ကျွန်တော် သေနတ်နှစ်ချက်ပစ်ပြီးသည်နှင့် ကျွန်တော်၏ သေနတ်ပြောင်းမှာ စောစောက ကျွန်တော်ပစ်မည်ဟုပြောပြီး ချိန်ရွယ်ထားခဲ့သည့် တောဆင်ကြီးခိုအောင်းရာ ချုံဘက်သို့ ပြန်ချိန်ပြီးသား ရွာသားတွေနှင့် စကားပြောနေပါသော်လည်း မျက်နှာကတော့ အသံကြားရာဘက်သို့ အသင့်ပြင်ထား၏။

"ဆရာကြီး... အဲဒါဘာဖြစ်တာလဲ"

"ဟုတ်တယ်... ဆရာကြီး၊ စောစောက လူတွေမဟုတ်လား"

"အင်း... ဆရာကြီး၊ ဆင်သံလည်း တိတ်နေတယ်နော်"

"အားလုံးပြီးသွားပါပြီ"

"ဆရာကြီး"

"ဗျာ"

"ဟိုလူလေးယောက် ဘယ်ရောက်သွားလဲ"


www.burmeseclassic.com

www.burmeseclassic.com



"အင်း... မြေတွင်းထဲ ပြန်ရောက်သွားကြမှာပေါ့ဗျာ"

"ဘယ်လိုပါလိမ့်"

"မိုးလင်းတော့ ကျွန်တော်ပြောပြမယ်လေ၊ နောက်ပြီး အဲဒီနေရာကို သွားကြည့်တာပေါ့"

"ဟုတ်တယ်ဆရာကြီး၊ ကျွန်တော်တို့က လက်တွေ့သိချင်တာ"

"စိတ်ချပါ၊ လက်တွေ့သိရမှာပါ"

ကျွန်တော် သတိထားမိပါသည်။ တောဆင်ကြီး၏အသံနှင့် လှုပ်ရှားမှုတွေ အဘယ်သို့ ပြန်ပျောက်သွားသနည်း။ နောက်တစ်ခု မနေ့ကလည်း ဒီအတိုင်းပင် တောဆင်ကြီးအသံကြားရ၏။ ခြံနွယ်တွေ ရိုက်ပုတ်သံ နင်းသံတွေအပြင် သစ်ပင်တွေချိုးဖဲ့သံ၊ ယခုတော့ ဘာသံမျှ မကြားရသည်မှာ တော်တော်ထူးဆန်းနေ၏။

တောမှဆိုးအသံလည်း မကြားရတော့ တောခွေးတွေ၏ အူသံလည်းပျောက်၊ ဘယ်ကိုရောက်သွားကြပါသနည်း။ ဤတောသည် တော်ကြီးအော်ဟာစ်ခြင်း၊ ရေတွေတိုက်၍အပင်တွေ လဲပြိုခြင်း၊ ကျောက်တောင်ကြီးတွေပြိုကျသံတွေ မကြားရသော်လည်း အနုနည်းကဲ့သို့ တောကြီးမျက်မည်းမှ သားစားသတ္တဝါကြီးတွေအသွင်ဖြင့် ခြောက်လှန့်သည်ကို သတိပြုမိသည်။ ဤတော၏ လှုပ်ရှားမှုသည် လောကီပညာသဘော သက်ရောက်နေ၏။

တောဆင်သည် လောကီပညာထဲပါဝင်သော တစ္ဆေသရဲသဘော၊ ချောင်းဘေးတွင်တွေ့ရသော လူလေးယောက်သည်လည်း လောကီပညာရပ်ထဲမှ ဖြစ်သော်လည်း တောခွေးတွေမှာတော့ အမှန်ပင်ဖြစ်ကောင်းဖြစ်နိုင်သည်။

www.burmeseclassic.com


သို့သော် ကျွန်တော်တို့သုံးယောက် သိလိုသော ထူးဆန်းသည့် ခြေရာကြီး ခြေရာတစ်တောင်အကြောင်း ယခုချိန်ထိ မသိရသောကြောင့် သိရအောင် ဖော်ထုတ်လိုပါ၏။ ဤသို့ထူးဆန်းသည့်လောကီပညာရပ်နှင့် သက်ဆိုင်သည်ဟု ထင်ပါသည်။ ဤထူးဆန်းသော ခြေရာတစ်တောင်သည် ဂမ္ဘီရဆန်လွန်းသည်မို့ သိလိုသည်။ အလွန်နက်နဲသော၊ ထူးဆန်းသော ခက်ခဲကျယ်ပြန့်သောသဘောမို့ အလွန် သိချင်နေသည်။

ဤခြေရာတစ်တောင်သည် နတ်တို့ မှော်တို့ စုန်းကဝေတို့ မဖြစ်နိုင်၊ ရွာလူကြီးတွေပြောသကဲ့သို့ သူတော်ကောင်းကြီးတွေ၏ ကျင့်စဉ်အထူး ထက်မြက်မွန်မြတ်သော သူတော်ကောင်းတွေရှိကြောင်း ပြသနေခြင်းဖြစ်ပေမည်။

ကျွန်တော် ဆုတောင်းထားသည်မှာ မည်သည့်နေရာဒေသ ရောက်ရောက်၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်၊ သူတော်ကောင်း၊ သူတော်မြတ်ကြီးတွေနှင့် တွေ့ရကြုံရ ဆည်းကပ်ရပါလို၏။ သူတော်ကောင်း သူမြတ်လောင်းကြီးများအား ဘယ်သောအခါမှ မပစ်မှားပါဟု အကြိမ်ကြိမ်အခါခါ ဆုပန်ထားသူမို့ တွေ့ရလေမည်ဟု တထစ်ချယုံထား၏။

ရွာသားတွေ တိတ်ဆိတ်နေ၏။ ကျွန်တော်လည်း ဘာတွေထူးလေဦးမည်နည်းဟု တွေးတောင့်စားနေရာ မိုးလင်းပါပြီ။ ဘာမှုဖြစ်မလာ၊ နှစ်ညကုန်ဆုံးသွားပြီးပြီ၊ ခြေရာတစ်တောင်ကား အဘယ်သို့နည်းဆိုသည့်အမေးတွေက ထပ်နေပြီး အကောင်အထည်လုံးဝ ဖော်ထုတ်၍မရ ကျွန်တော်တို့ ဇွဲရှိရှိဖြင့် ဆက်စောင့်ရမည်သာ။

အင်း... တင်မြတ်တို့ပြန်ရောက်ရင် ကျောက်ဂူဘက်သွားမယ်။ လူသိပ်မခေါ်တော့ဘူး၊ တစ်ယောက်လောက်ပဲ ခေါ်မယ်၊ ရွာလူကြီးတွေ


www.burmeseclassic.com

www.burmeseclassic.com



ပြောသော သူတော်ကောင်းကြီးအား ရှာဖွေပြီး ဆည်းကပ်မည်ဟူသော ဖြူစင်သည့်အတွေး ဆည်းကပ်လိုသော နှလုံးသားကြိုးစားရှာဖွေလို သည့် အသိတရားတို့အား ယုံကြည်မှုဦးတည်ပြီး ရှာဖွေမည်ဟု ဆုံးဖြတ်ချက် ခိုင်ခိုင်ချလိုက်၏။

"ဆရာကြီး"

"ဟုတ်ကဲ့"

"ဒီမှာ ခေါပုတ်ပူပူလေးနဲ့ ကျိုသားကင်စားပါဦး"

"ဟုတ်ကဲ့၊ ကဲ...ခင်ဗျားတို့လည်း စားကြလေ"

"ဟုတ်ကဲ့"

"ဩော် . . . ဟိုဆရာတွေအတွက်တော့ ရောက်မှကင်ပေးမယ် ဆရာကြီး"

"ဟုတ်ကဲ့... ရောက်မှ ပူပူလေးစားပါစေ"

ကျွန်တော့်အား ခေါပုတ်ကင်ဖောင်းဖောင်းနှစ်ချပ်အား ငှက်ပျော ရွက်နှင့်ပေးပြီး ချေသားကင်ကိုတော့ သိတ်အတိုင်း ချပေးပါသည်။ သူတို့လည်း စားကြရင်း ရေနွေးခါးခါးမတ်ခွက်အပြည့်ထည့်ပေးထား၍ ရေနွေးသောက်ရင်း ဝမ်းဗိုက်ဖြည့်လိုက်သည်။

"ဆရာကြီး... ဟို. . . ဟိုမှာ"

"ဟာ... ဟုတ်ပါရဲ့၊ အသာနေ၊ မလှုပ်ရှားကြနဲ့"

ကျွန်တော် ရွာသားတွေအား အသာနေကြရန် သတိပေးပြီး ပေါင်ပေါ်မှ သေနတ်ဖြင့်ချိန်လိုက်သည်တွင် ကျွန်တော်၏ လှုပ်ရှားမှု ကို မြင်သွားသော သားကောင်ထပြီး ခုန်ကာလှည့်အပြေး...။

"ဒိုင်း"



www.burmeseclassic.com

www.burmeseclassic.com


"ဝုန်း"

"ဖြောက်... ဖြောက်... ဝုန်း"

"ဖြောက်... ဖြောက်... ဖြောက်... ဘုန်း"

"ဆရာကြီး ပြေးပြီ၊ ဟာ ပြန်လဲသွားပြီ"

"ဟော... ထ... ထပြေးပြီး လိုက်ကြရအောင်"

"ဆရာကြီး လက်သိပ်ဖြောင့်တာဘဲ"

"ကဲ... ဒရယ် လဲနေမှာပါ။ ခင်ဗျားတို့နှစ်ယောက်သွားကောက်ကြဗျာ"

"ဟုတ်ကဲ့"

ဟုတ်ကဲ့ အသံပင်မဆုံးသေး ကိုလဖိုင်လနှင့် မရမ်နော်တို့နှစ်ယောက် သူတို့၏ဓားတွေ ကောက်လွယ်ပြီး ဒရယ်နောက်သို့လိုက်သွားကြပါပြီ။ ချေ၊ ဒရယ်စသည့် သားကောင်တွေသည် မနက်စောစောအစာရှာတတ်၏။ ယခုလည်း ဒရယ်အထီးကြီးဦးချိုပင်လျှင် ဆယ်လက်မ, မကရှည်နေသည်ကို ကျွန်တော် ကောင်းစွာ တွေ့လိုက်ရ၏။

ကျွန်တော်ပစ်သော ဒရယ်မှာ အလွန်ဆုံးပြေးပါက ပေတစ်ရာမကျော်နိုင်ပါ။ မှန်ပြီးသည်နှင့် လဲသွား၏။ ထပြေးပါသော်လည်း လေးငါးလှမ်းတွင် တစ်ခါလဲပြီးနောက် ပြန်ထပြေး၏။ ပြေးရင်းလဲ၏။ သို့အတွက် ကျွန်တော်အပေါ်စီးမှ ကြည့်ပေးရုံဖြင့် လုံလောက်ပါပြီ၊ ကိုလဖိုင်လတို့နှစ်ယောက်မှာလည်း တောကျွမ်းပြီး တစ်ယောက်ထဲပင်သွားနေကြတွေ သူတို့အဖို့ သိပ် မထူးဆန်းပါ။ ဒီမှာနေခဲ့သည်မှာ တစ်ယောက်တည်း ကျန်ခဲ့သူ ကိုဇော်တူးအတွက်လည်း အဖော်ရှိနိုင်ရန်ဖြစ်ပါ၏။


www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး"

"ဟုတ်ကဲ့"

"ကျွန်တော်သိချင်တာက ဆင်အော်ပြီး အကောင်မတွေ့ဘူး၊ ဘာသဘောလဲ မသိဘူး ဆရာကြီး၊ ဆင်ကော ဟုတ်ရဲ့လား"

"ခင်ဗျား ဘယ်လိုထင်သလဲ"

"ကျွန်တော် မထင်တတ်ပါဘူး၊ ဟို... သရဲလို့ လဖိုင်ပြောတာပဲ၊ ဟုတ်မဟုတ်တော့ ကျွန်တော် မသိဘူး"

"အင်း... ကျွန်တော်လည်း ခင်ဗျားဘေးမှာ ရှိနေမှတော့ ခင်ဗျား လောက်ပဲ သိပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ တွေ့ကြုံတာများပါပြီ၊ ဒီတော့ ဟောဒီ တောက နှောက်ယှက်ခြောက်လှန့်တာပဲပေါ့"

"ကျွန်တော်တို့ ကချင်တိုင်းရင်းသားတွေက ဒါမျိုး သိပ် မယုံဘူး ဆရာကြီး"

"ဟဲ... ဟဲ... ဟဲ... ဟဲ မယုံရင် ပုံပြင်ပေါ့ဗျ၊ ဟား... ဟား... ဟား... ဟား"

ကျွန်တော် သဘောကျစွာ ရယ်မောလိုက်သည်ကို ကိုဇော်တူးပါ လိုက်ပြီး ရယ်၏။ သူရယ်ပုံမှာ အသက်တော့ မဝင်လှ။ မယုံဘူးလည်း ပြောသေး။ ညကဆင်အော်တော့ သူတို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေကြ၏။ သို့သော် သူတို့ အယူမသီးကြသည့်အတွက် ကျွန်တော် ကျေနပ်၏။ သို့မဟုတ်ပါက ကျွန်တော့်အတွက် စိုးရိမ်ရမည်သာ။

"ဆရာကြီး ချေမဟုတ်ဘူး ထင်တယ်"

"ဒရယ်...ဒရယ်အထီးကြီး"

"တော်တော်ကြီးမှာပေါ့"

"အင်း... ဒရယ်အထီးဆိုတော့ အချိန်အစိတ်လောက်ရှိမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com


ကိုလဖိုင်လတို့နှစ်ယောက် ဒရယ်အသေအား ဝါးနှင့်လျှိုပြီး ထမ်းလာပါပြီ။ သူတို့လည်း ပျော်နေကြ၏။ ချေသားကင်ပင် မကုန်သေး ဒရယ်တစ်ကောင် ထပ်ရပါပြီ။ ကျွန်တော်တို့လည်း နှစ်ညအိပ် ခရီးသို့ရောက်ခဲ့ပြီးပြီမို့ ဒီနေ့တစ်ညနှင့် နောက်နေ့တစ်ညတော့ ကျန်ပါသေးသည်။

"ဆရာကြီး သိပ်မပြေးနိုင်ဘူး ဆရာကြီး"

"ကျွန်တော် ထင်တဲ့အတိုင်းပဲဗျ"

"ဆရာကြီးတို့က မုဆိုးပီသတယ်"

"ဗျာ... ဘာဖြစ်လို့လဲ၊ ကိုလပိုင်လကြီးရဲ့"

"ဩော်... လက်ဖြောင့်လို့ ပြောတာပါ။ တစ်ချက်တည်းနဲ့ ဒရယ်တစ်ကောင်ရအောင် ပစ်နိုင်တာ အံ့သြတာပ"

"ဩော်... ကျွန်တော်တို့က မုဆိုးလည်းဖြစ်တယ်လေ၊ လေ့ကျင့်မှုလည်းရှိတော့ ကျည်ဆံမပြုန်းတတ်ဘူးဗျ၊ တစ်ချက်တစ်ကောင်ပဲဗျို့"

ကိုလဖိုင်လတို့ ဒရယ်အား ကျွန်တော်တို့မီးပုံဘေးသို့ ချထားရင်း အားရဝမ်းသာပြောကြ၏။ ကျွန်တော်လည်းကျေနပ်ပါသည်။ မြှောက်ပြောတတ်သော တိုင်းရင်းသားတွေ မဟုတ်ပါ။ အပိုမပြောတတ်ကြပါ။ အမှန်ကို အမှန်အတိုင်း ပြောတတ်သောကြောင့် တစ်ချို့က ဘုဆတ်ဆတ်ဟု ထင်ကြ၏။ စကားကိုလည်း ကောင်းကောင်းမပြောဟုလည်း ပြောကြ၏၊ တကယ်တော့ အပိုအလိုမရှိ ပြောတတ်သော တိုင်းရင်းသားတွေ ဖြစ်ကြပါသည်။

★ ★ ★


www.burmeseclassic.com

www.burmeseclassic.com



(ရှစ်)

"ဆရာကျော်"

"ဟော... တင်မြတ်တို့ ပြန်လာကြပြီ"

"ဟုတ်တယ်၊ စောစောက သေနတ်သံတစ်ချက်ကြားတယ် ခြော်... ဒုက္ခရယ်ပါလား"

"အေး... ဆလံဝါကြီးကော"

"ရွာပြန်သွားတယ်"

"ဟော.... ဘာဖြစ်လို့လဲ"

"ရွာသားတွေနဲ့ ဝက်ဝံကြီးလည်း သယ်သွားတယ်"

"ဘာကွ"

တင်မြတ်သည် ရွတ်နောက်နောက်လိုလို ပြောသည့်အတွက် ကျွန်တော် ထပ်မေးသည်တွင် မိုးကျော်အောင်မှ တင်မြတ်အစား ဝင်ရောက်ပြောပြပါ၏။

"ကျွန်တော်တို့ ဟိုဝက်ဝံကြီးလေ နားရွက်တစ်ဖက်မရှိတဲ့ အကောင်ကြီးရပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ… တယ်ဟုတ်ပါလား"

"ဆရာကျော် သေနတ်သံမကြားဘူးလား"

"မကြားမိဘူး၊ ဪ…တို့က တောင်ပေါ်ဆိုတော့ အသံအုပ်ပြီး မကြားတာ ဖြစ်မယ်၊ ဘယ်လိုရတာလဲ ပြောပြပါဦးကွ"

"ဟုတ်တယ်ဆရာကျော် ဒီကောင်ကြီး ရွာထဲမှာ ဝင်သောင်းကျန်းလို့ ခွေးတွေဟောင်တာနဲ့ အပေါ်ပြန်တက် ကျွန်တော်တို့ကလည်း နှစ်ဖွဲ့ခွဲပြီး ပစ်လိုက်တယ်၊ အဲဒါရတော့ ရွာသားတွေခေါ်ပြီး ရွာထဲသယ်သွားကြတယ်"

"ဟာ… ရွာသားတွေ တော်တော်ပျော်ကြမှာပဲနော်"

"မပြောနဲ့တော့ ဆရာကြီး၊ အရမ်းကိုပျော်နေကြတာ၊ တစ်ရွာလုံးလိုလို ထွက်လာကြပြီး ဆွဲယူသွားကြတယ်"

"အင်း… ဒုဝါဦးမရှုဂမ်တို့ရွာနှစ်ရွာအတွက် ကျွန်တော်တို့တာဝန်ကျေပါပြီ၊ ရွာသားတွေကြောက်နေတာက ဝက်ဝံနှစ်ကောင်၊ ကျွန်တော်တို့ ပစ်ပေးတာက ဝက်ဝံနှစ်ကောင်အပြင် နောက်ထပ်ကျားဆိုးကြီး အဆစ်ပါသွားပြီ၊ ရွာသားတွေ တောင်ယာကို ကောင်းကောင်းလာနိုင်ပြန်နိုင်ပြီ၊ ရွာမှာလည်း အေးအေးဆေးဆေးအိပ်လို့ရပြီပေါ့နော်"

"ဟုတ်ပါတယ်ဆရာကြီး၊ ဒါကြောင့် ဆလံဝါဘောက်နော် ရွာပြန်ပြီး ဘာတွေစီစဉ်မလဲ မသိပါဘူး၊ ကျွန်တော့်အဖွား(အဖေ) ကိုလည်း သွားပြောမယ်ပြောတယ် ဆရာကြီး"

"အေးဗျာ၊ ဒုဝါ့အဖေကြီးပါသိရင် ပိုဝမ်းသာမှာပါ"

"ဆရာတို့ ခေါ်ပုတ်ကင်နဲ့ချေသားကင်စားကြတာပေါ့ကွ"

"ဪ… ဒီမှာဖတ်ခါး(ရေနွေး)သောက်ကြပါ"



www.burmeseclassic.com

www.burmeseclassic.com

တင်မြတ်တို့အားလုံး ရေနွေးနှင့်ခေါပုတ်ကင်စားကြ၏။ ကျွန်တော်လည်း ဒီမှာနေခဲ့ပြီး တွေ့ကြုံရသည့် ဆင်အော်သံ၊ တောခွေးအုပ်နှင့် လူလေးယောက်အကြောင်းပြောပြလိုက်သည်တွင်...

"ဆရာကျော်၊ တောခွေးတွေကတော့ ခွေးအမှန်ထားပါတော့ ဆင်ဆိုတာ မရှိးဘူးဗျ"

"ဟုတ်တယ် ဆရာကျော်၊ တင်မြတ်ပြောသလို ဆင်ဟာ တောဆင်လည်း မဟုတ်နိုင်ဘူး။ နောက်တစ်ခုက လူလေးယောက်ဆိုတာ ကျွန်တော်တို့ပုံစံယောင်ဆောင်တာပဲဗျ"

"အင်း"

ကျွန်တော် ဘာမျှမပြောဘဲ တင်မြတ်နှင့်မိုးကျော်အောင်၏ မျက်နှာကြည့်ရင်းမှ ရွာသားကိုလဖိုင်လတို့အား ကြည့်လိုက်သည်။ သူတို့တတွေအားလုံး ဘာဆိုတာသိချင်နေသည်။ ညကတည်းက သိလို ကြသော်လည်း ကျွန်တော်မပြောခဲ့ ယခုတော့ ပြောပြရမည်။ သို့သော် စောစောက ကျွန်တော်နှင့်စကားပြောနေသော ကိုဖော်တူးသည် သရဲဆိုတာ အယုံအကြည်မရှိကြောင်း ပြောခဲ့ဖူးပါ၏။

"အင်း... ညကတွေ့တဲ့လူလေးယောက်ဟာ လူမဟုတ်ဘူးဗျ"

"ဗျာ"

"ဆရာကြီး လူမဟုတ်ရင် ဘာဖြစ်မလဲ"

"ကိုဖော်တူး ဘာထင်သလဲ"

"ဗျာ... ကျွန်တော်မပြောတတ်ပါဘူး ဆရာကြီး"

"အေးဗျ အဲဒါတစ္ဆေသရဲပဲ၊ သူတို့ဟာ လူယောင်ကောင်းကောင်းဆောင်တတ်တယ်၊ တစ်ချို့ဆိုရင် ပွဲသဘင် ကျင်းပတဲ့အထိ ပုံရိပ်ယုတ္တာရှိအောင် ဖန်တီးနိုင်တယ်ဗျ"


www.burmeseclassic.com

www.burmeseclassic.com


"ဆရာကြီး"

"ဟုတ်ကဲ့"

စကားနည်းသော ဒူဝါဦးမရှုဂမ်သည် ကျွန်တော့်အား နိုက်ကြည့်မနေဘဲ ဦးခေါင်းမော့ပြီး အပင်တွေပေါ်ကြည့်ရင်းမှ စကားဆက်လာပါ၏။

"ကျွန်တော် မန္တလေးမှာ ကျောင်းတက်နေစဉ် ကြားဖူးပတယ်၊ ဖတ်လည်း ဖတ်ဖူးပါတယ်၊ တစ္ဆေသရဲတို့ နောက်ပြီးဝိညာဉ်တို့ဆိုတာ ရှိပါသလားလို့ သိခဲ့ရတယ်၊ ဆရာကြီးပြောသလိုပဲ တစ္ဆေအကြောင်း သူငယ်ချင်းရွှေဘိုနယ်သား ပြောပြဖူးပါတယ် ဆရာကြီး"

"အေးဗျ...တကယ်ရှိတယ် ကျွန်တော်တို့ သုံးယောက်တော်တော်များများတွေ့ကြုံဘူးတယ်၊ အဲ...တစ်ခုတော့ ရှိပါတယ်၊ အဲဒီတစ္ဆေတွေဟာ လူတွေကို သေအောင်တော့ မလုပ်ပါဘူး၊ ကြောက်အောင်ခြောက်တဲ့ သဘောပဲပေါ့ဗျာ"

ကျွန်တော်ပြောပြသလို ဒူဝါဦးမရှုဂမ်မှ ထောက်ခံပြောကြားချက်တွေကြောင့် ရွာသားတွေ ငိုင်နေကြ၏။ ကျွန်တော်နှင့် နေခဲ့သူ သုံးယောက်လုံး ကောင်းစွာ တွေ့မြင်ရသောအခါ သူတို့ ယုံသွားကြသည်။ ဤကဲ့သို့သော တေတောင်ကြီးများထဲဝယ် အမျိုးမျိုးသော တစ္ဆေသရဲဆိုသည့် ဝိညာဉ်တွေ ရှိနေသည်ကို မငြင်းကြတော့ပါ။ လက်တွေ့မြင်ကြရ၍ တစ်ခွန်းမျှမပြောတော့။

"သြော်...ကျွန်တော်မေ့နေတယ်ဗျို့၊ ညက အဲဒီတစ္ဆေတွေကို ကျွန်တော်ပစ်ခဲ့တာ သွားကြည့်ကြမယ်လေ"

"ဟား...ဆရာကြီး မကြည့်ချင်တော့ပါဘူး၊ ဘာမှတွေ့မှာလည်း မဟုတ်ဘူး ထင်ပါရဲ့"

-----


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်ဆရာကြီး ဒီကနေမြင်နေရတာပဲလေ၊ ဘာမှ မရှိပါဘူး"

ကျွန်တော်တို့အားလုံး ရှင်းလင်းပြီးပါပြီ။ တောင်ယာသားတွေ အသွားအပြန်မှအစ တောင်ယာထဲအထိ နောက်ယှက်ရာမှ ရွာထဲဝင်ပြီး တိုက်ခိုက်သော ဝက်ဝံကြီးနှစ်ကောင်စလုံး မရှိတော့ပါ။ ရန်သူမရှိသော တောသည် မောစရာမလို၊ ပမ်းစရာမလို သွားလမ်းသာ၍ ပြန်လမ်း လည်း ဘေးရန်ကင်းရှင်းပြီး ဖြောင့်တန်းနေပါပြီ။ သို့အတွက် ကျွန် တော်တို့ သုံးယောက်သိလိုနေသော ခြေရာတစ်တောင်အတွက် လုပ်ငန်း စရတော့မည်။

"မိုးကျော်နဲ့ဉာဏ်မြတ်ရေ"

"ဟုတ်ကဲ့"

"တို့သိချင်နေတဲ့ ကိစ္စကို ဆက်လက်အကောင်အထည် ဖော် ကြရအောင်"

"ဘယ်လိုလုပ်ချင်သလဲ ဆရာကျော်"

"အေး...ငါလုပ်ချင်တာကတော့ ဟောဒီဒရယ်ကို ရွာသားတွေ ရွာပြန်ပို့ပြီး ပြန်ကြပါစေတော့၊ ဦးမရှုဂမ်တို့နဲ့ပဲ လိုက်ချင်လိုက် ဒါမှမဟုတ် ပြန်ချင်ပြန်ပေါ့ မကောင်းဘူးလား"

"ကောင်းတယ်ဆရာကျော် ဒူဝါမရှုဂမ်ကြီးလည်း ပင်ပန်းနေ ပြီ"

"ဟာ ဆရာကြီးတို့ကလည်း ကျွန်တော်ဆက်လိုက်မှာပေါ့"

ကျွန်တော် ဒူဝါဦးမရှုဂမ်အား ကြည့်လိုက်တော့ တကယ်...
လိုသည့်အပြင် ကျွန်တော်တို့သိချင်သော ခြေရာတစ်တော...အတွ...


www.burmeseclassic.com

www.burmeseclassic.com


သူလည်း သိချင်နေသလို ကျွန်တော် သဘောပေါက်လိုက်ပါ၏။ သို့အတွက် ကျွန်တော်မှ တင်မြတ်နှင့်မိုးကျော်အောင်အား ကြည့်လိုက်ပြီး—

"ကဲ…ဒူဝါလိုက်ပါစေကွာ"

"ကိုလဖိုင်လရေ၊ ခင်ဗျားတို့သုံးယောက် ဟောဒီဒရယ်ကို ရွာသယ်သွားကြဗျာ၊ ရွာရောက်တော့ အသားတွေ ကြပ်တိုက်ပေါ့၊ ဝမ်းတွင်းသားတွေ ချက်စားကြပါ"

"ဆရာကြီးတို့က"

"ကျွန်တော်တို့ ဒီတစ်ည ဒါမှမဟုတ် နောက်တစ်ည ဒီတောထဲမှာ ဟောပစ်ရင်း သိချင်တာလေးတွေ ရှာဖွေဦးမယ်"

"ဟုတ်ကဲ့"

"အဲဒီတော့ ဆလံဝါဦးဘောက်နော် ပြောလိုက်ပါ၊ ကျွန်တော်တို့ အပြန် ရွာဝင်ပါမယ်လို့"

"ဟုတ်… ဟုတ်"

ကျွန်တော်ပြောလိုက်သည့်အတွက် သူတို့သုံးယောက်ပြန်ရန် ပြင်ဆင်ပြီး ကျွန်တော်တို့အတွက် ဆန်နှင့်ချေသားတွေ ထားခဲ့ပါသည်။ ကျွန်တော်တို့မှာ အသားဘူးတွေလည်း အနည်းငယ်တော့ ရှိပါသေးသည်။ ဆန်ရှိလျှင် ရပါသည်။ ခေါ်ပုတ်တွေလည်း ထားခဲ့ပြီးပြန်ရန် ပြင်ဆင်နေစဉ်မှာပင်။

"လဖိုင်လ"

"ဟော..နော်ဂျာ ဘာလဲ"

"ဆလံဝါ လွှတ်လို့လာခဲ့တာ"

"လာဗျာ၊ ဆလံဝါက ဘာတွေ မှာလွှတ်လိုက်သလဲ"

"ဒီမှာစာပါလာပါတယ်"


www.burmeseclassic.com

www.burmeseclassic.com

“ဟုတ်ကဲ့”

ကျွန်တော့်အား ရွာသားနော်ဂျာဆိုသူမှ စာထုတ်ပေးပါတယ်၊ ဆလဝါ ဦးကောက်နော် ရေးပေးလိုက်သောစာဖြစ်ပါတယ်။

“ဆရာကြီးနှင့်ဆရာတို့

ကျေးဇူးကမ္ဘာပါ

သဘက်ခါ(တနင်္ဂနွေနေ့) မနက်ကိုးနာရီဆယ်နာရီ အရောက် ပြန်ခဲ့ပါရန် မှာကြားပါသည်၊ ကျွန်တော်တို့ ရွာနှင့်ဒူဝါဦးမရှုနော်တို့၏ မရူကတောင်ရွာသားတွေနှင့်အတူ ပူးပေါင်းပြီး ကျွန်တော်တို့ ရွာဦးက မနောပွဲကျင်းပတဲ့ မနောကွင်းမှာ အောင်ပွဲခံ ပဒန်မနော (စစ်ပွဲတွင် အောင်ပွဲခံမနောပွဲ) ပြုလုပ်လိုပါသည်။

အားလုံးပြင်ဆင်ထားပါသည်။ သို့အတွက် (တနင်္ဂနွေနေ့) မနက် အရောက်ပြန်လာခဲ့ပါရန်၊ ဆရာကြီးတို့အဖွဲ့ရောက်မှ ပဒန်မနော (စစ်ပွဲအောင်ပွဲ) မနောပွဲစတင်မှာဖြစ်၍ နှစ်ရွာပေါင်းစီစဉ်ထားမှု ဒူဝါကြီး၏ စေတနာ၊ ကျွန်တော်တို့၏ စေတနာတွေအား လက်ခံပါရန်၊ ဤမနောပွဲသည် လုပ်ချင်တိုင်းလုပ်၍ မရပါ၊ ဒူဝါတွေမှ ဦးစီးပြီးလုပ် ရသောမနောမို့မပျက်မကွက် ပြန်လာခဲ့ပါရန် လေးလေးစားစား စာရေးအပ်ပါသည် ဆရာကြီးခင်ဗျား...

ကျေးဇူးကမ္ဘာ

ဆလံဝါဘောက်နော်

လုံဂျာရှာ”

ကျွန်တော်စာအား အားလုံးကြားကြစေရန် ဖတ်ပြလိုက်သည် အတွက် ပြုံးနေကြသည်ကို တွေ့ရသကဲ့သို့ ကျွန်တော့်ကောင်[illegible]ခြင်း


www.burmeseclassic.com

www.burmeseclassic.com 

၏ မျက်နှာမှာ မှိုရထားသော မှိုကျင်းတွေ့ထားသော မျက်နှာမျိုးတွေ့ရ ရသည်။

"အင်း...ဒုဝါတို့၊ ဆလံဝါတို့ကတော့ တကယ့်ကို ပွဲတော်ကြီး လုပ်တော့မှာပါလား၊ ကဲ...ကိုလဖိုင်လတို့၊ ကိုဇော်တူးနဲ့ ကိုဒရမ်နော် ဪ... အခုရောက်လာတဲ့ ကိုနော်ဂျာရေ၊ ကျွန်တော်တို့လေးယောက် ဒီပတ်ဝန်းကျင်မှာပဲ ရှိမှာပါ၊ တနင်္ဂနွေနေ့နံနက် (၉)နာရီ အရောက်လာ ခဲ့မယ်လို့ ဆလံဝါ ဦးဘောက်နော်ကို ဆက်ဆက် ပြောလိုက်ပါ"

"ဪ... ဆရာကျော် ဟောဒီ ဒရယ်လည်း မနောပွဲမှာ ညှိခံဖို့ ကြိုက်သလိုစီစဉ်ကြပါလို့ မှာလိုက်တာပေါ့"

"အေး.. ကောင်းတာပေါ့"

"ဪ... ကိုလဖိုင်လ နွားတွေဘာတွေ မသတ်နဲ့၊ ဒီဒရယ်တစ် ကောင်ကို နှစ်ရွာအတွက် ကျွေးမွေးနိုင်ပါတယ်"

"ဆရာကြီးတို့ ပြောလည်း ရမှာမဟုတ်၊ နွားသတ်မယ်၊ ဝက် သတ်မယ် အားလုံးစီစဉ်နေကြပြီ မနောတိုင်လည်း ပြန်ပြင်နေကြပြီ"

"အေးပေါ့ဗျာ၊ လူကြီးတွေ ကြိုက်သလိုသာ စီစဉ်ကြပါ၊ ကျွန် တော်တို့ အချိန်မီ အရောက်ပြန်ခဲ့မယ်သာပြောပေးပါ"

"ဟုတ်ကဲ့... ကဲ... ဒါဆို ကျွန်တော်တို့ပြန်မယ်"

"ဟုတ်ကဲ့... ပြန်ကြပါ၊ စိတ်အေးအေးနဲ့သာ ပြန်ကြတော့ အန္တရာယ်ကင်းသွားပါပြီ"

"ဟုတ်... ဟုတ်"

ရွာသားလေးယောက်သည် ဒရယ်တစ်ကောင်အား နှစ်ယောက် က ထမ်းပြီး အလွတ်နှစ်ယောက်အနက် ရှေ့တစ်ယောက်နောက်တစ်



www.burmeseclassic.com

www.burmeseclassic.com


ယောက် တောင်ကျောပေါ်တက်သွားကြပါပြီ။ အပြန်လမ်းမှာ သားကောင်ထမ်းသွားကြသည့်အတွက် အလွန်ပျော်မြူးသည့်အပြင် သူတို့၏ အထွတ်အမြတ်ဖြစ်သော ပဒန်မနော့ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူနေကြသည်။

"ဆရာကြီး"

"ဟုတ်ကဲ့"

"ကျွန်တော်အဖွား (အဖေ) လည်း တော်တော်ပျော်နေပြီ တင်တယ်"

"ဒါပေါ့ဗျာ လူကြီးဆိုတာ ရွာသူရွာသားတွေအတွက် တာဝန်ကြီးတာပေါ့၊ ခုလို ကြောက်ရွံ့ထိတ်လန့်နေရတဲ့ ဝက်ဝံဆိုးကြီးနှစ်ကောင်လုံးအခက်အခဲသိပ်မရှိဘဲ ပစ်ခတ်ရှင်းလင်းနိုင်လို့ ဝမ်းသာနေကြရမှာပေါ့။"

"ဆရာကျော်"

"ပြော... မိုးကျော်"

"အင်း... ပြောရမှာ ခပ်ခက်ခက်ပဲ"

"ဘာလဲကွ"

"ကျွန်တော်တို့ အခုပစ်ရတဲ့ ဝက်ဝံနှစ်ကောင်စလုံး သိပ်ခက်ခက်ခဲခဲ မပစ်ခဲ့ရဘဲ ကျွန်တော်တို့ကို ဂုဏ်ပြုမယ်ဆိုတော့ တစ်မျိုးကြီးပဲ"

"ဟာ.. ဆရာမိုးကျော်တို့ကတော့ လွယ်ပါတယ်လို့ပြောတာ ကျွန်တော်တို့ မနေ့ညက အဖြစ်ကို ပြန်တွေးတော့ ကြောက်လန့်မိတယ်၊ ဝက်ဝံကြီးဟာ တော်တော် အသည်းမာတာ ကျွန်တော်တို့အပြင် ကြောက်လန့်နေရတာပါ။ ခုလိုရင်ဆိုင်တွေ့တော့ ကျွန်တော်မှာ အသက်တောင် ဘယ်လိုရှူရမှန်း မသိအောင် ဖြစ်သွားတယ်


www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ပါတယ် ဆရာကျော် ဦးမရှုက်ပြောတာလည်း သူ့ဘက်ကမှန်တာပေါ့။ မိုးကျော်ပြောတာလည်း ကျွန်တော်တို့ဘက်က ကြည့်တော့ သိပ်အခက်အခဲမရှိတာ ပထမ အကောင်လောက်တောင် မခက်ခဲပါဘူး"

"အေး... မင်းပြောမှ သတိရတယ်၊ ပထမ အကောင်တုန်းက ငါ့ရင်တွေ ခုန်လိုက်တာကွာ"

"ဘာဖြစ်လို့လည်း"

"မင်းတို့စဉ်းစားကြည့်လေ၊ ခြေရာအသစ်လည်း ပြောတယ်။ ဟာ သေ သေနေပြီဆိုတော့ ငါ့ရင်တွေတုန်လှုပ်ချောက်ချားသွားတာပေါ့ကွာ"

"ဆရာကျော် အထင်လွဲသွားတာပေါ့"

"အေးလေ ခြေရာတစ်တောင်ဆိုတဲ့ သူတော်ကောင်းကြီးကို မှားယွင်းပစ်မိပြီ ဆိုပြီး ငါတော်တော့ကို သောကရောက်သွားတာကွ"

"ကဲ... ကျွန်တော်တို့ ပြီးတာပွေပြီးသွားပြီ ဆက်လုပ်ရမဲ့တာဝန်ပဲရှိတော့တယ်"

ကျွန်တော်တို့ ပြီးခဲ့တာတွေထားပြီး ခြေရာတစ်တောင်နှင့် သူတော်ကောင်းကြီးကိစ္စ စုံးစမ်းရန်နှင့် ကျွန်တော့်စိတ်ထဲမှ ဆုံးဖြတ်ချက်တစ်ခု ထပ်မံချလိုက်ပါသည်။

ထိုဆုံးဖြတ်ချက်မှာကား ဒူဝါဦးမရှုနော်နှင့်ဆလံဝါဦးဘောနော်တို့အပြင် ရွာသားတွေအတွက် မနောလက်ဆောင်ပေးရန် နောက်ထပ် ဒရယ်နှင့်ချေပစ်ယူသွားမည်ဆိုသော ဆုံးဖြတ်ချက်အား ပြောပြလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



"ကောင်းမှကောင်းဆိုသလိုပဲ ဆရာကျော်၊ ကချင်တိုင်းရင်းသားတွေက လက်ဆောင်ပေးတာ ဝါသနာပါတယ်၊ သူတို့ကလည်း လူကိုခင်ရင် အရက်တိုက်တယ်၊ အရမ်းခင်ရင် ကြက်ဥလက်ဆောင် ပေးတယ်နော် ဒူဝါ"

"ဟုတ်ပါတယ်၊ ကြက်ဥအဓိပ္ပါယ်ကော သိကြမှာပေါ့"

"သိတာပေါ့၊ ဒူဝါရဲ့ တင်ပြတ်တို့က အမြဲလေ့လာထားတာလေ၊ ကြက်ဥခိုးစားရင် အရမ်းစိတ်ဆိုးတယ်၊ အဲဒီကြက်ဥက ကြက်ကလေး ပေါက်တယ်၊ အဲဒီကြက်ကလေးကနေ ကြက်မကြီးဖြစ်မယ်၊ နောက်ထပ် ပေါက်မယ်၊ ပွားမယ်မဟုတ်လား ဟားဟားဟားဟား"

"ဟုတ်ပ... ဟုတ်ပ ဆရာတို့"

ကျွန်တော်တို့ စခန်းချနေရာတွင် တစ်နေ့လုံးလုံး နေခဲ့ပြီးအိပ်စက်နားနေရာမှညပိုင်းတွင် တောပစ်ရန်မဟုတ် ခြေရာတစ်တောင်အားရှာဖွေရန်အတွက် ချောင်းဘက်သို့ဆင်းခဲ့ပါသည်။ လေးယောက်လုံးလူ မခွဲတော့ပါ။ ခြေရာတွေ့သောနေရာတိုင်းသည် ချောင်းဘေးမှာ အမြဲတွေ့ရသဖြင့် ချောင်းဘေးတွင် စုပေါင်း၍ စောင့်ခဲ့ကြပါ၏။

မနေ့ညဦးက ကျွန်တော်ပစ်ခတ်ခဲ့သော လူလေးယောက်နေရာနှင့် သိပ်မကွာ၊ ယခုနေရာမှာ အပေါ်သို့အနည်းငယ်ရောက်ပြီး ကျောက်တုံးကြီးတွေအထပ်ထပ်ပေါ်ဝယ်နေရာယူပြီးနောက် ပတ်ဝန်းကျင်အားကောင်းစွာ တွေ့မြင်နိုင်စွမ်း ရှိပါသည်။ ကျွန်တော်တို့ စောင့်နေသော်လည်း ဘာမျှ မထူး။ သားကောင်လည်းမထွက်၊ ထွက်လာသည်ကတော့ လရေးရေး ဖွေးဖွေးကြီးတော့ မဟုတ်ပါ။ အလင်းရောင်မှိန်သောတောထဲ ချောင်း အစပ်ဝယ် ယခုလို လရေးရေးက အားနည်းတစ်ခွက်



www.burmeseclassic.com

www.burmeseclassic.com


ပင် ကျွန်တော်၏ မုဆိုးကျော်တင်မြတ်နှင့် မိုးကျော်အောင်တို့အား မှာထားသည်မှာ ဒီညဥ့်ဘာကောင်မှ မပစ်ဘူး၊ ခြေရာရှင်ကို ရှာမည်ဟူသော ဆုံးဖြတ်ချက်အတိုင်း စောင့်နေလိုက်သည်။

"ဖြောက်... ဖြောက်"

"ဖြောက်... ဖြောက်... ဖြောက်... ဖြောက်"

ချေတစ်ကောင်လား၊ ဒရယ်တစ်ကောင်လား မသိရသေး၊ ခြေသံသဲ့သဲ့ကို နားစွင့်မိပါ၏။ ထိုအသံမျိုးသည် ချေနှင့်ဒရယ်မှလွဲ၍ တစ်ခြားသားကောင် မဖြစ်နိုင်ကြောင်း ကျွန်တော်တို့ သုံးယောက်သိပြီးသား။

"ဆရာကျော်"

"အေး..."

"ဒရယ်ဗျ... ရဲနေတာပ"

တင်မြတ်၏တီးတိုးစကားသံနှင့်သူညွှန်ပြသည့် ရေစပ်သို့ ဆင်းသွားနေသော ဒရယ်တစ်ကောင် ရေသောက်ဆင်းလာ၏။ လရောင်မှိုင်းသေးသော်လည်း ဝလွန်းသော ဒရယ်မှာ ရဲရဲတောက် နီနေသည်ကို တွေ့ရ၏။

"မပစ်နဲ့'

"ဟုတ်ကဲ့ပါ"

သန်းခေါင်ယံအချိန်ရောက်တော့ လကတော်တော်လေး သာနေ၏။ ပေလေးငါးဆယ်မျှမြင်တွေ့နေရသည်။ သဲသဲကွဲကွဲကြီးတော့ မဟုတ်ပါ။ သို့သော် ခုချိန်ထိ မီးတုတ်လည်းမတွေ့ မနေ့ကလို ကျွဲတ်ကောင်တွေ၏ အယောင်ဆောင်မှုလည်း မရှိပါ။ ကျွန်တော်တို့က အတွက် ကျေနပ်စရာတော့ ဖြစ်နေပါသည်။


www.burmeseclassic.com

www.burmeseclassic.com



"ဝေါင်း...ဝေါင်း"

"ဟာ... ဆရာကျော်... ဆရာကျော် ဟို...ဟိုမှာ"

"ဘာလဲ တင်မြတ်၊ ဟာ... တောမှဆိုးကြီးပါလား"

"ဟုတ်တယ် ကျွန်တော်တို့ကို တွေ့သွားပြီထင်တယ်"

"အေး... အသာကြည့်နေပါ၊ မပစ်နဲ့နော်"

"မပစ်ပါဘူး"

တောမှဆိုးကျားကြီးသည် မာန်ဖီသံနှစ်ချက်ဟိန်းဟောက်ပြီး ကျွန်တော်တို့ ရှိနေသည့် ကျောက်တုံးတွေအားလှမ်းကြည့်နေပုံမှာ ကြောက်စရာတော့ အကောင်းသား။ ခုန်အုပ်မည်ဆိုပါက သူ့နေရာသည်လည်း ကျောက်ဆောင်ရှိပြီး အလွန်ဆုံးကွာပါက ပေနှစ်ဆယ်ကျော်မျှရောက်နေပြီး စိမ်းစိမ်းကြီးကြည့်နေ၏။

"ဝူး...ဝူး"

"ဝုန်း...ဘုန်း...ဘုန်း"

"ဟော...တောဆင်ကြီး ကျွန်တော့်ဘက်မှာ"

"အင်း..ဒီတစ်ခါတော့ စွယ်ဆုံကြီးကို တွေ့ရပြီး မိုးကျော်မပစ်မိဘို့ သတိထား"

"စိတ်ချပါ သိပ်တော့ မကွာလှဘူး ဆရာကျော်"

"အေးပါ... ပစ်ခတ်သတ်ဖြတ်မယ်ကို စိတ်မကူးပါနဲ့ကွာ"

"ဟုတ်ကဲ့ပါ၊ သူလည်းတောမှဆိုးလို ကျွန်တော်တို့ကို တွေ့သွားပြီ ထင်တယ်"

"ဟုတ်တယ်... တွေ့နေတာအမှန်ပဲ"

"ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com


"ဗျာ..."

"နှစ်ဖက်ညှပ်ပြီး တိုက်ခိုက်မလား မသိဘူး"

"ပြောလို့တော့ မရဘူးဗျ၊ ဒါပေမဲ့ သူတို့ တိုက်ခိုက်မှာ မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က သူတို့ကို ရန်မမူပါဘူး၊ ဝစ်ဖို့ စိတ်လည်း မကူးဘူးလေ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ကျောချမ်းနေပြီ ဆရာကြီးရဲ့"

ကျွန်တော်စိတ်တွေ မလှုပ်ရှားပါ။ ကြောက်ရွံ့ထိတ်လန့်မှုလည်း မပေါ်ခဲ့သည့်အတွက် ကျွန်တော် ပစ်ခတ်ရန် လုံးဝ မရည်ရွယ်ဘဲ စောင့်ကြည့်နေမိသည်။ ပထမနှစ်ရက် တောဆင်အသံကြားရ၏။ တိုက်ခိုက်ရန် တော်တော်လေး ရန်မူ၏။ ဒီနေ့ဒီအချိန်တွေ့ရသော တောဆင်ကြီးမှာ အကောင်ပါတွေ့ရပြီး ဆင်ဟူသောမာန်ကိုတော့ ပြသ၏။ သို့သော် တိုက်ခိုက်ရန် မရည်ရွယ်ဟု ကျွန်တော်ထင်မိသည်။

တောမှဆိုးကျားကြီးသည်လည်း သူရောက်ရှိနေသော ကျောက်တုံးပေါ်မှ အောက်သို့ ဆင်းပြီး ရေသွားသောက်သည်။ ရေသောက်နေသော ကျားကြီးမှာ ကျွန်တော်တို့ဘက်သို့ တစ်ချက်တစ်ချက် ခေါင်းငုံ့စောင်းပြီး ကြည့်၏။ ရေကိုလည်း သောက်နေသည်။

ကျားဆိုသော သတ္တဝါသည် အသားကိုစားလိုက်၊ ရေကိုသောက်လိုက်၊ ပြန်စားလိုက်၊ ရေထပ်သောက်လိုက် လုပ်တတ်သော သတ္တဝါဖြစ်သည့်အတွက် ဤပတ်ဝန်းကျင်တွင် သူ၏အစာ သားကောင်ရှိနေမည်ဟု ထင်မိသည်။ ကျားကြီးရေသောက်ပြီးနောက် ကျောက်တုံးပေါ်ပြန်တက်ပြီး ဝမ်းလျားမှောက် အိပ်စက်နေသည်လား မသိ၊ သို့သော် ကျွန်တော်တို့ဘက်သို့ ကြည့်နေသည့်သဘော သူ့ဦးခေါင်းက လှည့်


www.burmeseclassic.com

www.burmeseclassic.com


ထားခြင်းအားဖြင့် အလစ်အငိုက်မခံ သတိကြီးကြီးဖြင့် စောင့်ကြည့်နေသည်လား မသိတော့။

စွယ်စုံတောဆင်ကြီးမှာလည်း ရှေ့မတိုး နောက်မဆုတ် ကျောက်ရုပ်ကြီးအသွင်ဖြင့် ကျွန်တော်တို့ဘက် ကြည့်နေ၏။ ကျားကြီးလို ရှေ့မသောက်၊ ငြိမ်သက်စွာကြည့်နေခြင်းသည် သိပ်မကောင်းလှ တိုးမည့်ဆင်သည် နောက်သို့ တစ်လှမ်းဆုတ်၏။ ငြိမ်သက်စွာ အကွက်ကိုကြည့်တတ်၏။ သို့သော် ကျွန်တော်တို့ သိပ်မကြောက်ပါ။ ကျွန်တော်တို့လေးယောက်နေသော ကျောက်တောင်အထပ်ထပ်မှာ ဆင်ကြီး သုံးလေးကောင်သာမက ကြီးသောကျောက်တောင်တစ်ခု ဖြစ်သည့်အပြင်အမြင့်ပေမှာ ဆယ့်ငါးပေအထက်ရှိမည်ဖြစ်၍ ဆင်ကြီးလွယ်လွယ်ကူကူ မတိုက်ခိုက်နိုင်ပါ။ တောမှဆိုးကျားကြီးသည် ခုန်အုပ်လို့ ရနိုင်၏ ။

ထိုအချိန်တွင် တောင်ပေါ်ဘက်မှ မီးတုတ်ကို တွေ့ရပါပြီ၊ ကျွန်တော်တို့ လေးယောက်စလုံး မြင်နေရပါပြီ။ အောက်ဘက် ချောင်းဘေးအတိုင်း ဆင်းလာသော မီးတုတ်နှင့်လူတစ်ယောက်...

"မိုးကျော်နဲ့တင်မြတ် သတိထား လူပါတယ်"

"ဦးမရှုဂမ် အဲဒီမီးတုတ်နဲ့လူ မြင်ဘူးလား"

"မမြင်ဖူးဘူးဆရာကြီး"

"ကောင်းပြီ ဒါဆို ဟိုခြေရာတစ်တောင် ပုဂ္ဂိုလ်ကြီးပဲ ဖြစ်မယ်"

"ဆရာကျော် သေချာပြီ"

"ဘာလဲ တင်မြတ်"

"ခြေရာတစ်တောင်ဖြစ်မယ်"

"အေး... ဟော ကျားကြီး အောက်ဆင်းသွားပြီ"


www.burmeseclassic.com

www.burmeseclassic.com


"ဆရာကျော် ဆင်ကြီးလည်း နောက်ဆုတ်သွားပြီ၊ တွေ့လား တောထဲ ပြန်ဝင်သွားပြီ"

"အေး... ဟုတ်တယ်၊ ဒါ သူတော်ကောင်းကြီး စစ်စစ်ဖြစ်မယ်"

"ဆရာကျော်"

"ဟင်"

"သတိထားမှ ဖြစ်မယ်"

"ဘာဖြစ်လို့လဲ မိုးကျော်"

"ဝိလာသတောင်လို ဖြစ်နေမှာစိုးလို့"

"မဖြစ်နိုင်ပါဘူး"

ကျွန်တော်ထင်သည့်အတိုင်း သူတော်ကောင်းကြီး ခြေရာတစ်တောင်ပိုင်ရှင်ဖြစ်ပေမည်။ တောမှုဆိုးကျားကြီးလည်း မရှိတော့၊ တောဆင်ရိုင်းကြီးလည်း အဘယ်ကြောင့် နောက်ဆုတ်သွားပါသနည်း။ ဤမှုကတောင်တန်းသည် မော်ဆွိုးတောင်တန်းနှင့်ဆက်နေ၏။ မော်ဆွိုးတောင်တန်းမှာ အောက်ဘက်ရောက်သော်လည်း တောင်တန်းကြီးမှာ တစ်ကြောထဲ ဖြစ်သည့်အပြင် မော်ဆွိုးတောင်တန်း၏ အရှေ့ဖျားဝယ် ချွှလီမြစ်ရှိပြီး အထက်မြောက်ဘက်သို့ တက်လိုက်ပါက နယ်စပ်တောင်တန်းကြီးမို့ တရုတ်ပြည်နှင့်ဆက်စပ်သည့်အပြင် ကျွန်တော်တွေ့ဖူးသော ဘိုးတော်ညီနောင်အား ကြုံဘူးသည်။ နေတစ်ထောင်သတစ်ထောင် ဘညီနောင်ဆိုသည့် အဘနှစ်ဦးမှာ ထူးခြားသော ပုဂ္ဂိုလ်ကြီးတွေ။

ယခုလည်း မီးတုတ်ကြီးနှင့် လာနေသော လူကြီးသည်လည်း သူတော်ကောင်းကြီးသာ ဖြစ်သည်။ ဤကဲ့သို့သော တောင်ကြီးများ


www.burmeseclassic.com

www.burmeseclassic.com


ဝယ် တရားအားထုတ်ရင်း လှည့်လည်၍ သာသနာပြုနေကြသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးတွေ ကျွန်တော်တို့ မကြာမကြာတွေ့ခဲ့ဘူးပါသည်။

မှဆိုးဘဝမှာ ပိုမိုတွေ့ရပြီး ထိုပုဂ္ဂိုလ်ကြီးများအား စကားလည်းပြောဘူး၏။ တစ်ခါတစ်ရံလည်း ထိုပုဂ္ဂိုလ်ထူးကြီးတွေမှ စကားမပြောကြပါ။ ယခုတွေ့ရတော့မည့် ပုဂ္ဂိုလ်ကြီးအား ကျွန်တော်တို့ သုံးယောက် ဖူးမျှော်နေချင်ပါသည်။

"ဆရာကျော် လာနေတာ တော်တော်ကြာပြီ"

"တင်မြတ်"

"ဟေ... ဘာလဲ၊ မိုးကျော်"

"လာတာမှ ဟုတ်ရဲ့လား ရပ်နေတာလား"

"ရပ်နေတာ မဟုတ်ဘူးကွ၊ ဆင်းလာနေတာတော့ သေချာတယ်"

"အေး... ငါတွေ့တဲ့ ခြေရာတွေအတိုင်း ဆိုရင်တော့ တခြားစီပဲကွ၊ ခြေရာက တစ်လှမ်းနဲ့ တစ်လှမ်း တော်တော်ကွာတယ်ဆိုတော့ ခုလောက်ဆို တို့နားတောင် ရောက်လောက်ပြီ"

ကျွန်တော်ပြောလိုက်သည်မှာ ခန့်မှန်းတွက်ဆမှုပင် ဖြစ်ပါသည်။ အမှန်တကယ်လည်း ကျွန်တော်တို့ အနားသို့ ရောက်သင့်ပါပြီ။ နောက်တစ်ခု လူပုံပန်းသဏ္ဍာန်ကို အဝေးကနေ ကြည့်ရသည်မှာ သာမာန်လူထက် ပုနေပုံရသည့်အတွက် ကျွန်တော့်အထင်အမြင်များ လွဲမှားသွားပြီလားမသိ၊ ဒီလောက်လူပုပါက ခြေရာတစ်ထောင်မျှနှင့် သို့ပါသော်လည်း ကျွန်တော် ဒီထက်ပိုမို မတွေးရဲပါ။ သူတော်ကောင်း သူ မြတ်လောင်းများအား မည်သို့မျှ မပစ်မှားသင့် မပစ်မှားရပါ။


www.burmeseclassic.com

www.burmeseclassic.com


"ဟာ ဆရာကျော်"

"အေး..."

"ဟို...ဘယ်လိုဖြစ်တာလဲ"

"ဆရာကျော် ဘယ်ရောက်သွားပြီလဲ"

"အေးကွ ပျောက်သွားပြီ"

ကျွန်တော်တို့ ကြည့်နေရင်းမှာပင် မီးရောင်ရော လူပါ လုံးဝ ပျောက်သွားပါပြီ၊ ချောင်းအေးမှာ ချုံနွယ်အနည်းငယ်မျှတော့ ရှိ၏။ သို့သော်လည်း ကောင်းစွာ တွေ့ရှိရ၊ တွေ့မြင်နေရာမှ ပျောက်ခြင်းမလှ ပျောက်သွားသဖြင့် ကျွန်တော်တို့လေးယောက် ချောင်း၏ဝဲယာနှင့် စောစောကဆင်းလာသည့် ချောင်းအထက်ရှာကြည့်၏ မတွေ့။ အောက်ဘက်လည်း မရောက်ပါ။

"တင်မြတ်တွေ့လား"

"မတွေ့ဘူး မိုးကျော် ပျောက်သွားပြီ"

"မပျောက်ပါဘူး မင်းတို့ နောက်မှာပါ"

"ဟာ"

"အို..."

"အယ်"

"ဟောဗျ"

မှန်ပါသည်။ မီးတုတ်ကြီး ကိုင်ထားသော ပုဂ္ဂိုလ်ကြီးမှာ ကျွန်တော်တို့နှင့် ဆယ်ပေမျှကွာသော ကျောက်တုံးမို့မို့မောက်မောက် ရောက်နေပြီး စကားသံကြားရမှ ကျွန်တော်တို့လေးယောက် ခြေမကိုင် မိလာ မကိုင်မိ ဆိုဘိသကဲ့သို့ ထိတ်လန့်ခြင်း မဟုတ်သော်လည်း တအံ့တဩ ဖြစ်ပြီး လေးယောက်စလုံး ထိုပုဂ္ဂိုလ်ကြီးဘက်လှည့်လိုက်ကြပါသည်။


www.burmeseclassic.com

www.burmeseclassic.com

"ပြောမှားဆိုမှားတာရှိရင် ခွင့်လွှတ်ပါ အဘ"

"အင်း... ရပါတယ် လူကလေးတို့"

"အဘက လူကလေးတွေးတဲ့ မော်ဆွီးတောင်တို့ ဟိုညီနောင်တို့လိုပေါ့"

"ဗျာ"

"အေး...မင်းတို့သုံးယောက် ရှိပါတယ်၊ အဘကိုတွေ့အောင် စောင့်ရာမှာ သားကောင်လည်းမပစ်၊ အန္တရာယ်ကျားနဲ့ တောဆင်ပြောင်လည်း ရန်မပြုဘဲ စောင့်စားနေတာ မမှားဘူးပေါ့၊ ကောင်းပါတယ် ကောင်းပါတယ် လူကလေးတို့"

"အဘ ကျွန်တော်တို့ သိချင်တာ အဘပဲပေါ့နော်"

"ဟုတ်ပါတယ် ခြေရာတစ်တောင်ဟာ အဘပဲ၊ ဒီတောကြီးတွေထဲမှာ ထင်ရာမလုပ်ကြနဲ့၊ မပစ်ကြနဲ့၊ အင်း...ဝိညာဉ်တွေ ဝိညာဉ်တွေ လူကလေးတို့ကို နှောင့်ယှက်ကြတယ်လေ၊ ဒါပေမယ့် လူကလေးတို့ရဲ့ အတွေ့အကြုံကြောင့် ဘာမှ ရန်မမူကြလို့ အဘ ကျေးဇူးတင်ပါတယ်"

"ကဲ...မင်းတို့ တွေ့ချင်တဲ့ အဘတွေ့ရပြီ၊ စိတ်ထဲမှာ မထူးဆန်းဘူးလို့ သဘောထားပေါ့နော်၊ ကဲ...အဘအလုပ် အဘလုပ်ဦးမယ် လူကလေးတို့လည်း လုပ်သင့်တဲ့အလုပ် လုပ်ကြပါ၊ ကဲ...ကဲ... သွားပြီ"

"အဘကို ဦးတိုက်ပါတယ်"

"သာဓုကွယ်... သာဓု... သာဓု"

ပြောပြောဆိုဆို အဘဆိုသော ခြေရာတစ်တောင်ပိုင်ရှင်သည် ကျောက်တောင်ပေါ်မှ ဆင်းသွားပါပြီ။ ဆက်၍ချောင်းအတိုင်း အောက်ဘက်သို့ ဆင်းသွားသည်ကို တွေ့နေရသည်။ ပုံမှန်အတိုင်း လျှောက်


www.burmeseclassic.com

www.burmeseclassic.com


သွားနေသည်ကို အဘ၏မီးရောင်နှင့် အတူတွေ့ရသည်။ ထိုအဘသည
ကျွန်တော်တို့နှင့် ပုံသဏ္ဌာန်အရုပ်အမောင်းမကွာပါ။ တစ်ခုတော့ရှိ
သည်။ ယောဂီရောင်ဆင်မြန်းထားသည်မှအပ မည်သို့မှ မထူးခြား
ကျွန်တော် ခြေလက်တွေ ကြည့်တော့လည်း ကြီးမားသော ခြေထောက်
မဟုတ်ပါ။ ကြည့်ရင်းကြည့်ရင်း ဝေးသထက်ဝေးပြီး လုံးဝ ပျောက်သွာ
သောအခါမှ ကျွန်တော် သတိရလိုက်သည်။

စောစောက အဘရပ်နေစဉ် ကျွန်တော် ခြေအစုံအား ကြည့်လိုက်
သောအခါ ခြေထောက်နှစ်ဖက်မှာ ရွှံ့တွေပေနေ၏။ ယောဂီပုဆိုးပ
လျှင် အောက်ခြေဝယ် ရေအနည်းငယ်စိုနေသဖြင့် ချောင်းကိုဖြတ်လာ
သည့် သဘောဖြစ်နေသည့်အတွက် ဓါတ်မီးအား ခါးမှဖြုတ်ယူပြီ
အဘ၏ ခြေရာအား မီးထိုးကြည့်လိုက်သည်တွင်....

"ဟာ... ဒီမှာကြည့်ကြစမ်း"

"အို... ဟုတ်ပါရဲ့"

"အယ်ဗျာ အံ့စရာပဲ"

အဘရပ်သွားသော ကျောက်တုံးပေါ်ဝယ် တွေ့ရသော ရွှံ့ပေ
သော အဘ၏ခြေရာမှာ တစ်တောင်တိတိ၊ ခြေရာတစ်တောင်တိ
ဖြစ်နေသည်။

"ဆရာကျော်"

"ပြောတင်မြတ်"

"ကျွန်တော် အဘခြေထောက်ကြည့်တော့ ကျွန်တော်တို့ခြေ
ပဲဗျ"

"ဟုတ်တယ် ဟုတ်တယ်"


www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်လည်း ကြည့်မိတယ်"

"အေး... ငါလည်း ကြည့်တာပေါ့ကွ၊ တို့နဲ့ ထူးမခြားအရွယ်ဘဲ၊ ခုတော့ အင်း...အဘသူတော်ကောင်းကြီးရဲ့ ခြေရာဟာ တို့ဘဝအတွက် တစ်သက်တာ မေ့မရတော့မဲ့ ခြေရာကြီးပဲ၊ အမှတ်တရ ဖြစ်စရာတွေပဲ ဆိုတာ မှတ်ထားရမှာပေါ့"

ကျွန်တော်ပြောရမည်ဆိုသော ထူးမခြားနားဟူသော သဘောကို မဆောင်ခြင်ပါ။ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ဆိုပါက ထူးခြားမှုတစ်ခုခုတော့ ပြသမြဲပင် တမင်ပြသခြင်း မဟုတ်ပါ။ ထိုသူတော်ကောင်းကြီးများ တရားအားထုတ်ရာ နယ်မြေတွင် အဟန့်အတားတွေရှိတတ်၏။ ယခုလည်း ကျား၊ ဆင်စသည့် အဟန့်အတားတွေကို ကျွန်တော်တို့ သတိပြုမိခဲ့သည့်အတွက် အန္တရာယ်ကင်းခဲ့ပါသည်။ ငါမှဆိုးပဲ ပစ်မယ်ဟော့ ဆိုပါက အန္တရာယ်ဆိုးနဲ့ကြုံတွေ့ရပြီသာ ဖြစ်ပေမည်။

နောက်တစ်ခု သူတော်ကောင်းကြီးများ တရားဘာဝနာအားထုတ်ရာ နယ်မြေတွင် သားကောင်ပစ်ခတ်မှုမဖြစ်စေရန် တားမြစ်သည်လည်း ရှိပါသည်။ ထိုတားမြစ်ချက်ကို ကျွန်တော်ကောင်းစွာ တွေ့ကြုံခဲ့ဘူးပါသည်။

ကျွန်တော်တို့သည် မုဆိုးတွေ ဆိုပါသော်လည်း ဝါသနာမုဆိုးတောတိုးသော်လည်း တွေ့မရှောင်မဟုတ်ပါ။ သို့အတွက်လည်း အန္တရာယ်ကင်းကင်းဖြင့် အခက်အခဲမှန်သမျှ ကျော်လွှားနိုင်ခဲ့ပါသည်။ ယခုလည်း ကျွန်တော်တို့ သိချင်သော၊ သိလိုသော ခြေရာတစ်တောင်အား သိခဲ့ပါပြီ။ ရှောင်ရန်မှာ ဤချောင်းပတ်ဝန်းကျင်နှင့် ရေတံခွန်တစ်ဝိုက် ပစ်ခတ်ရန် မသင့်ဆိုသော အသိကို အဘသူတော်ကောင်းကြီး၏ ခြေရာမှ သတိပေးခဲ့ခြင်းကို ကျွန်တော်ခံယူခဲ့ပါသည်။


www.burmeseclassic.com

www.burmeseclassic.com


မိုးလင်းသည်အထိ ကျွန်တော်တို့ ဘာကောင်မျှ မပစ်ရ၊ ဘာကောင်မှလည်း မတွေ့ရပါ။ အရုဏ်ကျင်းမိုးလင်းသည်တွင် ကျွန်တော်တို့လေးယောက် တောင်ကုန်းပေါ်ရှိ စခန်းချရာသို့ ပြန်ခဲ့၏။ ခေတ္တနားနေစဉ်မှာပင်။

"ဆရာကျော်"

"အေး..."

"ကျွန်တော်တို့ နေရာပြောင်းကြတာပေါ့"

"ဗျာ...ဆရာကိုမိုးကျော် ဘာဖြစ်လို့လဲ၊ ဟို... ဆရာတို့ ပြောတဲ့ လက်ဆောင်သားကောင်တစ်ကောင် ပစ်ကြမယ်လေ"

"ဟုတ်ကဲ့ ပစ်မှာပါ၊ ဒါပေမဲ့ မိုးကျော်ပြောသလို ဒီနယ်မြေနဲ့ ဆန့်ကျင်ဘက် ဟောဟိုတောင်ကြောရဲ့ အနောက်ဘက်မှာ သွားပစ်ကြတာပေါ့"

"ဩော်... ဟုတ်ကဲ့ ကောင်းပါတယ်လေ"

"ဒူဝါရေ အဲဒီဘက်မှာ တောင်ယာတွေများသလား"

"တောင်ယာတွေ ရှိပါတယ်၊ တောင်ယာတွေရဲ့ အောက်မှာ လျှိုကြီးလည်းရှိတယ်"

"အဲဒီလျှိုဘက် သွားပစ်ကြတာပေါ့"

"ဟုတ်ကဲ့"

"ဘာကောင်တွေပေါသလဲ"

"အဲဒီမှာ တောဝက်နဲ့ ချေတို့ ဒရယ်တို့ပါပဲ"

ကျွန်တော်တို့အား ပြောပြသော ဒူဝါပေါက်စ ဦးမရှုက်မှာ စိတ်ပါလက်ပါ ပြောပုံမရပါ။ မျက်နှာလည်း သိပ်မကောင်း။ သူ့ အကြောင်း


www.burmeseclassic.com

www.burmeseclassic.com


တော့ တစ်ခုခုရှိပေမည်ဟု တွေးပြီး စကားမပြောတော့ဟု ကျွန်တော် ဆုံးဖြတ်လိုက်သည်။

ညနေသုံးနာရီမှာပင် ကျွန်တော်တို့နယ်မြေသစ်သို့ ပြောင်းလိုက်ပါပြီ။ ဦးမရှုဂမ် စကားနည်းနေသော်လည်း လမ်းပြ၏။ သူပြသည့်အတိုင်း ကျွန်တော်တို့ တောင်ပေါ်သို့ တက်ပြီးနောက် အနောက်ဘက်လျှိုထဲသို့ ဆင်းလိုက်သည်တွင် ပထမ တောင်ယာအခင်းတွေ၊ စပါးရိတ်သိမ်းပြီးသည်များ၏။ တောင်ယာတွေကြောင့် တောင်ကတုံးသဖွယ်ကွက်လပ်ကြီးတွေ ဖြစ်ကျော်ပြီးနောက် လျှိုအစပ်သို့ရောက်တော့ ခေတ္တနားလိုက်၏။

"ဦးမရှုဂမ် ကျွန်တော်တို့ အောက်ဘက်ဆက်ဆင်းကြတာပေါ့နော်"

"ဟုတ်ကဲ့ အောက်မှာ လျှိုကြီးရှိတယ်၊ အဲဒီမှာ တောဝက်တွေ ပေါသလို ကျားလည်းရှိတယ်၊ တစ်ခါက ပြောင်တစ်ကောင်ဘယ်က ဘယ်လိုရောက်လာသလည်း မသိဘူး၊ ရွာသားတစ်ယောက် ပြောင်ခတ်လို့ သေရာက ကျားစားပါ ခံရဘူးတယ်"

"ဗျာ ပြောင်ခတ်လို့ သေတယ်၊ အဲဒီအသေကို ကျားကစားတယ်ပေါ့"

"ဟုတ်ပါတယ် ကျွန်တော်တို့ရွာက ကျွန်တော့်ညီတစ်ဝမ်းကွဲပေါ့"

"ဩော်... စိတ်မကောင်းပါဘူး၊ ဒါကြောင့် ဒူဝါမျက်နှာသိမ်မကောင်းတာပေါ့နော်၊ ကျွန်တော်သတိထားမိပါတယ်"

"ဟုတ်ပါတယ်"

"အဲဒီပြောင်ကောရသလား ဒူဝါ"


www.burmeseclassic.com

www.burmeseclassic.com


"ပစ်တဲ့ သူတွေရှာကြတော့ မတွေ့ဘူး၊ မျက်စေ့လည်ပြီး ဆင်းလာတာဖြစ်မှာပါ"

"ကျားကော မပစ်ကြဘူးလား"

"ကျားလည်း မပစ်ရပါဘူး၊ ရှာမတွေ့ဘူးလို့ ပြောတာပဲ"

"ဒါဆိုရင် ကျွန်တော်တို့ပစ်တဲ့ကျားပဲ သဘောထားလိုက်ပေါ့ဗျာ"

"ဟုတ်ပါရဲ့နော်"

တောသူတောင်သားဘဝကား ဘာမျှမတတ်နိုင် လူတစ်ယောက်ဆုံးရှုံးရသော်လည်း ထိုလူအား ဒုက္ခပေးသည့်ရန်သူအား ဘယ်သူမှမသတ်ဖြတ်နိုင်ခဲ့ပါ။ ကျွန်တော်ကြိတ်ဆုတောင်းမိသည်။ ထိုပြောင်ကြီးအား တွေ့ရပါစေ။ လူသတ်သော သတ္တဝါသည် နောက်ထပ်လူအားသတ်ဖြတ်ရန် ဝန်မလေးတော့ လူလိုဆိုပါလျှင် လက်ရဲဇက်ရဲဆိုသော သဘောပင်ဖြစ်၏။

ကျွန်တော်တို့ တောင်စောင်းမှ မြိုင်ကြီးလိုစိမ်စိမ့်အေးသော လျှိုကြီးထဲရောက်ခဲ့ပါပြီ။ မိုးကုန် ဆောင်းအဝင်မို့စိမ့်နေ၏။ ညဆိုပိုဆိုးမည်သာ။ ထိုနယ်မြေသစ် စိမ့်ဆန်ဆန်လျှိုကြီးထဲတွင် နေရာရွေးကြရပါသည်။ အဓိက လူလေးယောက်အတွက် အန္တရာယ်ကင်းကင်းနှင့် ပစ်ခတ်ရန် နေရာဖြစ်ပါသည်။

"ဒီလျှိုကြီးက ဘယ်ရွာနဲ့နီးလဲ"

"အင်း… လုံဂျာရွာနဲ့ တစ်မိုင်လောက်ပဲ ရှိမယ်ထင်တယ် ဆရာကြီးကျွန်တော်တို့ရွာနဲ့ဆိုရင် နှစ်မိုင်လောက်ရှိမှာပါ၊ ဒါပေမဲ့ တောင်စောင်း အခင်းတွေက ကျွန်တော်တို့အဘတွေ လုပ်ကိုင်ကြတာပါ"

www.burmeseclassic.com

www.burmeseclassic.com


"ဆရာကျော် အောက်ခြေက တော်တော်စိုစွတ်တယ်"

"အေး...တို့ ဟောဟိုတောင်စောင်းမျိုး ရှာမှဖြစ်မယ်"

"ဆရာကြီး ဟိုဘက်မသွားနဲ့ အဲဒီမှာ ကျွန်တော့်ညီ သေခဲ့တာ"

"အဲဒီအထက်နားက မြေမောက်မောက်ဆိုတော့ အအေး မမိနိုင်ဘူး ဒူဝါ"

"ခြော်... ဟိုအထက်နားလား"

"ဟုတ်ပါတယ်"

"ဒါဆို အဲဒီနေရာပြောင်းကြတာပေါ့"

ဒူဝါမရှုဂမ်၏ညီသေခဲ့သည့် အငူသဖွယ် မြေပြင်မောက်မောက် အထက်သို့ ကျွန်တော်တို့ ရောက်တော့ အငူထက်မြင့်သည့် မို့မို့မောက် မောက်ဖြစ်သည့်အပြင် ကတွတ်ပင်၊ သဖန်းပင်တွေ တော်တော်များများ ပေါက်ရောက်နေသည့်အတွက် ဒီတစ်ညတာ လက်ဆောင်ပစ်ခတ်ပြီး မနော‌ပွဲအတွက် ဂုဏ်ယူကြစေရန် ဒီတစ်ညတာ စွန့်စားရပေတော့မည်။

ကျွန်တော်တို့ အောက်ခြေ ရှင်းလိုက်သည်။ တစ်ခုဆိုးသည်မှာ ကတွက်ပင်တွေဝယ် ခါချဉ်အုံတွေ တော်တော်များများရှိ၏။ တော ကြက်မောက်ပင်တွေလည်းပေါ၍ ခါချဉ်အနေများခြင်းသာ၊ ခါချဉ်အုပ် များသည် တောကြက်မောက်အပင်တွေတွင် အနေများ၏။ သို့သော် ခါချဉ်အုံအား မဆွပါက ဘာမျှ မလုပ်၊ သူ့ကို ဆွခဲ့လျှင်တော့ အုံလိုက် အုပ်လိုက် တိုက်ခိုက်ကြသည်သာ။

မှဆိုးနှင့်ခါချဉ်သည် အမြဲထိတွေ့နေကြမို့ ကျွန်တော်တို့ ဂရုစိုက်ပါ။ ဂရုမစိုက်ဆိုသော်ငြားလည်း လွတ်ကင်းအောင်တော့ ရှောင်ပါသည်။ မလွတ်၍လည်း မတတ်နိုင်။ စခန်းဟုသတ်မှတ်ပြီးသည်တွင် မိုးကျော်အောင် ဘာဂါထာတွေ ရွတ်နေသည်မသိ။ အနားသို့ယ်ကင်း


www.burmeseclassic.com

www.burmeseclassic.com


ဂါထာတော့ ဂါထာပင်။ မိုးကျော်အောင်မှာ ဂါထာပေါင်းနဲ့ တတ်သ
ဖြစ်၏။

"မိုးကျော်နဲ့တင်မြတ်"

"ဟုတ်ကဲ့"

"ငါ့စိတ်ထဲမှာ သိမ့်မသန့်ဘူးကွ၊ နည်းနည်းတော့ ကြမ်းမယ
ထင်တယ်"

"ကျွန်တော်လည်း ဒါကြောင့် ဉုံခံပြီး ဂါထာရွတ်နေတာ"

"ကောင်းပါတယ်၊ ငါကတော့ နယ်မြေပိုင်တွေကို အသိပေးလိုက
ပြီ၊ အန္တရာယ်မပြုပါနဲ့၊ ပြုခဲ့လို့ရှိရင် ခွင့်မလွှတ်ဘူး၊ ဒါဟာအမိန့်ပဲလ
ပြောလိုက်တယ်၊ အမိန့်ဆိုတာကော သိလား"

"ဗျာ"

"အေး... မှတ်ထား၊ ဒီနေရာတစ်ဝိုက်မှာ သားကောင်က လူ
သတ်ထားတော့ တောစီးနေတယ်ကွ၊ ဒီတော့ အဲဒီ အပဆိုတဲ့ အကော
ကို ကြိုတင် သတိပေးထားတာ"

"ကောင်းတာပေါ့ ဆရာကြီး"

ကျွန်တော်တို့ ဘာမျှ မပြောကြတော့ပါ။ မိုးက ချုပ်သည်ထက
ချုပ်လာသည်။ မိုးချုပ်တာမှ တောကြီးထက်ဆိုးသော လျှိုမြောင်ကြီးမှ
ပိန်းပိန်းပိတ်ပိတ်လာသည်။ ခြင်သံတွေ ပလူပျံနေ၏။ ကျွန်တော်တ
အားလုံးခေါင်းစွပ်ပါမကျန် စွတ်ထားရင်း ဦးမရှုဂမ်သည် ပွတ်ချွမ်းသ
ပေါ့လိပ်မီးခိုးဖြင့် ခြင်အန္တရာယ်ကို ကာကွယ်နေသည်။

တင်မြတ်မှာ လက်ကျန်တွေနှင့် နစ်ပါးသွားနေ၏။ အချိန်မှ
ညဉ့်နက်သည်ထက် ညဉ့်နက်လာပြီး ပုဇင်းရင်ကွဲနှင့် ခြစ်သံမှာ ကြော


www.burmeseclassic.com

www.burmeseclassic.com



ခမန်းလိလိ နားကွဲမတတ် ညံနေ၏။ ကျွန်တော်တို့ ပုဇင်းရင်ကွဲ သံနှင့် ပုရစ်သံကြောင့် ကျေနပ်ရပါသည်။

ပုရစ်သံ၊ ပုဇင်းရင်ကွဲသံသာ ကြားရသော်လည်း တောဝက်သံ၊ ချေသံမှအပ ကျားသံပင်မကြားရသည့်အတွက် စိတ်ထဲတစ်မျိုးကြီး ဖြစ်နေပါသည်။ ကျွန်တော်တို့ထင်ခဲ့သော အထင်နှင့်အမြင် ကွဲလွဲနေ၏။ တောကြမ်းမည်ဟု ထင်တော့ တောကမကြမ်း၊ တောမကြမ်း အေးချမ်းလိမ့်မည်ဟု ဆိုပါက တောက အနှောင့်အယှက်ဖြင့် ကြမ်းတမ်း ခက်ထန် နေ၏။

"ဆရာကျော်"

"အေး..."

"ပျင်းတောင် ပျင်းလာပြီ"

"ဟုတ်ပ... တင်မြတ်ရာ ဘာကောင်မှ မထွက်ဘူး"

"အေး... မိုးလင်းပိုင်းမှ ပစ်ရမှာပေါ့ကွာ"

"လက်ဆောင်သားကောင်တစ်ကောင် ဦးချိုထောင်ထောင် လက်ဆောင်ပေါ့"

တင်မြတ်နှင့်မိုးကျော်အောင်တို့ စကားပြောရင်း အားပေးနေကြသည်။ ကျွန်တော်လည်း တော်တော်လေးကို ပျင်းရိနေ၍ အရက်ကို ငုံလိုက် ဒူဝါဦးမရှုဂမ်အား ပေးလိုက်နှင့် အချိန်ကို ကုန်လွန်စေပါသည်။

"မိုးလင်းတော့မယ်"

"အေး..."

မိုးကျော်အောင့်မျှော်လင့်ချက် ပြည့်ဝတော့မည်ကို တင်မြတ်က ထောက်ခံ၏။ ကျွန်တော်တို့လည်း မျှော်လင့်သောအချိန်သို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



တော့မည်ဟု တွေးရင်း စောင့်စားနေပါသော်လည်း ဘာကောင်မျှ ထွက်မလာ။ ချေလေးတစ်ကောင်ပင် ယောင်၍ ထွက်မလာ။ အသံပါ ပျောက်နေ၍ မသင်္ကာတော့။

"ဖောက်... ဖောက်... ဖောက်... ဖောက်"

"ဟော... တောဝက်"

"အေး...ထွက်ပြီ"

"ရှူး...ဖောက်... ဖောက်"

"မိုးကျော် မင်းဘက်ကကွ"

"ဟုတ်တယ်"

တောဝက်ကြီးတစ်ကောင်၏ အောက်မေးရိုက်သံက ကျွန်တော်တို့လိုမုဆိုးတွေအတွက် အားဆေးဖြစ်သွားပါပြီ။ ပစ်ရတော့မည်ဟူသော အသိတွေနှင့် ပီတိတွေဖြစ်နေသော အချိန်ဝယ် နောက်ထပ် ရှူးဟူသော တောဝက်ကြီး၏ နှာဝမှ မှုတ်ထုတ်လိုက်သော လေသံနှင့်အတူ တဖောက်ဖောက်အသံကြောင့် တင်မြတ် လက်ယားနေသော်လည်း မိုးကျော်အောင်ဘက်မှ စတင် ထွက်လာပြီမို့ သတိထားရ၏။

"မိုးကျော်နဲ့တင်မြတ် မီးခိုးလျှောက်ကိုသတိထား"

"ဆရာကျော် ဒီအပင်ကြီးတွေက အကောင်းဆုံး အတားအဆီးပါ"

"အေး... ခေါင်းသိပ်မပြူနဲ့ ပစ်ပြီးတာနဲ့ အကာအကွယ်ယူထား"

"ဟုတ်ကဲ့ပါ"

ကျွန်တော်တို့ လေးယောက်နေရာသည် မအူပင်၊ ရေသဖန်းပင်နှင့် ကတွက်ပင်ကြီးတွေ အကြားဖြစ်၍ နေရာကောင်းတစ်ခု မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း အတားအဆီး အကာအကွယ်ကောင်းသော နေရာတစ်ခု တော့ ဖြစ်နေပါသည်။ တစ်ခုရှိသည်မှာ နောက်ကျောတောင်စောင်း ဘက်မှာတော့ အကာအကွယ်မရှိလှ သို့သော်လည်း အခင်းတွေရှိချိန် အလင်းရောင်ရလေ ရန်ပြုမည့်အကောင်ကိုရလေ ကြိုတင်မြင်ရလေ ဖြစ်ပါ၏။

"မိုးကျော်ထွက်ပြီ"

"အေး ... ရှူး"

"ဖောက်... ဖောက်... ဖောက်"

တောဝက်ထီးကြီးတစ်ကောင်တည်း ခြေသံတော့ မကြားရ။ သို့ သော် ထိုတောဝက်ကြီးမှာ သူ၏အသံကြောင့် သူဒုက္ခရောက်ရမည်ကို မသိ။ ခြေလှံ့ပါလျှက် ဒေါသကြောင့် အသံထွက်နေ၏။ သူ၏ လည် ဂုတ်ပေါ်တွင် ရှိနေသော အမွေးရှည်ကြီးတွေ ထောင်ထားပုံမှာ ပုတ်သင် ညိုတစ်ကောင်ပမာ ထောင်နေကားနေ၏။

"မိုးကျော်နဲ့တင်မြတ်နှစ်ယောက်ပစ်"

"ဟုတ်ကဲ့"

"တင်မြတ် မင်းရဲ့ဘယ်ဘက်က အပင်ကြီးဘက်ကူးလိုက်ပြီး မှ ပစ်မယ်"

"ဟုတ်... ဆရာကျော်"

တင်မြတ်သည် အသံမမည်အောင် သူ၏ဘယ်ဘက်တွင်ရှိနေ သော မအူပင်ကြီးဆီသို့ လျှပ်တပြက်ပြေးကပ်လိုက်ပြီးနောက် တော ဝက်ကြီးဆီချိန်လိုက်ပြီးသည့်နောက် ကျွန်တော်မှ တီးတိုးအသံဖြင့်—

"တစ်, နှစ်, သုံး, ပစ်"



www.burmeseclassic.com

www.burmeseclassic.com


"ဒိုင်း…ဒိုင်း"

"အီး… ရှူး"

"ဖောက်… ဖောက်… ဖောက်"

"ဖြောက်… ဖြောက်… ဖြောက်… ဖြောက်"

"ဝုန်း… ဒုန်း… အုန်း"

"ဘုန်း… ရှူး… ရှူး"

တောဝက်ကြီးသည် မီးခိုးလျှောက်ပြေးဝင် ထိုးပက်ပါသော်လည်း ကျွန်တော်၏ကြိုတင်စီစဉ်မှုအောက်ဝင်ခဲ့ရပြီး တင်မြတ်နှင့် မိုးကျော်အောင်တို့၏ ပစ်ခတ်မှုမှာလည်း ကျွန်တော်၏စိတ်ကြိုက်ဖြစ်ပြီး သူတို့နှစ်ယောက်၏ အကွာအဝေးမှာ ပေနှစ်ဆယ်မျှ ကွာဝေးသည့်အတွက် တောဝက်ကြီးအဖို့ မီးခိုးလျှောက်သူမြင်ရသည့် အနီးဆုံး မိုးကျော်ဖြစ်သော်လည်း ရှေ့နားကျသည့် တင်မြတ်၏ မီးခိုးအလင်းတန်းနောက် အတင်းပြေးဝင်ထိုးပက်လိုက်သည်။

သို့သော် ထိရောက်မှု လုံးဝ မရှိပါ။ တင်မြတ်၏ မအူပင်ကြီးအားမှာရှိသော သဖန်းပင်တွေဘက် ဝင်ရောက်တိုက်မိပါသည်။ တောဝက်ကြီးတိုက်သည့်နေရာမှာ ကျွန်တော်အား ဒူဝါမရှုဂမ် ခိုကပ်နေသော သဖန်းပင်ကြီးအား ကောင်းစွာ ထိမိပြီး အပင်ကြီး တုန်လှုပ်သွားသည့်အပြင် ဦးမရှုဂမ်တစ်ယောက် ကြောက်လန့်ပြီး ကျွန်တော့အပင်ဘက် ခုန်ကူးလိုက်သည်။

"အား"

"ဘာဖြစ်တာလဲ ဒူဝါ"

"မဟုတ်… မဟုတ်ပါဘူး"

"ရှူး…. ဖြောင်း"


www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ဒိုင်း... ဒိုင်း... ဒိုင်း"

ဒူဝါဦးဖရူဂမ်သာ ကျွန်တော့်ဘက် မကူးခဲ့လျှင် ဤသို့ မဖြစ်နိုင်။ သို့သော် ဒူဝါ၏ အော်သံကိုလည်း ကြားရ၏။ တဖန် လူကိုယ်တိုင်လည်း မြင်ရသောကြောင့် လဲနေသော တောဝက်ကြီးတော့ မဟုတ်ပါ။ အင်မတန် ကြောက်မက်ဖွယ်ကောင်းသော အုပ်ထဲမှခွဲပြီး တစ်ကောင်တည်းကျက်စားလျက် ကြီးမားသည့် ခိုင်ခန့်ချွန်ထက်နေသော ဦးချို အဖျားပိုင်း အနက်ရောင်လွှမ်းပြီး အရင်းပိုင်းမှာ အဝါရင့် အစိမ်းဘက် ကူးပြောင်းနေသည့် တုတ်ခိုင်သောဦးချို၊ တစ်ကိုယ်လုံးအမွှေးအမျှင် ပြောင်သလိုလိုဖြစ်ကာ တောင့်တင်းခိုင်မာသည့် ခြေထောက်တွေနှင့် ထိုခြေထောက်တွေသည် အဖြူရောင်ဖြစ်နေသော ဒူဝါမရူဂမ်၏ ညီအစ် ကိုဝမ်းကွဲအားသတ်ဖြတ်ခဲ့သော ပြောင်ထီးကြီးသည် လေထက်မြန်ရှာ တောဝက်ကြီးနှင့် ရှေ့ဆင့်နောက်ဆင့်အလိုက် ပြေးဝင်တိုက်ခိုက် ပါ သော်လည်း မိုးလင်းပိုင်းအလင်းရောင်နှင့်အတူ ကျွန်တော်၏ ပထမ ပစ်ချက်၊ တင်မြတ်၏ ဒုတိယပစ်ချက် မိုးကျော်အောင်၏ တတိယ ပစ်ချက်တွေမှာ ဘယ်၍ ဘယ်မျှ အားမာန်ကြီးကြီး လေထက်မြန်ပါစေ ထိုလျှပ်တစ်ပြက်မြန်ဆန်မှုကို ထိုးဖောက်ဖျက်ဆီးကာကွယ်နိုင်သော ကျည်ဆံထိပ်ဖူးသုံးထောင့်၏ ထိုးဖောက်မှုကိုတော့ ရင်ဆိုင်မရနိုင်တော့ ပါ။

ကျွန်တော်တို့၏ နေရာခြုံဘေးအပင်ကြီးတွေနှင့် ထိတွေ့လဲကျ သွားသောပြောင်ဆိုးကြီးကား မထတော့။

"ရှူး"

"ရှူး"

"ရှူး"



www.burmeseclassic.com

www.burmeseclassic.com


"ငှုး"

"ငှုး... ရှုး... ငှုး.. ငှုး"

"မိုးကျော်နဲ့တင်မြတ်"

"ဗျာ"

"မထနိုင်တော့ပါဘူး"

"ဒူဝါငြိမ်သွားပါပြီ"

"တော်တော်လန့်စရာပဲ၊ ဆရာကြီးတို့သုံးယောက်ရဲ့ လျှပ်တပြက် ပစ်ခတ်မှုတွေက ပစ်မလွဲပဲနော်"

"အင်း...ကျွန်တော်ညီကို သတ်ခဲ့တဲ့ ပြောင်ကြီးပဲဗျ"

"ဟုတ်မှာပေါ့ဗျ...ပြောင်ဆိုတဲ့ သတ္တဝါကြီးတွေဟာ တစ်ကောင်ထဲ မနေကြဘူး၊ ဒါပေမဲ့ အသက်ကြီးရင် အုပ်ကခွဲပြီး တစ်ကောင်ထဲ နေတတ်ကြတယ်၊ မိုးကာလဆိုရင်တောင်ပေါ်မှာနေပြီး အခုလို ဆောင်းကာလတို့၊ နွေကာလတို့ဆိုရင် ချောင်းတွေရှိတဲ့ မြောင်တွေ ဖုန်းဆိုးတောတွေမှာ ကျက်စားကြတယ်၊ ဒီမှာက ဝါးတောတွေပေါ်တော့ ဒီပြောင်ဆိုတဲ့ သတ္တဝါဟာ မျှစ် သိပ်ကြိုက်တယ်ဗျ၊ နောက်ပြီးမြက်ကလည်းပေါ်တော့ ဒီကောင်ကြီး ဒီမှာခိုနေတာ သူ့ရဲ့စားကျက်ပဲလေ။

"ဆရာကျော်"

"ပြောတင်မြတ်"

"လက်ဆောင်ပေးရမှာ အားရစရာပဲ၊ တောဝက်ကြီးတစ်ကောင် ခနောပွဲ မနောတိုင်မှာ ခန့်ခန့်ညားညား ချိတ်ဆွဲနိုင်တဲ့ ဟောဒီပြောင်ခေါင်းကြီးနဲ့ ဦးချိုကြီးတွေ ကိုဒူဝါကြီးနဲ့ဆလံဝါကြီးတို့ မြင်တွေ့သွားရင် အရမ်းကို ဝမ်းသာသွားမှာပဲဗျ"

"အဲဒီထက် ဝမ်းသာစရာရှိတာပေါ့ ကိုမိုးကျော်"


www.burmeseclassic.com

www.burmeseclassic.com


"*ဘာများလဲဗျ နဝ်*"

"သြော်… ရှာသားတွေကို နှောင့်ယှက်တဲ့ ဝက်ဝံနှစ်ကောင်လည်း ရပြီ၊ ကျားဆိုးကြီးလည်းသေပြီ၊ ဟော… ကျွန်တော့်ညီကို သတ်တဲ့ မြွေကြီးလည်း သေသွားပြီလေ၊ ဗမာစကားပုံလိုပေါ့၊ တစ်ချက်ခုတ်နှစ်ချက် ပြတ်ဆိုတာမျိုးပေါ့ ဆရာကြီး"

"ဟုတ်ပါ့ဗျာ"

"ကျွန်တော်လည်း လန့်ပြေးတာ၊ ဆရာကြီးတို့ ဝိုင်းကယ်လို့ သေကံမရောက် သက်မပျောက်ဆိုတာလို ဖြစ်သွားရတယ်"

"ကျွန်တော်တို့နဲ့ သွားလို့လာလို့ကတော့ ဘယ်တော့မှ ဒုက္ခ ရောက်စေရပါဘူး၊ ကျွန်တော်တို့ သုံးယောက်စလုံးလည်း အထိအခိုက် မခံဘူး၊ ရွာသူရွာသားတွေလည်း အန္တရာယ်ကင်းအောင် အမြဲစောင့် ရှောက်မှာပါ"

ကျွန်တော်တို့လေးယောက် လျှပ်တပြက်အတွင်းမှာ တွေ့ကြုံရ သည့် အန္တရာယ်ဆိုးကြီးအား ထိထိမိမိဖယ်ရှား ရှင်းလင်းနိုင်ခဲ့ပါပြီး ကျေးရွာနှစ်ရွာရှိ တောင်ယာသမားတွေအတွက် ရွာသူရွာသားတွေအ တွက် စိတ်အေးလက်အေး ရှင်းလင်းပေးနိုင်ခဲ့သည့်အတွက် ကျွန်တော် တို့ ဝမ်းသာမဆုံးဖြစ်နေချိန်မှာပင်…

"ဝူး"

"ဝူး"

"တို့ လုံဂျာရွာက လဖိုင်လ ဆရာကြီးတို့လား"

"ဟုတ်တယ် ဒီဘက်လာခဲ့"

ရွာသားတွေဆယ်ယောက်ခန့် တောင်ပေါ်လမ်းမှအဆင်း ကျွန် တော်တို့ဘက်က ဆင်းလာကြပါသည်။ အပြေးအလွှား ဆင်းလာ၍


www.burmeseclassic.com

www.burmeseclassic.com


မိုးကျော်အောင်နှင့်တင်မြတ်ပင် နေရာရွှေ့ယူထားသည်။ မပြေးသော်လည်း ကံရာရှိဆိုသကဲ့သို့ ကြိုတင်ပြင်ဆင်ထားလိုက်ခြင်း ဖြစ်၏။

ရွာသားတွေအား ကိုလဖိုင်လနှင့် ကိုဇော်တူးတို့မှ တာဝန်ယူပြီးဆင်းလာကြ၏။ သူတို့တစ်တွေမှာ ကျွန်တော်တို့၏ သေနတ်သံကြောင့်ထွက်လာခဲ့ကြခြင်းဖြစ်ပြီး လမ်းအတိုင်း တက်လာခြင်းသည် အန္တရာယ်ကင်း၏။ သူတို့ သိထားကြ၏။ သို့အတွက် လမ်းအတိုင်း တက်လာခြင်းသာ ဖြစ်သည်။

"ဆရာကြီးတို့ သေနတ်သံတွေကြားတယ်"

"ဟုတ်တယ်လေ"

"ဘာပစ်တာလဲ"

"ဟိုမှာလေ"

"ဟာ... အို"

"ဟာ... ဝမ်းသာစရာပဲ"

"တောဝက်ကြီး အစွယ်ကြီးတွေကွေးနေတာပဲ"

"လှလိုက်တဲ့ ပြောင်ကြီး ချိုကြီးတွေလည်း အရမ်းလှတာပဲ"

"ကဲ... သယ်ကြစို့"

ဦးမရှူဂမ်မှ ရွာသားတွေအား ကချင်ဘာသာဖြင့် သယ်ယူရန် ပြောလိုက်သည်တွင် အားကောင်းမောင်းသန် ရွာသားတွေ ဝါးခုတ်ကြ၊ နွယ်တွေနှင့် ပြောင်ကြီးခြေထောက်ကို နှောင်၍ထမ်းကြ၊ ဝက်သယ်ကြနှင့် ပျော်မြူးနေကြသည်။

★ ★ ★


www.burmeseclassic.com

www.burmeseclassic.com



# (ကိုး)

ကျွန်တော်တို့ရွာဦးရှိ မနောပွဲနေရာသို့ရောက်တော့ ရွာသားတွေ၏ ဩဘာပေးသံ အော်ဟစ်ဂုဏ်ပြုသံတွေနှင့်အတူ ဒူဝါဦးမရွှေနော်နှင့် ဆလံဝါဦးဘောက်နော်တို့ ကြိုဆိုနေကြသည်ကို တွေ့ရပါသည်။

"ကျေးဂျူးကမ္ဘာပါ ဆရာကြီးတို့"

"ဟုတ်ကဲ့ ကျေးဂျူးကမ္ဘာပါ ဒူဝါကြီးနဲ့ဆလံဝါကြီး"

"ဟာ... ပြောင်ကြီးပါလား"

"ဟုတ်ကဲ့"

"အို...တောဝက်ကြီးလည်း ရခဲ့တာပဲ ဆရာကြီးတို့"

"ဟုတ်ပါတယ် ဒူဝါကြီးနဲ့ ဆလံဝါကြီး ကျွန်တော်တို့ရဲ့ စစ်ပွဲမဟုတ်ပေမဲ့ ရွာသူရွာသားတွေ ဒုက္ခပေးတဲ့ တောရိုင်းတိရစ္ဆာန်ကြီးတွေ အောင်မြင်တာကို လူကြီးတွေက ပဒန်မနော(အောင်ပွဲခံမနော) နဲ့ ကြိုဆိုမှုတော့ ထပ်ပြီး ကချင်ရိုးရာ အဆုံးအမအတိုင်း လက်ဆောင် ပေးရအောင်လို့ ပစ်ခတ်ယူခဲ့တာပါ၊ အားလုံးရွာနှစ်ရွာနဲ့ရွာသူရွာသားတွေ ဆလံဝါကြီးနဲ့ဟောဒီက အဘဒူဝါကြီးတို့အတွက် လက်ဆောင် ပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com


"ဝမ်းသာလိုက်တာ ဆရာကြီးရယ်"

ဝမ်းသာလွန်းသော ဒူဝါကြီး ဦးမရှုနော်နှင့်ဆလံဝါ ဦးဘောက် နော်ကို့မှ မနေ့ပွဲတွင် ချည်ခံသည့် ထိုင်ခုံတွေဘက်ခေါ်သွားပြီး အသားတွေစုံစုံလင်လင်ဖြင့် ချည်ခံနေစဉ်မှာပင် ဒူဝါပေါက်စ ဦးမရှုဂမ် နှင့်အတူ ကိုလဖိုင်လ၊ ကိုဇော်တူးတို့တစ်တွေ ဘယ်ရောက် သွားသည်မ သိ။ ကျွန်တော်တို့ သုံးယောက်နှင့်လူကြီးတွေဘေးဝယ် ရွာသူရွာသား တွေ ဝတ်စုံအပြည့်နှင့် ချည်ခံနေပါ၏။

"ခေါင်ရည်... ဆရာကြီး"

"ဩော်... ဒီခေါင်ရည်က သုံးနှစ်ခေါင်ဗျ၊ သောက်ကြည့်ကြပါ"

"ဟုတ်ကဲ့ ကျေးဇူးကမ္ဘာပါ ဟဲ... ဟဲ... ဟဲ...ဟဲ"

လျှာသွက်သော တင်မြတ်ပြောပြီး ကျွန်တော့်ကို မျက်စပစ်လိုက် သည့်အတွက် ကျွန်တော်ကလည်း သောက်ချင်နေပြီ ဆိုတာ သိလိုက်ပြီ မို့။

"အဲ... အားလုံး ခွက်ကလေးတွေကိုင်ပြီး ဆုတောင်းကြရအောင်"

"ဟုတ်ကဲ့"

ခေါင်ရည်ခွက်မှာ ဝါးဆစ်ဘူးတွေဖြစ်ပါ၏။ ထိုဝါးဆစ်ဘူးလေး တွေကိုင်ပြီး အပေါ်သို့မြှောက်ကာ ဆုတောင်းမေတ္တာပို့သကြရင်း ပထမ တစ်ခွက်သောက်လိုက်ပြီးသည့်နှင့် နောက်ထပ်ခွက်တွေထဲသို့ ခေါင်ရည် တွေဖြည့်ပေးကြပြန်ပါပြီ။ ကျွန်တော်တစ်ခွက်ပင် မကုန်သေး တင်မြတ် နှစ်ခွက် မြှောက်ပါပြီ။

နှစ်ချို့ခေါင်ရည်၏ အရသာမှာ ပျားသကာကဲ့သို့ ဖြစ်ချိုပြီး ချို၏။ မွှေး၏။ ရင်ထဲဝယ် ပူတူတူလေးဖြစ်သော်လည်း ရှိတတ မောတ်


www.burmeseclassic.com

www.burmeseclassic.com


ပါ။ အဝင်ကောင်းသလောက် အရသာရှိပြီး ရီဝေဝေကောင်းကောင်း ဖြစ်လေမည်။

"ဟော... ဟိုမှာ...ဟိုမှာ"

"ဟာ...ပြောင်ခေါင်းကြီးပါလား"

မှန်ပါသည်။ ဒူဝါပေါက်စ ဦးမရှုဂမ်သည် ကချင်ခေါင်းပေါင်း ကချင်လွယ်အိပ်ကချင်ဓားဖြင့် ရှေ့ဆုံးမှထွက်လာပြီး သူ့နောက်ဝယ် ကိုလဖိုင်လနှင့်ကိုဇော်တူးတို့ နှစ်ယောက်သည် အသားမရှိတော့သည် ပြောင်ခေါင်းကြီးနှင့် ဦးချိုကားကားကြီးအား မြှောက်မရင်း သူတို့ နောက်မှာတော့ ရွာသားတွေတန်းစီပြီး ထွက်လာပါပြီ။ အားလုံးအဝတ် သစ်တွေ ဝတ်ဆင်ကြပြီး။

"နောင်... နောင်... နောင်... နောင်"

"ထုံ... ထုံ... .ထုံ.. .ထုံ"

မောင်းသံဗုံသံတွေနှင့်အတူ တေးသံမြိုင်မြိုင်သီဆိုကခုန်ရင်း ကျွန်တော်တို့ စားသောက်ပွဲအားဝိုင်းပြီး ကခုန်ဂုဏ်ပြုနေကြသည်မှာ အလွန်ပျော်စရာ အံ့ဩရာ ကြည်နူးစရာတွေ ဖြစ်နေသည်။

"ဆရာကြီး"

"ဗျာ... ဒါဟာ ထိန်ခရိန်မနော မဟုတ်ဘူး"

"ဒါက ပဒန်မနော"

ထိန်ခရိန်မနောဆိုသည်မှာ အိမ်သစ်တက်မနောဟု ခေါ်သကဲ့သို့ ယခုပဒန်မနောမှာ အောင်ပွဲခံမနော ဖြစ်သည်ကို ကျွန်တော်တို့ သိထားရပါပြီ။ သိပ်မကြာလိုက်ပါ။ ကျွန်တော်တို့အတွက် ခေါင်းပေါင်း၊ လွယ်အိတ်၊ ဓားတွေပါယူလာကြပြီး သူတို့နှင့်အောင်ပွဲခံ


www.burmeseclassic.com

www.burmeseclassic.com


မနော အကကို ပျော်ရွှင်စွာ တီးမှုတ်ခြင်း၊ ကခုန်ခြင်း၊ ဆုတောင်းခြင်းနှင့် အတူ ကျွန်တော့်ရင်ထဲဝယ် တောင်ပေါ်မှာ တွေ့ခဲ့ရသော ခြေရာတစ်တောင်ရှိသော အဘ သူတော်ကောင်းကြီး ယခုမနောပွဲတွင် မနောတိုင်ဝယ် ချိတ်ဆွဲထားသည့် ဝက်ဝံဦးခေါင်းနှစ်ခေါင်း၊ ကျားခေါင်း၊ တောဝက်အစွယ် ဖွေးဖွေးနှင့် ဦးခေါင်းအပြည့် ခန့်ခန့်ညားညား ကြီးကြီးမားမား ချိတ်ဆွဲထားသော ပြောင်ခေါင်းကြီးတို့သည် ဤပဒန်မနောနှင့် အလွန်လိုက်ဖက်နေသည့်အတွက်...

"အင်း...ခြေရာတစ်တောင် ဝက်ဝံကနှစ်ကောင်" ဟု တွေးရင်း ရီဝေဝေဖြင့် ကနေမိပါတော့သည်။

မင်းရဲကျော်

www.burmeseclassic.com